
www.burmeseclassic.com



www.burmeseclassic.com

# မောညို

## အပည်းရောင်စွန်းတဲ့ ကြမ္မာကျွန်းရိုင်း

စာမူခွင့်ပြုချက်အမှတ် - ၁၁၅၆/ ၂၀၀၃ ( ၈ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၁၁/ ၂၀၀၃ ( ၈ )

၂၀၀၄ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

မောညို



အပည်းရောင်စွန်းတဲ့ ကြမ္မာကျွန်းရိုင်း

မောင် ကျော် လှိုင်

စေတနာစာပေ

မှ

စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



## အမည်းရောင်စွန်းတဲ့ ကြမ္မာကျွန်းရိုင်း၏ ဝတ္ထုဇာတ်လမ်း၏ ရည်ရွယ်ချက်

ဤဝတ္ထုသည် စာရေးသူ၏ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးနှင့် လောကတရားကို သင်ခန်းစာပေးသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

စာရေးသူ၏ တစ်သက်တာတွင် မည်သည့် 'ရှဲဒိုး' ကိုမှ လက်မခံ အသုံးမပြုဘဲ စစ်မှန်သော စာပေသမားတစ်ဦး၏ ခံယူချက်ဖြစ် အသက်ရှုရပ်မှ ကလောင်ရပ်မည်ဟူသော ခံယူချက်နှင့် ရေးခြင်းဖြစ်ရာ ယနေ့အထိ လုံးချင်းဝတ္ထုပေါင်း သုံးရာနီးပါး ရေးသက်နှစ်လေးဆယ်ကျော် ရှိခဲ့ပါပြီ။

စာရေးသူသည် စာအုပ်တစ်အုပ်ရေးလျှင် ရည်ရွယ်ချက်ကိုတွေးတောစဉ်းစားပြီးမှ ရေးလေ့ရှိရာ ယခု သည်ဝတ္ထု၏ ရည်ရွယ်ချက်များမှာလည်း -

www.burmeseclassic.com

www.burmeseclassic.com



၁။ နယ်ချဲ့ကိုလိုနီစနစ်ကို တိုက်ထုတ်ရေး

၂။ မြန်မာတို့၏ အံ့သြဖွယ်ကောင်းသော ဂန္ထီရပညာရပ်သည် ရှေးယခင်ကတည်းက ရှိခဲ့သည်ကို သိစေရေး။

၃။ လောဘတရားသည် လူကို ကံဆိုးမိုးမှောင်ကျကြောင်းသိစေရေး။

၄။ ကတိသစ္စာတရားဟူသည် ယောကျ်ားတိုင်း မိန်းမတိုင်းတွင် ရှိစေရေး။

၅။ လူသည် အမှားကိုသိပါက အမှန်ဖြစ်စေရန် မိမိကိုယ်ကို ပြန်လည်ပြုပြင်ပြောင်းလဲရေး။

၆။ မိခင်၏ မေတ္တာသည် သားသမီးတိုင်းအပေါ် အသက်နှင့်လဲပြီး ချစ်တတ်ကြောင်းသိစေရေး။

✻ ✻ ✻



✻ ကျွန်ုပ်သည်

✻ ရတနာသုံးပါးကို ဦးညွှတ်၏။

✻ နိုင်ငံတော်ကို ဦးညွှတ်၏။

✻ ပြည်သူကို ဦးညွှတ်၏။

✻ စာဖတ်ပရိသတ်ကို ဦးညွှတ်၏။

✻ ကျွန်ုပ်အား မွေးဖွားပေးသောစာရေးဆရာကို ဦးညွှတ်၏။

ဂျက်စနေ (ခ) စနေထွန်း

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဤစာပေကို ရေးရာတွင်

၁။ နိုင်ငံနှင့်ပြည်သူ၏ အကျိုးကိုရှာ၏။
၂။ စာဖတ်ပရိသတ်၏ အကျိုးကိုရှာ၏။
၃။ စာဖတ်ပရိသတ်၏ မေတ္တာကိုရှာ၏။
၄။ စာပေ၏အလှနှင့် သစ္စာတရားကိုရှာ၏။

စောညို

* * *



ဇာတ်လမ်းစဉ် (၁)

"ကျုပ်အဘိုးအကြောင်းကို ပြောရမယ်ဆိုရင် ကျုပ်အကြောင်းပါ တစ်စိတ်တစ်ဒေသပါလာမှာပါပဲ၊ ကျုပ်က ကျုပ်ထက် ကျုပ်အဘိုးအကြောင်းကို ပြောချင်တယ်၊ ကျုပ်အဘိုးက လျှို့ဝှက်နက်နဲတဲ့ လူတစ်ယောက်ကိုး၊ ကျုပ်မွေးတောင်မမွေးသေးတဲ့ အင်္ဂလိပ်ခေတ်ကိုးဗျ၊ အဲဒီခေတ်ကို နယ်ချဲ့ခေတ်လို့လည်းခေါ်ကြတယ်"

"ကျုပ်ကတော့ အဲဒီခေတ်ကို လိုက်မမီခဲ့ပါဘူး…နယ်ချဲ့တွေ ကျုပ်တို့နိုင်ငံကို ခြေတော်တင်ပြီး အနိုင်ကျင့်ခဲ့တာတွေကိုတော့ စာတွေထဲမှာ ဖတ်ရတယ်၊ ကြားဖူးခဲ့ရတယ်၊ အတန်းစာတွေထဲမှာ သင်ရတယ်လေ၊ ကိုယ်တွေ့မကြုံဖူးတော့လည်း နယ်ချဲ့ဗြိတိသျှတွေက

www.burmeseclassic.com

www.burmeseclassic.com



မီလိုက်ပါတယ်။ အဘိုးကလည်း အင်္ဂလိပ်နယ်ချဲ့တွေဆိုးပုံနဲ့ အင်္ဂလိပ်ကို မုန်းတဲ့အကြောင်း ကျုပ်ငယ်ငယ်ကလေးကတည်းက ကျုပ်လူပျိုဘဝရောက်သည်အထိ ပြောခဲ့ဖူးပါတယ်"

"ကျုပ်ပြောချင်တာတွေက အင်္ဂလိပ်နယ်ချဲ့အကြောင်းမဟုတ်ဘူး၊ ကျုပ်အဘိုးအကြောင်းပါ၊ ကျုပ်အဘိုးက နယ်ချဲ့ခေတ်မှာပဲ မွေးခဲ့တယ်၊ ထူးဆန်းတာပြောရဦးမယ်၊ ကျုပ်အဘိုးရဲ့အဖေနဲ့ အမေဟာ မြန်မာစစ်စစ် အညာဇာတိတွေပါ၊ တောသူတောင်သားတွေပါ၊ ပခုက္ကူသားတွေပဲလေ၊ ကျုပ်အဘိုးကိုမွေးတော့ တကယ်အံ့သြစရာပါပဲ၊ ကျုပ်အဘိုးအသားတွေ ဝါဖြူတယ်၊ ခေါင်းမှာ ဆံပင်မွေးတွေက မနက်ဘဲ ပြောင်ဖူးမွေးရောင်ပေါက်နေတယ်၊ နှာခေါင်းချွန်ချွန် မျက်လုံးပြာပြာနဲ့ တကယ့်ဘိုရုပ်ပါပဲ၊ တစ်ရွာလုံးက အံ့သြကြတယ်၊ ကျုပ်အဘိုးရဲ့ အဖေက အသားမည်းတယ်၊ ကျုပ်အဘိုးရဲ့အမေက အသားညိုတယ်၊ ရုပ်တွေက မြန်မာရုပ်တွေ၊ ကျုပ်အဘိုးက မြန်မာရုပ်မဟုတ်ဘဲ ဘိုရုပ်နဲ့ မွေးလာတော့ ကျုပ်အဘိုးရဲ့ မိဘနှစ်ပါးက အံ့သြထိတ်လန့်သွားကြတယ်၊ တစ်ရွာလုံးကလည်း မြန်မာက ဘိုရုပ်မွေးတယ်ဆိုတော့ အံ့သြကုန်ကြတာပေါ့၊ ရွာဦးကျောင်းသရာတော်ပြောတာတော့ ဘိုဝင်စားတာလို့ ပြောတာပါပဲ၊ ကျုပ် ကြီးလာတော့ စဉ်းစားတယ်လေ… ဘိုဝင်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား…မဖြစ်နိုင်ဘူးလို့လည်း တပ်အပ်မပြောနိုင်ဘူး"

"မြန်မာစစ်စစ်က ဘိုရုပ်ပေါက်နေတဲ့ကလေးကို မွေးတာ သိပ္ပံနည်းနဲ့တွက်ကြည့်လို့ကော ရနိုင်ပါ့မလားဗျာ…စဉ်းစားကြည့်စမ်းပါ၊



သူတို့အခေါ် ဂျင်း (GENE) အရှည်ကောက် (GENEALOGY) မျိုးရိုးစဉ်ဆက်အလိုက်ဆိုရင် အင်္ဂလိပ်က အင်္ဂလိပ်ရုပ်ပဲ မွေးရမယ်၊ မြန်မာက မြန်မာရုပ်ပဲပေါ့၊ ကျုပ်အဘိုးကျမှ ဘယ်လိုက ဘယ်လို အင်္ဂလိပ်ရုပ်မွေးလာသလဲမသိဘူး၊ ကြီးလာတော့လည်း သူ့ရုပ်ရည်က တစ်ရွာလုံးမှာ ထူးခြားနေတာဗျ၊ အထူးခြားဆုံးက ကျုပ်အဘိုးရဲ့မိဘတွေပဲ၊ သူလည်းမွေးပြီးရော စီးပွားတက်လာလိုက်ကြတာ အံ့စရာပဲ၊ တစ်ချိန်တုန်းက သူတို့ဟာ ဆင်းရဲတာဗျ၊ ကျုပ်အဘိုးကိုမွေးပြီးမှ စီးပွားတက်လာလိုက်ကြတာ အံ့စရာပဲတဲ့ဗျ၊ သူတို့က ပခုက္ကူမြို့ပိုင် တောရွာကလေးကနေ စလင်းကိုပြောင်းလာကြတယ်၊ ကျုပ်အဘိုး နာမည်တောင်ပြောဖို့ဖြစ်နေတယ်၊ သူ့ကို ဘိုနဲ့တူလို့ ဘိုဖြူလို့ပေးတယ်၊ နောက် စလင်းကို ရောက်တော့မှ ဘိုဖြူမောင်လို့ 'မောင်' တစ်လုံး ထပ်ထည့်လိုက်တယ်၊ ကျုပ်ကတော့ ကျုပ်အဘိုးကို ဦးဘိုဖြူမောင်လို့ ခေါ်ရမှာပေါ့။ ဒါပေမယ့် ကျုပ်ပြောတဲ့ဇာတ်လမ်းမှာ ဦးဘိုဖြူမောင်··ဦးဘိုဖြူမောင်နဲ့ ပြောနေရင် ဇာတ်လမ်းမှာ တောင့်နေမယ်၊ ဒီတော့ ကျုပ်က ကျုပ်အဘိုးကို ကန်တော့ကန်တော့လို့ ပြောပြီး 'ဘိုဖြူမောင်' လို့ ပြောရတော့မှာပေါ့"

"ဘိုဖြူမောင်မှာ ထူးခြားချက်တော့ပါတယ်၊ အဲဒါက သူ့စိတ်ပဲ၊ လူမှန်းသိကတည်းက ရဲရင့်တယ်၊ ဖျတ်လတ်သွက်လက်တယ်၊ အမှန်ကိုအမှန်ပဲပြောတတ်တယ်၊ နောင်မှာ သူဟာ အင်္ဂလိပ်ကို မလိုလားတဲ့စိတ်ဓာတ်ရှိမှန်း လူတွေသိလာတယ်၊ အံ့စရာဗျာ…စလင်းမှာ သူ့သတင်းကြားလို့ အင်္ဂလိပ်နယ်ပိုင်ကြီးက သူ့ကို လာကြည့်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အဘိုးမိဘတွေကလည်း ချမ်းသာတော့ အင်္ဂလိပ်နယ်ပိုင်ကြီးကို မြန်မာ့ဝတ္တရားနဲ့ စိတ်စေတနာအရ ဂါဝရပြုဧည့်ခံတာပေါ့ဗျာ၊ အဲဒီတုန်းက ကျုပ်အဘိုးက ခြောက်နှစ်လောက်ရှိပြီ၊ တကတည်းဗျာ.. အင်္ဂလိပ်နယ်ပိုင်ကြီးကို မောင်းထုတ်တော့တာပဲ၊ ကျုပ်မိဘတွေက သူ့ကို ဟန့်တယ်ဗျ၊ မရဘူးဗျ...သူ့အဖေ အမေတွေကိုတောင် ခင်ဗျားတို့ အင်္ဂလိပ်ကျွန် မလုပ်ချင်စမ်းပါနဲ့ဗျာလို့ ပြောလိုက်သေးတယ်၊ ကျုပ်တို့အညာသူအညာသားတွေဟာ ဟိုရှေးတုန်းက အဖေအမေကို ခင်ဗျားနဲ့ ကျုပ်နဲ့ပြောတာ ဓလေ့ဖြစ်နေတယ်လေ၊ နယ်ပိုင်အင်္ဂလိပ်ကြီးက စိတ်မဆိုးဘူးဗျ၊ ဘိုဖြူမောင်ကို ခေါင်းပုတ်ကျောသပ်လုပ်တယ်၊ အဲဒီလို သူ မခံဘူးဗျ၊ နယ်ပိုင်ကြီးကို ဆဲတော့တာပဲ၊ နယ်ပိုင်ကြီးက ဘိုဖြူမောင်ကို စိတ်မဆိုးတဲ့အပြင် ငွေတစ်ဆယ်ဆုချပြီး ရဲရင့်တဲ့ကလေးလို့ ချီးကျူးသွားတယ်၊ ကျုပ်ရဲ့ ဘေးနဲ့ ဘေးမကြီးကိုလည်း ဘိုဖြူမောင်ကို ပညာကောင်းကောင်းသင်ပေးဖို့ ပြောသွားတယ်၊ ဒါနဲ့ ဘိုဖြူမောင်ကို စလင်းမြို့က အင်္ဂလိပ်မြန်မာ ဝက်စလီယံသာသနာပြုကျောင်းမှာ ထားပေးတယ်၊ ဘိုဖြူမောင်က မနေဘူးဗျ...ကျောင်းပြေးတယ်၊ ကျောင်းမတက်ချင်ဘူး၊ ဒါနဲ့ မိဘတွေက ချော့မော့ရတာပေါ့ဗျာ၊ အဲဒီခေတ်မှာက ခင်ဗျားတို့သိကြတဲ့အတိုင်း ဒီလိုသာသနာပြုကျောင်းမှာ ထားမှ လူရာဝင်တာကိုး''

''ကျုပ်အဘိုးက ရုပ်ရည်က ဘိုနဲ့တူတော့လည်း သာသနာပြုကျောင်းက ဆရာသမားတွေက အရေးပေးတယ်၊ ဒါပေမယ့် သူက အဲဒီဆရာသမားတွေကို အရေးမစိုက်ဘူး၊ မခင်မင်ဘူး...မြန်မာဆရာ



တွေနဲ့ တည့်အောင်ပေါင်းတယ်၊ သူငယ်ငယ်ကတည်းက ပြောတဲ့စကားက (Englsih No Good)အင်္ဂလိပ်မကောင်းဘူးလို့ပြောတယ်၊ ဒါကို ဆရာသမားတွေက လက်မခံဘူး၊ မြန်မာစာသင်တဲ့ဆရာကတော့ သိပ်ကြိုက်တာပေါ့၊ သူက သူ့အိမ်ကိုခေါ်ပြီး ဘိုဖြူမောင်ကို အင်္ဂလိပ်နယ်ချဲ့တွေ မြန်မာနိုင်ငံကို ဘယ်လိုမတရားသိမ်းယူတဲ့အကြောင်း၊ အင်္ဂလိပ်တို့ မြန်မာလူမျိုးတွေအပေါ် ဘယ်လိုအနိုင်ကျင့်အထင်သေးပြီး ဘယ်လိုကျွန်ဇာတ်သွင်းပြီး ကျွန်လိုသဘောထားတဲ့အကြောင်းတွေ ပြောတာပေါ့၊ ဒီအချိန်မှာ ဘိုဖြူလေးဟာ ခုနစ်တန်းကိုရောက်နေပြီ၊ အသက်ကလည်း ဆယ့်သုံးနှစ်လောက်ရှိနေပြီ၊ သူက တစ်နေ့မှာ အင်္ဂလိပ်ကို ရာဇဝင်ကြွေးဆပ်မယ်လို့ပြောတယ်၊ ဒါနဲ့ သူ့ကို စလင်းမှာ အလယ်တန်းကုန်ဆုံးလို့ သူ့မိဘတွေက ရန်ကုန်က စိန့်ပေါ(လ်)ကျောင်းကို ကျောင်းအိပ်ကျောင်းစားပို့ပြီး ပညာဆက်သင်စေတယ်၊ ရန်ကုန် စိန့်ပေါ(လ်)ဆိုတာ အင်မတန် အဆင့်မြင့်တဲ့ သာသနာပြုကျောင်းတစ်ကျောင်းဖြစ်ပြီး ဘိုလိုသင် ဘိုလိုပြောရတယ်၊ ထားတာကလည်း ဘိုတွေချည်းပဲ၊ မြန်မာနည်းတယ်လေ၊ ဘိုရုပ်ထွက်နေတဲ့ ဘိုဖြူမောင်ကို အဲဒီက ဘိုကောင်ကျောင်းသားတွေက နှိမ်ချင်တယ်၊ ဘိုဖြူမောင်က မခံဘူး၊ သူတို့ ခဏခဏရန်ဖြစ်ကြတယ်၊ တချို့ကောင်တွေက လက်ဝှေ့ထိုးတတ်တော့ သူတို့ အင်္ဂလိပ်လက်ဝှေ့ကလေးတွေနဲ့ တစ်နေ့ ဘိုဖြူမောင်ကို အနိုင်ယူချင်ကြတာပေါ့၊ ဘိုဖြူမောင်က မခံဘူးဗျ''

''အင်္ဂလိပ်ဘိုကောင်လေးတွေနဲ့ ကျောင်းဆင်းရင် ကွင်းလယ်မှာ ချလေ့ရှိတယ်၊ အင်္ဂလိပ်လက်ဝှေ့တတ်တဲ့ ကောင်လေးတွေ ရှုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ၊ ဘာကြောင့်လဲဆိုတော့ ဘိုဖြူမောင်က မြန်မာ့ရိုးရာလက်ဇွေ့ တတ်တယ်လေ၊ စလင်းမှာကတည်းက လက်ဇွေ့သမားတစ်ဦးဆီမှာ သင်ခဲ့တာကိုး၊ ဒီတော့ လက်ချည်းသုံးတဲ့ အင်္ဂလိပ်လက်ဇွေ့နဲ့ ဒူးတွေ၊ ခြေတွေ၊ တံတောင်တွေ၊ ခေါင်းတွေ၊ လက်တွေ သုံးတတ်တဲ့ မြန်မာ့ လက်ဇွေ့နဲ့ ကွာနေတော့ အင်္ဂလိပ်ဘိုကောင်လေးတွေ ပက်တက်ကွဲ တာပေါ့၊ ပထမတော့ သူတို့နိုင်မယ်အထင်နဲ့ ကြည့်နေတဲ့ ဆရာသမား တွေဟာ ဘိုဖြူမောင် နိုင်တာကိုချည်းတွေ့နေရတော့ ရန်မဖြစ်ရလို့ ပြင်းပြင်းထန်ထန် သတိပေးလိုက်တယ်၊ ဘိုဖြူမောင်ဟာ သူ့ရုပ်က မြန်မာရုပ်မပေါက်ဘဲ ဘိုရုပ်ပေါက်နေတော့လည်း ရှက်တယ်၊ မြန်မာ တွေကြားထဲမှာ သူ ကြာကြာမနေရဲဘူးလေ၊ တစ်ခုတော့ရှိတယ်… အင်္ဂလိပ်စကားကို လည်လည်ဝယ်ဝယ်တော့ ပြောတတ်တယ်၊ တစ်ခါ တစ်ခါ သူ့မိဘတွေကိုမေးတယ်၊ သူ ဘာလို့ ဘိုရုပ်ထွက်နေတာလဲ လို့”

“ကျုပ်ဘေးနဲ့ ဘေးမကြီးကလည်း သူ့အမေးကို မဖြေနိုင်ဘူးဗျ၊ အဲဒီနေရာမှာ မျိုးရိုးဗီဇမှာ ရုပ်ပိုင်းဆိုင်ရာကို သိပ္ပံနည်းနဲ့ ခွဲစိတ်ဖြာလို့ မရနိုင်ဘူးပေါ့၊ ကျုပ်ကတော့ ကျုပ်အဘိုးကို ဘာသာရေးဆိုင်ရာနဲ့ ခွဲစိတ်ဖြာကြည့်မိတယ်၊ ကျုပ်အဘိုးအင်္ဂါရုပ်က ဘိုဖြစ်ပေမယ့် စိတ်ထဲ ကတော့ မြန်မာစိတ်ပဲ၊ သူ အင်္ဂလိပ်ကို မလိုလားတာတွေ၊ မုန်းတာ တွေဟာ သူ့ဗီဇစိတ်က ဖြစ်လေတော့ သူဟာ ဥပါဒါန်အစွဲအလမ်းနဲ့ လူ့ဝင်စားဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဘဝဟောင်းတုန်းက ဆိုကြပါစို့… အရင်ဘဝမှာ သူ လူဖြစ်တုန်းက အင်္ဂလိပ်ကို မုန်းတီးဆန့်ကျင်တော်



လှန်ခဲ့ဝဲ့လူဖြစ်ရမယ်၊ သူဟာ သေတဲ့အထိ အင်္ဂလိပ်ကို မုန်းတီးနေ တော့ ဥပါဒါန်စိတ်အစွဲအလမ်းက သေတဲ့အထိ ပါသွားမယ်၊ ရုပ်ပိုင်းပါ သူ့စိတ်ထဲ ပါသွားရာမှာ သူ ဒီဘဝမှာ လူဖြစ်လာတော့ ဥပါဒါန်အစွဲ အလမ်းနဲ့ ဘိုရုပ်ဖြစ်လာပြီး ဥပါဒါန်ကို မုန်းတီးစိတ်က ကပ်ငြိလာလို့ အင်္ဂလိပ်ကို သူမုန်းတာ မလိုလားတာလို့ထင်တာပဲ၊ အင်္ဂလိပ်သေလို့ အင်္ဂလိပ်ပဲ ဝင်စားတာတော့ မဖြစ်နိုင်ဘူးလေ၊ ဒါကို သိပ္ပံနည်းနဲ့တွက် လို့ရမှာမဟုတ်ဘူး၊ ဝိဇ္ဇာနည်းနဲ့တွက်မှဖြစ်မှာလို့ ကျုပ်ထင်တာပဲလေ”

“ကျုပ်အဘိုး ဘိုဖြူမောင်ဟာ တစ်ချိန်မှာ ဗိုလ်ကျလွန်းတဲ့ မျက်နှာဖြူကောင်တချို့ကြောင့် ကျောင်းလည်းမနေချင်တော့ဘူး… ပိုဆိုးသွားတာက စတီဗင်ဆိုတဲ့ကောင်နဲ့ အကြီးအကျယ်ရန်ဖြစ်ပြီး ဟိုကောင့်နှာခေါင်းကျိုးသွားတယ်၊ သွားလည်းကျိုးသွားတယ်၊ ကျုပ် အဘိုးက ဆယ့်ငါးနှစ်သားရှိနေပြီလေ၊ ကိုးတန်းလည်းရောက်နေပြီ၊ အဲဒီလိုရန်ဖြစ်လို့ သူ့ကို ဆရာသမားတွေက တိုင်ပင်ပြီး ကျောင်းကထုတ် လိုက်ကြတယ်၊ သူကတော့ သူ့လေသံနဲ့ (Colony English No Good)လို့ပြောပြီး ကျောင်းထွက်လာတယ်၊ ဆရာသမားတွေ ဆတ် ဆတ်လူးကျန်ခဲ့ကြသလို သူ့ကျောင်းထွက်လက်မှတ်မှာ မှင်နီအမှတ် အသား ပေးလိုက်တယ်၊ ဘိုဖြူမောင်အဖို့ မြန်မာအမျိုးသားကျောင်းတွေ ကလွဲပြီး ဘယ်သာသနာပြုကျောင်းမှ နေလို့မရဘူးလေ”

“မိဘတွေက ဘိုဖြူကို စိတ်ဆိုးကြတယ်၊ ဘိုဖြူမောင်ကတော့ အေးအေးပဲ၊ ကျုပ် ဒီကောင်တွေကျောင်းမနေရလို့ စိတ်တောင်ချမ်းသာ တယ်လို့တောင် ပြောလိုက်သေးတယ်၊ ခက်တာက သူ့ရုပ်က ဘိုရုပ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ မြန်မာအသိုင်းအဝိုင်းထဲဝင်ရမှာ ကန့်လန့်ကြီးဖြစ်နေတယ်၊ သူက သူ့ရုပ်ကြောင့် မြန်မာတွေနဲ့ ဆက်ဆံရမှာ အားငယ်သလိုဖြစ်နေတယ်၊ စလင်းကို ပြန်လာတယ်၊ အမျိုးသားကျောင်းထားပြန်တော့လည်း ကျောင်းနေဖို့ စိတ်မပါဘူး၊ ဒါနဲ့ သူဟာ ဟိုယောင်ယောင်ဒီယောင်ယောက်ဖြစ်နေရာက သူ့မိဘတွေက သူ့ကို ရေနံချောင်းဘက်လွှတ်ပြီး ရေနံတွင်းတွေ ဝယ်ဖို့ တူးဖို့ လေ့လာခိုင်းလိုက်တယ်၊ အဲဒီခေတ်မှာ ရေနံတွင်းပိုင်ရှင် သူတို့အခေါ် တွင်းစားဖြစ်ရင်လည်း ဂုဏ်ရှိတယ်ပေါ့လေ၊ ဒီတော့ တွင်းစားဖြစ်ဖို့က ရေနံအကြောင်း လေ့လာမှဖြစ်မယ်၊ လေ့လာဖို့က ဘိုဖြူမောင်ပဲရှိတော့ ဘိုဖြူမောင်ကိုပဲ လွှတ်လိုက်တာပေါ့''

''အဲဒါကိုတော့ အဘိုးက သဘောကျတယ်ဗျ၊ ရေနံတွင်းတွေ သူတို့ပိုင်ရင် အင်္ဂလိပ်ပိုင် ဘီအိုစီကုမ္ပဏီနဲ့ပြိုင်ရမှာကိုး၊ အဲဒီတော့ သူ့အသက်က ဆယ့်ခုနစ်ရှိနေပြီ၊ လူကောင်ကြီးကလည်း ထွားနေပြီ၊ ဘောင်းဘီနဲ့ ရှပ်အင်္ကျီ နက္ကတိုင်သာ ဝတ်လိုက်ငင် ဘိုမှဘိုပဲ၊ သူ ရေနံတွင်းရောက်တော့ သူ့ကို တကယ်ဘိုတွေက ဘိုလူပျိုလေးထင်ပြီး တလေးတစား ဆက်ဆံကြတယ်၊ သူက အင်္ဂလိပ်စကားလည်း သွက်သွက်လက်လက်ပြောတ…တာကိုး''

''ရေနံတွင်းအကြောင်း လေ့လာဖို့က မြန်မာတွင်းစားတွေထက်သူတို့နဲ့ပေါင်းပြီး လေ့လာတာက မြန်မြန်တတ်ပြီး တွင်းတွေဝယ်ဖို့လည်း သူတို့ထောက်ခံချက်နဲ့ ပိုမြန်လိမ့်မယ်လို့ ယူဆတာပဲ၊ အဲဒါနဲ့ သူက ပေါင်းရင်း မစ္စတာနယ်(လ်)ဆင်ဆိုတဲ့ အင်္ဂလိပ်ဘိုကြီးနဲ့ ပေါင်း



မိတယ်၊ မစ္စတာနယ်(လ်)ဆင်ဟာ ဘီအိုစီကုမ္ပဏီရဲ့ ရေနံကိုယ်စားလှယ်တစ်ဦးဖြစ်တယ်၊ သူ့မှာ မိန်းမ မရှိဘူး၊ သူ့မှာ အယ်လစ်ဇဘက်နယ်(လ်)ဆင် ဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ မစ္စတာနယ်(လ်)ဆင်ဟာ ဘိုဖြူမောင်ကို သူတို့လိုလူမျိုးလို့ပဲထင်ပြီး ခင်သွားတယ်ဗျ၊ မစ္စတာနယ်(လ်)ဆင်ကိုတော့ ဘိုဖြူမောင်က မြင်ဖူးတယ်လို့ထင်တယ်၊ …ပူ အထပ်ထပ်စဉ်းစားရင်း မစ္စတာနယ်(လ်)ဆင်ရဲ့ ကိုယ်ရေးကို …ပ်စုကြည့်တော့ နယ်(လ်)ဆင်ဟာ တစ်ချိန်က နယ်ပိုင်လုပ်သွားမှန်း …ိတယ်၊ ဒီတော့မှ သူ မှတ်မိလာဘယ်၊ ငယ်စဉ်က သူ့အိမ်ကို …ယ် ပိုင်တစ်ယောက် လာလည်သွားဖူးတယ်၊ အဲဒီနယ်ပိုင်ဟာ ဒီ …ယ်(လ်)ဆင်ဆိုတဲ့ လူကြီးဖြစ်နေတာကိုး'' …ရီး

''နယ်(လ်)ဆင်ကို သူက သတိနဲ့ ဆက်ဆံပြီး ရေနံတွင်းတူးသွယ် …၊ စက်ကိရိယာတွေကို ဘယ်လိုထားရမယ်၊ ဘယ်လိုအသုံးပြုရပ်နဲ့ …၊ ရေနံတွင်းရဲ့ ရေနံကြောဟာ ပေဆယ်ပေလောက်အနက်မှာ ရှိနိုင် …တွေကို နယ်(လ်)ဆင်ဆီက မှတ်သားတယ်၊ နယ်(လ်)ဆင်တို့ …ပိုင်တဲ့ ရေနံတွင်းတွေကို လိုက်ကြည့်တယ်၊ ဒီရေနံတွေဟာ …ချောင်းမှာကော ချောက်မှာကော ထွက်နေပြီး အင်္ဂလန်ကို တင်ပို့ …ကိုသိတယ်၊ တစ်ချိန်က မြန်မာဘုရင်တွေဟာ ဒီရေနံတွေကို …း အသုံးမကျတဲ့ နောက်ဆုံးဘုရင်နဲ့ အသုံးမကျတဲ့မိဖုရားတစ်ဦး … မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်လက်အောက်ကျရောက်ပြီး …တွေကို ကျွန်ဇာတ်သွင်းခံရာက ရေနံတွေကို အင်္ဂလိပ်က လက် …ပ်သွားတာပဲ၊ ဒါတွေကို ဘိုဖြူမောင် သိတယ်ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဘိုဖြူမောင်ဟာ အင်္ဂလိပ်ကုမ္ပဏီရဲ့လက်အောက်မှာရှိတဲ့ ရေနံတွင်းအလုပ်သမားတွေရဲ့ ဆင်းရဲဒုက္ခတွေ၊ အင်္ဂလိပ်ကုမ္ပဏီနဲ့ သူ့လက်အောက်ကလူတွေက ရေနံအလုပ်သမားတွေအပေါ် နှိမ့်ချဆက်ဆံတာတွေ၊ အခွင့်အရေး ဖိနှိပ်ချက်တွေကိုလည်း သိနေမြင်နေတယ်၊ ဒါပေမယ့် သူ ဘာမှမတတ်နိုင်ဘူး၊ ကိုလိုနီနယ်ချဲ့သမားတွေရဲ့ နယ်ချဲ့စနစ်နဲ့ ဗြိတိသျှတွေ၊ ဗြိတိသျှလက်အောက်ခံ ဖေားတွေဟာ သာယာစီးသမားတွေကိုလည်း တစ်နေ့တခြား မုန်းလာတယ်"

"ဒီသာယာစီးသမားတွေ၊ ဖေားတွေဟာ ခေတ်တိုင်းခေတ်တိုင်း ဖြစ်မယ့်မှာရှိတယ်၊ မင်းလိုလိုက်မင်းကြိုက်မြှောက်ပြီး သူတို့အတွက် နေရာလိုက်တာယူကြတာပဲ၊ အဲဒီလူမျိုးတွေဟာ စဉ်းစားကြည့်ရင် အတွင်းသစ္စာဖောက်

"အဲ့ဒါပဲ၊ အခုလည်း ဗြိတိသျှကုမ္ပဏီကို ကိုယ့်အမျိုးမဟုတ်သော်လည်း သူတို့ပိုင်ရာပ်ဖားပြီး နေရယူတဲ့လူတွေ၊ ရေနံကိုယ်စားလှယ်လုပ်ချင်တဲ့လူ... သူ့အသင်္ဂအပြည့်ပဲ၊ ကျုပ်အဘိုးဟာ မေ့သေးသပ၊ ချုံထဲက ချိုသွေးသပ တမြ... ဆိုတဲ့ သားကောင်ပုံပမာ ကြိတ်မှိတ်နေခဲ့တယ်၊ သူ့မိဘတွေကို ရေ... တွင်းတွေ လုပ်နိုင်ပြီဆိုတဲ့အကြောင်း သွားရောက်တွေ့ဆုံပြောကြား... တယ်၊ အဲဒီခေတ်မှာ ရေနံတွင်းဝယ်ရတာ သိပ်တော့မလွယ်လှဘူး၊ ရရှိတဲ့ရေနံကို ဘီအိုစီကုမ္ပဏီကိုပဲ ရောင်းချပါ့မယ်၊ တခြား ဘယ်သူ့ ကိုမှ မရောင်းပါဘူးဆိုတဲ့ စာချုပ်လည်း ချုပ်ရသေးတယ်၊ အင်္ဂလိ... ကို ကောချင်တဲ့ ဘိုဖြူမောင်က ဒီစာချုပ်ကို ဆန့်ကျင်ချင်တယ်"

"အဲဒီအတွင်း သူဟာ မစ္စတာနယ်(လ်)ဆင်နဲ့ ခင်ပြီး အိမ်... အဝင်အထွက်သွားတယ်၊ ကပွဲတွေတက်တယ်၊ နယ်(လ်)ဆင်က...



ဘိုဖြူမောင်နဲ့ သူ့ရဲ့သမီး အယ်လစ်ဇဘက်ကို သဘောတူပုံပဲ၊ အယ်လစ်ဇဘက်ဟာ လှပါတယ်၊ အဘိုးက ကျုပ်ကို ပြောပုံထောက်တော့ အယ်လစ်ဇဘက်ဟာ အနောက်နိုင်ငံသူအနေနဲ့ လှပါတယ်၊ အရုပ်အမောင်းကောင်းပါတယ်၊ ဒါပေမယ့် တကယ်လှတဲ့ မြန်မာအမျိုးသမီးတစ်ယောက်နဲ့ ယှဉ်လိုက်ရင် အယ်လစ်ဇဘက်ဟာ မျောက်မသာသာ ဖြစ်သွားတယ်တဲ့၊ စဉ်းစားကြည့်ပေါ့ ...၊ သူ့ဆံပင်နီကြောင်ကြောင်၊ ကျုပ်တို့ မြန်မာအမျိုးသမီး ဆံပင်က နက်မှောင်မှောင်၊ သူ့မျက်လုံးတွေက ပြာလဲ့လဲ့၊ ကျုပ်တို့မြန်မာအမျိုးသမီးမျက်လုံးလေးတွေက နက်မှောင်ပြီး မဟူရာကျောက်လိုတောက်ပြီး သမင်မျက်လုံးမျိုး အရည်ကလဲ့နေတာ၊ ပြီးတော့ သူတို့က မေးရိုးတွေ ပခုံးရိုးတွေကားပြီး အရိုးအဆစ်ကြီးတယ်၊ ကျုပ်တို့ မြန်မာအမျိုးသမီးတွေက မျက်နှာသွယ်သွယ် နုနုဖောင်းဖောင်းလေးတွေနဲ့ အရိုးအဆစ်က ပြေပြစ်တယ်၊ အရုပ်နဲ့ ကိုယ်လုံးနဲ့ လိုက်ဖက်တယ်"

"ဟိုအနောက်နိုင်ငံသူတွေရဲ့ အသားအရည်တွေက ဖားဥတွေ ...ပြီး အသားအရေက ကြမ်းတယ်၊ ဖြူတာတော့ ဖြူတာပေါ့၊ ဒါပေမယ့် ...ဒီ ဖြူတာတွေက သွေးမရှိသလိုပဲ၊ မြန်မာအမျိုးသမီးတွေရဲ့ အသား ...ရေတွေက နုညံ့ချောမွတ်လို့ ဝင်းပကြည်လင်နေတယ်၊ ကိုင်ကြည့် ...ရင် စိတ်ထဲမှာ ဖသောဖသောကို ဖြစ်သွားတတ်တယ်လေ၊ ကျုပ်တို့ ...ညာသူတွေရဲ့ အသားဆိုရင် ညိုစိမ့်ချောမွတ်ပြီး စိုပြေနေတာပဲ၊ ...ကြည့်လိုက်ရင် အသားညိုရောင်စိမ့်နဲ့ ရင်ထဲဖိုသွားနိုင်တယ်လေ၊ ပြီး... ...ဟိုဟာမကြီးတွေက အရုပ်ကလာန့်ကလားနဲ့...၊ ကိုယ်နဲ့ကာ...ည်း

www.burmeseclassic.com

www.burmeseclassic.com



နံ့သေးတယ်၊ ကျုပ်တို့ မြန်မာအမျိုးသမီးတွေက ကိုယ်သင်းနံ့ကလေးတွေရှိတယ်၊ အဲဒါက ကျုပ်အဘိုးရဲ့ အနောက်တိုင်းသူအလှနဲ့ မြန်မာသူ မိန်းကလေးရဲ့အလှကို နှိုင်းယှဉ်ပြချက်တွေကို သတိရလို့ ကျုပ်ပြောမိတာပါ”

“ကျုပ်အဘိုးက အယ်လစ်ဇဘက်ကို စိတ်မဝင်စားဘူး…သူစိတ်ဝင်စားတာက အဲဒီကောင်မလေးရဲ့စိတ်ဓာတ်ပဲ၊ ကောင်မလေးက မြန်မာအလုပ်သမားတွေကို သနားတတ်တယ်၊ အလုပ်သမားတွေကို ညီမျှဝ…ခွင့်အရေးပေးသင့်တယ်လို့ ယူဆထားတယ်၊ ပြီးတော့ ကျွန်မဟုတ်တဲ့ လူတွေကို ကျွန်လိုဆက်ဆံနေတတ်တဲ့ သူတို့အနောက်နိုင်ငံသားတွေရဲ့ ခွေးကြီးမွေးကြီးစိတ်ဓာတ်ကိုလည်း သဘောမကျဘူးလို့ တစ်ခါက ဘိုဖြူမောင်ကို အင်္ဂလိပ်အမှတ်နဲ့ ထုတ်ဖော်ပြောဖူးတယ်၊ ဘိုဖြူမောင်က အယ်လစ်ဇဘက်ကို ကျိတ်လေးစားသွားတယ်၊ နှစ်ဘက်အမြင်ရှိတဲ့ လူစားလို့ ယူဆလိုက်တယ်၊ လောကမှာ နှစ်ဘက်အမြင်နဲ့ ကောင်းကျိုးရှိနေကြရင် လောကပါလတရားသုံးပါးဟာ အလိုလို ဖြစ်ထွန်းလာမှာပဲလေ”

“ကျုပ်အဘိုးရဲ့ မိဘတွေဟာ စလင်းကနေ ရေနံချောင်းကို ပြောင်းဖို့ စီစဉ်ကြရတာပေါ့၊ အဲဒီမှာ မြန်မာ့စရိုက်ကလေးတွေထဲက တစ်ခုဖြစ်တဲ့ ဗေဒင်ကိန်းခန်းတွေပေါ့ဗျာ…ပြောင်းကာနီးရွှေ့ကာနီးမှာ ကိုယ် ကိုးကွယ်တဲ့ဆရာတော်ကြီးတွေဆီမှာ နည်းနာသြဝါဒခံကြတာပေါ့၊ ဗေဒင်ကိန်းခန်းယတြာတွေဘာတွေမေးတော့ ဆရာတော်ကြီးက ဘာမိန့်သလဲဆိုရင် လတ်တလောမပြောင်းနဲ့ဦး…နှစ်လလောက်ဆိုင်း



လိုက်ကြဦး…အခုပြောင်းရင် အခြေအနေမကောင်းဘူး၊ ထွက်ခတ်ခတ်စရာရှိတယ်။ နှစ်လလောက်နေပြီး ဘယ်အချိန်မှ ပြောင်းသင့်တယ်လို့ ပြောသတဲ့ဗျာ၊ ဟုတ်လည်းဟုတ်တယ်၊ ကျုပ်ဘေးတော်ကြီး ဦးရွှေနီမှာ အဲဒီတုန်းက မမာမကျန်းဖြစ်ကာစကိုး၊ ဒါနဲ့ မပြောင်းသေးဘဲ စာနဲ့ပဲ ကျုပ်အဘိုးဆီကို ခဏဆိုင်းငံ့ထားပြီး နှစ်လနေမှ ပြောင်းလာမယ့်အကြောင်း အကြောင်းကြားတယ်”

“ဘိုဖြူမောင်ဟာ ရေနံချောင်းမြို့ပေါ်မှာပဲနေသလို မစ္စတာနယ်(လ်)ဆင်ကလည်း မြို့ထဲမှာပဲနေတယ်၊ ဘိုဖြူမောင်ကတော့ ဝင်လိုက်ထွက်လိုက်နဲ့ အဲဒီအိမ်မှာ နယ်(လ်)ဆင်တို့ သားအဖနဲ့ ရင်းနှီးသလို အယ်လစ်ဇဘက်က သူ့အပေါ် ချစ်နေကြောင်းကိုလည်း ရိပ်မိတယ်၊ အယ်လစ်ဇဘက်က သူ့ထက် တစ်နှစ်လောက်ငယ်တယ်၊ အနောက်တိုင်းသူပီပီ ဆယ့်ရှစ်နှစ်ဆိုပေမယ့် နှစ်ဆယ်ကျော်ထင်ရအောင် လူကောင်းထွားတယ်၊ ဘီလပ်ကြက်ကြီးတွေလိုပေါ့ဗျာ…ဘီလပ်ကြက်ဆိုတာ အကောင်ကြီးပြီး အရသာပေါ့ပျက်ပျက်နဲ့၊ အဲဒီလိုပဲ အယ်လစ်ဇဘက်က လူကောင်းထွားပြီး သူ့အလှက ဘိုဖြူမောင်ရဲ့မျက်စိထဲမှာ ပေါ့ပျက်ပျက်၊ ပြီးတော့ အင်္ဂလိပ်ဆိုရင် မျက်လုံးထဲ ထောင့်မကျိုးတဲ့ ဘိုဖြူမောင်ဟာ အယ်လစ်ဇဘက်ကို ခင်မင်တာကလွဲလို့ မိတ်နဲ့ကောင် မဖြစ်မှားပဲ နှမလေးလိုပဲ သဘောထားလိုက်တယ်”

“အဲဒါနဲ့ တစ်နေ့မှာ သူက နယ်(လ်)ဆင်ရဲ့ ဘတ်ဒေးပါတီမွေးနေ့ပွဲညမှာ ပါတီတက်လာတုန်း ကုမ္ပဏီကို ရောက်ရောက်လာတဲ့ လူငယ်တွေနဲ့ မိတ်ဆက်ပေးပါလေရော၊ အဲဒီအထဲမှာ ကုမ္ပဏီက ငယ်

www.burmeseclassic.com

www.burmeseclassic.com



တန်း မန်နေဂျာခန့်လိုက်တဲ့ စတီဗင်ဆိုတဲ့ ငတိ ပါလာတယ်၊ စတီဗင်က ဘိုဖြူမောင်နဲ့ ကျောင်းတော်က ရန်စရှိတယ်လေ၊ လက်ဝှေ့ထိုးရန်ဖြစ်ကြလို့ ဘိုဖြူမောင် ကျောင်းထုတ်ခံခဲ့ရတာ မှတ်မိကြမှာပေါ့၊ ဒီအဖြစ်ကလေးဟာ နှစ်တွေကလည်း သိပ်မကြာတော့ သူတို့ရဲ့ အသည်းနှလုံးတွေထဲမှာ မမေ့ကြဘူး၊ နယ်(လ်)ဆင်က မိတ်ဆက်ပေးလို့သာ အပေါ်ယံကြာအောင့်အီးပြီး မိတ်ဆွေအဖြစ် ဆက်ဆံလိုက်ကြပေမယ့် လူငယ်တွေပီပီ လူငယ်နှစ်ဦးရဲ့ မျက်လုံးတွေထဲမှာ ဒေါသမီးတောက်နေကြတာကို၊ ဒါကို မစ္စတာနယ်(လ်)ဆင်ကြီးက မသိဘူး"

"ဘိုဖြူမောင်ကတော့ ဒေါသဖြစ်ပေမယ့် ဗုဒ္ဓရဲ့ မေတ္တာရိပ်မှာ ခိုလှုံနေတဲ့သားပီပီ မေတ္တာစိတ်မွေးပြီး ပြီးတာတွေပြီးပါစေတော့လို့ သဘောထားလိုက်ပေမယ့် ဟိုကောင့်စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ သူသိတယ်၊ စတီဗင်ဟာ မျက်နှာဖြူပီပီ ရာထူးဂုဏ်မောက်တယ်၊ ရေနံမြေ့ခလုပ်သမားတွေပေါ်မှာ ရိုင်းရိုင်းပြပြ မောက်မောက်မာမာ ဆက်ဆံတယ်၊ ဒါကို ဘေးက ရိပ်စားမိတဲ့ ဘိုဖြူမောင်က သူ့မိဘတွေနဲ့ ရေနံတွင်းလုပ်တဲ့အခါ အဲဒီ ဘီအိုစီက အလုပ်သမားတွေကို တတ်နိုင်သလောက် ခေါ်ယူပြီး အင်္ဂလိပ်တွေမပေးတဲ့ အခွင့်အရေးကို တတ်နိုင်သရွေ့ ပေးမယ်လို့ ဆုံးဖြတ်ထားတယ်"

"တစ်နေ့မှာ ရေနံစင်တွေဘက်က မြို့ထဲပြန်လာတုန်းမှာ ဘေဘီအော်စတင်ကားကလေးတစ်စီးဟာ သူ့နောက်ဘက်က အရှိန်ပြင်းပြင်း မောင်းလာပြီး သူ့ကိုတိုက်ဖို့ ကြိုးစားခဲ့တယ်၊ မသိရင်တော့ [illegible]ပဲပေါ့၊ အဘိုးက ရှောင်ပိုင်ခဲ့တယ်၊ ကြည့်လိုက်တော့



ကားမောင်းတဲ့ကောင်က စတီဗင်ပဲပေါ့ဗျာ၊ ဒီကောင်က ကျုပ်အဘိုးကို သွားဖြီးပြသွားတယ်၊ နောက် နယ်(လ်)ဆင်အိမ်မှာ သူတို့ ဆုံမိကြတော့ စတီဗင်က မသိသလိုပဲ၊ ဒါ သူတို့အင်္ဂလိပ်တွေရဲ့ ဟို…ကန့်တော့ပါရဲ့ဗျာ၊ သူတို့ရဲ့ အကျင့်ပေါ့၊ နောက်သွေးထိုးပေးတဲ့အကျင့်လည်း ရှိသေးသဗျ၊ နယ်(လ်)ဆင်က တစ်နေ့မှာ ဘိုဖြူမောင်ကို ခေါ်တယ်၊ ဩော်…ကျုပ် တစ်ခုမေ့နေတယ်ဗျာ၊ ကျုပ်အဘိုးမှာ ဘိုကျောင်းနေတော့ ဘိုနာမည်မှည့်ထားတာရှိတယ်ဗျ၊ ဆောရီးဗျာ.. ကျုပ် ပြောချင်အားကြီးနဲ့ မိတ်ဆွေတို့ကို ကျုပ်အဘိုး ဘိုနာမည်ကိုတောင် ပြောဖို့မေ့သွားသဗျို့…ကျုပ်အဘိုးရဲ့ ဘိုကြက်ချေးနာမည်က ဘရိုင်ယန်တဲ့ဗျ၊ ကျုပ်အဘိုးကို နယ်(လ်)ဆင်က ခေါ်ပြီးမေးတယ်၊ မင်းဟာ မြန်မာလားတဲ့၊ မြင်းစီးလို့ အထီးမှန်း အမမှန်း မသိသေးသလို ဘိုရုပ်ပေါက်ပြီး ဘိုလိုဝတ်ပြီး ဘိုစကားပြောတဲ့ ကျုပ်အဘိုးကို အင်္ဂလိပ်မှန်း မြန်မာမှန်းတောင် မသိဘူး၊ ကျုပ်အဘိုးကလည်း ရင်ကော့ပြီး ဖြေတယ်၊ မြန်မာစစ်စစ်ပါတဲ့၊ နယ်(လ်)ဆင်ဟာ ဒေါသဖြစ်မယ့်အစား တော်တော်ကြီး အံ့သြသွားတယ်၊ မြန်မာတစ်ယောက်က အင်္ဂလိပ်ရုပ်ဖြစ်နေတာကို မယုံသလိုဖြစ်နေတယ်"

"ဒီတော့မှ ကျုပ်အဘိုးက နယ်(လ်)ဆင်ကို ခင်ဗျား လွန်ခဲ့တဲ့ ယ့်ငါးနှစ် ဆယ့်ခြောက်နှစ်က ပခုက္ကူမှာ နယ်ပိုင်လုပ်တော့ မြန်မာ ကလေးတစ်ရွာမှာ ဘိုနဲ့တူတဲ့ ကောင်လေးတစ်ယောက်ကို လာ ကြည့်သေးတယ်မဟုတ်လား၊ အဲဒီ ဘိုနဲ့တူတဲ့ ကောင်လေးက ခင်ဗျား ကို ဆဲလွှတ်သေးတယ်လေ၊ အဲဒီကောင်လေးဟာ ကျုပ်ပေါ့ဗျလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်၊ နယ်(လ်)ဆင်ဟာ ဒီအဖြစ်ကို ကောင်းကောင်းမှတ်မိသွားတယ်၊ မြန်မာတစ်ယောက်ကို သူတို့လူမျိုးထင်ပြီး ပေါင်းမိသင်းမိတာကို ရှက်သွားတယ်နဲ့လည်းတူပါတယ်၊ စကားတော့ သိပ်မပြောတော့ဘူး၊ အဲဒီအချိန်ကစပြီး ဘိုဖြူမောင်ကို ခပ်တန်းတန်းဆက်ဆံတယ်၊ အဘိုးကတော့ အေးအေးဆေးဆေးပဲ…သူက နယ်(လ်)ဆင်ရဲအိမ်ကို မဝင်ပေမယ့် အယ်လစ်ဘောက်ကို ခင်မင်မှုသံယောဇဉ်လေးရှိတာကြောင့် နယ်(လ်)ဆင့်အိမ်ကိုသွားတယ်၊ ဒါပေမယ့် အရင်ကထက်စာရင် အသွားတော့နည်းသွားတယ်၊ အဲဒီအိမ်မှာ စတီဗင်ဆိုတဲ့ ကောင်ကို သွားတိုင်းတွေ့တယ်၊ တွေ့လည်း ဒီကောင်ဟာ အရက်မူးနေတာပဲ”

“သူ့ကို မြန်မာလို့သိသွားအောင် နယ်(လ်)ဆင်ကို ချွန်တွန်းလုပ်ပေးလိုက်တာ ဒီကောင်ဆိုတာ ဘိုဖြူမောင်က သိတယ်၊ အယ်လစ်ဘောက်ကိုလည်း သူလုပ်တာပဲ၊ ဒါပေမယ့် အယ်လစ်ဘောက်က နဂိုကတည်းက မြန်မာတွေကို သနားတတ်တဲ့စိတ်ရှိတော့ ဘိုဖြူမောင်ကို မြန်မာမှန်းသိပေမယ့် အဲဒါအပြောမပျက်ဘူး၊ ဘိုဖြူမောင်မှာ သူတို့လိုရုပ်မျိုးရှိနေတာကို အံ့ဩနေတယ်၊ ဒါပေမယ့် သူတို့အင်္ဂလိပ်တွေမှာ တစ္ဆေသရဲကို မယုံပေမယ့် တချို့က လူဝင်စား (Incarnation)ဆိုတာကိုတော့ ယုံတယ်ဗျ၊ ဘိုဖြူမောင်ကို လူဝင်စား (Incarnation)ဖြစ်တယ်လို့ ယုံတယ်၊ ကျုပ်ကတော့ လူဝင်စားဖြစ်တယ်ဆိုတာ ယုံရခက်ခက်ပဲ၊ လူဝင်စားဆိုရင် ဘိုဖြူမောင်ဟာ သူ့ဘဝဇာတ်ကြောင်းကိုတော့ တစ်စိတ်တစ်ဒေသ ပြောတတ်ရမှာပေါ့…ခုတော့ မပြောဘူးဗျ”



“ဒီတော့ ကျုပ် ပယ္ပဆသလိုပေါ့ဗျာ…အင်္ဂလိပ်ကို အနိုင်တုရင်း အင်္ဂလိပ်ကို ဖုန်းတီးတဲ့ အစွဲအလမ်းနဲ့သေတော့ ဥပါဒါန်ကြောင့် အင်္ဂလိပ်ရုပ်ထွက်လာတာပဲ ထင်တာပဲ၊ ကျုပ်ပြောတာတောင် ဘယ်ရောက်သွားပါလိမ့်၊ ဪ…သိပြီ…ဘိုဖြူမောင်က အယ်လစ်ဘောက်နဲ့ ခင်တာကို စတီဗင်က မနာလိုဘူး…သူက ဘိုဖြူမောင်နဲ့ အဘိုးကြီး နယ်(လ်)ဆင်ကို သွေးကွဲအောင် တို့မီးရှို့မီးလုပ်တယ်၊ ဒါ အင်္ဂလိပ်တွေရဲ့မာန်ပဲ၊ ပါးစပ်က ဘယ်လောက်ပဲ သွားဖြီးပြီး လူကြီးလူကောင်းဆန်ဆန်နေပေမယ့် သူတို့စိတ်ထဲမှာတော့ မနာလို မရှုစိမ့်ဖြစ်တာတို့ တို့မီးရှို့မီးလုပ်တာတို့ဟာ သူတို့ရဲ့ညဉ်ပဲ၊ သူတို့ သွားဖြီးတာကို မယုံနဲ့၊ သူတို့ သွားဖြီးလေ ကြောက်စရာကောင်းလေပဲ၊ ဒီလိုနဲ့ပဲ ကျုပ်တို့ မြန်မာတစ်နိုင်ငံလုံးပါသွားတာကြည့်…”

“သူက အယ်လစ်ဘောက်ကို ချိတ်နေတာကိုး၊ အယ်လစ်ဘောက်ကလည်း ကျုပ်အဘိုးကိုချိတ်၊ ကျုပ်အဘိုးကလည်း ကုလားလိုပြောရရင် နိမ်းပေါးမှ နိမ်းပေါးပဲ၊ သူက အချစ်ဆိုတာလည်း မခံစားဖူးသေးဘူးဗျ၊ ဒါနဲ့ဗျာ…တစ်ညမှာ မြို့ထဲထွက်လည်တဲ့ ကျုပ်အဘိုးကို စတီဗင်ဆင်ဆိုတဲ့ကောင်က လူမိုက်ငှားပြီး ချောင်းရိုက်ခိုင်းတာမျိုး…ဒါကလည်း သူတို့နယ်ချဲ့အနောက်နိုင်ငံသားတွေရဲ့ အကျင့်ပဲဗျ၊ ကနေ့တော့ပါရဲဗျာ…ဒီကောင်တွေရဲ့စိတ်က မိစ္ဆာသာသာရှိတော့ မနိုင်းယှဉ်လို့လဲမဖြစ်ဘူး”

“ဘယ်ရမလဲ…ကျုပ်အဘိုးက ဟီးရိုးပဲ၊ သုံးလေးယောက်ကို လူတစ်ယောက်တည်းနဲ့ ခေါ်ထည့်လိုက်တာ ဟိုကောင်တွေ လန့်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ တစ်ယောက်ကိုမိလို့ ဖမ်းစစ်လိုက်တော့ စတီဗင်ရဲ့လက်ချက်ဆိုတာ သိသွားတယ်၊ ရိုက်တဲ့ကောင်တွေက ကိုယ့်အမျိုးသားချင်းဖြစ်နေလို့ အဘိုးက ဘာမှမလုပ်ဘဲ အမျိုးသားချင်း သွေးစည်းရမယ့်အကြောင်း၊ နိုင်ငံခြားသားနိုင်းတာကို မလုပ်ထိုက်တဲ့အကြောင်းတွေ ပြောပြီး ပြန်လွှတ်လိုက်တယ်၊ ဟိုလူလည်း နားလည်သွားပုံပဲ၊ စတီဗင်ကိုပါ ဆဲရေးထွက်သွားတယ်၊ နောက်တစ်နေ့မှာ စတီဗင်ကို တွေ့ချင်လို့ သူ့အိမ်သွားရှာတော့ မတွေ့ခဲ့ဘူး၊ ဒါနဲ့ နယ်(လ်)ဆင်အိမ်ကို ရောက်သွားတယ်၊ အဲဒီမှာ ကျုပ်အဘိုး ဘရိုင်ယန် ခေါ် ဘိုဖြူမောင်ရဲ့ဘဝဟာ ဘဝတစ်ဆစ်ချိုးပြောင်းသွားတာပဲ၊ အိမ်ထဲမှာ နယ်(လ်)ဆင်လည်း မရှိဘူး၊ အခိုင်းအစေတွေလည်းမရှိဘူး၊ စတီဗင် ဆိုတဲ့ကောင်ဟာ အရက်မူးမူးနဲ့ ဧည့်ခန်းထဲမှာ အက်လစ်ဘောက်ကလေးရဲ့ ဘဝကို ပန်းကောင်းအညွန့်ကျိုးလုပ်ဖို့ ကြိုးစားနေတာပဲ၊ အယ်လစ်ဘောက်ဟာ အင်တိုက်အားတိုက် ရုန်းကန်နေရတယ်၊ ဘိုဖြူမောင်ကိုတွေ့တော့ သူ့ကို ကယ်ပါဦးလို့ အင်္ဂလိပ်လို လှမ်းပြောတယ်"

"အဲဒီအခါမှာ အမျိုးတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဒါမျိုးတွေ့ရင် ယောကျ်ားပီသတဲ့သူတိုင်းဟာ ရှောင်လွှဲထွက်မသွားဘဲ ကူညီကြတာချည်းပဲ၊ တစ်ဘက်က မိန်းကလေး[illegible]နေတာကိုး၊ ပထမတော့ သူတို့ချင်းပဲလေဆိုပြီး ရှောင်ထွက်သွားချင်ပေမယ့် ကောင်မလေးက အကူအညီလှမ်းတောင်းတာရယ်၊ အယ်လစ်ဘောက်ဟာ ကိုယ့်ညီမလေးလို ဖြစ်နေတာရယ်၊ စတီဗင် ဆိုတဲ့ကောင်ကို သူ ရှာနေတာက ဒီကောင်ရဲ့ လူငှားပြီး ရိုက်နိုင်းတာကို မေးမြန်းပြီး တုံ့ပြန်ဖို့စိတ်ရယ်



ရှိနေတာကြောင့် အဘိုးဟာ စတီဗင်[illegible]နဲ့ သူရုပ်ဟာ မြန်မာအဝတ်ဆွဲပစ်လိုက်တယ်၊ သူတို့နှစ်ယောက်ပး

ကျောင်းတော်က ရန်စစိတ်ကလည်းတူညီတဲ့[illegible] ပရိသတ်တွေကတော့ အတင်းဝင်ထိုးတော့တာပဲ၊ အဘိုးက ပထမ ရှော်[illegible]တစ်ကျွန်းတို့ အဲဒီမှာ ကျုပ်ပြောချင်တာက ကျုပ်တို့လူ့လောကမှာ တစ်ဦး[illegible]ကြိုက်ဖို့ ဖြစ်စေ၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျူးကျော်ရန်စစော်ကားလာပြီဆိုရင် သည်းခံသင့်တာထက်ပိုပြီး သည်းမခံဖို့ပဲ၊ သည်းခံလွန်းရင် တစ်ဘက်က အထင်သေးပြီး ပိုအနိုင်ကျင့်လာတတ်တယ်၊ စော်ကားလာတတ်တယ်၊ ခေါင်းငုံ့မခံဘဲ ထိထိရောက်ရောက် တွန်းလှန်ဆုံးမပစ်လိုက်မှ ဒီကောင်တွေ ဝပ်သွားတတ်တယ်၊ ကိုက်တတ်တဲ့ခွေးကို ဟဲ့ခွေး...ဟဲ့ခွေးလို့ အော်မယ့်အစား တုတ်နဲ့ကိုရိုက်ပစ်ရမယ်"

"အဘိုးဟာ သူ့နှုတ်ခမ်းကို စတီဗင်ရဲ့လက်သီးတစ်ချက်လည်း ထိရော သည်းမခံဘဲ လက်သီးရော ဒူးရော ခေါင်းရော ခြေထောက်ရော ပြန်တီးလိုက်တာ ဟိုကောင်တစ်ခါတည်း ခွေပဲ၊ ခွေတာမှ အသက်ကိုပျောက်သွားတာပဲ၊ အိမ်က သံမံသလင်းနဲ့ နောက်စေ့ အုတ်ဆက်ထိသွားတဲ့အပြင် ဆီးအိမ်ကို ကန်ပစ်လိုက်တဲ့အဘိုးရဲ့ ခြေထောက်က ပြင်းလွန်းလို့ စတီဗင် ကျောက်ကပ်ပါကွဲပြီး တစ်ခါတည်း ဘုရားသခင်က ခေါ်သွားတော့တာပဲ"

"ဒါက ဘာလဲဆိုတော့ တို့မြန်မာတွေကို မစနဲ့...စရင် ခံသွားရမယ်၊ တို့မြန်မာတွေ ဓားထက်တာ မသိဘူးလား ဘာလား [illegible]နေမယ့်အစား လက်တွေ့တုံ့ပြန်ပစ်လိုက်တာပဲ၊ စတီဗင်လည်း[illegible]၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ တစ်ယောက်ကိုပါ၊ အဘိုးကဂရုမစိုက်ပေါင်။ နယ်(လ်) ဆိုတာ သိသွားတယ်၊ ရှိသူ့သမီးအတွက် အဘိုးကို ကျေးဇူးတင်နေလို့ အဘိုးက ဘာအကူအညီမှမပေးဘူး၊ သူတို့အမျိုးသားအကြောင်း ကိုယ်ချင်းသိတယ်လေ၊ ဟိုကောင် မတရားလုပ်နေမှန်း ပြောပြီး အမျိုးသားချင်းမို့ အမျိုးထိ မချည့်အောင်နာတယ်ပေါ့၊ ကျုပ်တို့မြန်မာတွေလည်း သည်စိတ်မျိုး ကြပ်ကြပ်မွေးရမယ်၊ သခင်မျိုးဟော့ တို့ဗမာလို့ တို့အဘိုးခေတ်က အော်သလို အမျိုးကိုထိရင် မချည့်ဘူးဟော့လို့ အော်ရမှာပဲလေ…"

"အဘိုးကို တရားရုံးထုတ်တယ်၊ အဘိုးက အဖြစ်အပျက်အမှန်ကို လျှောက်လိုက်တယ်၊ အဲဒီအခါမှာ အဘိုးက ဘုရားလို့လည်း မထူးဘူး၊ မခေါ်ဘူး၊ သခင်လို့လည်း မခေါ်ဘူး၊ တရားသူကြီးကလည်း ခွင့်ပြုတယ်၊ ဘာလို့လဲဆိုတော့ အင်္ဂလိပ်ရုပ်ထွက်နေတဲ့ ကျုပ်အဘိုးဟာ တရားသူကြီးကို အင်္ဂလိပ်လိုပဲပြောတော့ ဘုရားလည်း ထူးစရာ ခေါ်စရာမလိုဘူး၊ သခင်လည်း ခေါ်စရာမလိုဘူး၊ မသိရင် အင်္ဂလိပ်လူမျိုး တရားခံတစ်ယောက်လို့ပဲ ထင်ကြမယ်၊ ကျုပ်အဘိုးရဲ့ အဖေနဲ့အမေကတော့ သတင်းကြားလို့ လာကြတာပေါ့၊ ကျုပ်ဘေးမကြီးဆိုရင် မျက်ရည်နဲ့မျက်ခွက်ပဲ၊ ကျုပ်ဘေးကြီးကတော့ အံတင်းတင်းကြိတ်ထားတယ်၊ သူ့သားရဲ့ အင်္ဂလိပ်အပေါ် တင်းမာတဲ့စိတ်ကိုလည်း သိထားတယ်လေ၊ ရှေ့နေကောင်းကော်င်းတော့ငှားတယ်၊ ကျုပ်အဘိုးရုပ်ကို ကြည့်ပြီး အားလုံးက အံ့ဩနေကြတယ်၊ ကျုပ်အဘိုးက အင်္ဂလိပ်ရုပ် ထွက်ပေမယ့် တရားရုံးတက်တော့ ရှပ်အင်္ကျီနဲ့ လုံချည်ပဲဝတ်ထား



တယ်၊ သူ့ရဲ့ ထွားကြိုင်းတဲ့ ခန္ဓာကိုယ်နဲ့ သူ့ရုပ်ဟာ မြန်မာအဝတ်အစားနဲ့ တခြားစီဖြစ်နေတယ်"

"တရားရုံးကို လာနားထောင်ကြတဲ့ ပရိသတ်တွေကတော့ တီးတိုးတီးတိုးနဲ့ပေါ့…ကြိုးကျမှာတဲ့၊ ထောင်တစ်သက်တစ်ကျွန်းတဲ့ ပြောနေလိုက်ကြတာ စုံနေတာပေါ့ဗျာ၊ ကျုပ်တို့မြန်မာတွေမှာ ကြိုက်ဖို့မကောင်းတာက အဲဒါပဲ၊ အမှုဖြင့် မပြီးသေးဘူး၊ သူတို့က တရားသူကြီးအရင် ထင်မြင်ချက်နဲ့ စီရင်ချက်ချနေကြပြီ…ဒါလည်း စဉ်းစားကြည့်တော့ လူ့သဘာဝပဲ"

"ကျုပ်အဘိုးအတွက် အားကိုးရမှာက အယ်လစ်ဇဘက်ပဲ၊ မိန်းကလေးကို သူက ဝင်ကယ်ခဲ့တာကိုး၊ သူ့ထွက်ချက်နဲ့ မိန်းကလေးထွက်ချက် ညီရင် အပြစ်ပေါ့စရာရှိတယ်၊ အဘိုးကတော့ လုပ်ရဲရင် ခံရဲပေမယ့် လူသားပီပီ ဒါလေးတော့ မျှော်လင့်တာပေါ့ဗျာ"

"အယ်လစ်ဇဘက်ကလည်း သူ့ကိုကယ်လိုက်တဲ့ အဘိုးကို လာတောင်မတွေ့ဘူး၊ ဒါနဲ့ အယ်လစ်ဇဘက်ကို ထုတ်စစ်မယ့်အချိန် နေ့ကိုရောက်လာရော…၊ အဲဒီနေ့က အယ်လစ်ဇဘက်ဟာ ဂါဝန်အပေါ် ဖြူအောက်ဖြူ ဝတ်ထားခဲ့တယ်၊ ဘာကီးခေါ်တဲ့ ဒေါက်ကတ်ရထားပေါ်က သူဦးထုပ်လေးဆောင်းပြီး ဆင်းလာတဲ့အချိန်မှာ သူ့ကို သိပ်လှတာပဲလို့ လူတွေက ချီးမွမ်းကြတယ်၊ ဒါကတော့ လူလှတာထက် ဝတ်အစားက ပိုလှတော့ တသွေးတမွေးဖြစ်သွားလို့ ဖြစ်မှာပေါ့နော်"

"လက်ထိတ်ခတ်ပြီး ခုံတန်းမှာ ပုလိပ်နှစ်ယောက်အစောင့်နဲ့ နေတဲ့ အဘိုးကို အယ်လစ်ဇဘက်က တစ်ချက်ပဲ ခိုးကြည့်လိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဘိုးက သိလို့ပြုံးပြလိုက်ပေမယ့် သူက မပြုံးဘူး၊ သူ့မျက်နှာညှိုးနေတာကိုတော့သိတယ်၊ ထုံးစံအတိုင်းပေါ့လေ၊ ဆွဲချခေါ်တဲ့ အစိုးရရှေ့နေနဲ့ တရားခံရှေ့နေ လျှောက်လဲကြတာပေါ့၊ တရားခံရှေ့နေ့က မျက်မြင်သက်သေဖြစ်တဲ့ အယ်လစ်ဘောက်ရဲ့ ထွက်ချက်ဟာ အခိုင်လုံးဆုံးမို့ အယ်လစ်ဘောက်ရဲ့ ထွက်ချက်ကို တရားသူကြီးက နားထောင်ဖို့ လျှောက်လဲတယ်၊ တရားသူကြီးက သဘောတူတယ်၊ အင်္ဂလိပ်မ အယ်လစ်ဘောက် ဘယ်လိုလျှောက်မလဲလို့ လူတွေက နားထောင်နေတယ်၊ ဒါပေမယ့် မိန်းကလေးကပြောတော့ အင်္ဂလိပ်စကားဆိုတော့ ဘိုဖြူမောင်ကလွဲပြီး ဘယ်မြန်မာမှ နားမလည်ဘူး၊ အဲ…ရှေ့နေတွေကတော့ နားလည်တာပေါ့ဗျာ…၊ သူတို့ခေတ်ဆိုတော့ သူတို့စကား သူ့တို့စာသာအရေးပါတာကိုး၊ ခက်တာကလည်း အင်တာနေရှယ်နယ်လဲန်းဂွစ်(ချ်) (International Language) ကမ္ဘာသုံးစကားဆိုပြီး အရေးပေးနေတော့လည်း သူတို့စကား သူတို့စာပဲ ကမ္ဘာမှာ ဗိုလ်ဆွဲနေတော့တာပေါ့၊ ဒါပေမယ့် ခုခေတ်မှာတော့ အနောက်နိုင်ငံမှာ ဂျာမနီ၊ ပြင်သစ်နဲ့ အမေရိကန်စကားတွေက နေရာဝင်လုကုန်ပါပြီ၊ ပြီးတော့ မင်းဒရင်း ခေါ်တဲ့ တရုတ်ဘာသာစကားကလည်း အရေးပါလာတယ်၊ ကွန်ပျူတာခေတ်မှာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ နယ်ချဲ့မှု ကျဆုံးကုန်ပေမယ့် သူတို့စိတ်ဓာတ်ကတော့ အမေရိကန်နဲ့ပေါင်းပြီး နယ်ချဲ့ချင်တုန်းပဲ"

"ကိုင်း…မဆီမဆိုင်တဲ့စကားတွေ မပြောတော့ပါဘူး၊ လိုရင်းကိုပဲ ဆက်ကြရအောင်…အယ်လစ်ဘောက်ရဲ့ ထွက်ချက်ဟာ ကျုပ်



အဘိုးကို အံ့အားသင့်စေခဲ့တယ်၊ အယ်လစ်ဘောက်က သေဆုံးခဲ့သူစတီဗင်နဲ့ စကားပြောနေတုန်း ဘရိုင်ယန် ရောက်လာပါတယ်တဲ့… စတီဗင်က ဘရိုင်ယန်ကို လူကလေးလို့ ခေါ်ရာကအစ စကားများကြသတဲ့ဗျာ၊ အဲဒါကို အယ်လစ်ဘောက်ဘက်က ဝင်ဖျန်ပြေတာ မရဘဲ တစ်ယောက်နဲ့တစ်ယောက် ထိုးကြကြိတ်ကြရင်းက စတီဗင် သေဆုံးရတဲ့အကြောင်းကို ထွက်ဆိုတယ်၊ အဘိုးဟာ အတော်ဒေါသဖြစ်သွားတယ်၊ နှင်လိမ်တာ…အမှန်အတိုင်း ထွက်ဆိုပါလားလို့ အော်တာပေါ့၊ တရားသူကြီးက တုံးထုသတိပေးရတယ်၊ တရားရုံးတော်မှာ အော်လားဟစ်လား ရုန်းရင်းဆန်ခတ်မှုလုပ်ရင် အပြစ်ကြီးသွားစေမယ့်ပုံပဲ၊ တရားသူကြီးက အယ်လစ်ဘောက်ကို မေးတယ်၊ ဘယ်သူက စတင်ထိုးသလဲလို့မေးတော့ အဘိုးက စတင်ထိုးတာပါတဲ့၊ အဘိုး အသားတွေက တဆတ်ဆတ်တုန်နေတယ်၊ ဒီအင်္ဂလိပ်မကို ကယ်ခဲ့မိတာ မှားပြီလို့ သူ့ကိုယ်သူ နောင်တရလိုက်ကာယ်၊ တကယ်တော့ ကျေးရူးဟာကျေးရူးပဲ…အမျိုးဟာ အမျိုးပဲလေ"

"အယ်လစ်ဘောက်ဟာ သူ့အမျိုးကိုထိတော့ သူ မခံနိုင်ဘူး၊ ပြီးတော့ သူ့ရဲ့ဂုဏ်သိက္ခာကလည်း ရှိသေးတယ်၊ သူ ဘယ်အရှက်ကွဲခံမလဲ၊ အပြစ်ဟာ အဘိုးအပေါ်ပုံကျတာပေါ့၊ တရားသူကြီးက နောက်အပတ်မှာ စီရင်ချက်ချမယ်ဆိုပြီး ရုံးချိန်းကို ရွှေ့လိုက်တယ်၊ အဘိုးကတော့ ဒေါသဖြစ်နေတာပေါ့၊ ဒါနဲ့ ရေနံချောင်းရဲ့ဌာန အချုပ်ခန်းမှာပဲ အဘိုးကို ဆက်ချုပ်ထားတယ်၊ ဌာနအုပ်ကတော့ လူမျိုးခြားကုလားတစ်ဦးပဲ၊ ဒါပေမယ့် အဲဒီကုလားဌာနအုပ်က သဘောကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မျိုးချစ်စိတ်လည်းရှိတယ်၊ သူ့နာမည်က မစ္စတာ ပါတေးတဲ့၊ ပါတေးက အဘိုးကို ကောင်းကောင်းမွန်မွန် လေးလေးစားစား ဆက်ဆံတယ်၊ သူက ဘာပြောသလဲဆိုရင် ဗြိတိသျှကိုလိုနီအင်္ဂလိပ်တွေဟာ ကျွန်ပြုတဲ့နေရာမှာ မြန်မာကော အိန္ဒိယကော အတူတူပါပဲတဲ့၊ သူတို့ဟာ အိန္ဒိယသားတွေကို ဖိနှိပ်တယ်၊ လွတ်လပ်ရေးမပေးဘူး၊ မြန်မာတွေလိုပဲ သူတို့လက်အောက်လို့ သဘောထားတယ်၊ အိန္ဒိယက မျိုးချစ်သူရဲကောင်းတွေဟာ မြန်မာသူရဲကောင်းတွေလို အင်္ဂလိပ်ကို တော်လှန်ခဲ့ကြတာတွေရှိတယ်တဲ့၊ အဘိုးကို အားမငယ်ပါနဲ့တဲ့၊ သူ တတ်နိုင်သရွေ့ ကူညီပါ့မယ်လို့ပြောတယ်''

''ရုံးချိန်းမရောက်ခင် တစ်ရက်မှာ မစ္စတာပါတေးက အဘိုးကို ထွက်ပြေးနိုင်အောင် စီစဉ်ပေးတယ်၊ အဲဒီလိုစီစဉ်နိုင်အောင် အင်္ဂလိပ်မလေး အယ်လစ်ဘောက်ရဲ့ အကူအညီတွေပါတယ်လို့ မစ္စတာပါတေးက ပြောပြတယ်၊ ဘယ်လိုအစီအစဉ်နဲ့ လွတ်မြောက်သွားခဲ့တယ်ဆိုတာတော့ အဘိုးက ကျုပ်ကို ပြောမပြဘူးဗျ၊ အဘိုး ထွက်ပြေးလွတ်မြောက်သွားတယ်၊ အဲဒီမှာ သက်ဆိုင်ရာက အဘိုးကို တရားခံပြေးအဖြစ်ကြေညာတော့တာပဲ၊ အဘိုးက ပုဂံဘက်က တန့်ကြည်တောင်ဘက်ကို ပြေးတယ်၊ သူ့ရုပ်က အင်္ဂလိပ်ရုပ်ဖြစ်နေလို့ ထူးခြားနေတော့ လူသိမှာစိုးလို့ သူ့ကိုယ်သူ ရုပ်ဖျက်ပြီး မျက်နှာကို အရုပ်မျက်နှာဖုံးစွပ်ထားတယ်၊ ပြီးတော့ သူဟာ ဖောက်ခွဲရေးနည်းပညာတွေကို လေ့လာတယ်၊ သူ့လှုပ်ရှားမှုဟာ ဘယ်သူ့ကိုမှမခေါ်၊ ဘယ်အဖွဲ့အစည်းကိုမှမလုပ်ဘဲ တစ်ကိုယ်တော် လှုပ်ရှားကော့တာပဲလေ''



''ရေနံချောင်းဘက်ကို မိန်းမယောင်ဆောင်ဝင်လာတယ်၊ ညဘက်တွေမှာ ဘီအိုစီကုမ္ပဏီပိုင်တဲ့ ရေနံတွင်းတွေကို ဒိုင်းနမိုက်တွေနဲ့ ဖောက်ခွဲပစ်တယ်၊ ရေနံတွင်းအတော်များများ ပျက်စီးတယ်၊ တစ်ခါ ချောက်ဘက်က ရေနံတွင်းတွေကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်တယ်၊ လောကမှာ မေတ္တာတရားဆိုတာ နယ်ချဲ့ချင်တဲ့လူတွေ၊ ကိုယ့်မြေကို ထိပါးချင်တဲ့လူတွေကို ထားလို့မရဘူး၊ ပါးကိုက်ရင် နားကိုက်မှ တော်ရုံကျမယ်၊ ဂေါတမဘုရားလက်ထက်တော်က မေတ္တာတရားဆိုတာ နားလည်မယ်၊ အခု လူသတ်လက်နက်တွေ ထွန်းကားနေတဲ့ခေတ်မှာ မေတ္တာတရားဆိုတာ နားလည်ကြတာမဟုတ်ဘူး…မေတ္တာထားရင် လူကြောက်ဆိုပြီး ပိုအနိုင်ကျင့်ကြမယ်၊ သူဆော်ရင် သူ့ထက်ကိုယ်က ပိုဆော်၊ သူကြမ်းရင် သူ့ထက်ကိုယ်က ပိုရမ်းပဲ၊ အဲဒါမှ ကိုက်တာတဲ့၊ အဲဒါက ကျုပ်အဘိုး ဘိုဖြူမောင်ရဲ့ မူဝါဒပေါ်လစီပဲဗျ၊ အဘိုးကြီး သေသွားတယ်၊ ဒီပေါ်လစီကို လက်ကမချဘူး''

* * *

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ် (၂)

"ကျုပ်အဘိုးလက်ချက်ဆိုတာ ကုမ္ပဏီနဲ့ ပုလိပ်ကသိတော့ ဝရမ်းထုတ်တယ်၊ ဘိုဖြူမောင် ဝရမ်းပြေးဖြစ်ပြီပေါ့ဗျာ၊ ဒါပေမယ့် တစ်ကိုယ်တော် ဘိုဖြူမောင်က မကြောက်ဘူးဗျ၊ ရေ့တွင်းတွေ ဖျက်ဆီးရတာ ခွင့်မသာတော့ မျက်နှာဖြူအိမ်တွေကို နှောင့်ယှက်တာပါပဲ၊ ခြိမ်းခြောက်ငွေတောင်းတာတို့၊ မျက်နှာဖြူအိမ်တွေကို ဝင်ပြီး အနုကြမ်းစီးတာတို့ပေါ့ဗျာ၊ သူက လူတော့မသတ်ဘူး၊ မကျေနပ်ရင် ကြာပွတ်နဲ့တီးပစ်ခဲ့တာပဲ၊ ဒါကြောင့် သူ့ကို လူတွေက ကြာပွက်မောင်လို့ပဲ ခေါ်တယ်၊ ဘိုဖြူမောင်လို့တောင် မခေါ်တော့ဘူး၊ မတရားလုပ်တဲ့ မျက်နှာဖြူကောင်တွေ၊ မတရားလုပ်တဲ့ အင်္ဂလိပ်လက်ပါးစေတွေဆိုရင် သူက တစ်နေရာကို လက်နက်နဲ့ ခြိမ်းခြောက်ခေါ်သွားပြီး တစ်ယောက်



ချင်း ချတော့တာပဲ၊ အဲဒီမှာ သူက အံနိုင်ချည်းပဲ၊ မြန်မာ့လက်ဝှေ့ ကိုယ်ခံပညာကောင်းတာကိုး၊ သူ့ဒဏ်ခံလိုက်ရတဲ့လူတွေ မနည်းဘူး၊ ကျိုးတာပဲ့တာနဲ့ မေ့တာနဲ့ အကွဲချည်းပဲဗျ၊ ဒီတော့ မျက်နှာဖြူတွေ၊ ဗလိုတော်ရိတွေက အတော်လန့်ကြတယ်၊ သူကလည်း ရှပ်ဖျက်ကောင်းတော့ ပုလိပ်က ဖမ်းလို့ကိုမမိနိုင်ဘူး။ သူလည်း မိဘတွေဆီ ပြန်တော့ဘူး၊ တစ်ခါတည်း လမ်းစဖြတ်ထားလိုက်တော့တယ်"

"ဘာကြောင့်လဲဆိုတော့ သူ့အဖေအမေတွေဆီသွားရင် ပုလိပ်တွေက မိဘတွေကို သူနဲ့ ဆက်သွယ်ကာယ်ဆိုပြီး ဒုက္ခပေးဦးမယ် မဟုတ်လား၊ အဘိုးက တစ်ခါတည်း လမ်းစဖြတ်တယ်၊ သူ့နိုအောင်းမှုကို ရွှေဘိုဘက်လှည့်လိုက်တယ်၊ အဘိုးဟာ ဒီလိုနဲ့ပဲ အသက်အစိတ်လောက်ရှိသွားတယ်၊ သူ ရတာတွေကိုလည်း မရှိဆင်းရဲသားတွေကို ခွဲဝေပေးတယ်၊ သူဟာ ငါးပါးသီလထဲက သုံးပါးကိုတော့ ဘုရားမှာဆုတောင်းပြီး လုံအောင်ထိန်းတယ်ဗျ၊ ကာမေသုမိစ္ဆာစာရကံရယ်၊ မုသာဝါဒကံရယ်၊ သုရာမေရိယကံရယ်၊ အဲဒီကံသုံးပါးကို ထိန်းတယ်၊ ကျန်တဲ့နှစ်ပါးကတော့ သူ လုပ်ဖြစ်နေသမျှကာလပတ်လုံး ထိန်းလို့ရမှာမဟုတ်ဘူးတဲ့၊ လူမသတ်တောင် ခြင်၊ ယင်၊ ကြမ်းပိုး၊ ပိုးကောင်မွှားကောင်တွေကို သတ်ချင်သတ်မိမယ်တဲ့၊ နောက်တစ်ပါးက သူက မျက်နှာဖြူအင်္ဂလိပ်တွေဆီက လုယက်နေတော့ အဲဒီတစ်ပါးလည်း လုံမှာမဟုတ်ဘူးတဲ့၊ ဒါကြောင့် ကျန်သုံးပါးကိုပဲ သူထိန်းခဲ့တာတဲ့၊ ...တော့ဟုတ်တယ်၊ ကျုပ်အဘိုးက ကျုပ်လိုမဟုတ်ဘူး၊ ကျုပ်အဖေ မဟုတ်ဘူးဗျို့...သေသွားတဲ့အချိန်အထိ အဲဒီသီလကိုတော့ လုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



အောင်ထိန်းသွားသဗျ . . သီလ သုံးပါးမြဲခဲ့လို့ထင်ပါရဲ့ . . . သူ့မှာ ဘာ အန္တရာယ်မှ မရှိဘူး၊ ပြီးတော့ သံဃုဒ္ဒေဂါထာကိုလည်း နေ့စဉ် အရုပ် ရှစ်မျက်နှာဘက် မူတည်ပြီး တစ်နေ့မပျက် ရွတ်တယ်၊ ကျုပ်သဘော ပြောရရင် ဘိုဖြူမောင်ဟာ အဲဒီလို ကံသုံးပါးထိန်းပြီး သံဃုဒ္ဒေဂါထာ ကို နေ့စဉ်ဝတ္တရားမပျက် ရွတ်လို့လားမသိဘူး၊ တစ်နေ့ ထူးထူးခြားခြား တွေ ဖြစ်လာတယ်၊ အဲဒါဟာ အခုပြောတဲ့ ဇာတ်ကြောင်းရဲ့ အရင်း ပဲဗျ''

''သူက ရွှေဘိုခရိုင်နယ် နဘက်ကြီးရွာက မူလတန်းကျောင်း ဆရာ ဆရာဗိုလ်ရဲ့အိမ်မှာ ခိုနေတယ်၊ ဆရာဗိုလ်ဆိုတာ အင်မတန် သဘောကောင်း၊ သူ့မိန်းမ အညိုဆိုတာကလည်း အင်မတန် သဘော ကောင်းဗျာ၊ ဆရာဗိုလ်နဲ့သူဟာ နာမည်အသံထွက်ချင်း တူသလို စိတ်သဘောထားချင်းလည်းတူတယ်၊ ဆရာဗိုလ်က ရွှေဘိုနယ်သားပီပီ အင်္ဂလိပ်မျက်နှာဖြူဆိုရင် အင်မတန်မုန်းပါ့ဗျာ၊ ဒီတော့ တော်လှန်ရေး လုပ်နေတဲ့ တစ်ကိုယ်တော် ဘိုဖြူမောင်ရဲ့အကြောင်းကိုသိတော့ ရုပ်ဖျက် ခိုင်းပြီး သူ့အိမ်မှာ တည်းခိုင်းတာပဲ၊ တစ်ညမှာ ဘိုဖြူမောင် အိပ်နေတုန်း အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဝတ်ဖြူ ခေါင်းပေါင်း ပေါင်းထားတဲ့ လူကြီးတစ်ယောက်ဟာ ဘိုဖြူမောင်ကို လာပြောတယ်၊ မင်းနဲ့ငါဟာ ပဋ္ဌာန်းဆက်ပါတယ်၊ မင်းကို ငါ စောင့် နေတာကြာပြီ၊ ငါ့ဆီကို မင်းမလာဘူး၊ မင်းဟာ ဘုရားကိုလည်း ကြည်ညိုတယ်၊ ကံသုံးပါးကိုလည်း လုံအောင်ထိန်းတော့ ကတိသစ္စာ တည်ကြည်တယ်၊ ဒီတော့ မင်းကို ငါပေးစရာရှိတယ်၊ ဟောဒီမှာ



ကြည့်စမ်း . . ဓာတ်လုံးတစ်လုံး . . အဲဒီဓာတ်လုံးဟာ ကာယရော၊ လာဘ် ရော ပြီးတယ်၊ ဒါဟာ ဖိုဓာတ်လုံးလို့ခေါ်တယ်၊ မင်းနဲ့ထိုက်တယ်လို့ ယူဆတယ်၊ ငါ အခု မပဟာမြို့က ကြေးနီတောင်ရဲ့ မြောက်ဘက် ရေစင်ရွာမှာနေတယ်၊ မင်း အဲဒီကို လာခဲ့ပါ၊ ငါ စောင့်နေမယ်လို့ အိပ်မက်ထဲမှာ လာပြောတယ်''

''အဘိုးဟာ အဲဒီအိပ်မက်ကို သွေးလေချောက်ချားတာပဲ၊ သွေး လေကြောင့်မက်တယ်ဆိုပြီး ဂရုမစိုက်ဘူး၊ တစ်ခါ နှစ်ရက်လောက် ကြတော့ အဲဒီအတိုင်း အဲဒီစကားလုံးတွေအတိုင်း ပြောခံရပြီး အိပ်မက် ပြန်ရော၊ ဒီတော့ သူ သံသယဖြစ်လာတယ်၊ ဒါပေမယ့် ခပ်ပေါ့ ပေါ့ပဲ ထားလိုက်တယ်၊ သုံးရက်မြောက်တဲ့နေ့မှာ ထူးထူးခြားခြား နဘက်ကြီးမှာမိုးတွေရွာတယ်၊ လေတွေတိုက်တယ်၊ နဘက်ကြီးဘက်မှာ မိုးသိပ်ပါတာ၊ အဲဒီနေ့က ထူးထူးခြားခြား အတော်ရွာတဲ့အပြင် ဆရာ ဗိုလ်ရဲ့ အိမ်ပေါ်ကို မြွေတောင်တက်လာတယ်၊ ဘယ်သူကမှ သူ့ကို ရန်မပြုရဲသလို သူကလည်း ဘယ်သူ့ကိုမှ ရန်မပြုဘူး၊ မြွေဟောက် ကြီးတဲ့ဗျ၊ မြွေဟောက်ကြီးက အဘိုးကို ပါးပျဉ်းထောင်အလေးပြုသလို လုပ်ပြီး ပြန်ဆင်းသွားတယ်၊ လူတွေက လိုက်ရှာတော့ မတွေ့တော့ ဘူး''

''အဲဒီညမှာ မက်ပြန်ရောဗျို့ . . . ဝတ်ဖြူစင်ကြယ်နဲ့လူကြီးက . . . ဘိုမောင် တွေန်၊ ငါက ရဲဘော်သွေးသောက်ချင်းမို့ လာပြောတာ၊ ငါ သံသရာမှာလည်းနေတယ်၊ ငါက နောက်ဘုရားတစ်ဆူပွင့်ပြီးမှ ပွင့်မယ်ပြီ၊ ငါ့မှာ ဒီဘုရားကိုဖူးဖို့ နှစ်ပေါင်းများစွာ အသက်ရှင်စောင့်

www.burmeseclassic.com

www.burmeseclassic.com



နေရဦးမယ်၊ နင်က ကျွတ်လိုက်၊ ဝင်လိုက်ဖြစ်နေရဦးမယ်၊ ငါ့သွေးသောက် လူ့လောကမှာ အန္တရာယ်ကင်းကင်းနေနိုင်ဖို့ ငါက အသိစိတ်နဲ့ လာပြောတာ၊ နင် မိုက်လှချည်လား တွေ့နဲ့၊ ပဋ္ဌာန်းဆက်ကိုမဖျက်နဲ့၊ ငါ နင့်ကို ဒါနောက်ဆုံးပြောတာပဲ၊ နင် ငါရှိရာကိုလာခဲ့…ရေစင်မှာ ငါစောင့်နေမယ်၊ ငါကတော့ နင့်ဆီ မြွေအဖြစ်လာခဲ့ပြီးပြီလို့ပြောပြီးတော့ ဝတ်ဖြူစင်ကြယ်နဲ့လူကြီးဟာ အိပ်မက်ထဲမှာပဲ ပျောက်သွားခဲ့တယ်၊ ဘိုဖြူမောင်ဟာ လန့်နိုးတယ်၊ အင်း…ငါ အိပ်မက်မက်တာ သုံးခါရှိပြီ၊ အိပ်မက်ထဲမှာ ဒီအဝတ်ဖြူဝတ်ထားတဲ့လူကြီးကို မြင်ဖူးသလိုလိုပဲလို့တွေးတယ်၊ နောက်တစ်နေ့မှာ သူက ဆရာဗိုလ်နဲ့ သူ့မိန်းမအညိုကို သူ ခဏခရီးထွက်ဦးမယ်လို့ပြောပြီး အဝတ်အစားတွေယူပြီး မုံရွာဘက်ကို ထွက်လာတယ်၊ သူ့အတွက် ကံကောင်းတာက သူ့ရုပ်ကို ဝရမ်းကြော်ငြာထဲမှာထည့်မထားလို့ပဲ၊ ဒါပေမယ့် သူက ပထန်ကုလားကြီးတစ်ယောက်လိုပဲ ရုပ်ဖျက်ထားတယ်၊ ဝရမ်းပြေးကြီးတစ်ယောက်ဆိုတာ သူ့ကို ဘယ်သူမှမသိကြဘူး၊ သမ္ဗုဒ္ဓေဂါထာကို နေ့တိုင်းရွတ်လို့ထင်တယ်၊ မုံရွာတစ်ဘက်ကမ်း ကြေးနီတောင်ရောက်တဲ့အထိ ဘာအန္တရာယ်မှ မတွေ့ခဲ့ဘူး၊ အတားအဆီးလည်းမရှိဘူး”

“အဲဒီဘက်ကနေ မဟာမြိုင်တောကိုရောက်အောင် ဝင်တယ်၊ မဟာမြိုင်တောဆိုတာ သူတော်စင်တွေ ကိန်းအောင်းရာလို့ ကြားဖူးထားတယ်၊ သူဟာ ပါလာတဲ့ စားနပ်ရိက္ခာတွေနဲ့ ခြေလျင်ပဲသွားတယ်၊ ဘေးဆီးရန်ကာအဖြစ် ခြောက်လုံးပြူးတစ်လက်နဲ့ ဓားမြှောင်တစ်ချောင်းတော့ ပါတာပေါ့၊ မဟာမြိုင်ဆိုတဲ့အတိုင်း တောကြီးက အင်မတန်



နက်တယ်၊ ဒါပေမယ့် ထူးဆန်းတာက အဲဒီတောကြီးထဲမှာ အန္တရာယ်ပေးတဲ့ ကျား၊ ကျားသစ်၊ လူဝံ စတဲ့ သားကောင်မှဆိုးတွေကို မတွေ့ရဘူး၊ မျောက်တွေကတော့ အပေါဆုံးပဲ၊ သူသွားတဲ့ ရာသီက ဆောင်းရာသီဆိုတော့ ခြေခင်းလက်ခင်းသာတဲ့အချိန်ပဲ၊ အေးလိုက်ချမ်းလိုက်တာကတော့ ပြောစရာတောင်မလိုဘူး”

“ဒါနဲ့ သူသွားတာ ရွာတစ်ရွာကိုရောက်သွားတယ်၊ အဲဒီရွာက လူတွေက တောင်ယာလုပ်စားတယ်၊ ပျားဖွတ်တယ်၊ မြန်မာစကားပေပယ့် စကားလုံးနည်းနည်းကွဲပြီး ရှေးကျတယ်၊ ဘိုဖြူမောင်ကို ပြူပြူပှာပှာ ဖော်ဖော်ရွေရွေ လက်ခံကြတယ်၊ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမလို့လဲဆိုတဲ့ စပ်စပ်စုစုစကားလည်း မရှိဘူး၊ သူတို့ဆီမှာပဲ သူတို့ကျွေးတဲ့ ညစာထမင်းစားပြီး ဘိုဖြူမောင် အိပ်ရာဝင်တယ်၊ မဝင်မီတော့ သူကမေးတယ်၊ ရေစင်ရွာဟာ ဘယ်မှာလဲလို့၊ ဒီတော့ အမေးခံရတဲ့ အိမ်ရှင်ဟာ သူ့ကို မျက်လုံးအပြူးသားနဲ့ကြည့်ပြီး ရေစင်ရွာကို ဘာကြောင့်မေးတာလဲလို့ ပြန်မေးတယ်၊ ဒီတော့ ဘိုဖြူမောင်က သူ ရေစင်ရွာကို သွားလည်မယ်ပြောတော့ အိမ်ရှင်က ခေါင်းကိုရမ်းပြီး ရေစင့်ရွာဟာ ရွာပျက်ကြီးဖြစ်တယ်၊ သူတို့ သာယာကုန်းရွာနဲ့ဆိုရင် …ရက်ခရီးသွားရတယ်၊ လမ်းမှာ ဘယ်ရွာမှ မရှိဘူး မသွားပါနဲ့လို့ ပြောတယ်၊ ဘိုဖြူမောင်က ဘာကြောင့်ရွာပျက်သလဲလို့မေးတော့ …မှာ ပြီးခဲ့တဲ့ တစ်နှစ်က ကာလဝမ်းရောဂါဖြစ်လို့ သေတဲ့လူတွေ …၊ ပြောင်းပြေးတဲ့လူတွေ ပြောင်းပြေးနဲ့ နောက်ဆုံး ရွာပျက်ဖြစ်သွား…လို့ပြောတယ်၊ ဘိုဖြူမောင်က ရွာသွားနိုင်တဲ့လမ်းညွှန်ကို…မေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားမယ်လည်းမပြောဘူး၊ မသွားဘူးလည်းမပြောဘူး··အိပ်တော့တာပဲ''

"သူ့မှာ အကျင့်တစ်ခုတော့ရှိတယ်၊ မအိပ်ခင်မှာ သူ့အိပ်ရာကို ပတ်ပတ်လည် လက်ညှိုးနဲ့ သမ္ဗုဒ္ဓေဂါထာကိုဆိုပြီး စည်းသုံးချက်တားတယ်၊ ပထမစည်းဆိုတစ်ပုဒ်၊ ဒုတိယစည်းဆိုတစ်ပုဒ်၊ တတိယ စည်းဆိုတစ်ပုဒ်၊ သုံးပုဒ်ဆို စည်းသုံးချက်တားပြီးမှ အိပ်လေ့ရှိတယ်၊ ဒါဟာ ငယ်ငယ်ကလေးကတည်းက မိဘက သင်ပေးထားတဲ့အကျင့်ပဲ''

"နောက်တစ်နေ့မှာ သူ သာယာကုန်းကထွက်လာတယ်၊ မဟာမြိုင်တောကြီးဟာ အင်မတန်ကျယ်ဝန်းတယ်ဆိုပဲ၊ ကျုပ်ကတော့ မရောက်ဖူးပါဘူး၊ ကျုပ်အဘိုးပြောပြလို့ သိတာ၊ ကလေးဘက်က သွားလည်းရတယ်တဲ့၊ သူဟာ တောကြီးမျက်မည်းထဲမှာ အိမ်ရှင်ညွှန်ပြလိုက်သလိုပဲသွားတယ်၊ တောင်နိမ့်နိမ့်ကလေးတွေ၊ တောင်ကုန်းတောင်မြင့်တွေကိုလည်း တက်ရဖြတ်ရတယ်၊ ကျုပ်အဘိုးဟာ ယောကျ်ားပီသတဲ့စိတ်ရှိတာကိုတော့ ကျုပ်ဂုဏ်ယူတာပေါ့ဗျာ၊ အဲဒါနဲ့ ညနေဘက်နေဝင်ခါနီးမှာ တောအုပ်ထဲဖြတ်တုန်း လူသံတွေကြားရတယ်၊ နွားမောင်းသံတွေပေါ့၊ တစ်နေ့လုံး လူသူမတွေ့ရဘဲ လူသံတွေကြားတော့လည်း သူ သိပ်ဝမ်းသာသွားတာပေါ့၊ ရေစင်ရွာကိုတော့ ရောက်တော့မယ်ဆိုတဲ့အသိဝင်လာတယ်၊ အဲဒါနဲ့ သူက ချုံတောတွေ မြက်တောတွေကို ဖြတ်ပြီးသွားတော့ နွားမောင်းလာတဲ့လူတစ်စုနဲ့တွေ့တယ်၊ နွားလှည်းပေါ်မှာက မိန်းမကြီးတစ်ယောက် ကလေးနှစ်ယောက်နဲ့ လှည်းမောင်းတဲ့လူကြီးပါလာတယ်''



"အဘိုးက ဘယ်ကိုသွားမလဲ၊ ဒီလှည်းနဲ့ လိုက်ပါရစေဆိုတော့ သူတို့က လိုက်ခွင့်ပြုတယ်၊ အဘိုးလှည်းပေါ်တက်တော့ နွားက မသွားတဲ့အပြင် အတင်းရုန်းတော့တာပဲ၊ လှည်းသမားကြီးက အဘိုးကို ဖြသက်ာတဲ့အကြည့်နဲ့ ကြည့်ပြီးတော့ မင်း လူကောင်းမှဟုတ်ရဲ့လားလို့ မေးတယ်၊ မုသာဝါဒမပြောချင်တဲ့ အဘိုးက လူကောင်းမဟုတ်ရင် ဒီနေရာမလာဘူးလို့ ပြန်ပြောလိုက်တယ်''

"အဲဒါနဲ့ နွားတွေကို ချော့မော့ပြီး ရွာအထိမောင်းသွားတယ်၊ ဒါ ဘာရွာလဲလို့ အဘိုးကမေးတော့ ရေစင်ရွာလို့ လှည်းသမားကြီးက ပြန်ပြောတယ်၊ အဘိုးက အံ့အားသင့်သွားတယ်၊ သူ ကြားထားတာက ရေစင်ရွာဟာ ရွာပျက်ကြီးလို့သိရတယ်၊ အခုကြည့်လိုက်တော့ အိမ်ခြေက ဆယ့်ငါးအိမ်၊ အိမ်နှစ်ဆယ်လောက်ရှိတယ်၊ ကောင်မလေးတွေက ချောင်းထောင်း၊ ဆန်ပြာ၊ ယက္ကန်းခတ်သလို ကာလသားကောင်လေးတွေ ပုလွေတကြူကြူနဲ့ပေါ့···အဘိုးက မနေနိုင်တော့ ဒါရွာပျက်ပဲ၊ ဒီမှာ ကာလဝမ်းနဲ့သေတဲ့လူတွေ ရှိကြတယ်လို့ လှည်းသမားကြီးကို ပြောတော့ လှည်းသမားကြီးက ဘယ်သူပြောသလဲလို့ပြန်မေးတယ်၊ အဘိုးက သာယာကုန်းရွာက တည်းခိုတဲ့အိမ်ရှင်က ပြောတာတွေ ပြန်ပြောပြတယ်''

"အဲဒီလူကြီးဟာ အတော်ဒေါသဖြစ်သွားတယ်၊ သာယာကုန်းက သူတို့နဲ့တည့်တာမဟုတ်ဘူး၊ သက်သက်မတရားပြောတာလို့ပြောတယ်၊ လှည်းသမားကြီးက ရွာထဲခေါ်လာတယ်၊ သူ့အိမ်မှာပဲတည်းတယ်၊ အဲဒီမှာ အဘိုးအတွက် ကြုံလာရတာက ရွာထဲရောက်ပြီဆို

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အလိုလိုနေရင်း ကြက်သီးဖြန်းဖြန်းထလာတယ်၊ ကုတ်မွေး တွေထောင်လာတယ်၊ သူ့ခံစားမှုကို သိသိလာပေမယ့် ဘာမှမပြော ဘူး၊ အတွေ့အကြုံဆိုတာ ရှာရမယ်မဟုတ်လား"

"သူ့ကို လှည်းသမားကြီးမိသားစု ထမင်းတွေကျွေးတယ်၊ သူ မစားဘူး၊ ဒီအထဲ ကလေးတစ်ယောက်ရဲ့ အမူအရာကို သူမကြိုက် ဘူး၊ အဲဒီကလေးက သူ့ကိုမျက်လုံးဖြဲဖြဲကြည့်တယ်၊ ပါးစပ်ကလည်း တပြင်ပြင်ပဲ၊ အဘိုးက ကြားဖူးထားတာတော့ရှိတယ်၊ နာနာဘာဝ ကြပ်တွေဟာ လူယောင်ဖန်ဆင်းပြီး တကယ့်လူသားစစ်စစ်ကို နှောင့် ယှက်ကြတာဆိုတာကိုပဲ၊ ဒီတော့ သူ အခုရောက်နေတဲ့ရွာဟာ လူသား တွေနေတဲ့ရွာ ဟုတ်မဟုတ် ဆန်းစစ်ကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ကျုပ်အဘိုးက သတ္တိအင်မတန်ရှိတာဗျ၊ ကျုပ်ဆို ဒါလောက် သတ္တိ ရှိချင်မှ ရှိမယ်၊ ခုခေတ်တော့ မပြောတတ်ပါဘူး၊ ဟိုးရှေးခေတ်က ဒါတွေရှိချင်ရှိမယ်ပေါ့၊ မြန်မာပြည်ကလည်း လူဦးရေနည်းတယ် မဟုတ်လား၊ ခုတော့ လူတွေများလာတော့ သရဲတစ္ဆေ နာနာဘာဝ ကြပ်တို့ ဆစ်ဖလစ်တို့ဆိုတာ ဘယ်နေရာမှာနေရမှန်းတောင် သိမှာ မဟုတ်ဘူး"

"အဘိုးကတော့ ခြောက်လုံးပြူးနဲ့ ဓား‌မြှောင်ကို သူတို့မသိ အောင် အဆင်သင့်ပြင်ထားတယ်၊ သတိဆိုတာ ပိုတယ်မရှိဘူးပေါ့၊ ရှေးလူကြီးတွေကတော့ ဘာမဆို သတိထားကြတာပါပဲ၊ အဲဒါနဲ့ မိုးချုပ်တော့ မီးတွေဘာတွေထွန်းတယ်၊ လကလည်းသာနေတယ်၊ ချမ်းအေးလိုက်တာကလည်း လွန်ရောပဲ၊ ရှေးခေတ်က လက်ဝဲသုန္ဒရာ



အမတ်ကြီးကို မဲဇာပို့တယ်ဆိုတာ မဟာမြိုင်ကို ပို့တာဖြစ်ပါလိမ့်မယ်၊ ဆီးနှင်းမြူဖောက်၊ သံဝါပြောက်တို့၊ မိုးလောက်ပြင်းထန် သွန်ချပြန်သော် ဆိုတဲ့ စာဆိုနဲ့ မညီပေမယ့် နှင်းတွေကျလိုက်တာ ပိန်းနေတာပဲ၊ ချမ်းလိုက်တာလည်း ခိုက်ခိုက်တုန်ပဲ၊ ရွာတစ်နေရာက အိုးစည်ဗုံမောင်း သံတွေကြားရတယ်၊ အိမ်ရှင်လူကြီးက အဘိုးကိုသွားကြည့်ရအောင် ခေါ်ပေမယ့် အဘိုးကမလိုက်ဘဲ သူ့နေရာမှာပဲနေ…အဲဒီနေရာကို သမ္မုဒ္ဒေဂါထာနဲ့ စည်းချတာပေါ့ဗျာ၊ စည်းထဲမှာပဲ သူနေလိုက်တယ်"

"မကြာခင်မှာပဲ ဗုံသံတွေပျောက်သွားတယ်၊ အမှောင်ကလည်း ရင့်ကျက်လာပြီး သူလည်း ခရီးပမ်းတာနဲ့ မှေးခနဲအိပ်ပျော်သွားတယ်၊ နာရီနဲ့ဆိုရင် ည ၇နာရီ၊ ရှစ်နာရီလောက် ရှိမှာပေါ့၊ သူ ပြန်နိုးလာ တယ်၊ နိုးလာတဲ့အကြောင်းက အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့လူ က လာပြောတယ်၊ ငထွန်း…မင်းမအိပ်နဲ့၊ အရိုးချည်းကျန်လိမ့်မယ် ပြောလို့ အိပ်မက်မက်ရာက လန့်နိုးတာ၊ လကလည်း သာနေတယ်၊ ဟာ…ဘာပြောကောင်းမလဲ…နိုးလည်းနိုးရော စောစောက သူအိပ် နေတဲ့နေရာဖြစ်တဲ့ အိမ်ကြီးဟာပျောက်ပြီး သစ်ပင်ကြီးတစ်ပင်အောက် မှာ ရောက်နေတယ်"

"သူ့မျက်စိထဲမှာ မဖွယ်မရာတုန်လှုပ်ချောက်ချားစရာ နာနာရုပ် တွေ တွေ့ရတယ်၊ သူတို့ဟာ အော်ဟစ်ဆူညံနေကြတယ်၊ အုပ်လိုက် ကြီး သူ့ကို ဝိုင်းနေပေမယ့် အထဲကိုကော သူ့ဆီကိုကော ဝင်လို့မရ ဘူး၊ ဒီကောင်တွေက ဇာတိပြနေပြီလေ၊ အဘိုးဟာ သတိရှိပေမယ့် နည်းနည်းတော့ တုန်လှုပ်သွားတယ်၊ အဲဒီတုန်လှုပ်မှုကလေးကိုပဲ သတိ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ထိန်းပြီး ဘုရားတရားကို နှလုံးသွင်းလိုက်တဲ့တယ်၊ သူပြုခဲ့တဲ့ကုသိုလ်ကောင်းမှုတွေကို အဲဒီသတ္တဝါတွေကို အမျှပေးဝေလိုက်တယ်၊ စောစောက ဆူညံနေတာရွေ့ တိတ်သွားတယ်၊ ထူးထူးခြားခြား သာစုခေါ်သံတော့ ပေါ်လာတယ်၊ ဘယ်သူက ဘယ်လိုခေါ်လိုက်သလဲတော့ မသိဘူးပေါ့''

''သူတို့ဟာ အဘိုးချထားတဲ့စည်းကြောင့် အထဲကို ဝင်မရဖြစ်နေတယ်၊ အဘိုးဟာ သူတို့ကို ကြာကြာမကြည့်ချင်ဘူး၊ ဒါကြောင့် ခြောက်လုံးပြူးကို လေထဲနှစ်ချက် ထောင်ဖောက်လိုက်တယ်၊ သေနတ်သံတွေဟာ တစ်တောလုံး ဟိန်းသွားသလို ပြေးသံလွှားသံငိုသံတွေ ပေါ်လာတယ်၊ ဘယ်သူမှ အဘိုးနားမှာ မရှိတော့ပါဘူး၊ အဘိုးလည်း မအိပ်ရဲဘူး၊ မနက်မိုးလင်းအထိ ထိုင်စောင့်နေတယ်၊ မနက်မိုးလင်းလို့ ကြည့်လိုက်တော့ သူက သစ်ပင်အောက်မှာ ရောက်နေပေမယ့် တချို့နေရာမှာ လူသူစွန့်သွားတဲ့ အိုးပျက်အိမ်ပျက်တွေ တွေ့ရတယ်၊ ညက တွေ့တဲ့ သတ္တဝါတွေဟာ ကြပ်တွေဆိုတာသိတယ်၊ ဒီရွာဟာလည်း ရေစင်ရွာဆိုတာ ရိပ်စားမိတယ်၊ နေ့ကလည်းသာ…အလင်းရောင်က လည်းလာပြီဆိုတော့ ပိုပြီးရဲရင့်လာတယ်၊ စည်းဝိုင်းထဲက ထွက်လိုက်တယ်၊ သူ အိမ်ပျက်တွေကိုလျှောက်ကြည့်တယ်၊ လူတစ်ယောက်မှ မရှိဘူး၊ တစ်နေရာမှာ ဘုရားရှိခိုးသံကြားလို့ သွားကြည့်တယ်လေ''

''တဲအိမ်တစ်ခုထဲကပါပဲ…လူကြီးတစ်ယောက်ဟာ ဘုရားရှိခိုးနေတယ်၊ သူ့ရှေ့မှာရှိတဲ့ ဘုရားဆင်းတုတော်ဟာ ရှေးဟောင်းဆင်းတုတော်ဖြစ်ပြီး သိပ်သပ္ပာယ်တာပဲ၊ ရောင်ခြည်တော်တွေလည်း ကွန့်မြူး



နေတယ်၊ ဘုရားဆင်းတုတော်ရှေ့မှာ ရွှေကြိုပ်နဲ့ ထည့်ထားတဲ့ ဓာတ်လုံးလား၊ ပြဒါးလား မသိဘူး၊ တဝင်းဝင်း တပြောင်ပြောင်နဲ့ မြင်နေရတယ်၊ လူကြီးဟာ ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီးတော့ သူ့ကိုမြင်တာနဲ့ ဘုရားရှိခိုးတာကို ရပ်လိုက်တယ်၊ သူလည်းဝမ်းသာသွားတယ်၊ ဝမ်းမသာဘဲနေပါ့မလား၊ အိပ်မက်ထဲမှာ တွေ့ရတဲ့လူကြီးဖြစ်နေတာကိုး…သူဟာ အဲဒီလူကြီးကို မြင်လိုက်တာနဲ့ 'ဗိုလ်ရှိုင်' လို့ ပါးစပ်က အလိုလိုထွက်သွားတယ်၊ သူက 'ငတွန်…မင်း မှတ်မိတယ်၊ မင်းကို ငါစောင့်နေတာကွ၊ ညက သတ္တဝါတွေက မင်းဆီက အလှူဒါန အမျှလိုချင်လို့ခေါ်လာတာ၊ ကျွတ်ချင်တန်တော့လည်း ကျွတ်ထိုက်တဲ့သူ ကျွတ်သွားပေမပေါ့ကွာ…ရော့…ရော့…မင်းကို ဒီပစ္စည်းပေးရမယ်၊ ဉာဏ်နဲ့ယှဉ်သုံးလို့ပြောပြီးတော့ ဘုရားဆင်းတုတော်ရှေ့က ဓာတ်လုံးကြုတ်ကိုယူပြီး ပေးလိုက်တယ်၊ အဲဒီမှာ ဒီဓာတ်လုံးကို အဘိုးက ကိုင်မိတာနဲ့ တစ်ကိုယ်လုံး တွန့်ခနဲဖြစ်သွားတယ်၊ အဘိုးယန်ပြီးနိုးလာတယ်၊ အဲဒီတော့မှ သူ ညက ငိုက်ခနဲဖြစ်သွားမိရာက တကယ်အိပ်မက်မက်ခဲ့သလို တကယ်အခုမှ လန့်နိုးလာတာသိတယ်''

''သူ့တစ်ကိုယ်လုံးပေါ် နေရောင်ခြည်က တွေ့ထိနေပြီကိုး။ ညက သတ္တဝါတွေလည်းမရှိတော့ပါဘူး၊ နိုးနိုးချင်း သူတွေ့လိုက်တာက သူ့ဘေးနားက ရွှေကြုတ်ကလေးပဲ၊ ဘိုဖြူမောင်ဟာ အတော်ပျော်သွားတယ်၊ အိပ်မက်ထဲမှာ တွေ့ရတဲ့ဓာတ်လုံးနဲ့ ရွှေကြုတ်ဟာ သူ့ဘေးနားမှာ တကယ်တွေ့ရတာကိုး၊ တိုတိုပဲပြောလိုက်မယ်ကွာ၊ သူဟာ ဝမ်းသာအားရနဲ့ ဒီဓာတ်လုံးကြုတ်ကိုယူလိုက်သလို ညကတွေ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ နာမှာရုပ်တွေကို ထပ်မံအချုပေးဝေလိုက်တယ်၊ မဟာမြိုင်ထဲက ပြန်ထွက်လာတယ်၊ လာတုန်းက စွပ်လာခဲ့ပေမယ့် အပြန်မှာ လမ်းမှားစရာရှိပေမယ့် လမ်းမမှားတဲ့ပြင် နှစ်ရက်ခရီးကို တစ်ရက်တည်းနဲ့ ရောက်လာခဲ့တယ်၊ ကြေးနီတောင်က မုံရွာတစ်ဘက်ကမ်း၊ ပြီးတော့ မုံရွာ…အဲဒီမှာ ထူးဆန်းတာပြောရဦးမယ်လေ…မုံရွာ ရောက်တော့ ပုလိပ်တွေက ဝရမ်းပြေးကြာပွတ်မောင် ရောက်နေတယ်ဆိုတဲ့သတင်းနဲ့ ဆိပ်ကမ်းပေါ်မှာ တက်လာသရွေ့ မြင်သရွေ့ လူတွေကို ဖမ်းဆီးစစ်ဆေးတာပဲ၊ ဘိုဖြူမောင်လည်း မပြေးသာဘူး၊ ဒီတစ်ခါတော့ ငါ့ကိုမိပြီလို့ ထင်လိုက်တယ်၊ သူ့ရှေ့မှာ အရပ်ဝတ်စုံထောက်တွေရောရဲတွေကောရှိနေတာကိုး၊ ရဲဆိုတာ ကျုပ်က ခေါ်နေကြမို့ ခေါ်လိုက်တာပါ၊ တကယ်တော့ နယ်ချဲ့ခေတ်အခေါ်အရ ပုလိပ် (Police) ပါပဲ၊ ဘိုဖြူမောင်က သူတို့နဲ့ တန်းတန်းမက်မက် တိုးနေတာကိုး၊ ဘိုဖြူမောင်က မထူးတော့တာမို့ ဟန်မပျက်ပဲလျှောက်သွားတယ်၊ ထူးဆန်းတာက သူလျှောက်လာတာကို ဘယ်စုံထောက် ဘယ်ပုလိပ်ကမှ မြင်ဟန်မတူကြဘူး၊ တခြားလူတွေကိုပဲ ဖမ်းဆီးစစ်ဆေးနေကြတယ်၊ ဘိုဖြူမောင်ဟာ သူ့အင်္ဂလိပ်ရုပ်သွင်ကြီးကို ဘယ်လိုဖျက်ရမလဲလို့ အကြံရကျပ်နေတယ်၊ အခု သူက ပထန်ကုလားယောင်ဆောင်ပေမယ့် ကြာကြာဆောင်နိုင်မှာမဟုတ်ဘူး၊ ပုလိပ်တွေကလည်း သူတို့ရှေ့ဖြတ်သွားတဲ့ ဝရမ်းပြေးကြာပွတ်မောင်ခေါ် ဘိုဖြူမောင်ကို မတွေ့ကြဘူး၊ ဒါနဲ့ သူဟာ မုံရွာနားမှာရှိတဲ့ ဘုန်းကြီးကျောင်းပျက်ကြီးတစ်ခုထဲမှာ ဝင်နိုနေလိုက်တယ်၊ သူဟာ အဲဒီဓာတ်လုံးရတဲ့အချိန်ကစပြီး အေးအေးချမ်း



ချမ်းပဲ နေချင်တော့တယ်၊ သူ့ဘဝမှာ အတွေ့အကြုံတွေက ရလာခဲ့ပြီးပြီ၊ ကြပ်တွေနဲ့တွေ့တယ်ဆိုတာကတော့ အဘိုးက ကျုပ်ငယ်ငယ်တုန်းက ပြောပြလို့ မှတ်မိနေတာပါ၊ ကျုပ်က ကြီးလာတော့ ယုံရမယုံရအခက်ပဲ၊ ရှေးအဘိုးကြီးတွေ အဘွားကြီးတွေဆိုတာက တစ္ဆေပုံပြင်၊ သရဲပုံပြင်တွေကို ပြောပြဖို့ ဝါသနာပါတယ်မဟုတ်လား၊ အဘိုးလည်း ကျုပ်ကို ပုံပြင်လိုသဘောထားပြီး ပြောတာဖြစ်မှာပေါ့''

''ကျုပ်က ခေတ်လူဆိုတော့ ဒါတွေလက်မခံဘူး၊ အဲဓာတ်လုံးကတော့အမှန်ပဲဗျ၊ သူ့ကိုယ်ထဲမှာကိုရှိပြီး ဒီဓာတ်လုံးကို မြေးဖြစ်တဲ့ကျုပ်က ရထားတယ်၊ ကဲ…အဘိုးအကြောင်းပဲ ဆက်ရအောင်…အဘိုးဟာ မကောင်းတာတွေမလုပ်ချင်ပေမယ့် ဗြိတိသျှရဲ့ အဖမ်းတော့မခံချင်ဘူး၊ သူ တော်လှန်ရေးကို တစ်ယောက်တည်းလုပ်တာထက်အဖွဲ့အစည်းနဲ့လုပ်တာက ပိုကောင်းလိမ့်မယ်လို့ ယူဆတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ ဆရာစံ တော်လှန်ရေးကပြီးနေပြီ၊ ဆရာစံလည်းအင်္ဂလိပ်တွေက ကြိုးပေးလိုက်ပြီးပြီ၊ ဘယ်သူမှလည်း ဗြိတိသျှကိုပုန်ကန်ထား မခြားနားဝံ့ကြတော့ဘူး၊ အဘိုးက တကယ့်ကို လူလိုက်ရှာရင်တောင်မှ အဘိုးနောက်ပါဝံ့မယ့်လူမရှိဘူး၊ အဘိုးက နောက်ဆုံးကောက်ချက်ချတာက သူ့ထုံးစံအတိုင်း ပါးကိုက်နားကိုက်ချင်ပေမယ့်ကျွန်းတစ်လုံးတည်းနဲ့ ဆီမဖြစ်ဘူးဆိုတဲ့ မြန်မာစကားပုံအရ လက်လျှော့လိုက်တယ်၊ စိတ်ထဲမှာတော့ နေသေးသပ…ချိုထဲက ချိုသွေးသံပပြုပြမှာပေါ့''

''သူက ဓာတ်လုံးရဲ့တန်ခိုးကိုလည်း စမ်းချင်တယ်၊ သူ့စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တောင့်တနေဟာကို ဓာတ်လုံးက ဖြစ်အောင်လုပ်နိုင်ပါ့မလားဆိုတဲ့ သံသယရှိတယ်၊ ကျုပ်တို့ မြန်မာတွေထဲမှာ ဝိဇ္ဇာပညာကို လိုက်စားတတ်မြောက်တဲ့လူတွေရှိသလို အဲဒီဝိဇ္ဇာပညာကို အကြောင်းပြုပြီး ဂန္ဓာရီပညာရှိနေတာတွေလည်းရှိတယ်၊ ဂန္ဓာရီပညာဆိုတာ လျှို့ဝှက်နက်နဲတဲ့ ပညာပဲလေ၊ အင်္ဂလိပ်လိုတော့ (Outcult) ခေါ်တာပေါ့၊ ဘိုဖြူမောင်မှာ ငွေလိုနေတယ်ပေါ့၊ ဒီတော့ သူဟာ လမ်းတစ်လမ်းမှာ စောင့်နေတယ်၊ သားသားနားနားလူတစ်ယောက် လမ်းလျှောက်လာတာမြင်တော့ ဓာတ်လုံးကို ပါးစပ်ထဲငုံလိုက်ပြီး အဲဒီလူဆီ လျှောက်သွားရာက ငွေတစ်ဆယ်လှူပါလို့ ပြောလိုက်တယ်၊ အဲဒီခေတ်က ငွေတစ်ဆယ်ဆိုတာ နည်းတာမဟုတ်ဘူးဗျနော်…အပြောခံရတဲ့လူဟာ ချက်ချင်းပဲ ငွေတစ်ဆယ် ထုတ်လှူသွားတယ်၊ ဓာတ်လုံးရဲ့စွမ်းရည်သတ္တိကတော့မဆိုးဘူး၊ နောက်တစ်ချီ စမ်းမယ်ဆိုပြီး ဈေးနားကဆိုင်ကြီးတစ်ဆိုင်သွားတယ်၊ ဆိုင်ရှင်နဲ့တွေ့တယ်…ဓာတ်လုံးကို ပါးစပ်ထဲငုံပြီး ငွေငါးဆယ်လှူပါလို့ပြောတယ်၊ ဆိုင်ရှင်က ကြည်ကြည်ဖြူဖြူပဲ လှူလိုက်တယ်၊ အာဏာစက်ရှိတယ်လို့ ခေါ်မလား…ဒါ စမ်းသပ်တာနော်၊ ဓာတ်လုံးစွမ်းရည်ပဲ…တစ်ခါ ဆိုင်တစ်ဆိုင်ကိုရောက်သွားပါတယ်၊ ဒီတစ်ခါတော့ အဘိုက ပါးစပ်ထဲဓာတ်လုံးမငုံတော့ဘဲ ငွေငါးကျပ်လောက် လှူပါလို့ပြောတာနဲ့ ဆိုင်ရှင်က အဘိုးကို မောင်းထုတ်တော့တာပဲ”

“ဓာတ်လုံးရဲ့အစွမ်းကို သူ ယုံကြည်သွားတယ်၊ လာဘ်ခေါ်တာတော့မှန်ပြီ၊ ကာယသိဒ္ဓိပဲလိုတယ်လို့ တွေးလိုက်တယ်၊ သူဟာ



ဓာတ်လုံးလေးကို တယုတယ ရွှေကြုတ်နဲ့တကွ သိမ်းပြီး ဆရာဗိုလ်တို့ဆီ မပြန်တော့ဘဲ ရှမ်းပြည်နယ်ဘက်ထွက်ပြီး နယ်စပ်မှာ ကိုယ်ရောင်ဖျောက်လိုက်တယ်၊ တော်လှန်ရေးတွေဘာတွေလည်း မလုပ်တော့ပါဘူး၊ နယ်စပ်မှာနေလို့ အသက်သုံးဆယ်ကျော်လောက်မှာ တောင်ကြီးကို ပြန်လာတယ်၊ အဲဒီမှာ ကျုပ်အဘွား ဒေါ်နန်းမွှံနဲ့ အိမ်ထောင်ကျတော့တာပဲ”

“ဒီတော့ သူက ကုန်သည်လုပ်နေပြီလေ…သူ့အတိတ်ဇာတ်ကိုလည်း သူမြှုပ်ထားလိုက်တယ်။ ဘုရားတရားကိုပဲ ဂရုစိုက်လုပ်တယ်၊ ခက်တာက သူ့ဇာတိရုပ်ပဲ…အင်္ဂလိပ်ရုပ်ကြီးကို ဘယ်လိုမှ ဖျက်မရဘူး၊ ဘေးပတ်ဝန်းကျင်က သူ့ကို ဦးဘိုဖြူမောင်လို့မခေါ်ဘဲ ဘိုကြီး၊ ဘိုကြီးနဲ့ ခေါ်တာ…နောက်ဆုံး အစိုးရပိုင်းဆီ ပေါက်ကြားသွားတယ်၊ ဒီအချိန်မှ သူဟာ ကျုပ်အဘွား ဒေါ်နန်းမွှံနဲ့ရတဲ့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကျုပ်အဖေကို မွေးနေပြီ၊ သားလေးရပြီဖြစ်တဲ့ အဘိုးဟာ ဝရမ်းပြေးအဖြစ် လျှောက်မပြေးချင်တော့ဘူး၊ မင်းပြစ်မင်းမယ်ပဲ ခံလိုက်တာအေးတယ်ဆိုပြီး အေးအေးနေလိုက်တယ်၊ အဲဒီမှာ ပုလိပ်တွေက အဘိုးအိမ်ကိုဝိုင်းပြီး အဘိုးကိုရှာတယ်၊ အဘိုးက ဓာတ်လုံးဆောင်ထားလို့ ပက်လက်ကုလားထိုင်ပေါ်မှာပဲ ထိုင်နေတယ်၊ လူကောင်ကြီးတစ်ယောက်လုံး ထိုင်နေတာကို ပုလိပ်တွေက မမြင်ကြဘူး”

“ကျုပ်အဘွားကလည်း မပြောဘူးဗျ၊ လသားဖြစ်တဲ့ ကျုပ်အဖေကို ချီပြီးရပ်နေတယ်၊ သူတို့ကတော့ ရှာတာပေါ့၊ အတော်ထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ နောက်ဆုံး အဘွားကို စစ်မေးကြတော့မှ အဘိုးက ဟော့… ငါဒီမှာကွလို့ ပြောမှ အဘိုးကို ပက်လက်ကုလားထိုင်မှာထိုင်လျက် တွေ့ကြရတော့တယ်၊ ကျုပ်အထင်ပြောရရင် ခေတ်လုံးကြောင့်လား၊ သူ နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်တဲ့ သမ္ဗုဒ္ဓေဂါထာကြောင့်လား မသိဘူး၊ ဒီဂါထာကလည်း အင်မတန်စွမ်းတယ်ဆိုတာ ကျုပ်ကြားဖူးတယ်လေ”

“အဘိုးက အဘွားကို ခေတ်လုံးတိတ်တိတ်ကလေး အပ်လိုက်ပြီး…မနန်းမွှံ…မင်း ဘာမှမပူနဲ့၊ ရုံးကိုလည်းမလာနဲ့၊ ငါ ပြန်လာမယ်လို့ပြောခဲ့ပြီး ပုလိပ်တွေနဲ့ထွက်သွားတယ်၊ တောင်ကြီးမှာကော့ အုတ်အော်သောင်းနင်း ကျွန်ခဲ့တာပေါ့၊ ဒီတုန်းက တောင်ကြီးဆိုတာ လူဦးရေနည်းနည်းလေးရယ်၊ ဒီအကြောင်းကိုသိတဲ့လူလည်း ရှိချင်ရှိမယ်… မသိတဲ့လူလည်း ရှိချင်ရှိမယ်၊ ခုခေတ်မှာတော့ နှစ်တွေကလည်း ဒီကိတ် (Decade)ဆယ်စုနှစ်တွေ အတော်များများ ကျွန်ခဲ့ပြီမို့ သိမယ့်လူ မရှိတော့ပါဘူးလေ၊ အဘိုးက ဘုရားတရားကို ယုံကြည်တယ်၊ ပက်ပက်စက်စက် မဖြစ်နိုင်ဘူးလို့ထင်တယ်”

“ဖြစ်ချင်တော့ တရားလို စတီဗင်ရဲ့ဆွေမျိုးတွေက ဒုတိယကမ္ဘာစစ် စစ်ရိပ်စစ်ငွေ့သန်းတာကြောင့် အင်္ဂလန်ကို ပြန်သွားကြပြီး ဒီအမှုကို ကိုင်တဲ့ မစ္စတာပါတေးကလည်း အိန္ဒိယကိုပြန်သွားပြီ နယ်(လ်)ဆင်နဲ့ အယ်လစ်ဘောက်လည်း ကုမ္ပဏီကိုယ်စားလှယ်က ထွက်ပြီး အင်္ဂလန်ကိုပြန်သွားပြီဆိုတော့ စီရင်ချက်ချဖို့ ခက်နေတယ်၊ ဒီအမှုကို စီရင်ချက်ချမယ့် အရင်တရားသူကြီးကလည်း သေသွားပြီ၊



ဒီတော့ ခက်နေတယ်၊ ပိုခက်တာက ဘိုဖြူမောင်ရဲ့ အမှုတွဲက ဘယ်ပျောက်နေမှန်းမသိဘူး၊ ပိုဆိုးတာက တရားလိုဘက်က အမှုကို လာရောက်ရင်မဆိုင်တာပါပဲ၊ ဒါနဲ့ ဆိုင်းငံ့အမှုလုပ်ပြီး ဘိုဖြူမောင်ကို ရေနံတွင်းတွေ ဖောက်ခွဲမှုနဲ့ စွဲချက်တင်ပြန်ရော…အဲဒါကလည်း သက်သေမရှိ၊ ကုမ္ပဏီကလည်း လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့အပြင် နှစ်တွေကကြာတော့ အဲဒီအမှုကို ဘီအိုစီက စိတ်မဝင်စားတော့ဘူး၊ အမှုက ဖန္တလေးမှာစစ်တာပဲ၊ အမှုတွဲရှာရတောင်းရတာနဲ့ ကြာနေခဲမှာပဲ ရန်ကုန်ကို ဂျပန်က ဗုံးကြဲပါရော၊ ပုလဲဆိပ်ကမ်းကိုလည်း စစ်မကြေညာဘဲ ဗုံးကြဲတဲ့သတင်းတွေ ကြားရတယ်၊ ဂျပန်က ခြေသွက်နေပြီလေ… ဒီကြားထဲ မြန်မာ့လွတ်လပ်ရေးရဖို့ ဂျပန်ပြည်ကို ရဲဘော်သုံးကျိပ် စစ်ပညာသွားသင်ပြီး ဘီအိုင်အေတပ်ဖွဲ့လို့ ဂျပန်နဲ့အတူ မြန်မာပြည်ထဲ ဝင်လာတဲ့သတင်းတွေကြားရတယ်၊ ဘိုဖြူမောင်က သိပ်ဝမ်းသာသွားတာပေါ့၊ ပိုဝမ်းသာတာက အင်္ဂလိပ်အစိုးရဟာ မြန်မာနိုင်ငံကို ပေါက်လွှတ်ပြီး သူတို့တပ်တွေ အလုံးအရင်းနဲ့ အိန္ဒိယကိုဆုတ်တဲ့သတင်းတွေကြားရတယ်၊ နယ်ချဲ့အင်္ဂလိပ်ပြေးပြီဆိုတာသိပြီးနောက် အဘိုးဟာ ကျုပ်က လွတ်လာတယ်၊ ရာဇဝတ်ဝန်ကြီးက အုပ်ချုပ်မှုဥပဒေ ဖရိုဖရဲ ဖြစ်နေတော့ အချုပ်သားတွေ အကျဉ်းသားတွေ လွတ်ရမယ့်သတင်းပါ”

“အဘိုးလည်း အဘွားရှိရာကို ပြန်လာတယ်၊ မနန်းမွှံ…ကျုပ်မပြောဘူးလား…ကျုပ်ပြန်လာခဲ့မယ်လို့”

“အဘိုးက အဲဒီလိုပြောပြီး အဖေ့ကို အဘွားဆီက ယူလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဘိုးပြောပုံကတော့ အဲဒီတုန်းက အဘိုးအသက်က သုံးဆယ့်ငါး အဘွားအသက်က သုံးဆယ်ပေါ့...သိပ်ချစ်လို့ကောင်းကြတဲ့အရွယ် ပေါ့"

* * *



## ဓာတ်လမ်းစဉ် (၃)

"အဘိုးဟာ သူရထားတဲ့ ဓာတ်လုံးကို ယုံကြည်တယ်၊ အားကိုးတယ်၊ ဖက်ဆစ်ဂျပန်ခေတ်တစ်လျှောက်လုံး အဘိုးဟာ ဘာအလုပ်ကိုမှ မလုပ်ရဲတော့ဘူး၊ သူ့ရုပ်က သူ့ကို ဒုက္ခပေးနေတယ်၊ သူ့ပတ်ဝန်းကျင်တစ်ခုလုံးက မြန်မာစစ်စစ်ဆိုတာ ယုံကြည်ပေမယ့် ဖက်ဆစ်တွေကတော့ ယုံမှာမဟုတ်ဘူး၊ သူ့ကို အင်္ဂလိပ်ဆိုပြီးဖမ်းမှာပဲ၊ နှိပ်စက်မှာပဲ၊ သူ့ရဲ့ချွန်နေတဲ့နှာခေါင်း၊ ပြာနေတဲ့မျက်လုံး၊ ပြောင်းမွေးရောင်ဆံပင်တွေက လူရဲ့မျိုးရိုးကို အသွင်ပြောင်းစေတာကိုး၊ ဒါကြောင့် အဘိုးဟာ အိမ်တံခါးကို သော့ခတ်၊ အဘွားနဲ့ အဖေ့ကို ပင်းတုယကက်ခေါ်လာပြီး တောထဲတောင်ထဲမှာပဲ သွားပုန်းနေတော့တယ်၊ အဘိုးနဲ့အဘွားဟာ ဘုရားတရားကိုပဲ ယုံကြည်အားကိုးပြီး တောထဲမှာပဲ နေနေတော့ အန္တရာယ်မရှိခဲ့ဘူး၊ စားဖို့သောက်ဖို့လည်း မပူရ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဘိုးမှာ ရွှေတွေစုထားတာရှိတယ်၊ အဲဒီရွှေတွေထဲက ရွှေတိုရွှေစတွေကို အဘိုးက ရုပ်ဖျက်ပြီး တောင်ကြီးဘက်သွားရောင်းရင် ဓာတ်လုံးတန်ခိုးကြောင့်ထင်ပါရဲ့ လိုတာထက် ပိုပိုရလာတာချည်းပဲ၊ ရတဲ့ငွေနဲ့ ဆန်ဆီဆားဝယ်ရတယ်၊ တောထဲမှာ အဲဒီလိုပဲ နေလာတာ ဖက်ဆစ်ပြေးတဲ့အထိပဲ၊ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အင်မတန်သနားစရာကောင်းပါတယ်၊ ပြည်သူလူထုလည်း သနားစရာကောင်းပါတယ်၊ အေ..ဒိပ်ပြေးတော့ အင်္ဂလိပ်လက်က လွတ်ရော အောက်မေ့တယ်၊ ဖက်ဆစ်ဂျပန်ဝင်လာတော့ ဖက်ဆစ်က တစ်ခါ ပြည်သူကို နှိပ်စက်ပြန်ရော၊ နိုင်ငံလည်း မြန်မာလက်အောက်မရောက်ဘဲ သူတို့လက်အောက်ပြန်ရောက်သွားတယ်၊ တစ်ခါ ဖက်ဆစ်ပြေးတော့ အင်္ဂလိပ်ပြန်ဝင်လာတယ်၊ မြန်မာ့ခေါင်းဆောင်ကောင်းကြီးတွေကြောင့် အင်္ဂလိပ်ဆီက မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးပြန်ရတယ်၊ ဒါပေမယ့် အင်္ဂလိပ်က ယုတ်မာတယ်၊ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားတွေကို သွေးခွဲစနစ်သုံးသွားခဲ့လို့ တချို့တိုင်းရင်းသားတွေ နားလည်မှုလွဲမှားပြီး ဆူပူသောင်းကျန်းခဲ့တယ်၊ အသားထဲက လောက်ထွက်ဆိုသလို နိုင်ငံရေးပါတီတွေထဲက ကွန်မြူနစ်ဖြူ၊ ကွန်မြူနစ်နီ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါတွေကလည်း ဆူပူသောင်းကျန်းခဲ့တယ်''

''နိုင်ငံတော်ကလည်း နိမ်နင်းတာပါပဲ၊ ဒါပေမယ့် ပြည်ပက သွေးထိုးသမားတွေကြောင့် ငြိမ်းချမ်းရေးမရခဲ့တာ ၁၉၈၈ ခုနှစ်ထိပဲဆိုတာ မိတ်ဆွေသိပြီးသားပါ၊ ၁၉၈၈ ကျော်ပြီးမှ ဘယ်တုန်းကမှမရခဲ့ဖူးတဲ့ ငြိမ်းချမ်းရေးကိုရလာတယ်၊ အဲ···ကျုပ်ကလည်း အဘိုး



အကြောင်းပြောရင်း ကိုယ်ဝါသနာပါတာလေးတွေ ပြောတာပါပါလာတယ်၊ အဘိုးဟာ ဂျပန်ခေတ်တစ်လျှောက်လုံး တောထဲမှာ နေနေရပေမယ့် အလကားတော့မနေဘူး၊ မြေကွက်တွေရှာပြီး သီးနှံစိုက်ပျိုးမှုလုပ်တယ်၊ တောင်စောင်းတွေမှာ လှေခါးထစ်စိုက်ပျိုးမှုတွေလုပ်တယ်၊ အဘိုးပင်ပန်းပေမယ့် ဝမ်းရေးအတွက် မပူရတော့ဘူး၊ လူလည်းကျန်းမာတယ်၊ အဘွားက ဆရာမကြီးပေါ့ဗျာ၊ သီးနှံစိုက်ပျိုးမှုကိုအဘွားက ကျွမ်းကျင်တယ်၊ သူက တောင်ယာသမီးပျိုဖြစ်ခဲ့ဖူးတာကိုး၊ အဘွားက အဘိုးလိုတော့ ခေတ်ပညာမတတ်ဘူးဗျ၊ အဘိုးက သူ့ဓာတ်လုံးအကြောင်းကို ပြောပြထားလို့ ဓာတ်လုံးအကြောင်းလည်းသိတယ်၊ ဘယ်သူ့ကိုမှ ဓာတ်လုံးအကြောင်း မပြောဖို့ အဘွားကို နှုတ်ပိတ်ထားခဲ့တယ်၊ အဘွားကလည်း လိမ္မာပါ့၊ သေတာသွားတယ်··ဓာတ်လုံးနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး''

''ဖက်ဆစ်ခေတ်မှာ ဖက်ဆစ်တွေဟာ မြေပြန့်မှာသာ အနေများပြီး တောင်ပေါ်ကို အရောက်နည်းခဲ့ကြတယ်၊ ဒါကြောင့် တောင်ပေါ်သူ တောင်ပေါ်သားတွေဟာ ဖက်ဆစ်ရဲ့ဒဏ်ကို မြေပြန့်လောက်မခံလိုက်ကြရဘူး၊ အဲဒါကြောင့်လည်း အဘိုးသက်သာသွားတာပေါ့၊ အဘိုးက ကျုပ်ကိုပြောခဲ့တာက ဓာတ်လုံးကို သူသေနတ်နဲ့စမ်းတယ်တဲ့၊ သေနတ်က ကျည်တောင့်မထွက်ဘူးဆိုပဲ၊ ကျုပ်က သူပြောတာယုံရခက်ခက်ပဲ၊ ဒါပေမယ့် ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် မြန်မာတွေမှာ ဟိုရှေးလောကီပညာတွေ အများကြီးရှိတယ်၊ ကျုပ်တို့ မမီလိုက်လို့ပါ၊ ရှေးအိုင်လက်ဝှက်မန္တရားတွေမှာ တချို့ကစွမ်းတာတွေရှိတယ်၊ တချို့

www.burmeseclassic.com

www.burmeseclassic.com



က အတုတွေ၊ အညာတွေ၊ အတုတွေအညာတွေကြောင့် မယုံကြည်စရာအကြောင်းတွေ အများကြီးရှိတယ်၊ အဘိုးခါတ်လုံးကတော့ တကယ်စွမ်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်ကိုယ်တိုင် စမ်းခဲ့ပြီးပြီပဲ''

''ဒီခါတ်လုံးကို ကျုပ် ဘယ်လိုရသလဲဆိုတာ ကျုပ်ပြောတဲ့ ဇာတ်လမ်းထဲမှာ ပါလာပါလိမ့်မယ်၊ အဘိုးဟာ ဂျပန်ပြန့်ပြီး အင်္ဂလိပ်ပြန်ဝင်တော့ စလင်းကိုသွားတယ်၊ ဟိုမှာ ကျုပ်ရဲ့ ဘေးတော်နဲ့ ဘေးမတော်ကြီးရှိတယ်လေ၊ ဒါပေမယ့် ဘေးတော်ကြီးက ဂျပန်ခေတ်မှာကတည်းက ကွယ်လွန်သွားရှာပြီ၊ အဘိုးရဲ့အမေက အဘိုးကိုတွေ့တော့ ဝမ်းသာဝမ်းနည်းနဲ့ ငိုရှာတာပေါ့၊ အဘိုးဟာ သူ့အမေဆုံးတဲ့အထိ စလင်းမှာ နေလိုက်တယ်၊ နောက်တော့ ရှိတဲ့ပစ္စည်းတွေ ငွေတွေကို အမွေအဖြစ် ဆက်ခံလိုက်ပြီး ပြည်ဘက်ကို ပြောင်းလာတယ်၊ သူက ခေတ်အကြောင်းကို တီးခေါက်မိတယ်၊ ရန်ကုန်ကို ဆက်ပြောင်းလာတယ်၊ သူပြောင်းလာပြီး မကြာမီမှာပဲ ပြည်တွင်းဆူပူမှုတွေ ဖြစ်တော့တာပဲ၊ အဖေကလည်း အသက်ရလာတော့ ကျောင်းထားရတယ်၊ အဖေက အဘိုးနဲ့အတူ ခေတ်တွေကျော်ဖြတ်လာတယ်၊ အဖေ အိမ်ထောင်ကျပြီး ကျုပ်ကိုမွေးတဲ့အချိန်မှာ အဘိုးဟာ အသက်အတော်ရနေပြီ၊ အဖေ ဘွဲ့ရပြီး ဝန်ထမ်းတစ်ယောက်ဖြစ်လာတယ်၊ အဖေ ပြောင်းရွှေ့ရာကို အမေရော အဘိုးရောပြောင်းရတယ်၊ အဘွားကတော့ အဖေ အိမ်ထောင်မကျမီမှ ဆုံးခဲ့တယ်လေ''

''အမေက ရိုးတယ်၊ အိမ်ရှင်မပီသတယ်၊ အဖေ့ကိုလည်း



…စ်တယ်၊ အဘိုးကိုလည်း ရိုသေတယ်၊ ချစ်တယ်၊ အဘိုးကတော့ …ျုပ်ကို အသည်းစွဲပေါ့ဗျာ၊ မြေးဦးဆိုပြီး လက်ကမချဘူး၊ အလိုလိုက် …ယ်၊ အဖေနဲ့ အမေထက်တောင် အလိုလိုက်တာပိုတယ်ဗျ၊ ကျုပ် …ိုတဲ့ကောင်ကလည်း အဘိုးကို ငယ်ငယ်ကလေးတုန်းက အတော် …ပါတယ်၊ ကျုပ် လူပျိုလူရွယ်ရောက်တော့ အဘိုးကို သိပ်ဂရုမစိုက် …ိုင်တော့ဘူး၊ အပေါင်းအသင်းနဲ့ပဲ လျှောက်လည်တော့တာပဲ၊ အဘိုး …က ကျုပ်ကို ငယ်စဉ်က ပုံသွင်းဖို့ကြိုးစားခဲ့ပါတယ်၊ ရတနာသုံးပါး …ရာ၊ မိဘကို ရိုသေပြီး ကြည်ညိုပွားများဖို့ပေါ့၊ မူလတန်းကျောင်း …ားအရွယ်အထိ လုပ်နိုင်တာပေါ့ဗျာ၊ မူလတန်းကျောင်းသားဘဝ …ကျော်ပြီးတဲ့အချိန်မှာ ခပ်ပေါ့ပေါ့ဖြစ်လာတယ်၊ ဒီအထဲ ဆိုးလာ …က အဖေပဲ၊ အဖေဟာ ဝန်ထမ်းဖြစ်ပေမယ့် ငွေရှာင်တယ်၊ အပေါင်း …င်းများတယ်၊ အဘိုး စကားကိုလည်း နားမထောင်ဘူး၊ ထင်ရာ …ရာလုပ်တတ်တယ်၊ အဖေ့ရဲ့စိတ်ဓာတ်အမွေကို ဆက်ခံတာက ကျုပ် …လ…အဘိုးဟာ ငယ်ငယ်ကလေးဖြစ်တဲ့ ကျုပ်ကို သူ့အကြောင်း …ပြောပြတယ်၊ အဘိုးရဲ့ ညာဘက်လက်မကြီးအောက်မှာ ဖုနေတဲ့ …ကြီးတစ်ခုကို ကျုပ်ကတွေ့တော့ မေးဖူးတယ်၊ အဘိုး…အဲဒါ …ကြီးလဲလို့…အဘိုးကပြောတယ်…ခါတ်လုံးတဲ့၊ ကျုပ်က ဘယ်လို …ပြီး အဘိုးကိုယ်ထဲရောက်နေတာလဲမေးတော့ အဘိုးက ခါတ်လုံး …မြှုပ်ထားလိုက်တာ…ခါတ်လုံးက ရွေ့ပြီး လက်မအဆစ်အောက် …ရောက်နေတာတဲ့၊ ဘာကြောင့် သူ မြှုပ်ရသလဲဆိုတာတော့ မပြော …ဘူး ကျုပ်လည်း မမေးမိခဲ့ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"အဖေဟာ ဝန်ထမ်းအရာရှိဘဝနဲ့ မြို့တစ်မြို့ကို ပြောင်းလာရတယ်၊ သူက အဲဒီမှာ ဩဇာတိက္ကမရှိတယ်၊ မိတ်ဆွေ၊ လူတွေအကြောင်းသိတယ်မဟုတ်လား၊ ကိုယ့်ရဲ့ ကိုယ်ကျိုးစီးပွားအတွက်ဆိုရင် အဲဒီ ဩဇာတိက္ကမရှိတဲ့လူကို ဖိပေါင်းပြီး မြှောက်ထိုးပင့်ကော်လုပ်တတ်ကြတယ်၊ ဖားတတ်ကြတယ်၊ ဒီလိုပဲ အဖေ့ကိုမှီပြီး အခွင့်အရေးလိုချင်တဲ့လူတွေက အဖေ့အကြိုက် ဖားပေါင်းမြှောက်ပေါင်းလိုတာပေး လိုတာကျွေးတာကအစ အဖေက ဘဝင်လည်းမြင့်လာတယ်၊ အရက်လည်းသောက်တတ်လာတယ်၊ သူ့ကိုယ်သူလည်း ထင်တစ်လုံးဖြစ်လာတယ်၊ ပတ်ဝန်းကျင်ဟာ လူတစ်ယောက်ကို ဘဝင်မြင့်အောင်လည်း လုပ်နိုင်တယ်၊ ရူးအောင်လည်းလုပ်နိုင်တယ်၊ ပျက်စီးအောင်လည်းလုပ်နိုင်တယ်၊ အဘိုးက ခြေလမ်းမှားနေတဲ့အဖေ့ကို ဆုံးမတယ်၊ အဖေက နားမထောင်ဘူး၊ အမေက ရှင်းပြသွန်သင်ပြလည်း နားမဝင်ဘူး၊ အမေက ရိုးတယ်လေ၊ အဖေဟာ အရက်သမားဖြစ်လာရုံမက ခပ်လည်လည်မိန်းမတစ်ယောက်နဲ့ တိတ်တိတ်ပုန်းငြိရောဗျား…အမေကတော့ မျက်ရည်ကျတယ်၊ သူ့လင်ကို တီးတိုးဖျောင်းဖျတယ်၊ အဖေက နားမဝင်ဘဲ အမေ့ကို ရိုက်မောင်းပုတ်မောင်းလုပ်တာပဲ၊ အဲဒီမှာ အဘိုးက တစ်ခါမှလက်နဲ့မတို့ဖူးတဲ့ သူ့သားဖြစ်တဲ့အဖေ့ကို လက်သီးနဲ့ထထိုးတော့တာပဲ၊ အဖေက စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းသွားတယ်၊ အဲဒီတုန်းက ကျွန်ုပ် အသက်ငါးနှစ်ရှိပေမယ့် ကောင်းကောင်းမှတ်မိပါတယ်၊ အဖေဟာ မိန်းမလည်နဲ့ပဲ သွားပေါင်းသင်းနေထိုင်တယ်၊ သြော်…ကျွန်ုပ်နာမည်တောင် ပြောဖို့မေ့နေတယ်၊ ကျွန်ုပ်ကို



အဘိုးက ချစ်လွန်းတာရယ်၊ ကျွန်ုပ်က ကြာသပတေးသားဆိုတော့ သူ့နာမည် ဘိုဖြူလို့ပဲပေးတယ်၊ ဘိုဖြူလို့ပေးတော့ ကျွန်ုပ်ကဟာ အဘိုးနာမည်ကြီးက အဘိုးလို ဘိုဖြူမောင်လည်းမဟုတ်ဘူး၊ ဘိုဖြူဆိုတော့ ခွေးနာမည်ကြီးလို့ပြောတော့ အဘိုး ရယ်လိုက်တာလေ…ကျွန်ုပ်မှာ ဒီဘိုဖြူနာမည်နဲ့ပဲ ကျောင်းနာမည်အထိ တွင်ခဲ့တယ်"

"အဖေ့အကြောင်းပြောရဦးမယ်၊ ကိုယ့်မိဘကို ပြောရဝေဖန်ရတာတော့ မကောင်းဘူးပေါ့၊ ငရဲကြီးမှာ သေချာတယ်၊ ဒါပေမယ့် ဒီဇာတ်ကြောင်းပြောတော့ မပြောလို့လည်းမဖြစ်ဘူးဗျ၊ အဖေက မကောင်းဘူးဗျမကောင်းတာက အရက်သောက်တာရယ်၊ မိန်းမယူတာရယ်၊ ကျွန်ုပ်တို့သားအမိကို ပစ်ထားတာရယ်ပဲပေါ့။ အဲဒီမှာ သူသွားနေတဲ့မိန်းမလည်နာမည်က ခင်မြတ်နိုးတဲ့လား၊ အဖေ့ထက် ငွေကို မြတ်နိုးတယ်ထင်ပါရဲ့၊ အဖေက ဒီမိန်းမအတွက် သုံးဖို့ဖြုန်းဖို့ ငွေကျွေရှာပေးလိုက်တာ အဖေ လာဘ်စားမိတာ အထက်ကသိလို့ အလုပ်ဖြုတ်ပစ်လိုက်ပါလေရော၊ ကျွန်ုပ်အဖေအမည်က အုံးကြီးမောင်၊ ဦးအုံးကြီးမောင်ကစ်ယောက် အလုပ်ပြုတ်တာပေါ့၊ ကြားရတဲ့ကျွန်ုပ်တို့တွေမှာလည်းစိတ်မကောင်းဘူး"

"ဒီတုန်းက အဖေဟာ ခင်မြတ်နိုးနဲ့ ကလေးတစ်ယောက်မွေးတယ်၊ သူ့နာမည်ကို ဘိုနီလို့မှည့်ထားတယ်၊ ကျွန်ုပ်က ဘိုဖြူ သူကဘိုနီ ကောင်းရောပေါ့ဗျာ…ကျွန်ုပ်တို့ချင်းလည်း ကြီးမှ တစ်ခါနှစ်ခါတွေ့ဖူးလိုက်ကြတယ်လေ၊ အဖေဟာ ရာထူးလည်းပြုတ်ရော သူ့ရှိဗျာ…ဆရာ ခေါ်နေတဲ့လူတွေ၊ အစ်ကိုလို့ခေါ်တဲ့လူတွေ၊ ဦးအို…

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံ့လို့ အများဆွတ်ခေါ်တဲ့လူတွေဟာ ပျောက်ခြင်းမလှ ပျောက်ပြီး တစ်ခါတည်း အနားမကပ်ကြတော့ဘူး၊ ဒါကတော့ လူ့လောကရဲ့ ဖြစ်ရိုးဖြစ်စဉ်ပဲလေ...ကိုယ့်ဩဇာအရှိန်အဝါရှိလာတဲ့အချိန်မှာ သိပ်သတိထားရတာပေါ့၊ အခွင့်အရေးလိုချင်လို့ မြှောက်ပေးချင်တော့လည်း သူတို့ပဲ၊ အခွင့်အရေးမရမှန်းသိလို့ ရှဲသွားကြတော့လည်း သူတို့ပဲ... သိပ်တရားရဖို့ကောင်းတာ...တရားကျတာမဟုတ်ဘူးနော်၊ တရားရတာပြောတာ...တရားကျရင်တော့ မိုက်မဲနေကြမှာပဲလေ...ကျုပ်လည်း တရားကျလို့ မိုက်မဲနေခဲ့တာပဲ"

"ဖြစ်ပုံကို ပြောရဦးမယ်...အဘိုးကတော့ အဖေ့ကို ဒီကောင် ငါ့စကား နားမထောင်လို့ ခွေးဖြစ်ပြီလို့ပြောတယ်၊ စိတ်လည်းမကောင်းဘူး၊ ဒီတုန်းက အမေက ဈေးထဲမှာ ကုန်စုံဆိုင်ထွက်နေတယ်၊ အဖေက ခင်မြတ်နိုးကို လုပ်မကျွေးနိုင်တာကြောင့် သုံးဖြုန်းလို့ အားမရသေးတဲ့ ဒေါ်ခင်မြတ်နိုးက အဖေ့ကို ခွာထုတ်လိုက်တာကို အမေလည်းသိ၊ အဘိုးနဲ့ ကျုပ်လည်းသိတယ်၊ အဖေဟာ အလုပ်မရှိတဲ့အပြင် အရက်သမားအဖြစ် ယောင်လည်လည်ဖြစ်နေတော့ အမေက အဖေ့ကို သနားပြီး ပြန်ခေါ်ဖို့ကြိုးစားတယ်၊ အဘိုးကလည်း အတော်အသက်ကြီးနေပြီ၊ ကျုပ်အသက် ရှစ်နှစ်လောက်ပဲရှိမယ်၊ ကျုပ် နားလည်နေပြီပေါ့၊ အဘိုးက ပြတ်တယ်၊ အမေ့ကို အဖေ့ကို မခေါ်နဲ့လို့ပြောတယ်၊ ခွေးဟာ လမ်းပေါ်မှာပဲရှိရမယ်တဲ့၊ အဘိုးစကားကြောင့် အမေလည်း မခေါ်ရဲဘူး၊ အဖေလည်း ရှက်တယ်နဲ့တူတယ်၊ အိမ်တောင်မလာဘူးလေ၊ နောက် အဖေဟာ မြို့ကပျောက်သွားတယ်၊ အမေလည်း အဖေ့



ကို သံယောဇဉ်ဖြတ်တယ်၊ အဘိုးကလည်းဖြတ်တယ်၊ အဘိုးဟာ ဘုရားတရားနဲ့နေတော့ သံယောဇဉ် စောစောစီးစီး ဖြတ်နိုင်တာပေါ့ဗျာ...မဖြတ်နိုင်တာက ကျုပ်ပါ၊ အဖေ့ကို သတိရတယ်လေ...ဒါနဲ့ ကျုပ် ဆယ်တန်းရောက်လာတယ်၊ အသက်ကလည်း ဆယ့်ခုနှစ်နှစ်ရှိနေပြီ၊ အဘိုးက အလိုလိုက်ထားတော့ ကျုပ်က ဘာမဆို စိတ်ထင်ရာလုပ်တတ်တယ်၊ ကျုပ်အဖေနဲ့တူတယ်လို့ အမေက ပြောဖူးတယ်၊ ကျုပ်က သူငယ်ချင်းအပေါင်းအသင်းတွေကို ခင်တယ်၊ အဖေ့လိုပါပဲ၊ ဒီတော့ အပေါင်းအသင်းတွေ ဘာလုပ်သလဲ ကျုပ်က လိုက်လုပ်တယ်၊ အပေါင်းအသင်းက ကျုပ်ကိုဖျက်တာမဟုတ်ဘူးနော်။ ကျုပ်က ကျုပ်ကိုကျုပ် ဖျက်တာပဲ၊ မကောင်းတဲ့အပေါင်းအသင်းနဲ့တွေ့တော့ ပွေ...က်ရှုပ်တတ်လာတယ်၊ အဲ...တစ်ခုတော့ရှိတယ်ဗျ၊ ကျုပ် ဆေး...သုံးဘူး၊ မူးယစ်ဆေးဝါးရဲ့ဒဏ်ကို ကျုပ်သိတယ်၊ ကျုပ်ဝါသနာက လောင်းကစားပဲ...လောင်းကစားဝိုင်းဆို ကျုပ်ရောက်နေပြီ"

"အဘိုးက ဒါတွေမသိဘူး၊ အဘိုးက ကံသုံးပါးကို သေတဲ့အထိ ထိန်းသွားတယ်၊ ကျုပ်ကတော့ ငါးပါးစလုံး မလုံဘူးဖြစ်နေတယ်၊ ကျုပ်က လာကိုက်တဲ့ခြင်တို့ ပုရွက်ဆိတ်ကို့ဆို ကျုပ်လက်က မလွတ်ဘူး၊ လောင်းကစားပိုက်ဆံလိုနေရင် အမေ မသိအောင် အမေ့ဆိုင်က နှိုက်တယ်၊ ကျုပ်ရုပ်က မိန်းမကျလောက်တဲ့ရုပ်ဖြစ်တော့ ကောင်မလေးတွေကို ကျုပ်က ကပ်၊ ပြီးတော့ ကျုပ်မကောင်းတာတော့ ယုံပါ၊ မုသာဝါဒါနှင့် သူရာအရက်ကတော့ ရံဖန်ရံခါပေါ့၊ ဆယ်တန်းလည်း နှစ်နှစ်ကျပြီးလို့ ကျောင်းတော်မနေရတော့ဘူး၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်မှာ သူတော်ကောင်းပဲ၊ သူတို့ရှေ့မှာ စာကျက်ချင်ဟန်ဆောင်တယ်၊ လေ့ကျင့်ခန်းစာအုပ်ထဲမှာ ရုပ်ပြဖြစ်ဖြစ်၊ ဝတ္ထုဖြစ်ဖြစ်တော့ ရှိတာပဲ၊ အဲဒါတွေက ကျုပ်ကို အဆုံးအမပေးပါတယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ ဒါတွေဟာ ဆုံးမစာဖြစ်ပေမယ့် ဖတ်ကောင်းအောင် ရေးထားတာလို့ပဲထင်တယ်''

''ကျုပ်က မလိမ္မာချင်တဲ့ကောင်ကိုး၊ မလိမ္မာပေမယ့် မိုက်တော့ မမိုက်သေးဘူးဗျ၊ ကျုပ်မှာ စားလိုက်၊ အိပ်လိုက်၊ လည်လိုက်၊ လောင်းကစားလုပ်လိုက်နဲ့ နောက်ဆုံး ကျုပ်အဘိုးသိသွားတော့ သူတောင် ကျုပ်ကို မနိုင်တော့ပါဘူး၊ နောက်ဆုံး သူမှတ်ချက်ချတာက ဒီကောင် ဆေးမချတာပဲ ကျေးရူးတင်ရမယ်တဲ့၊ ကျုပ်က ဆေးဆို အဝေးကရှောင်တယ်၊ ဒီလိုနဲ့ ကျုပ်အသက် နှစ်ဆယ်ကျော်လာတယ်၊ အမေကတော့ ကျုပ်ကို ဖအေ့ခြေရာနင်းတဲ့သားဆိုပြီး ခပ်ချဉ်ချဉ်ပဲ၊ စကားလည်း သိပ်မပြောတော့ဘူး၊ အဘိုးလည်း အသက်ကိုးဆယ်နားနီးလာတယ်၊ အံ့သြဖို့ကောင်းတာက အဘိုးဟာ အနောက်နိုင်ငံက သက်ကြီးရွယ်အိုတွေထက်တောင် ပိုပြီး သန်မာသေးတယ်''

''ဆံမဖြူ သွားမကျိုး၊ ပါးရေမတွန့်၊ မျက်လုံးကအကောင်းဗျ၊ စကားပြောတာပဲ နည်းနည်းအသံတုန်တယ်၊ ဖျားတာနာတာလည်းမရှိဘူး၊ ခုခေတ် သွေးတိုး၊ အစာအိမ်၊ နှလုံးအားနည်း၊ ကင်ဆာဆိုတာတွေဝေးရော…အဘိုးကိုမြင်တဲ့လူတွေက အင်္ဂလိပ်အဘိုးကြီးတစ်ယောက်ပဲထင်သလို သူ့ကျန်းမာပုံကိုကြည့်ပြီး အံ့သြကြတယ်၊ ဘာဆေးစားသလဲလို့ မေးကြတယ်၊ အဲဒီအခါမှာ အဘိုးဟာ ပြုံးနေတတ်တယ်၊ ဘာမှ



ပြန်မပြောဘူး၊ ကျုပ်ကတော့ သူ မျိုထားတဲ့ဓာတ်လုံးအစွမ်း၊ ဒါမှမဟုတ် နေ့စဉ် ဝတ္တရားမပျက် ရွတ်ဖတ်သရဇ္ဈာယ်တဲ့ သမ္ဗုဒ္ဓေဂါထာတန်ခိုးနဲ့ ဘုရားကို ကြည်ညိုတဲ့စိတ်ကြောင့် ထင်တာပဲ၊ အဘိုးဆုံးတော့ အသက် ကိုးဆယ့်ကိုးနှစ်ပဲ…အမေ့အသက်က ငါးဆယ်ကျော်၊ ကျုပ်အသက်က အစိတ်။ အဘိုးဟာ သူ့အိပ်ရာထဲမှာပဲ အိပ်ပျော်ရင်းထူးထူးဆန်းဆန်း ဆုံးသွားတယ်၊ ဆရာဝန်တောင် စမ်းသပ်စစ်ဆေးပြီးနားမလည်အောင်ဖြစ်သွားတယ်၊ ဘာရောဂါမှလည်းမရှိဘဲကိုး၊ နောက်ဆုံး နှလုံးအားနည်းပြီးဆုံးတယ်လို့ပဲ မှတ်ချက်ချလိုက်တယ်''

''အဘိုးနားမှာ ကြီးလာချိန်မှာ ကပ်မနေတယ်…အဘိုးဆုံးတာကိုသိသွားတဲ့ကျုပ်ဟာ အတော်လေး ဝမ်းနည်းသွားတယ်၊ အဘိုးအလောင်း မြေကျပြီးသည်အထိ ကျုပ် အိမ်မှာ မစားနိုင်မသောက်နိုင်ဖြစ်ခဲ့သေးတယ်၊ အဲဒီနောက် ကျုပ်အမေ့ကိုကြည့်ပြီး သနားလာတယ်၊ အဘိုးကို မသေမချင်း အမေလုပ်ကျွေးခဲ့ပါကလား၊ ငါကတော့ အမေ့လုပ်စာထိုင်စားနေတယ်၊ ငါလည်း အမေ့ကို မသေမချင်း လုပ်ကျွေးရမယ့် သားကောင်းတစ်ယောက်ဖြစ်ဖို့လိုနေပြီဆိုတဲ့ အသိက ကျုပ်ကို ကိုင်လှုပ်လာတယ်၊ ပြောရဦးမယ်၊ ကျုပ်အဘိုးဆုံးတုန်းက ပြီးခဲ့တဲ့ ခေတ်ဟောင်းစနစ်ဟောင်းကပါ၊ သူတို့စနစ်တွေ ဘယ်လောက်ကောင်းပေမယ့် လူတွေက အဲဒီစနစ်ကို လိုက်လို့မမိနိုင်ဘူး၊ လူဆိုတာ ကိုယ်ကျိုးရှာသမားချည်းပဲ၊ အဲဒီခေတ်ဟောင်းစနစ်ဟောင်းမှာ ကိုယ်ကျိုးရှာသမားတွေ တော်တော်ကောင်းစားလိုက်ကြတယ်၊ ကျုပ်တို့လူမျိုးတွေဟာ မှောင်ခိုဆိုတာ နားလည်ခဲ့တာမဟုတ်ဘူး၊ လူတွေ မှောင်ခို

www.burmeseclassic.com

လုပ်ချင်အောင် အဲဒီခေတ်ပေါင်းက သင်ပြခဲ့တယ်၊ ဒီမှောင်ခိုလုပ်
ငန်းကို အဲဒီခေတ်က နိုင်ငံခြားသားတချို့က ထလုပ်တယ်၊ ကျောက်
မျက်ရတနာက စတာပါ၊ အဲဒါကို ကျုပ်တို့လူမျိုးတချို့က မှောင်ခို
လုပ်ငန်းအတုယူပြီး စလုပ်ရာက မှောင်ခိုစီးပွားရေးဖြစ်လာတယ်၊ ကျုပ်
တို့ အရှေ့ဘက်မှာရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဟာ မွဲနေတဲ့နိုင်ငံတစ်ခုပါ၊
ကျုပ်တို့ မှောင်ခိုတွေ မလိမ္မာတာရယ်၊ သစ္စာဖောက်သောင်းကျန်းသူ
တွေကြောင့် အဲဒီနိုင်ငံဟာ နေ့ကောညကော ချမ်းသာလာတယ်၊ ကျုပ်
တို့ဆီက မြေပေါ်မြေအောက် ပစ္စည်းတွေကို ကျုပ်တို့ အသုံးမကျ
မှောင်ခိုတွေကြောင့် သူတို့လက်ထဲရောက်လို့ သူတို့စက်မှုနဲ့ ကြီးပွား
လာသလို ကြီးပွားမှုကို အနှိမ်ခံနေရတဲ့ခေတ်ပေါင်းမှာ သူတို့ဆီက
ပစ္စည်းတွေကို မှောင်ခိုပြန်သွင်းရတဲ့အထိ မှောင်ခိုစီးပွားရေးသောင်း
ကျန်းခဲ့တယ်ဗျ''

''ကျုပ်လည်း ဖြတ်လမ်းကရနိုင်မယ့် မှောင်ခိုစီးပွားရေး
လုပ်ချင်တယ်၊ အမေကတော့ သဘောမကျဘူး၊ ကျုပ်ဆိုတဲ့လူကလည်
ထင်ရာမြင်ရာ လုပ်တတ်တော့ ဒါကိုပဲလုပ်ဖို့ ဆုံးဖြတ်တယ်၊ မှောင်
လုပ်ငန်းမှာ အန္တရာယ်ကင်းကင်းလုပ်ဖို့လိုတယ်၊ ပထမဆုံး ဖြတ်သ
ရမှာက မှောင်ခိုလုပ်ငန်းတွေကို လိုက်လံစိစစ်ဖမ်းဆီးနေတဲ့ ရှာဖွေ
တွေပဲ၊ အဲဒီမှာ အန္တရာယ်ကင်းဖို့အတွက် အဆောင်တစ်ခုအဖြစ် ကျု
အဘိုးရဲ့ ဓာတ်လုံးကို သတိရလာတယ်၊ ဒါပေမယ့် ဒီဓာတ်လုံး
ကျုပ်အဘိုးက ကျုပ်ကို ပေးစွမ်းနိုင်စွမ်းမရှိဘူး၊ သူက ဓာတ်လုံး
မျိုပစ်ခဲ့တော့ ဓာတ်လုံးက သူ့ကိုယ်ထဲမှာလေ...ဒီတော့ ဒီဓာတ်



ကိုရဖို့ ကျုပ်ကြံတယ်၊ သတ္တိရှိရမယ်၊ သတိရှိရမယ်ပေါ့၊ ကျုပ်တို့နေ
တဲ့မြို့မှာက လူသေရင် မီးသင်္ဂြိုဟ်လေ့မရှိဘူး၊ အလောင်းကို မြေထဲ
မြှုပ်နှံလိုက်ကြတာပဲ...ဒါနဲ့ ကျုပ် လမိုက်ညတစ်ညမှာ ကျုပ်အဘိုးကို
မြှုပ်တဲ့ ရပ်ဝိုင်းသင်္ချိုင်းထဲ ပေါက်တူးတစ်လက်၊ မီးအိမ်တစ်လုံး၊
ဓားတစ်ချောင်း၊ လက်နှိပ်ဓာတ်မီးနဲ့ တစ်ယောက်တည်းထွက်လာ
တယ်''

''ဒီအချိန်မှာ သင်္ချိုင်းကို တော်ရုံလူ ဘယ်သူသွားဝံ့လဲ၊ ကျုပ်
က ကျုပ်အဘိုး သတ္တိရထားတော့ သွားကိုသွားရဲတယ်၊ ကျုပ်အဘိုး
ကလည်း သူ့မြေးဖြစ်တဲ့ ကျုပ်ကို သူ့ပစ္စည်းယူရာမှာ တွန့်တိုမှာ
မဟုတ်ဘူး၊ ဘယ်လိုဘယ်ပုံဆိုတာတော့ ဝိတ္ထာရချဲ့ပြီး ပြောမနေတော့
ပါဘူး၊ အဘိုးလက်ထဲမှာ မြှုပ်နေတဲ့ ဓာတ်လုံးကို အပါသူနိုင်ခဲ့တယ်၊
ပြောရဦးမယ်...တကယ် အံ့ဩစရာပါပဲ၊ ကျုပ်အဘိုး သေပြီးခဲ့တာ
ဆယ်ရက်ရှိပြီ၊ ဒီအချိန်မှာ သူ့အလောင်းဟာ ရစရာမရှိအောင် ပုပ်နေ
ရမယ်၊ လက်တွေ့မှာတော့ အလောင်းက အေးစက်တောင့်တင်းနေ
တာကလွဲလို့ ပကတိအကောင်းချည်းဗျ၊ ဒါဟာ ဓာတ်လုံးရဲ့အစွမ်းပဲ
ဖြစ်မယ်၊ ကျုပ်ဓာတ်လုံးကို ယူလာတာဟာ အဘိုးက အမွေတစ်ခု
ပေးလိုက်တယ်လို့ပဲထင်တယ်၊ အဲဒါနဲ့ ကျုပ်ဟာ မှောင်ခိုလုပ်တော့တာ
ပါပဲ၊ ကျုပ် နယ်စပ်တွေကိုသွားတယ်၊ တစ်နိုင်ငံကို ဝင်တယ်၊ ဒီက
ပစ္စည်းဟိုပို့ ဟိုကပစ္စည်း ဒီသယ်နဲ့ လုပ်နေတုန်းမှာ အပေါင်းအသင်း
တွေကလည်း စုံလာတယ်၊ အကျင့်ကောင်းတွေကလည်း တ လာ
တယ်၊ လောင်းကစား၊ ပြည့်တန်ဆာ၊ အရက်၊ လူရိုက် ...အို...

www.burmeseclassic.com

www.burmeseclassic.com



စုံရောဗျာ…ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဘာအန္တရာယ်မှ ကျုပ်ကို ကပ်မလာဘူး၊ ကျုပ်က အဆောင်ကောင်းယူထားတာကိုး၊ ဒီလိုနဲ့ ကျုပ် အမေဆုံးရောဗျ…မိဘမရှိ၊ အဘိုးမရှိ အထိန်းအကွပ်မဲ့သွားတဲ့ ကျုပ်ဟာ လုပ်ချင်ရာကို လုပ်နေတော့တာပဲ၊ ဒီအတွင်း ကျုပ်နဲ့ မှောင်ခို ပြိုင်ဘက်တွေကို ကျုပ် ခပ်ကြမ်းကြမ်းခင်းပြီး လူနှစ်ယောက်တောင် နယ်စပ်မှာ သတ်လိုက်တယ်၊ လူသတ်ဖူးတဲ့ကျုပ်ဟာ ဘယ်သူ့ကိုမှ မကြောက်တော့ဘူး၊ သောင်းကျန်းသူတွေကို နယ်စပ်ဖြတ်ရာမှာ ဆက်ကြေးပေး၊ ဂိတ်ကြေးပေးရမယ့်ကျုပ်ဟာ ဒါတွေမပေးဘဲ သူတို့ကို ခေါင်းတုံးပေါ်ထိပ်ကွက်လုပ်လိုက်တဲ့အပြင် သူတို့ဆီက ဖြတ်သန်းသွားခွင့် ပတ်(စ်)လက်မှတ်တောင် ယူနိုင်တယ်''

''တစ်ညမှာပေါ့…ကျုပ်မြို့ကို ပြန်ရောက်ပြီး ပစ္စည်းတွေအတွက် ငွေရှင်းပြီးတဲ့နောက်မှာ ကျုပ်အိပ်တော့ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးတော်လိုလို ဘာလိုလို လူတစ်ယောက်ကို တွေ့ရတယ်၊ သူ့မျက်နှာက ခက်ထန်နေတယ်၊ ကျုပ်ကို အိပ်မက်ထဲမှာ ဘာပြောသလဲဆိုရင်…

''လူမိုက်…နင်နဲ့ ဒီဓာတ်လုံးနဲ့ တန်သလား…ငါက ဒီဓာတ်လုံးကို တွေ့ကိုပေးထားခဲ့တာ…နင်က တွေ့ဆီက ခိုးယူတယ်၊ ဒီဓာတ်လုံးဟာ ဘုရားတရားမရှိတဲ့လူနဲ့ မတန်ဘူး၊ နင်ဟာ ဘုရားတရားမရှိတဲ့လူယုတ်မာပဲ၊ ငါ့ဓာတ်လုံးကို နင်ယူမထားဘဲ စွန့်ပစ်လိုက်၊ ဒီလိုမှမစွန့်ရင် နင်အန္တရာယ်တွေ့ရမယ်' လို့ ကြိမ်းဝါးပျောက်ကွယ်သွားတယ်၊ ကျုပ်အိပ်မက်မှန်းသိတယ်၊ မကြောက်ပေါင်…ကျုပ်



သွေးလေမကောင်းလို့ မက်ချင်ရာ မက်တာပဲ၊ ဒီဓာတ်လုံးကို ကျုပ်ရဲ့ ဂျင်းအင်္ကျီအိတ်ကပ်ထဲမှာ ပလတ်စတစ်နဲ့ထုပ်ပြီး သေချာကိုထည့်ထားတာပဲ၊ ဒါနဲ့ ဒီတစ်ခေါက်တော့ ကျုပ်က ကျောက်စိမ်းတွေယူသွားတယ်၊ ဒေါနတောင်ကို သွားနေကြလမ်းအတိုင်း တခြားမှောင်ခိုသမားတွေနဲ့ ခြေလျင်ဖြတ်တယ်၊ အဲဒီမှာ မိန်းမယောကျ်ားတွေပါတယ်ဗျာ…ပြောမကောင်းပါဘူး၊ ပွဲတော်ကြီးကျနေတာပဲ၊ အဲဒါတွေက မှောင်ခိုကယ်ရီသမားတွေလေ…မကြာပါဘူး၊ စစ်ဆင်ရေးက စစ်ကြောင်းတစ်ကြောင်းနဲ့ ဆုံတော့တာပဲ၊ ဘယ်တုန်းကမှ မဆုံခဲ့တာ ဒီတစ်ခါဆုံတော့ သေပြေးရှင်ပြေး ပြေးကြတာပေါ့၊ စစ်ကြောင်းကလည်း ကျုပ်တို့ကို ဖမ်းတာပဲ၊ ကျုပ်လည်း ခြေဦးတည်ရာပြေးတာ အလဲလဲအကွဲကွဲပေါ့…အဲဒီမှာ ကျုပ်ရဲ့ ကျောက်စိမ်းတွေကျပျောက်ကျန်ရစ်ခဲ့တယ်၊ လူမသေတာတောင် ကံကောင်းပဲ၊ ကရင်ရွာတစ်ရွာကို ရောက်သွားပြီး အဲဒီမှာ ခိုနေလိုက်တယ်လေ၊ ကျောက်စိမ်းတွေကျပျောက်လို့ ကျုပ်လည်း တော်တော်စိတ်ထိခိုက်သွားတယ်၊ ကျုပ်ကရင်ရွာမှာရှိတုန်း ငှက်ဖျားရောဂါစွဲပါလေရော…တကယ်တော့ ကျုပ်တို့ ဖြတ်တဲ့ ဒေါနတောင်တို့ ကုလားမတောင်တို့ဆိုတာ အင်မတန်ငှက်ဖျားကြီးတာကလား''

''ကရင်တိုင်းရင်းသားတွေက ကုပေးလို့ နားလံပြန်ထူသွားပြီး သူတို့ကပဲ သက်နန်းညီနောင်ကို ပို့ပေးကြတယ်၊ ကျုပ်မှာ စရိတ်ကလည်း မရှိတော့ ကွန်ဖြိုင်ဆင်းတဲ့နေ့မှာ တောင်းတောင်းပန်ပန်နဲ့ ဂရိုးသည် ဘတ်(စ်)ကားကို တွယ်စီးရတယ်၊ ဟိုခေတ်ပောင်းက

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်လို အေးအေးချမ်းချမ်း မသွားရဘူးဗျ၊ မိုင်းထိမှာ ကြောက်ရ၊ ချောင်းပစ်မှာကြောက်ရနဲ့…ခုခေတ်မှာတော့ ငြိမ်းချမ်းရေးရထားတော့ စိတ်ချမ်းသာကိုယ်ချမ်းသာသွားရတယ်၊ ဖားအံကို ရောက်လာတယ်၊ ဖားအံရောက်ရင်တော့ မစိုးရိမ်ရတော့ဘူး၊ ဟိုမှာ ကျုပ်နဲ့ လုပ်ငန်းတူ မိတ်ဆွေတွေရှိတယ်၊ သူတို့ဆီက စရိတ်တောင်းပြီး ကျုပ်မြို့ကို ကျုပ် ပြန်လာတာ မြို့လည်းရောက်ရော ငှက်ဖျားက ကျုပ်ကို ပြန်နှိပ်စက် ပြန်ရော…မိတ်ဆွေတစ်စုကောင်းမှုကြောင့် ကျုပ် ဖားအံဆေးရုံမှာ တက်ပြီး ငှက်ဖျားကို နှစ်ပတ်လောက်ကုလိုက်ရသေးတယ်၊ ဒါနဲ့ ကျုပ်မြို့ကို ကျုပ်ပြန်ရောက်လာတယ်”

“အဲဒီမြို့မှာ ကျုပ်က တစ်ကောင်ကြွက်၊ အပေါင်းအသင်း တွေရှိပေမယ့် ကျုပ်က အပေါင်းအသင်းတွေကို အားမကိုးဘူး၊ ကျုပ် အိမ်ကလေးမှာ ကျုပ် ငြိမ်ငြိမ်ကလေးနေလိုက်တယ်၊ ဘာလုပ်ရင် ကောင်းမလဲလို့ စဉ်းစားတယ်၊ ဒီတစ်ခါ ပေါ့ပေါ့ပါးပါးနဲ့ ဘာယူ သွားရင်ကောင်းမလဲပေါ့၊ ကျောက်စိမ်းပဲ ယူသွားမယ်လေ…လက်ငင်းမှာ ကျုပ်ကျွမ်းတာ ဒါပဲရှိတယ်ပေါ့၊ ဒီတစ်ခါတော့ ကျုံဒိုးဘက်က ကော့ကရိတ်ကို ဖြတ်တက်ရင်ကောင်းမလားပဲ၊ အဲဒီမှာ အစစ်အဆေး တွေရှိတယ်၊ ဒီတော့ ဒီဘက်မလှည့်ဘဲ ရနှောင်းကိုသွားရင် ကောင်းမှာပဲ…ခက်တာက ရနှောင်းဆိုတာ ကျုပ်တစ်ခါမှ သွားဖူးတဲ့လမ်း မဟုတ်ဘူး၊ ကော့သောင်းကနေ ဖြတ်ရမှာ…ဒီတော့ အဲဒီကိုသွားမယ့် လမ်းကြောင်းသင့်သူကိုရှာတယ်၊ ကိုသာလှ ဆိုတဲ့လူနဲ့ သွားတွေ့တယ်၊ သူလည်း ကျုပ်လိုကျောက်လုပ်တာပဲ၊ သူက အစိမ်းမဟုတ်ဘူး၊ သူ



လုပ်တာ…အယဉ်တွေကို ထုတ်ယူတာပဲ၊ ကျုပ် သူနဲ့လိုက်သွားတယ်၊ ရှိသမျှ အရင်းအနှီးနဲ့ အစိမ်းတွေကို ဝယ်လိုက်ခဲ့တယ်၊ ခေတ်ပေါင်း တုန်းက အဲဒီဘက်ကို အသွားနည်းတယ်၊ သွားခါနီးမှာ အိပ်မက်မက် ပြန်ကော…အဝတ်ဖြူနဲ့ အဘိုးကြီး ပေါ်လာပြီး..

“လူမိုက်…နင် ကုသိုလ်ကောင်းနေသေးလို့ မသေသေးတာ၊ ဒီဓာတ်လုံးဟာ နင်နဲ့မတန်ဘူး၊ နင့်ကို ဒုက္ခပေးလိမ့်မယ်တဲ့လေ၊ ကျုပ်က အဘိုးကြီးကို ဒေါသဖြစ်ဖြစ်နဲ့ ပြန်ဟောက်ပစ်လိုက်တယ်၊ အဘိုးကြီး ပျောက်သွားတယ်၊ အိပ်မက်က လန့်နိုးလာတဲ့အခါ ကျုပ် အကြောက် ကြီး ကြောက်နေမိခဲ့တယ်၊ ဘယ်တုန်းကမှ မကြောက်တဲ့ကျုပ်ဟာ ဒီဓာတ်လုံးကြောင့် ဒုက္ခတွေ့လိမ့်မယ်ဆိုတဲ့ အစွဲဖြစ်လာတယ်၊ ဒါပေမယ့်လည်း ကျုပ်မှာ ကျုပ် စွန့်စွန့်စားစား ယူလာခဲ့ရတဲ့ပစ္စည်းဖြစ်တဲ့ အပြင် ကျုပ်အဘိုးပစ္စည်းမို့ မစွန့်ပစ်နိုင်ဘူး၊ ကျုပ်စိတ်စွဲလို့ မက်တာ ပဲလို့ပြီးတော့ ကိုယ့်စိတ်ကိုယ် ပြန်ဖြေလိုက်တယ်၊ ကိုသာလှနဲ့ မြဝတ်ကို စက်လှေနဲ့သွားတယ်၊ စက်လှေနဲ့ မြဝတ်ကို ရောက်တယ်၊ ဆိပ်ကမ်း တက်မှာ ရှာဖွေရေးတွေနဲ့တွေ့တော့ ကျုပ်တို့မနည်းကြီးရှောင်ရတယ်၊ ကိုသာလှက မိတ်ဆွေပေါတယ်၊ မြဝတ်မှာ ခဏနေပြီးမှ ကော့သောင် က်တဲ့ စက်လှေနဲ့ ကော့သောင်ကိုလိုက်လာတယ်၊ မြဝတ်တို့ ကော့ သောင်တို့ဆိုတာ ဟွန်ဒါဆိုင်ကယ်ကလေးတွေနဲ့ ယောက်ျားရော မိန်းမ ပါ သွားနေကြတာ အတော်ကြည့်ကောင်းတာပဲ၊ ကော့သောင်ကို ရောက်တော့ စက်မော်တော်နဲ့ တစ်ဘက်ကမ်းက ရနှောင်းကို ကူးကြတယ်၊ တစ်ဘက်နိုင်ငံရဲ့ နယ်မြေကို နင်းမိကြပြီပေါ့၊ ကိုသာလှက

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို လမ်းမှာ ဘာပြောထားသလဲဆိုရင် ရနောင်းရောက်ရင် ဗန်ကောက်ကို ဘတ်(စ်)ကားစီးမယ်၊ အဲဒီက ပုလိပ်တွေလာရင် ကားပေါ်မှာ မြန်မာစကားမပြောဘဲ ငြိမ်နေလိုက်၊ မျက်နှာပေါ်ကို သတင်းစာအုပ်ပြီး ငြိမ်ငြိမ်နေလိုက်လို့ မှာထားတယ်၊ သူတို့ဆီမှာ အိပ်နေတဲ့လူရှိရင် မနှောင့်ယှက်ရဘူး၊ လူမှုရေးတစ်ခုပေါ့၊ ကျုပ်နဲ့ ကိုသာလှက ဘတ်(စ်)ကားပေါ်မှာ မျက်နှာကို သတင်းစာအုပ်ပြီး အိပ်ချင်ယောင်ဆောင်နေကြ...ယ်၊ ...တီတွေကို ကျုပ်တို့က တစ်ပတ်ရိုက်လိုက်တာပါပဲ၊ ကျုပ်တို့ကလည်း ဘောင်းဘီအင်္ကျီတွေ ရှိုးကျကျဝတ်ထားတော့ သူတို့က သင်္ကာမကင်းဖြစ်ဟန်မတူဘူး၊ ကားပေါ်က ဆင်းသွားကြ...တယ်၊ ဒါနဲ့ ကားကထွက်ရောဗျာ...ဘန်ကောက်မရောက်ခင် ရွာ...တစ်ရွာမှာ ဝင်နားတော့ ကျုပ်နဲ့ ကိုသာလှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်...မှာ ထိုင်ဖြစ်ကြတယ်၊ အဲဒီမှာ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ကျုပ်ပါးစ...က ထွက်သွားသလဲမသိဘူး၊ ဗန်ကောက်ရောက်ဖို့ ဘယ်လောက်...သေးသလဲလို့ မြန်မာစကားနဲ့ မေးမိတယ်၊ အဲဒီနားမှာ အရပ်ဝတ်...ပုလိပ်တစ်ယောက်ရှိတယ်၊ ကျုပ်ပြောတဲ့ မြန်မာစကားကြောင့် မြန်...တွေမှန်းသိတာနဲ့ ပတ်(စ်)ပို့တောင်းတော့တာပဲ''

''ကျုပ်တို့မှာ ပတ်(စ်)ပို့မှ မရှိတာ အဖမ်းခံရတော့တာ...ထွက်ပြေးလို့ကလည်း မဖြစ်ဘူး၊ တခြားပုလိပ်တွေရောက်လာတ...သူတို့စခန်းခေါ်သွားတော့တာပဲ၊ အဲဒီမှာ ပြဿနာဖြစ်တာပေါ့၊ ကိုသ...က သူတို့စကား နည်းနည်းပါးပါးတတ်တော့ ညှိတယ်၊ နောက်...ကျုပ်တို့မှာပါတဲ့ပစ္စည်းတွေ ပေးခဲ့ရပြီး လူလုံးချည်း ပြန်လာခဲ့ရ...



ရနောင်း ပြန်ရောက်တော့ ကျုပ်အပြောမှားလို့ ပစ္စည်းတွေ အသိမ်းခံရတဲ့အကြောင်း ကိုသာလှက ဒေါပွပြီး ကျုပ်ကို ဆူတော့တာပဲ၊ ကျုပ်ကလည်း တောင်းပန်ရတော့တာပေါ့...နှုတ်က ဘယ်လိုကဘယ်လို ထွက်သွားမိလဲမသိဘူး၊ အဲဒီမှာ ဒေါသဖြစ်နေတဲ့ ကိုသာလှနဲ့ လမ်းခွဲခဲ့တယ်၊ ကျုပ်မှာ သူတောင်းစားပမာ လမ်းစရိတ်ကလေး ဟိုလူ့တောင်း သည်လူ့တောင်းနဲ့ ကော့သောင်ကို ပြန်လာရတယ်၊ ကော့သောင်ရောက်တော့ တစ်ဘက်ကမ်းသွားမှုနဲ့ အဖမ်းခံရတော့တာပဲ၊ ကျုပ် ငိုချင်သွားတယ်၊ ဒါပေမယ့် ကျုပ်မိတ်ဆွေတစ်ယောက်ကို ပမျှော်လင့်ဘဲ သွားတွေ့တယ်၊ သူက ကျုပ်ပစ္စည်းသွင်းနေတဲ့လူ၊ သူက ကျုပ်ကို အကျိုးအကြောင်းမေးပြီး ဆိုင်ရာပိုင်ရာနဲ့ အကျိုးအကြောင်း ရှင်းပြောပြတော့ ကျုပ်လွတ်လာတာပေါ့''

''ကျုပ်ဟာ ကျုပ်ပိုင်တဲ့ ဓာတ်လုံးအပေါ် သံသယဖြစ်လာတာပေါ့၊ အိပ်မက်ထဲက အဘိုးကြီးစကားကို ပြန်စဉ်းစားမိလာတယ်၊ ဒါပေမယ့် နှမြောတတ်တဲ့ ကျုပ်စိတ်က ဒီပစ္စည်းကို မစွန့်ပစ်မိဘူး၊ ကျုပ်မိတ်ဆွေကောင်းမှုကြောင့် ကျုပ်မြို့ကို ကျုပ်ပြန်ရောက်လာခဲ့တယ်ပေါ့၊ ရှိသမျှကလေးတွေ ပုံအောလိုက်တဲ့အတွက် ကျုပ်မှာထပ်ပြီး ရင်းနှီးအကောင်အထည်ဖော်စရာဆိုလို့ တစ်ပြားမှ မကျန်တော့ဘူး...ကျုပ်မှာ ရင်းနှီးတဲ့မိတ်ဆွေတွေ အိမ်မှာပဲလိုက်ပြီး ဟိုအိမ်ဝင်စား၊ ...အိမ်ဝင်စားနဲ့ ထမင်းတလုတ်ကို လျှို့ဝှက်စွာပါသူတောင်းစားအဖြစ် ...စားနေခဲ့ရတယ်၊ ရှက်တော့လည်း ရှက်တာပေါ့ဗျာ...ရှက်တာ...ဗိုက်ပြဿနာက အရေးကြီးတယ်မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



"ဒီအထဲ ငှက်ဖျားကလည်း ဝင်လာသေး…ဟိုကပြော ဒီက ပြော ဆေးမြီးတိုတွေကို ကျုပ် သုံးလိုက်သေးတယ်၊ ကျုပ်မှာ လက် ဝါးချည်းဖြစ်နေတော့ ခေတ်မီအင်္ဂလိပ်ဆေးတွေကို ဘယ်လိုသုံးနိုင်မလဲ၊ ဒါတွေက ပိုက်ဆံကုန်တယ်လေ…အမယ်…မြန်မာဆေးမြီးတိုတွေကို လည်း အထင်မသေးနဲ့ဗျို့…မိတ်ဆွေအမျိုးသမီးတစ်ယောက်ရဲ့ အကြံ ပေးချက်အရ ကြက်ဥပြုတ်ထဲ ငြုတ်ကောင်းစေ့သက်စေ့မြုပ်စားလိုက် တာ ကျုပ် ငှက်ဖျားဟာ ငါးနေနင်သွားပြီး တစ်ခါတည်း ပြေးရော့ဗျို့၊ ဒီနေ့အထိ ငှက်ဖျားမလာတော့ဘူး မိတ်ဆွေရေ…"

* * *



"ကျုပ် ဘာလုပ်ရမလဲ၊ ကျုပ်က တစ်ကောင်ကြွက်၊ ပညာ ကလည်း ဆယ်တန်းတောင်မအောင်ပဲ တစ်ပိုင်းတစ်စ…ဘယ်သူက ကျုပ်ကို အလုပ်ခန့်မှာလဲ၊ ကျုပ်လုပ်တတ်တာက စမတ်ဂလာ (Smugler)အလုပ်၊ မြန်မာလိုမပြောရဲလို့ အင်္ဂလိပ်လိုပြောတာဗျာ… ဒါပဲ ကျုပ်ပြန်လုပ်စရာရှိတယ်၊ ဒီတော့ ကျုပ် နေကောင်းလာတဲ့တစ်နေ့ ကျုပ်အိမ်ကို ကျုပ် အပြတ်ရောင်းပစ်လိုက်တယ်၊ ဒီတစ်ချီတော့ ...ပင်းမလုပ်တော့ဘူး၊ ငွေသားတွေချည်း ယူသွားမယ်၊ နယ်စပ်ရောက် ...တ်ငွေနဲ့လဲပြီး အထည်အလိပ်တွေကို ကယ်ရီနဲ့ သွင်းယူလာမယ် ...ကိုက်ကူးလိုက်တယ်၊ အဲဒီခေတ်က ပစ္စည်းရှားတော့ နိုင်ငံခြားပစ္စည်း ...မှန် တွက်ခြေကိုက်တာချည်းပဲ၊ အထည်အလိပ်လည်း ဖြစ်တာပဲ ...ပ်ကနေ မော်လမြိုင်ထိသွင်း…ဟိုမှာ ဒုန်းပြန်ရောင်းချင်ရောင်း၊

www.burmeseclassic.com

www.burmeseclassic.com



မရောင်းချင်ရင် ရန်ကုန်ထိသယ်၊ ကယ်ရီလုပ်တာမှာ မိန်းကလေးတွေက အတော်ဆုံးပဲ၊ လျှင်လည်းလျှင်ကြတယ်၊ တစ်ခေတ်တစ်ခါက အဖြစ်ကို ပြောတာနော်၊ ရထားပေါ်မှာပါလာတဲ့ မိန်းကလေးဟာ ရန်ကုန်က မော်လမြိုင်ထိ ပိန်ပိန်လေးပဲ၊ မော်လမြိုင်က ရန်ကုန်ထိလည်း ပြန်ရော ဘာအားတိုးဆေးမှမစားရဘဲ ဝဝကြီးဖြစ်နေရော၊ သူတို့ကိုယ်မှာ အထည်တွေပတ်လာတာကိုး၊ ရှာဖွေရေးနဲ့ တွေ့လို့ကတော့ မိရင်လည်းခံ၊ မမိရင်လည်းလွတ်ပဲ၊ လုပ်ရတာ စိတ်ညစ်စရာကြီးဗျာ၊ ခေတ်ဟောင်းစနစ်က ခုခေတ်လို ပုဂ္ဂလိကတွေကိုမှ အခွင့်အရေးမပေးဘဲ ဖောင်တိန်လေး ကိုယ်ပိုင်လုပ်မိရင်လည်း ဖမ်း၊ ဓာတ်ခဲလေးကိုယ်ပိုင်လုပ်မိရင်လည်းဖမ်း၊ ဘာကြီးမှန်းကိုမသိဘူး၊ ဒီအထဲစာရေးဆရာ မဖြစ်တစ်ဖြစ်တစ်ယောက်က ရွှေဉာဏ်တော်ရှုးရောက်ပြီး ဝတ္ထုစာအုပ်အငှားဆိုင်တွေကို ဝင်ငွေခွန်ကောက်သင့်ပါတယ်လို့ မတော်မတဲ့ ရေးသူကရေး…ခေတ်ဟောင်းမှာ အဓိန္နလတုံးဦးနှောက်တွေနဲ့ လုပ်နေခဲ့ကြလို့ စနစ်မအောင်မြင်ခဲ့ဘူးလို့ ကျုပ်ထင်တာပဲလေ၊ ဒါက ကျုပ်အလုပ်မဟုတ်ပါဘူး''

''ကျုပ်အလုပ်က ကျုပ်အကြောင်းပြောဖို့ပဲ…ကျုပ်ငွေတွေရတာနဲ့ နယ်စပ်ကို ခြေလျင်ပြန်ဖြတ်ခဲ့တယ်၊ ဘူဘင်သီးလည်းစား၊ လေးသံလည်းနားထောင်ပေါ့၊ သောင်းကျန်းသူတွေ ဂိတ်ကျတော့ ကျုပ် နည်းကျုပ်ဟန်နဲ့ ဂိတ်ကြေးမပေးရဘဲ သွားလာခွင့် ပတ်(စ်) လက်မှတ်ကိုယူလိုက်တယ်၊ အဲဒီတုန်းက အဲဒီကောင်တွေက ခုခေတ်လို တစ်နိုင်ငံမှာ မျက်နှာငယ်ကလေးနဲ့ ခြေကုပ်သွားယူကြတာထက် အဲဒီနိုင်ငံမှာ သူတို့စခန်းတည်ပြီး နိုင်ငံထဲလိုက်ထွက်လိုက်နဲ့ သစ်တွေခိုးထုတ်၊ သယံဇာတပစ္စည်းတွေ ခိုးထုတ်နဲ့ တကယ့်လက်ပံပင်ဆက်ရက်ကျသလို ပွဲတော်ကြီးဖြစ်နေလိုက်ကြတာဗျာ… တစ်ဘက်နိုင်ငံလည်း အဲဒီကောင်တွေ သောင်းကျန်းသူတွေကြောင့် ပိုချမ်းသာသည်ထက် ချမ်းသာသွားတော့တယ်၊ ယခုခေတ်လည်းရောက်ရော ဒီကောင်တွေ စားပေါက်ပိတ်တော့တာပဲ၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်လာတော့ ဒီကောင်တွေကို အပြီးအပိုင် ဒီနယ်မြေက မောင်းထုတ်ပစ်လိုက်တာပဲ၊ အင်း…ပြောရင်း ဒါတွေပါလာပြန်ပြီ၊ ကျုပ်က သွားလာခွင့်လက်မှတ်လည်းလုပ်ပြီးရော ဂိတ်တွေအဆင့်ဆင့်ဖြတ်တာ မော့ဖိုးကေဂိတ်ကျမှ အဖမ်းခံရတော့တာပဲ၊ အဲဒီက ဒီခေတ်ဟောင်းတုန်းက သူတို့ရဲ့ အကြီးအကျယ်စခန်းဗျ၊ ကျုပ်က အတင့်ရဲပြီး အဲဒီက ဖြတ်တာကိုး၊ ဂိတ်က ကျုပ်သွား လာခွင့်လက်မှတ်ကို စစ်လိုက်တော့ အတုကြီးဖြစ်နေတာ သိတာပေါ့၊ သူတို့ ဒေါပွကုန်တာပဲ''

''ကျုပ်ကို စခန်းတာဝန်ခံဆီ ခေါ်သွားတယ်၊ သူက ကပ္ပတိန်ပေါ့၊ ကျုပ် သေတော့မယ်ဆိုတာ ကျုပ်သိတယ်၊ ဒါဓာတ်လုံးကြောင့်ဖြစ်တာပဲလို့ ထင်လိုက်တယ်၊ စခန်းတာဝန်ခံ ကပ္ပတိန်နဲ့တွေ့ရော… သူက ကျုပ်ကို နားရင်းပါးရင်းအုပ်ပြီး စစ်တော့တာပဲ၊ သူ့ကို ကျုပ်မြင်ဖူးတယ်လို့ထင်တယ်လေ၊ သူက ကပ္ပတိန်စောဒင်းနစ်ပေါ့၊ ကျုပ်ကလည်း မထူးတော့တာမို့ ဂိတ်ကြေးမပေးချင်လို့ လက်မှတ်အတုလုပ်ပြီးဖြတ်သန်းလာတဲ့အကြောင်း ပြောလိုက်တယ်၊ သူက ကျုပ်အမည်တွေ၊ နေရပ်တွေ၊ မိဘတွေကိုပါ မေးတယ်၊ သေရမယ့်အတူတူ မထူးတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ကျုပ် မပြောချင်ပေမယ့်လည်း ပြောမိတယ်၊ တကတည်းဗျာ…အဲဒီ ဗိုလ်ကြီးစောဒင်းနစ်ဆိုတာ ကျုပ်မျက်နှာကိုကြည့်ပြီး မျက်ရည်တွေ ကျလာတော့တာပဲ၊ ကျုပ်က အံ့အားသင့်နေတုန်း "လူကလေး… သား…မင်း ငါ့မျက်နှာကို ကြည့်စမ်း၊ ငါ မင်းအဖေ အံ့ကြီးမောင် လေကွာ" လို့ ပြောတယ်၊ ဒီတော့မှ ဒီမျက်နှာကို မြင်ဖူးပါတယ်ဆို တာ ကျုပ်အဖေမှန်းသိတော့ အမယ်လေး အဖေရယ်ဆိုပြီး ကျုပ်လည်း သူ့ကို ဖက်ငိုတော့တာပဲ၊ ရှိုးရှိုးငိုတာထက် ပိုငိုပြလိုက်တယ်၊ သူက ကျုပ်ကို မသတ်ရအောင်လေ…ထင်တဲ့အတိုင်းပဲ မသတ်ပါဘူး… သူက အထက်ကိုတင်ပြပြီး ကျုပ်ကို လွတ်အောင်လုပ်ခဲ့တယ်၊ ကျုပ် က ပြေးချင်လှပြီ…ကျုပ်အဖေလို အရက်သောက်၊ လာဘ်စား၊ မိန်းမမူ ပွေခဲ့တဲ့လူက ဒီမှာ စောဒင်းနစ်အမည်ခံပြီး သောင်းကျန်းသူဗိုလ်လာ ဖြစ်နေတာ ဘာကြောင့်လည်းမသိပါဘူးဗျာ…သူက ကျုပ် ဒါကို မေးလည်း မပြောဘူးဗျ"

"အေး…ကျုပ်ကလည်း အဘိုးဆီက ဓာတ်လုံးယူခဲ့တဲ့ အကြောင်း မပြောဘူး၊ ပြောလည်း သူက ဒီဓာတ်လုံးကို ဓာတ်ပြား တို့ကို စိတ်ဝင်စားတာမဟုတ်ဘူး၊ အဆိုးဆုံးက သူဟာ ကျုပ်ကို သောင်းကျန်းသူအဖြစ် သွတ်သွင်းလိုက်တာပဲ၊ စစ်ရေးပြရတယ်၊ ကျုပ် တစ်သက်မှာ မကိုင်ဖူးတဲ့ သေနတ်တွေ ကိုင်ခဲ့ပစ်ခတ်ခဲ့ရတယ်၊ ကျုပ် သတ္တိမည့်ပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ မှောင်ခိုလုပ်ရင်လုပ်မယ်၊ နိုင်ငံတော်ကို အာခံတဲ့အလုပ်ကို မလုပ်ဘူး၊ ဒါကြောင့် တပ်မတော်နဲ့ တိုက်ပွဲဖြစ်ပြီဆိုရင် ကျုပ် ပုန်းနေလိုက်တယ်၊ လေထဲသေနတ်မြှောက်



ပြီး လေးငါးခြောက်ချက်လောက်ဖောက်တယ်၊ ကျည်ဆန်တွေလျော့ အောင် လွှင့်ပစ်ပြီး သူများပြေးရင် ကိုယ်ပါရောယောင်ပြေးတာပဲ၊ ခေတ်တွေကပြောင်းလာပြီလေ…ခုခေတ်မှာ ကျုပ်တို့အားလုံး တိုက်ပွဲ မှာ အထိနာပြီး မြန်မာ့တပ်မတော်က မောင်းထုတ်လိုက်လို့ ဒီဘက်ကို ရောက်လာကြတယ်၊ စားပေါက်လည်း မချောင်တော့ဘူး၊ အဖေက ကျုပ်စားသာအောင် နေတာကို ရိပ်မိတယ်ထင်ပါရဲ့…ဟော့ကောင် ကိုဖြူ…မင်းမဆိုးဘူး၊ ညာတာပါတေးနေတတ်တယ်၊ လောကမှာ ဟိုကွေ့ရောက်၊ ဟိုတက်နဲ့လျှော်၊ ဒီကွေ့ရောက် ဒီတက်နဲ့လျှော်ရတယ် ကွ၊ ငါ အခုသောင်းကျန်းသူတွေဆီရောက်တော့ သူတို့အကြိုက်ဆောင် ပြီး စားသာအောင်လုပ်ခဲ့လို့ ဒီနေရာကိုရောက်တာကွ၊ ငါ့သားကို ချမ်းသာအောင်တော့ အဖေလုပ်ပေးမယ်လို့ တီးတိုးစကားပြောတယ်၊ ကျုပ်က ကျွန်တော်တို့ ကမ္ဘာလှည့်ပြီး သူတောင်းစားအဖြစ် လိုက် တောင်းမှာလားလို့ မေးတော့ အဖေက ဆဲတော့တာပဲ"

"ကျုပ်တို့သောင်းကျန်းသူခေါင်းဆောင်ကြီးတွေက ဒုက္ခသည် စခန်းတွေပြပြီး ကမ္ဘာကို မျောက်ပြဆန်တောင်း…ငပေါက်ပြ ဒေါ်လာ တောင်း လုပ်ခဲ့ကြတာကိုး…အဲဒါနဲ့ ကျုပ်မှာ တစ်ဘက်နိုင်ငံ နယ်စပ် မှာ အဖေနဲ့အတူ သောင်တင်ကျန်ရစ်ရင်း ရေချိုးခန်းသွားလိုက်၊ အနှိပ် ခန်းသွားလိုက်၊ လောင်းကစားဝိုင်းသွားလိုက်နဲ့ အချိန်ဖြုန်းနေခဲ့တယ်၊ ဒီနေ့လည်း အဲဒီအတိုင်းပဲ၊ အဲဒီမှာ အဖေဟာ အဲဒီနိုင်ငံက 'ထရံယွန် ချိုင်း' ဆိုတဲ့ သူဌေးနဲ့ သိကျွမ်းခင်မင်လာတယ်၊ ထရံယွန်ဆီချိုင်း ဟာ ဓနတော်ကြီးချမ်းသာတယ်၊ စက်ရုံတွေ ကုမ္ပဏီတွေလည်း ရှိနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောက်မှာရှိတယ်၊ သူ့ကို အဝိုကောက် ယွန်ဆီချိုင်းလို့ပဲ ခေါ်ရအောင်၊ ယွန်ဆီချိုင်းဟာ ကျောက်မျက်ရတနာလည်း မှောင်ခိုလုပ်တယ်၊ တစ်နေ့တော့ အဖေက ကျုပ်ကိုပြောတယ်၊ သားရေ…အဖေ စောင့်နေတဲ့ အခွင့်အရေးကတော့ လာနေပြီ…ဒီတစ်ချီ ပွဲကြီးပွဲကောင်းပဲတဲ့… ကျုပ်က ဘာလဲမေးတော့ ယွန်ဆီချိုင်းဆီမှာ အမေရိကန်ဒေါ်လာ သုံးသိန်းလောက်တန်တဲ့ ပတ္တမြားကြီးတစ်လုံးရှိတယ်၊ အဲဒီပတ္တမြားကြီးဟာ မြန်မာနိုင်ငံက လူတစ်စုနဲ့ ဒီနိုင်ငံမှာ လာနေတဲ့ လူတစ်စုပေါင်းပြီး မန္တလေးကနေ မှောင်ခိုထုတ်လိုက်တာ ယွန်ဆီချိုင်းက ဝယ်ပြီး သူ့လက်ထဲရောက်နေတယ်တဲ့၊ မန္တလေးမှာ အဲဒီမှောင်ခိုတစ်စုကို ဖမ်းမိလို့ နိုင်ငံတော်က ထောင်ချအပြစ်ပေးလိုက်တဲ့အကြောင်း အဖေက ပြောပြတယ်၊ ဒီတော့ ကျုပ်က အဖေရယ်…ဒီပတ္တမြား ယွန်ဆီချိုင်းလက်ထဲရောက်တာနဲ့ ကျွန်တော်တို့နဲ့ ဘာဆိုင်သလဲမေးတော့…ဟာ…မင်း တယ်အပါလား၊ ငါ့သားမဟုတ်သလိုပဲ…ယွန်ဆီချိုင်းကိုသတ်ပြီး ပတ္တမြားကိုယူရုံပေါ့ကွ၊ သူ့ပတ္တမြားက မီးခံသေတ္တာထဲမှာထားတာ ငါသိတယ်လို့ပြောတယ်၊ ဒေါ်လာသုံးသိန်းတန် ပတ္တမြားဆိုတော့လည်း ကျုပ် အရမ်းစိတ်ဝင်စားသွားတယ်၊ ရရင် ကျုပ်တို့သားအဖ တစ်ယောက်တစ်ဝက်ဆီယူကြဖို့ သဘောတူတယ်၊ ယွန်ဆီချိုင်းက ဗန်ကောက်မှာနေတယ်၊ တစ်နေ့ ကြုံချင်တော့ ကျုပ်တို့သားအဖကို ဗန်ကောက်ကို သူနဲ့လိုက်လည်ဖို့ ဖိတ်တာ…ကျုပ်တို့အဖို့ ရေငတ်တုန်း ပီအမ်ဂျီနဲ့ တွေ့သလို အတော်ဖြစ်သွားတယ်၊ ပီအမ်ဂျီက သောက်ရေသန့်မဟုတ်လား၊ တိုတိုပြောရရင် ကျုပ်တို့



ဗန်ကောက်ကို လိုက်သွားတယ်၊ ယွန်ဆီချိုင်းအိမ်မှာ တည်းခိုပြီး ပတ္တမြားကြီးကို အပိုင်ကြံတော့တာပေါ့၊ ဝမ်းနည်းစရာကောင်းတာက ပတ္တမြားကြီးတော့ ရပါရဲ့၊ ပစ်ကြခတ်ကြဖြစ်ရင်း အဲဒီတိုက်ပွဲမှာ အဖေလည်းသေ ယွန်ဆီချိုင်းရော သူ့မိန်းမပါ သေတယ်၊ အဖေကတော့ ယွန်ဆီချိုင်းရဲ့ အိမ်စောင့်တပည့်တွေလက်ချက်မိသွားတာကိုး''

''ကျုပ်ကတော့ ပတ္တမြားနဲ့အတူ လွတ်လာတယ်၊ ကုသိုလ်ကံပဲလား…ကျုပ်ရဲ့ ဆောင်ထားတဲ့ ဓာတ်လုံးကြောင့်ပဲလားမသိဘူး၊ ကျုပ် ဗန်ကောက်နဲ့ဝေးရာကိုပြေးခဲ့တယ်၊ နောက်ဆုံး ဒီပတ္တမြားကို အမှီပြုပြီး ကျုပ်လုပ်အား ကျုပ်စွမ်းအားတွေနဲ့ နှစ်ပေါင်းအတော်ကြာမှ ချမ်းသာလာတာပဲ၊ ကျုပ်မှာ သင်္ဘောတွေရှိတယ်၊ နိုင်ငံနှစ်ခုသုံးခုရဲ့ ဘဏ်တွေမှာ ကျုပ်ပိုင်ငွေတွေရှိတယ်၊ ကျုပ်မှာ တပည့်လက်သားတွေရှိတယ်၊ နှစ်စဉ် ကျုပ်မှာ အမေရိကန်ဒေါ်လာ သိန်းငါးဆယ်လောက် ဖြန့်နိုင်အားရှိတယ်၊ ကျုပ်ချမ်းသာလာပေမယ့် နိုင်ငံတွေမှာ ကျုပ်မနေပါဘူး၊ မြန်မာနိုင်ငံနဲ့ ပြည်ပနိုင်ငံတစ်ခုရဲ့ ကျွန်းကြီးတစ်ကျွန်းကြားမှာရှိတဲ့ (Green Island)ခေါ်တဲ့ စိမ်းသာယာကျွန်းမှာ ကျုပ်နေတယ်၊ အဲဒီကျွန်းဟာ မြန်မာ့ရေပြင်ပိုင်နက်ထဲမှမဟုတ်ဘဲ မြန်မာ့ရေပြင်ပိုင်နက်မှ ရေမိုင် တစ်ရာ့နှစ်ဆယ်အကွာမှာရှိနေတယ်၊ ဒါ…ကျုပ်ရဲ့အကြောင်းပါပဲ''

***

www.burmeseclassic.com

www.burmeseclassic.com



ခေတ်လမ်းစဉ် (၄)

ရေလှိုင်းကလေးတွေ တဖျတ်ဖျတ် ရိုက်ခတ်သံကို ကြားနေရသည်။

မော်တော်ထဲတွင် အိပ်မိနေသော သူ့အဖို့ အဲသည်ရေလှိုင်းသံကလေးတွေကြောင့် နိုးလာခြင်းထက် တစ်ဦးတစ်ယောက်သည် မော်တော်ပေါ် တွယ်တက်လာသည်ဟူသော အသိနှင့် အသံကြောင့် နိုးလာခဲ့၏။

သူ အအိပ်ဆတ်သည်။

မြစ်ရေသည် မော်တော်ပဲ့စင်နားသို့ တသွင်သွင်ဖြတ်သန်းစီးဆင်းနေသည်။ မြစ်အတွင်း တိုက်ခတ်သောလေသည် မအေးမြဘဲ နွေးနေသည်။ မော်တော်ဝမ်းတွင်းကုန်းပတ်ပေါ်မှာ အိပ်နေသော သူ့အဖို့ အိုက်စပ်သယောင်ရှိနေတာကို ကျေးဇူးတင်ရမလို။



အဲသည် အိုက်စပ်သယောင်ရှိမှုကြောင့် သူ မနိုးတစ်ချက် နိုးတစ်ချက် ဖြစ်နေခိုက် တစ်ဦးတစ်ယောက်က မော်တော်ပေါ်တက်တာကို သိမ့်ခနဲ ခံစားလိုက်ရသည်။

မော်တော်ပိုင်ရှင် သူ့သူငယ်ချင်းနှင့် ပဲ့မောင်းက ညကိုးနာရီခွဲ ပွဲ ရုပ်ရှင်ကြည့်မည်ပြောပြီး ယခုထိ ပြန်မလာသေး။

မြစ်တွင်းမှာတော့ မည်းမှောင်တိတ်ဆိတ်နေသည်။

ရေယာဉ်များ သွားလာဖြတ်သန်းသံကိုမှမကြားရ။

မော်တော်ထဲတွင် သူတစ်ယောက်တည်းပဲရှိသည်။ သူက ဆိပ်ကမ်းမှ ထွန်းထားသောမီးရောင်သဲ့သဲ့ကြားမှ မြင်နေရသော မော်တော်ဦးပိုင်းကို စိုက်ကြည့်နေ၏။

မည်းမည်းသဏ္ဌာန်တစ်ခုသည် ဦးပိုင်မှလာနေ၏။ ခြေသံမကြားအောင် ချွတ်နင်းလာနေသဖြင့် လူကောင်းတော့မဟုတ်နိုင်။

သူ့သူငယ်ချင်းမော်တော်ပိုင်ရှင်နှင့် စက်မောင်းသမားလည်း မဖြစ်နိုင်။

ဝင်လာပုံက ရန်မူလိုသည့်ပုံ။

သူဆိုသော ဂျက်စနေတွင် ရန်သူတွေရှိကြသည်။ သူ့ကို မလိုသော ရန်သူများသည် အမြတ်ကို မတရားစားသော စီးပွားရေးသမားများ။ စီးပွားရေးသောင်းကျန်းသော စီးပွားရေးသမားများ၊ နိုင်ငံ၏ မျက်နှာကိုမထောက် ပြည်သူ၏မျက်နှာကိုမထောက်ဘဲ ကုန်ဈေးနှုန်း ပြုံးပြင့်အောင် ပြုလုပ်သူများနှင့် သူက ရသမျှတွေကို ဆင်းရဲသားများ

www.burmeseclassic.com

www.burmeseclassic.com



ထံ လှူပစ်ရာ၌ မလိုတမာလိုချင်သော လောဘတက်နေကြသော ဒုစရိုက်သမားများဖြစ်၏။

ရဲများကိုတော့ သူက ရန်သူအဖြစ် မသွတ်သွင်းပါ။ ရဲဟူသည် ဥပဒေဘက်တော်သားဖြစ်သောကြောင့် ဒုစရိုက်သမားတစ်ယောက်က ကောင်းတာပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ် ဒုစရိုက်နှင့်ယှဉ်လာလျှင် ဥပဒေအရ ဖမ်းဆီးမည်သာဖြစ်၏။

ဂျက်စနေသည် ဥပဒေအရ အဖမ်းခံရမည့်သူဖြစ်သည်။

သူကတော့ သူ့ကိုယ်သူ နှစ်ဆယ့်တစ်ရာစု မြန်မာ 'ရော်ဘင်ဟု' လို့ ယူဆထားခဲ့သည်။

သူက ကျွမ်းကျင်သောဖောက်ထွင်းရေးသမား။

သူဖောက်ထွင်းခဲ့သည်က အထက်ဖော်ပြခဲ့သော စီးပွားရေး လောဘသမားများ၏ အဆောက်အဦသာဖြစ်သည်။ စီးပွားရေးလောဘ သမားများ၏ စည်းစိမ်ဥစ္စာများသာဖြစ်သည်။

သူ့အတွက် သူရထားသော ဝေစုဟူ၍မရှိ။

ဂျက်စနေမှာ ရသမျှတွေကို ဆင်းရဲသားလက်လုပ်လက်စားများ ကို နည်းအမျိုးမျိုးနှင့် ဝေငှပေးလှူနေခြင်းမို့ သူ့အတွက် စည်းစိမ်ဥစ္စာ မရှိပါ။

သည်အတွက် သူ မမှု။

သူလုပ်လိုသော အများအတွက် ဖြတ်လမ်းနည်းနှင့်လုပ်ရ လျှင် ဤနည်းသာလျှင် ရှိသည်ဟု ယူဆခဲ့သည်။

သူလုပ်တာကို ရဲကသိသည်။ ခံရသူတွေက သိသည်။ သိ



ကစား လက်ဆုပ်လက်ကိုင် မပြနိုင်သဖြင့် အံတကြိတ်ကြိတ်ပဲ ခံရသူ တွေက ရှိနေခဲ့ကြသည်။

သဏ္ဍာန်သည် မော်တော်ဦးမှ မော်တော်ဝမ်းထဲ ရောက်လာ၏။

ဂျက်စနေ အိပ်နေသော မော်တော်သည် သစ်သားမော်တော်ဖြစ်၍ ကုန်ချိန်ထက် လူတင်ဆောင်နိုင်သော ခရီးသည်မော်တော် သို့မဟုတ် မော်တော်အလတ်စားဖြစ်၏။

ဂျက်စနေတွင် ခုခံဖို့ မည်သည့်လက်နက်မှမရှိ။

အနီးအပါးတွင် ဘာလက်နက်မှ ရှာဖို့မလွယ်။

သူသည် ကိုယ်ခံပညာထက်မြက်မှုကိုပဲ အားကိုးတာကြောင့် ဒေါသအယာပင် ခိုးကြောင်ခိုးဝှက်လာသော သဏ္ဍာန်၏ ချဉ်းကပ်မှု ကို စောင့်ကြည့်နေသည်။

ပေါ့ပါးသွက်လက်မှုနှင့် လူသဏ္ဍာန်က အနီးရောက်လာပြီး သူ့ခေါင်းကို တစ်စုံတစ်ခုနှင့် တအားရိုက်ချလိုက်သည်။

ဒုတ်...

ဝုန်း...

ဂျက်၏ လျှင်မြန်မှုက ဂျက်လေယာဉ်ကတောင် အရှုံးပေးရရဲ့။ ဂျက်၏ ကိုယ်က အံရာဝတ္ထု သူ့ခေါင်းပေါ် အရှိန်ပြင်းစွာ ကျကျချင်း တစ်ဘက်သို့ စောင်းငဲ့လိုက်မိပေးလိုက်သည်။ တစ်ချိန်တည်းမှာပဲ ညာ ခြေထောက်နှင့် တိတ်တဆိတ်ဝင်လာသူ ရန်ပြုသူရဲ့ဝမ်းဗိုက်ကို ဆောင့် ကန်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ခနဲထိသံက လွဲချော်သွားသောရိုက်ချက်ကြောင့် မော်တော်ကိုယ်ထည်နှင့် ထိလိုက်သံ။

ဝုန်းခနဲ ပြိုကျသွားသံက ရန်သူ၏ ကိုယ်က မော်တော်ကိုယ်ထည်ပေါ် လဲကျသွားသံ။

ဂျက်စနေက ဆတ်ခနဲ ထရပ်ပြီးချေပြီ။

အသည်အတွင်းမှာ တဘက်ရန်သူက ထရပ်ပြီးပါပြီ။

မြန်လည်းမြန်ပါရဲ့။

ဂျက်စနေ၏ခေါင်းကို မိုးတည့်စွာရိုက်သည်။ ဂျက်စနေ ဘယ်ခြေတစ်ကွက်ကို ဆုတ်လျက် နောက်ဘက်ခေါင်းတိမ်းပေးသည်။ မျက်နှာရှေ့မှ ဗိုခနဲ ဖြတ်ထွက်သွားသံ။

ချက်ချင်းပဲ အဲသည်အရာဝတ္ထုက ခေါင်းဘက်ကို ပိုင်းရိုက်ချက်နှင့် ဝင်လာ၏။ ဂျက်စနေ ငုံ့ရှောင်ပေး၏။

ဝှစ်...

ခေါင်းထက်မှ ဖြတ်အထွက် ဂျက်စနေခြေကို ပြင်ပြီး ကိုယ်ပတ်ကာစရှိသေးသည်။ စလွယ်ဝင်လာသည်။

သည်တစ်ခါတော့ ဂျက်စနေ ညာခြေတစ်ကွက် ရှေ့တိုး၍ ရန်သူ၏ ရိုက်လက်အောက်သို့ သူကိုယ်လျှိုဝင်ကာ ရိုက်သူ၏အား၍ ပေါင်းပြီး သူ့ပခုံးပေါ်မှ ဆွဲချကိုင်ပေါက်ပစ်လိုက်၏။

ဒုတိယအကြိမ် ဝုန်းခနဲထိမြည်သံသည် မော်တော်တစ်စီး၏ နစ်သွားမလားထင်ရ၏။ ပထမမြည်သံထက် ပိုပြင်းထန်သည်။

ပခုံးပေါ်မှ ဆွဲချပေါက်ခံရသူမှာ ချက်ချင်းမထနိုင်။



လက်မှာ ကိုင်ထားသော ရိုက်နက်သည့်ဂါရိယာမှာလည်း လွတ်သွားပြီးဖြစ်သည်။

ဂျက်စနေ၏ ရှူးဖိနပ်ထိပ်ဦးက ယင်းလူ၏ နံစောင်းတစ်ဘက်တည်းကို ဖတ်ခနဲဝင်သွားသည်။ သူ့တစ်ကိုယ်လုံး လေထဲမြောက်၍ ဘယ်ဒူးနှင့် ယင်းလူ၏ရင်ဝကို ဖိတိုက်ထည့်လိုက်၏။

"အိး"

မတိုးမကျယ်အသံနှင့် ငနဲသား ငှက်ပျောတုံးလို အစင်းသားဖြစ်သွားတော့သည်။

ထမလာတော့။

သည်ကောင် လောကကြီးနှင့် ခေတ္တခဏ အဆက်ပြတ်သွားခဲ့ပုံပင်။

ဘယ်သူလဲ...

သူက သိချင်စိတ်နှင့် မီးအလင်းရောင်ဟပ်နေသော မော်တော်ဦးဘက်သို့ ငနဲ၏ ကိုယ်ခြပ်ကြီးကို ခြေထောက်မှ ကိုင်ဆွဲဒရွတ်တိုက် ခေါ်လာသည်။ မော်တော်ဦးပေါ် ငနဲသားကို လှိမ့်တင်သည်။

မီးရောင်က ဝိုးတဝါးဖြစ်စေကာမူ ဘယ်သူဆိုတာ ဖော်ပြခဲ့ပြီး ချေပြီ။

"မင်းကိုး"

မကြေမနပ်နှင့် ဂျက်စနေက တီးတိုးပြောလိုက်၏။

ရန်သူသည် ရုန့်ရင်းသောလက္ခဏာမရှိပါ။ အသားဖြူသည်။ ပိုင်းတွန့်ဆံပင်များနှင့် ခပ်ဖြောင့်ဖြောင့်ရုပ်ရှိသည်။ လူကချည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာတည်ဆောက်မှုက မပိန်မဝဖြစ်၏။ အသက်သုံးဆယ်လောက်ရှိမည်။

"မင်းညိုစံ…မင်းကိုးကွ၊ တောက်…မင်းလုပ်လိုက်ရင်တော့ သေပေါက်ချည်းပဲ…အေးလေ…မင်းက ဘလက်မန်းနီးမိတ်ကာ (Black Money Maker) ကြေးစားလူသတ်သမားကိုးကွ"

ပြောပြီးသည်နှင့် လူကို ဦးပိုင်းမှာပဲ လွှတ်ချလိုက်သည်။ ဝေါ မွေခနဲ လဲကျသွားသည်။

လေကို တ...ကြီးရှူလိုက်သည်။ နွေးသော်လည်း လန်းဆန်းသောမြစ်ပြင်လေကြောင့် သူ ပြန်လည်အိပ်ချင်စိတ်လည်း ကုန်သွားသည်။

လှုပ်လှုပ်ရှားရှားလုပ်ရတာကြောင့် သွေးပူပြီး ချွေးတောင်စို့ရသည်။

လတ်တလော ရန်သူကို ဂရုမစိုက်တော့ပါ။

မော်တော်နှင့် တံတားမှာ ကပ်နေသည်။ သူက ဦးပိုင်းကျ ရပ်ကာ ဂျင်းရိုက်ဒါဘောင်းဘီထဲ လက်မနှစ်ခုချိတ်ကာ ပတ်ဝန်းကျင် ကို လေ့လာလိုက်၏။

မလှမ်းမကမ်းမှောင်ထဲတွင် ဒလဘက်သို့ကူးသော လှေနှစ် သုံးစီးရှိသော်လည်း စက်တပ်လှေတွေမှာ ကမ်းဘက်တွင်ကပ်၍ လှုပ် ကင်းမဲ့နေသည်။

မြစ်ပြင်တွင် လှုပ်ရှားမှုကင်းမဲ့တာ ဟိုမှာဘက်ကမ်း ဒလဘက် တွင် မှောင်နှင့်မည်းမည်းသာ ရှိနေ၏။



"ကိုင်း…မင်းညိုစံ…မင်းဖာသာမင်း နေခဲ့ပေတော့၊ မင်း မကြေနပ်ရင်လည်း ငါ့ကို မင်း ထပ်ရင်ဆိုင်နိုင်တယ်၊ မင်းက ငါ့ကို အသေလုပ်ပေမယ့် ငါကတော့ လူ့အသက်တစ်ချောင်းကို နှမြောတတ် တယ်ကွ"

သူက ရင်တွင်းမှာပဲပြောမိ၏။

လူတစ်ယောက်အသက်ကို မသတ်သည်အတွက် သူ့ကိုယ်သူ လူပီသသည်ဟု ဂျက်စနေထင်၏။

လမ်းပေါ်သို့ လူလျှောက်တံတားကြီးပေါ်မှတစ်ဆင့် တက်လာ သည်။

နန်းသီတာပရိုတယ်သည်ပင် ညဦးပိုင်းက လူတစည်စည် မီး ထိန်ထိန်ရှိခဲ့ရာ ခုတော့ အဲသည်အဆောက်အဦက မီးသွေးခဲတွေ ပုံထားသလို မှောင်နှင့်မည်းမည်းသာရှိနေ၏။

လမ်းပေါ်သို့ ရောက်လာသည်။ ပန်းခြံလွန်းပြီး ပန်းဆိုးတန်း ကျွေး…တွေ့ပါပြီ လူတစ်ယောက်။

လမ်းမီးအလင်းရောင်အောက်တွင် ရပ်ကာ စီးကရက်တစ်လိပ် ကို သောက်နေသည်။

သူရပ်နေရာသည် ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် ဖြစ်၏။ သူ့ကို ဂျက်စနေက လှမ်းကြည့်သလို သူကလည်း ဂျက်စနေ ကို လှမ်းကြည့်၏။ ဂျက်စနေက အရေးရှိလျှင် သူ့ကိုယ်ကို လှုပ်ရှား နိုင်ဖို့ ကိုယ်ကို ဖျော့ချသည်။ ဒြပ်ထည်အတွင်းရှိ အကြောတွေကို ဖျော့ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အတော်စွမ်းတာပဲ၊ မင်းအလောင်းကို မနက်ဖြန် ရေခဲတိုက်ထဲမှာ တွေ့ရမယ်ထင်နေတာ"

အဲသည်လူသည် သူ့လို ဘောင်းဘီနှင့် စပို့ရှပ်ဝတ်ထားသည် မဟုတ်။

ရှပ်လက်တိုနှင့် လုံချည်တစ်ထည်ပဲ ဝတ်ထားသည်။ အန္တရာယ်အနံ့တော့ သူ့ဆီမှ ထွက်လာပုံမပေါ်။

"ခင်ဗျားက မင်းညိုစံရဲ့ ကိုယ်ခွဲလား"

သူက ပလက်ဖောင်းပေါ်အရောက်မှာ မေးလိုက်သည်။ အဲသည် လူသည် ဦးထုပ်ပျော့တစ်လုံးကို မျက်နှာတစ်ဝက်ဖုံးအောင် ခပ်ငိုက်ငိုက်ဆောင်းထားတာကြောင့် ဘယ်သူရယ်လို့မသိ။

သူက စီးကရက်ကို လွှင့်ပစ်လိုက်ပြီး…

"ဟင့်အင်း…ကျုပ်က မင်းညိုစံရဲ့ကိုယ်ခွဲမဟုတ်ပါဘူး၊ မင်းညိုစံနဲ့လည်း မပတ်သက်ဘူး၊ ဒါပေမယ့် သူ မောင်ရင့်ကို နှိပ်လိမ့်မယ်ဆိုတာတော့ သိတယ် ဂျက်စနေ"

"ခင်ဗျား ကျုပ်ကို သိထားပါကလား"

"အမှောင်လောကမှာ လုပ်နေကြတဲ့လူတွေက်တော့ တစ်ဦးကို မသိပေမယ့် တစ်ဦးက သိနေတာပဲ၊ မင်းနာမည်အင်္ဂလိပ်ကစနေထွန်း… ဒါပေမယ့် ဂျက်လေယာဉ်လို မြန်လို့ ဂျက်စနေပဲ့ပဲ ခေါ်ကြတယ် မဟုတ်လား…ကျုပ် ဘယ်သူဆိုတာ မောင်ရင်သိလား"

"မသိဘူး…သိဖို့လည်းမလိုဘူး"

"သိဖို့လိုတယ်…ကျုပ် မောင်ရင့်ကို ရှာနေတာ"



"အလုပ်ဖြစ်ဖို့လား"

"အလုပ်ပေးဖို့"

"ဆောရီးပဲ…ကျုပ်က ဘယ်သူ့လက်ထောက်မှမလုပ်ဘူး၊ ကျုပ်ဖာသာ ကျုပ်လုပ်တာ"

သူက လှည့်ထွက်လာသည်။

"နေပါဦး မောင်ရင်"

သူက လှည့်မကြည့်ဘဲ ရပ်နေသူကို နောက်ပြန်လက်တစ်ဘက် ပြသည်။ အတော်ပဲ…ဟိုမှာလာနေတာ မီးရောင်တဝင်းဝင်းနဲ့ တက်ကားတစ်စီး။

တက္ကစီဖြစ်ပါစေ။

ဆူပါရှ(ဖ်)တစ်စီးပဲ၊ ဆုတောင်းချက်နှင့် ပြည့်စုံပါသည်။ သူက ကိုတားပြီး ကန်တော်ကြီး တစ်ရာနှစ်ဆယ့်လေးလမ်းသို့ သွားကြောင်းပြော၏။ တက္ကစီသမားက နိုးနိုးနားနားမို့ လိုက်ဖို့ တူသည်။

ဂျက်နှင့် တက္ကစီခကို အပေးအယူ တည့်သွား၏။

ကားရှေ့ခန်းတွင် ဝင်ထိုင်သည်။ ကားအထွက်မှာ ကားပြတင်းမှ လှမ်းကြည့်၏။

ဟိုလူက တစ်ဘက်လှည့်ပြီး ဖန်းဆိုးတန်းလမ်းအတိုင်း လျှောက်တာမြင်လိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘေတ်လမ်းစဉ် (၅)

တစ်ရာနှစ်ဆယ့်လေးလမ်းထိပ်တွင် ရုပါဝမ်းကုမ္ပဏီရှိသည်။ အဲသည်လမ်းထဲသို့ သွားချင်သောလူတွေ၏ အမှတ်အသားတစ်ခုဖြစ်သည်။

လမ်းထဲသို့ ဝင်လာသည်။

လျှပ်စစ်မီးတွေမလာသဖြင့် တစ်လမ်းလုံးမည်းမှောင်နေသည်။ ခုနစ်လွှာအထိ မြင့်သော တိုက်မြင့်မြင့်တွေရှိသည်။

တိုက်ခန်းတချို့မှ မော်တာရေတင်စက်သံတွေကို ကားဝင်လာစဉ် ကြားနေရသည်။

တိုက်တစ်လုံးရှေ့တွင် ရပ်လိုက်၏။ တက္ကစီခရှင်းပေး၏။ အမြင့်ဆုံးဖြစ်သော ခုနစ်လွှာသို့ သူတက်လာ၏။ တစ်ဆစ်ချိုးလှေကားများအတိုင်း တက်လာရာ သူ့ခြေသံကိုပဲ သူကြားနေရသည်။



အခန်းတိုင်းတွင် တံခါးပိတ်ထား၏။

လှေကားအောက်ရှိ ရေစက်မော်တာများမှ ရေစက်ဖွင့်သံတွေ ပေါ်နေ၏။

ရန်ကုန်မြို့မှာက ညဘက်မှပဲ ရေတင်ကြရသည်။ အိမ်လျှပ်စစ်မီးတွေက ညဘက်မှာပဲ အားကောင်းကောင်းနှင့် လာတတ်သကိုး။

ခုနစ်လွှာညာဘက်သည် သူ့အခန်းဖြစ်သည်။

အခန်းထဲရောက်သည်နှင့် ညဦးမှာ တိုးဝှေ့သော ခွေလေကို ခံစားရသည်။ လေကသည်မှာတော့ အေးနေသည်။

ဒါကြောင့်သည် အခန်းကလေးကို မက်မောခြင်းဖြစ်၏။ သူများတွေ ပူလောင်နေချိန်တွင် အမြင့်ဆုံးသောအခန်းကို လေတိုးခံရတာကြောင့် သူ့မှာ ညတိုင်း ပူလောင်မှုကင်းဝေးစွာ အိပ်စက်ခဲ့ရ၏။

မှောင်ထဲမှာပဲ သူ မင်းညိုစံအကြောင်းကို စဉ်းစားနေသည်။

သူနှင့် မင်းညိုစံသည် ဘီယာဆိုင်တစ်ဆိုင်မှာပဲ မိတ်ဆွေဖြစ်ခဲ့ကြသည်။

ဘီယာဆိုင်တွင် အဆိုတော်လေး နှင်းဒေဝီကို သူပြိုင်ကိုယ်ပြိုင်ပန်းကုံးစွပ်ရာက ဂျက်ကပဲ အနိုင်ရလိုက်သည်။

နှင်းဒေဝီသည် အဲသည်ဘီယာဆိုင်၏ ပင်တိုင်အဆိုတော်ဖြစ်ပလို လူတွေ၏ဖေးဘရိတ်ပေါ်ပြူလာတစ်ဦးဖြစ်သည်။

သူက မင်းညိုစံကို နိုင်လိုက်တော့ မင်းညိုစံက သူ့ကို ဂုဏ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မိမိကို သူသိနေပါကြောင်းလည်းပြောသည်။ မိမိနှင့် တွဲအလုပ်လုပ်ချင်းကြောင့်လည်းပြော၏။

ပထမတော့ ဂျက်က အင်တင်တင်။

ရဲဘက်ထောက်လှန်းရေးဘက်ကလားဟုထင်၏။ သူက နောက် နေ့များတွင် မင်းညိုစံအကြောင်းကို သူ့လောကတွင် လှည့်စုံစမ်းတော့ မင်းညိုစံသည် ဘလက်မန်းနီးမိတ်ကာ (Black Money Maker) ခေါ် ကြေးစားလူသတ်သမားဖြစ်ကြောင်း သိရသည်။

သူက မင်းညိုစံနှင့် နှစ်ကြိမ်သုံးကြိမ်လောက် ဘီယာဆိုင်ကို သွားတော့ တစ်ယောက်အကြောင်း တစ်ယောက် သိသွားကြသည်။ မင်းညိုစံက ရန်ကုန်အနောက်ပိုင်းတစ်နေရာတွင် နေထိုင်သော ဦးကျင် ဆွေအကြောင်း ပြောပြ၏။

ဦးကျင်ဆွေသည် ဆန်ကုန်သည်ကြီးတစ်ဦးဖြစ်၍ သူ့ဆန်တွေ ကို သူ့ကုမ္ပဏီမှ နိုင်ငံခြားသို့ အိပ်(စ်)ပို့လုပ်သလို ဒေါ်လာငွေများကို ရှိရင်းစွဲအတိုင်းမပြဘဲ အကောက်ခွန်လွတ်အောင် လိမ်လည်ပြသခဲ့ သည်။

ပြီးတော့ ဆန်တွေကို ပြည်တွင်း၌ ချက်ချင်းမဖြန့်ဖြူးဘဲ လှောင် ကာ ကြိုက်ဈေးရမှ ရောင်းချတတ်ကြောင်း၊ အကယ်၍ ဆန်များ ပိုလျှံပျက်စီးပါက ဆန်ကုန်သည် သူ့မိတ်ဆွေအချို့နှင့် တိုင်ပင်ကာ ရန်ကုန်မြစ်တွင်းသို့ တိတ်တဆိတ်သွားရောက်သွန်ပစ်လေ့ရှိကြောင်း၊ ထိုမှ သူ့ဆန်တွေကို အခြားနယ်များသို့ ဈေးကြီးပေးတင်ပို့သလို



သူ့မိတ်ဆွေအချို့ကို ဈေးကြီးပေးတင်ပို့ပြီး ဈေးကစားစေခဲ့ကြောင်း ပြောပြ၏။

ဒါတွေကို ဂျက်က စုံစမ်းသိခဲ့ပြီးသားမို့ မင်းညိုစံ ပြောတာတွေ ကို သိပ်မအံ့ဩပါ။

သည်တော့ ဦးကျင်ဆွေကို ဆုံးမဖို့ပဲလိုသည်။ မင်းညိုစံက ပါဝင်ဆောင်ရွက်လိုကြောင်းပြောသည်။

သူတို့နှစ်ယောက်တွဲတာကို နှင်းဒေဝီက အကဲခတ်ကြည့်သည်။ မင်းညိုစံသည် သူမအား ပန်းကုံးပေး၊ ငွေပေးပြီး အရောတဝင်ရှိပေ ...ဂျက်ကတော့ နှင်းဒေဝီကို မှန်တမ်းပဲဆက်ဆံသည်။

ဦးကျင်ဆွေ၏အိမ်ကို မင်းညိုစံနှင့် ဂျက်စနေ အကဲခတ်ကြ ...ည်။ အနောက်ပိုင်းတစ်နေရာတွင်နေသော ဦးကျင်ဆွေမှာ နှစ်ထပ် ...ိုက်တစ်လုံးပိုင်ထားပြီး နောက်မယားငယ်တစ်ယောက်နှင့် အဲသည် ...ဝပ်တိုက်မှာနေသည်။

သူ့ရွှေငွေပစ္စည်းများကို မယားငယ်အိမ်မှာပင်ထားကြောင်း ဂျက် ...က သိထားသည်။

သူနှင့် မင်းညိုစံသည် ဦးကျင်ဆွေနှင့် မယားငယ် ရှိချိန်၌ ...က်တွင် မဖောက်ဘဲ နေ့ဘက်တွင် လျှပ်စစ်တပ်ဆင်သော လျှပ် ...လုပ်သမားယောင်ဆောင်ပြီး အိမ်ထဲသို့ဝင်သည်။

သူတို့ရုပ်တွေကိုလည်းဖျက်ထား၏။

...အိမ်စောင့်ကျန်ခဲ့သော အိမ်ဖော်မလေးကို မေ့ဆေးပေးလိုက်ပြီး ...ပိုးခံသေတ္တာကို ဂျက်စနေက ကျွမ်းကျင်စွာဖွင့်သည်။ ရွှေငွေ

www.burmeseclassic.com

www.burmeseclassic.com



ငွေတွေယူလိုက်၏။ စိန်တွေနှင့် အခြားကျောက်မျက်ရတနာတွေပါပါသည်။

စုစုပေါင်း သိန်းငါးရာလောက်ရှိသည်။

ဒါတောင် ဦးကျင်ဆွေ၏ ပစ္စည်းအကုန်မဟုတ်ပါ။ ပုဂ္ဂလိကဘဏ်များတွင် အပ်ထားတာတွေရှိသေး၏။

သူတို့က ဒါတွေကိုယူပြီး ရန်ကုန်တွင်ပင် သိုသိုသိပ်သိပ်နေလိုက်သည်။ ငွေနှင့်ပစ္စည်းတွေကို နှစ်ဦးသဘောတူတိုင်ပင်ကာ ဝှက်ထားလိုက်ကြ၏။

ရဲကလိုက်သည်။

အိမ်ဖော်မလေးကို စစ်သော်လည်း အိမ်ဖော်မလေးက ရေရေရာရာ မဖြေနိုင်ပါ။

သဲလွန်စမကျန်အောင် ဂျက်တို့က လုပ်ခဲ့တာမို့ ရဲက သဲလွန်စမရပဲဖြစ်နေသည်။

သုံးလလောက် ဂျက်ကို အကဲခတ်သော်လည်း ဂျက်၏ အနေမှန်မှုကြောင့် ရဲတွေက ဂျက်ကို သံသယမဖြစ်တော့ပါ။

သည်တော့မှ ဂျက်က မင်းညိုစံအား နယ်သို့ သွားခိုင်းပြီး ရွှေနှင့် ကျောက်မျက်ရတနာလက်ဝတ်လက်စားတွေကို မင်းညိုစံလက်ထဲထည့်၍ နည်းနည်းနည်းနည်း ထုခွဲခိုင်းသည်။

အဲသည်မှာ မင်းညိုစံက အကောက်ကြံပါတော့သည်။ သူ့အား ထုခွဲခိုင်းသော လက်ဝတ်လက်စားများမှ ငွေတချို့တစ်ဝက်ကို ဂျက်အား ပြန်မပေးဘဲ ကစ်ထားလိုက်၏။



ဂျက်က ဘာမှမပြောဘဲ အသာကြည့်နေလိုက်သည်။ သူသိရခြင်းမှာ မင်းညိုစံ နယ်သွားလျှင် သူက ရုပ်ဖျက်ပြီး မင်းညိုစံနောက်မှ လိုက်သည်ကို မင်းညိုစံ မသိခဲ့။

သည်တော့ မင်းညိုစံ ဘယ်သူ့ထံတွင် ရောင်းချခဲ့သည်၊ ဘယ်နေရာမှာ ဘယ်လောက်နှင့်ရောင်းသည်ကို သူ သိထားသည်။

သူတို့ရှယ်ယာခွဲကြတော့မှ ဂျက်က မင်းညိုစံအား မင်းညိုစံ၏ ကောက်ကျစ်ပုံတွေကို အထောက်အထားနှင့် ပြောပြ၍ မင်းညိုစံအား ခွဲဝေမှုသုံးပုံတစ်ပုံပဲ ပေးလိုက်၏။ အစဦးကတည်းက ဖစ်ဖတီး ခွဲဝေမှုသုံးပုံတစ်ပုံပဲ ပေးလိုက်၏။ ဖစ်ဖတီး တစ်ယောက်တစ်ဝက်ဟုဆိုပြီးမှ ဂျက်စနေလုပ်ပုံကို မင်းညိုစံ ပကျေနပ်။

သည်အတွက် စကားများကြသည်။

ထိုသည်မှ လက်ရုန်းအားကိုးလုပ်လာကြ၏။

နယ်တွင် လူနှစ်ယောက်လောက်ကို သတ်ခဲ့ပြီးသော မင်းညိုစံမှာ လက်မြန်ခြေမြန်ရှိသလို ဂျက်စနေကို အလွယ်တကူနိုင်လိမ့်မည်ဟုထင်သည်။ ဂျက်စနေ ရုပ်က ချောမောပြီး ကိုယ်ဟန်က ကျစ်ကျစ်နှင့် ခွဲ့သောကြောင့် သည်ကောင် သတ္တိမရှိဘူးဟု ခွဲလိုက်ခြင်းဖြစ်၏။

ဂျက်စနေ သေလျှင် သူအားလုံးပစ္စည်းတွေရမည်။

ဒါပေမယ့် တကယ်ခွဲတော့ သူပဲတကယ်ကွဲသည်။ ဂျက်စနေ၏ လျင်မြန်ဖျတ်လတ်မှု၊ သတ္တိရှိမှု၊ ကိုယ်ခံပညာကောင်းမှုတွေကို သူမသိတော့ပါ။

ဂျက်က သစ္စာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ့နေခဲ့သော မင်းညိုစံအတွက် မင်းညိုစံရထိုက်သည့်ဝေစုကို ပုံပေးခဲ့သည်။

ဒါကို အပြီးထားပြီးသည် ညတွင် မင်းညိုစံက လာဖျောင်ခြင်း ဖြစ်ပေမည်။

ယခုတော့ မင်းညိုစံ ဒုတိယအကြိမ် သုညအမှတ်ရသွားခဲ့ပြန်ပြီ၊

မှောင်ထဲတွင်ပင် သူထိုင်ပြီး တွေးတောနေသည်။

မင်းညိုစံကို သတိထားမှဖြစ်မည်။

မင်းညိုစံ သစ္စာဖောက်လျှင်တော့ လွယ်မည်မဟုတ်။

လက်ထိတ်စော်နှင့် ထောင်စော်နံမည်သာမှတ်။

သူ ထရပ်လိုက်၏။ ရေခဲသေတ္တာတွင်းရှိ အအေးပုလင်းကိုထုတ်ကာဖွင့်ပြီး မော့သောက်လိုက်သည်။

မီးမဖုန်တာမို့ ရေခဲသေတ္တာတွင်းရှိ အအေးပုလင်းမှာ အေးသင့်တာထက် ပိုမအေးပေ။

မီးကို ဖွင့်လိုက်သည်။

သည်အိမ်ခန်းတွင် လူဖျိုလူလွတ်မို့ သူတစ်ယောက်တည်းပါ နေသည်။

သူရထားသောပစ္စည်းတွေကိုလည်းကောင်း၊ ငွေကိုလည်း ကောင်း အိမ်မှာမထားပါ။ သူ့အိမ်ကို ရဲတွေလာရှာကာ အလွယ်တကူ တွေ့သွားနိုင်သည်။ တစ်ခါကလည်း လာရှာခဲ့ပြီးပြီ။

ပတ်ဝန်းကျင်ကတော့ သူ့ကို ဖောက်ထွင်းပိစ္စာလို့မမြင်။ သို့



ဖြူလုပ်သည်လို့ပဲထင်၏။ ထင်ကြပါစေ။ လူ့လောကတွင် အထင်နဲ့ အမြင် တစ်လွဲစီဖြစ်တာက အကောင်းဆုံးပါပဲ။

ရေချိုးလိုက်တော့ လန်းဆန်းသွားသည်။

လေတသွင်သွင်တိုက်နေသော ပြတင်းပေါက်မှ အပြင်ကို လှမ်းမြင်နေရသည်။ အိပ်ခန်းအချို့မှာ မီးပိတ်ထားပြီး အိမ်ခန်းအချို့မှာ မီးလင်းနေသည်။

သူက ပြတင်းပေါက်နားတွင်ရှိသော ရေမြုပ်ခံမွေ့ရာပေါ် လှဲအိပ်ချသည်။ ရေမြုပ်ခံမွေ့ရာမှာ အိစက်စက်ရှိသော်လည်း ပူလွန်းတာမို့ သူက ငါးထပ်ပြားနှင့် ယင်းအပေါ်မှာခံပြီး ဖျာတစ်ချပ်ခင်းထားရသည်။

ဒါမှ နွေမှာ အေးတော့မှာ။

ညဥ့်နက်သည်ထက် နက်လာချိန်တွင် သူ အိပ်ပျော်သွားခဲ့သည်။

စိတ်ရှိလက်ရှိ အိပ်သော်လည်း နိုးနေကျအချိန်အတိုင်း မနက် ၇နာရီခွဲမှာ နိုးလာသည်။

လူသံသူသံ ကားသံတွေ ကြားနေရသည်။

စက်ဘီးစီးပြီး တံမြက်စီးလိုက်ရောင်းသော မိန်းကလေးတစ်ယောက်၏ ညံစီစီအသံကိုလည်း ကြားနေရ၏။

အထက်ထပ်ဆုံးမှာ နေရတာ အောက်ဆုံးထပ်နေရတာနှင့် ကွာခြားသည်။

အမြင့်ကို တက်ရတာပဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ဆုံးအထပ်တွင် လေကောင်းလေသန့်ရသည်။ သန့်ရှင်းမှုရှိသည်။ အမြင့်ကို မတက်ချင်သော လူတချို့ကြောင့် ဧည့်သွားဧည့်လာနည်းသည်။

ဧည့်သည်လာတာကို မကြိုက်သော ဂျက်စနေအတွက် အကောင်းဆုံး။ အထက်ဆုံးမှာ နေရတော့လည်း လမ်းနှင့် ဝေးကွာသောကြောင့် သီးခြားကမ္ဘာလေးလိုဖြစ်နေသည်။

သူတို့ ၁၂၄ လမ်းနှင့် အာတားလမ်းဟု ခေါ်သော လမ်းတို့ ကလေးဆုံရာတွင် လက်ဖက်ရည်ဆိုင်ရှိသည်။ အာတားလမ်းတစ်လျှောက်မှာလည်း ရှိ၏။ သည်ဆိုင်များတွင် သူသောက်ခဲ့သည်။

သူက ၁၀၄ လမ်းနားရှိ (Feeling World) တီးဟောက်(စ်) သို့လာသည်။ မင်္ဂလာတောင်ညွန့်ထဲတွင် အခန်းနားဆုံးဆိုင်တစ်ဆိုင်ပဲဖြစ်၏။

သည်နေ့ သူလုပ်ရမည့်အလုပ်ကို ဗွင်ချသည်။

ဘုန်းကြီးကျောင်းသုံးကျောင်း၊ မိဘမဲ့ကလေးဂေဟာနှစ်ခုကို အမည်မဖော်ဘဲ သွားလှူမည်။ အဲသည်လိုလှူဖို့အတွက် တွေ့ဆုံရမည်ဖြစ်၏။ ထိုကျောင်းများမှ ကျောင်းထိုင်ဘုန်းကြီးများ။ မိဘမဲ့ကလေးဂေဟာမှ သက်ဆိုင်ရာလူများနှင့် တွေ့ဆုံရဦးမည်။

ထိုနေ့တွင်ပဲ ယခုအပြီးလုပ်ပစ်လိုက်သည်။ အပြီးလုပ်ဆိုတာက သူက စုံစမ်းထားကာ နောက်တစ်ရက်တွင် သွားရောက်လှူလိုက်ရန်ပင်ဖြစ်သည်။



သူညဘက်တွင် နှင်းဒေဝီသီချင်းဆိုသော ဂိုး(လ်)ဒင်းတိုင်း (Golden Time) ဘီယာဆိုင်သို့ တက္ကစီနှင့်လာခဲ့သည်။

နှင်းဒေဝီတို့ဆိုင်မှာ ဗွတ္တလစ်တွင်ရှိသည်။ နှင်းဒေဝီသည် ယင်းဆိုင်တွင် သီဆိုသော တေးသံရှင်ဖြစ်သည့်ပြင် မော်ဒယ်(လ်)ရှိုးတွင် ပါဝင်သော မိန်းမချောလေးဖြစ်သောကြောင့် ယန်းကုံးနှင့် သရုပ်ဆောင်များဆုံးရသော မိန်းကလေးပင်ဖြစ်သည်။

နှင်းဒေဝီအသက်မှာ နှစ်ဆယ့်နှစ်နှစ်ရှိကာ နှစ်ဆယ့်လေးနှစ်ရှိသော ဂျက်စနေထက် နှစ်နှစ်ငယ်သည်။

သူမသည် အပျိုစင်မဟုတ်ဘဲ ကလေးတစ်ယောက်မိခင်ဖြစ်သည်။ ကလေးတစ်ယောက်မိခင်ဖြစ်လင့်ကစား အကြောင်းမသိသော လူတွေက နှင်းဒေဝီ၏ တင်းတင်းရင်းရင်းရှိသော ကိုယ်လုံး၊ စိုပြေသော အသားအရေနှင့် ငယ်နုချောမောသော မျက်နှာကလေးကြောင့် အပျိုစင်တစ်ယောက်လို့ပဲထင်သည်။

နှင်းဒေဝီ၏ ယောကျ်ားသည် လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ဘဲ အပျင်းထူသည်။ မိန်းမ၏လုပ်စာမဟုတ်သေးသောကြောင့် နှင်းဒေဝီ၏ မိဘလုပ်စာကို ခိုကပ်စားပြီး အချောင်နေချင်သူဖြစ်သည်။

နှင်းဒေဝီက အလုပ်လုပ်ရန်ပြောသည်။ ယောကျ်ားမတွေက ပိုဆိုးပသည်။ ငနဲသားက နားမထောင်။

ထို့ပြင် နှင်းဒေဝီ ၏ ငါးနှစ်သားကလေးနှင့် နှင်းဒေဝီကို

www.burmeseclassic.com

www.burmeseclassic.com



ဖခင်တစ်ယောက်၏မေတ္တာ၊ လင်ယောကျ်ားတစ်ယောက်၏မေတ္တာကို မပေးခဲ့ပါ။

သည်အတွက် ယောက္ခမတွေက ရင်နာပြီး သူမ၏ ယောကျ်ားအား အလုပ်ရှာရန်ပြောပြီး အိမ်မှထွက်သွားစေသည်။ အလုပ်ရလျှင်ပြန်လာခဲ့ဟုမှာလိုက်သည်။

ယောက္ခမတွေမှာ သားမက်ကို ချစ်သော်လည်း သည်အတိုင်းထားလျှင် ပျင်းသည်ထက်ပျင်း၊ ဖျင်းသည်ထက်ဖျင်းမှာစိုးသောကြောင့်လည်းကောင်း၊ ဝင်ငွေရှိအောင် အလုပ်မလုပ်သော လင်ယောကျ်ားနှင့် နှင်းဒေဝီတို့ နေ့စဉ်ရန်ဖြစ်တိုင်း သားကလေး ချစ်ကိုကို ခေါ် ရှိုင်းရှိုင်းမှာကြားက မျက်နှာငယ်ကလေးနှင့် ရှိနေတတ်သဖြင့် ယောက္ခမထီးကြီးက ယောက္ခမအမနှင့် တိုင်ပင်ကာ အလုပ်ရမှ အိမ်ပြန်လာ၊ ငါတို့သမီးနှင့်မြေးကို ငါတို့ကျွေးနိုင်သည်ဆိုကာ အိမ်မှထွက်သွားစေသည်။

ယောက္ခမတွေက သားမက်ကို သံယောဇဉ်ရှိတာကတော့ သည်ကောင်ကြီးမှာ နှင်းဒေဝီထက် အသက်ကြီးသော်လည်း သဘောကောင်းသောကြောင့်ဖြစ်၏။ ယောက္ခမ ဘယ်လောက်ဆူဆူ မယားက ဘယ်လောက်ပြောပြော နာတတ်သည့်လူစားမဟုတ်ပါ။

"သည်ကောင်ကတော့ ပြန်မပြောနားမထောင်ပဲ၊ ယောက္ခမကိုတော့ အရိုသေသား။ ဒီငနွားကြောင့် ငါ စိတ်ညစ်တယ်"

ယောက္ခမထီးကြီးက အဲသည်လိုပြောလေ့ရှိ၏။ 'ငနွား'ဆိုတာကလည်း သားမက်ကို ချစ်စနိုးနှင့် အဘိုးကြီးက ခေါ်လေ့ရှိသည်။

နှင်းဒေဝီယောကျ်ား အိမ်မှထွက်ခွာသွားသောနေ့တွင် အားလုံး



စိတ်မကောင်းကြပါ။ ယောက္ခမထီးကြီးက လမ်းစရိတ်တစ်ထောင်ပေးလိုက်သော်လည်း သားမက်က နှစ်ရာပဲယူသဖြင့် အဘိုးကြီးက ငါးရာအတင်းပေးလိုက်ရ၏။

သည်ကောင့်အဖြစ်က ဘူငယ်ချင်းတွေအပေါ် ခင်မင်မှုနှင့် ပျင်းကာ၊ အတာကိုပဲ အပြစ်ပြောစရာရှိ၏။

ဒါတွေကို နှင်းဒေဝီက ပြန်ပြောပြတော့ ဂျက်စနေက ရယ်မော၏။ ညီမင်းစံက ဒါလောက်သဘောကောင်းတဲ့ ယောက်မ ငါဆိုအလုပ်လုပ်ပြီး ညာစားတော့မှာပဲဟုဆို၏။

နှင်းဒေဝီက မချိပြုံးလေးပြုံးသည်။

သူမသည် သားကလေး၏ရှေ့ရေးနှင့် မိဘ၏လုပ်စာကို ရှာစားလိုသောကြောင့် ဆယ်တန်းအောင်ပြီးသော သူမသည် စတိုးဆိုင်များ၌ အရောင်းစာရေးဝင်လျှောက်၏။

ကြည့်မြင်တိုင်က အသားမည်း အမျိုးသားတစ်ဦးပိုင်သော ကုန်တိုက်တစ်တိုက်တွင် အရောင်းစာရေးမတစ်နေရာရသော်လည်း အဲဒီကုန်တိုက်၏ မိသားစု ဝေယျာဝစ္စနှင့် ထမင်းဟင်းပါ ဝင်ချက်ပေးရ၏။ ကုန်တိုက်တွင် ဝင်ရောက်လုပ်ကိုင်သော စာရေးမတိုင်း အရောင်းလုပ်ကိုသာမကပဲ အဲသည်မိသားစု၏ ထမင်းချက်အလုပ်၊ အဝတ်လျှော်အလုပ်တွေပါ လုပ်ရသောကြောင့် ထွက်ပြေးကြသည်သာဖြစ်၏။

နှင်းဒေဝီမှာလည်း အဲသည်အဖြစ်ကို မခံလိုသဖြင့် နှစ်လခွဲလုပ်လိုက်သည်။ ထွက်လာသည်။ ဂျက်စနေက အဲသည်ကုန်တိုက်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလာဝယ်ရင်း နှင်းဒေဝီ အလုပ်မှ မထွက်မီ နှင်းဒေဝီနှင့် သိကျွမ်းခဲ့၏။

နှင်းဒေဝီ အလုပ်ထွက်တာကိုသိတော့ သည်တုန်းက နှင်းဒေဝီကို အပျိုပဲထင်သည်။ သူမ၏ရုပ်နှင့်အသံကိုလည်းသိ၏။ ဝါသနာကိုလည်း သိ၏။

နှင်းဒေဝီ၏ တောင်းဆိုပြောကြားချက် အကူအညီတောင်းချက်အရ သူနှင့် ခင်မင်သော (Golden Time)ရွှေခေတ်ဘီယာဆိုင်တွင် အဆိုတော်တစ်ဦးအဖြစ် ဘီယာဆိုင်ရှင်နှင့် တွေ့ဆုံပြောဆိုအလုပ်သွင်းပေးခဲ့သည်။

"ရွှေခေတ်"ဘီယာဆိုင်သည် စည်းကမ်းကြီးသည်။ အဆိုတော်များ၏ လုံခြုံရေးကိုလည်း ထိန်းသိမ်းပေးနိုင်သည်။ ယောက်ျားများကို မြူစား၊ ပိုင်းစားအဆိုတော်များ၊ နန့်တန့်တန့် ပျံတန်ဆေးသံရှင်မိန်းကလေးများနှင့် "ရွှေခေတ်" သည် လုံးဝ မကိုက်ညီ၍ သူမတို့သည် ဆိုင်မှထွက်သွားရသည်သာဖြစ်သည်။

ဒါကြောင့် ရွှေခေတ်ဘီယာဆိုင်သည် နာမည်ပျက်မရှိဘဲ နာမည်ကောင်းနှင့် ရပ်တည်နေသလို ထိုရွှေခေတ်တွင် လုပ်သော တည်ငြိမ်တန့်တန့် တေးသံရှင်အမျိုးသမီးများကို သိချင်းတောင်းဆိုမှုများဘယ်သကောင့်သားကမှ မစရဲ မနှောက်ရဲကြပေ။

ဘီယာဆိုင်ထဲဝင်တော့ "ရွှေခေတ်" ၏ အဖွင့်သီချင်းပြီးပြီပင်တိုင် နှင်းဒေဝီက သီဆိုနေချေပြီ။



စတိတ်ခုံနှင့်မလှမ်းမကမ်းတွင် ဂျက်စနေ ဝင်ထိုင်သည်။ သည်ဝိုင်းတွင် ဂျက်စနေတစ်ဦးတည်းသာရှိ၏။

ဂျက်စနေက မြန်မာစည်ဘီယာတစ်ဖန်ခွက်နှင့် သီပေါ်ရိုစေ့လှော်တစ်ပွဲကို မှာသည်။

ဘီယာဆိုင်တွင် သူတို့အခေါ် ဂျား (JAR)လိုက်မှာသောက်တာထက် တစ်ခွက်ချင်းသောက်တာက ပိုတွက်ချေကိုက်တာကို သူကသိသည်။

မီးရောင်အောက်တွင် နှင်းဒေဝီက လှနေပါသည်။

အသံကလည်း သံလိုက်လိုဆွဲငင်ပြီး ညိမ့်ညောင်းသည်။ သူမအသံသည် စူးသည်လည်းမဟုတ်၊ အောက်နေသောအသံလည်းမဟုတ်၊ ကြည်ကြည်ကလေးနှင့် ဆွဲဆောင်နိုင်သောအသံပင်ဖြစ်၏။

သူမအသံမှာ အပြင်မှာ မူလဆိုတာထက် မိုက်ခွက်ထဲဝင်သွားမှ ပိုပိုကောင်းလာသောအသံသာဖြစ်သည်။ လျှာသံထွက်၍ အာသံပိုကောင်း၏။

ဂီတကယ့်ကို ရင်ထဲမှာ နားထောင်ရင်း ခိုက်စေသည်။

သီချင်းသံလည်းဆုံးရော တီးလိုက်သည့် လက်ခုပ်သံတွေကဘီယာဆိုင်တစ်ခုလုံးပွင့်ထွက်သွားမတတ်။

စားပွဲတိုင်းတွင် မိန်းကလေးအချို့နှင့် ယောက်ျားများပြည့်နေ၏။ မိန်းကလေးတွေက အချိုရည်သောက်ကြသည်။ စားချင်တာကိုစားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဒေဝီရှိရာသို့ ပန်းကုံးတွေ၊ နှင်ဝါတွေကိုင်ပြီး လာကြသော ယောကျ်ား၊ မိန်းမတွေက မနည်းပါ။

ဂျက်စနေက ဝိတ်တာတစ်ယောက်ကိုခေါ်၍ တစ်ထောင်တန် ပန်းကုံးတစ်ကုံးကို မှာလိုက်၏။

"ဘယ်သူက ပေးတယ်ပြောရမလဲ"

"ထုံးစံအတိုင်း တစ်ယောက်ကပေါ့ကွာ"

ဝိတ်တာ၏ မေးမြန်းချက်ကို ဂျက်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။ ပန်းကုံးရနေကြဖြစ်သော နှင်းဒေဝီမှာ တစ်ယောက်ကဆိုတာနှင့် နားလည်ပြီးဖြစ်သည်။

ဝိတ်တာက ပန်းကုံးကိုယူပြီး လူရှင်းချိန်တွင် နှင်းဒေဝီကို သွားပေးလိုက်သည်။ နှင်းဒေဝီက နောက်သီချင်းတစ်ပုဒ်ကို ဆက်ဆို သည်။

ထိုသည်နောက် ပရိသတ်ကို လက်အုပ်ချီကန်တော့ပြီး စင်ပြ ပေါ်မှဆင်းသွားသည်။

သူပြီးတော့ နောက်တစ်ယောက်၊ နောက်တစ်ယောက်။

ထိုသည်နောက် (Non-Stop) ခေါ် အရပ်အနားမရှိသော သီချင်းပေါင်းစုံကို နှင်းဒေဝီ အပါအဝင် အဆိုတော်တွေ ဆက်ဆိုကြ၏။

ဘီယာ၏ အယ်(လ်)ကိုဟောကြောင့် ဂျက်၏ ခေါင်းထဲ၌ ရီဝေမူးယစ်ရှိနေသည်။ အဲသည်အရသာကို ကြာကြာမခံစားလိုက်ရပါ။

သူက သတိထားလာမိ၏။



လူတစ်ယောက်သည် သူနှင့် မလှမ်းမကမ်းတွင် လာထိုင်နေရာမှ သူ့စားပွဲသို့ ရောက်လာ၏။

အဲသည်လူသည် ဦးထုပ်ပျော့တစ်လုံးကို မျက်နှာတစ်ဝက်အုပ် အောင် ဆောင်းထားသည်။ ဂျက်က လေးလံသောမျက်ခွံတွေကို ပင့်ကြည့်ပြီး…

"ဘာလဲ…ဘာလာလုပ်တာလဲ"

"ကိုဂျက်စနေ…ကျုပ်ကိုခွင့်ပြုပါ၊ ခင်ဗျားကို ပြောစရာရှိလို့"

"ဘာလဲ…ပြော"

"ကျုပ်ကို ခင်ဗျားသိလား"

"အင်း…သိတယ်"

"စိန်ထွန်းညိုကိုကော သိလား"

"စိန်ထွန်းညို…ဒီကောင်က ကျုပ်သူငယ်ချင်းပဲ"

"သူ…ခင်ဗျားကို လိုက်ရှာနေတယ်"

စိန်ထွန်းညိုမှာ သူနှင့်အပေါင်းအသင်းတစ်ယောက်ဖြစ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်နေသူဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက်လည်း သံယောဇဉ်ရှိကြသည်။

"ပြောပါ"

"ဒီမှာ စာပေးခိုင်းလိုက်တယ်"

အဲသည်လူက စာရွက်ခေါက်ကလေးတစ်ခုကို ထုတ်ပေးသဖြင့် ယူဖတ်သည်။ နီယွန်နှင့် လင်းနေသော မီးမဟုတ်ဘဲ ရောင်စုံမီးတွေ ဖြစ်သဖြင့် စာဖတ်လို့မဖြစ်နိုင်အောင် အလင်းရောင်က မှုန်မွှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား"

"စာကိုဖတ်ပြီး သူနဲ့လာတွေ့ပါ…ကျုပ်သွားမယ်"

အမည်မသိ ထိုလူသည် ထကာထွက်သွား၏။ သူ့ကျောပြင်ကို ဂျက်စနေ ကြည့်စဉ် ဂျက်၏ ခေါင်းထဲမှာ အဲယ်(လ်)ကိုပေါ်တွေ ပြေးထွက်သွား၏။

ဘီယာဆိုင်၏ ဝင်ပေါက်တွင် စာလာပို့သူ ပျောက်ကွယ်သွားပြီး လူတစ်ယောက်က ဝင်လာ၏။ သည်လူက မနေ့ညက ဂျက်စနေ အလဲဆော်ခဲ့တဲ့လူ မင်းညိုစံ။

ငနဲသားသည် ဘီယာဆိုင်အဝတွင် ရပ်၍ ဟိုကြည့်သည်ကြည့် ကြည့်သည်။ တင်းမာသော ဂျက်၏အကြည့်နှင့် သူ့အကြည့် သွားရောက်ဆုံစည်းမိသည်။

ထူးဆန်းစွ.

သူက ဂျက်ကို လက်တစ်ဘက်ပြလိုက်သည်။ မိတ်ဆွေတစ်ယောက်၏သဘော။

ဂျက်စနေက မျက်မှောင်ကုပ်ကြည့်နေ၏။ သူ အနားလာထိုင်၏။ ဂျက်က ဘာမှမပြောဘဲ သူ့ခြေသူ့လက် လှုပ်ရှားမှုတွေကိုသာ ဂရုစိုက်ကြည့်နေသည်။ ဟိုကလည်း ရိပ်မိသည်ထင်၏။

ညိုမင်းစံက လက်တွေကို စားပွဲဝိုင်းပေါ်စုံတင်ရင်း…

"ကိုဂျက်…မင်းနဲ့ငါ ပိ(စ်)ကွာ"

ပေးကွာခဲ့သောခေတ်ဟောင်းမှ ဖန်းစကားနှင့် 'ပိ(စ်)'လို့ သူက



စသည်။ ဂျက်က မသိမသာ ရှုတ်ခမ်းလေးမဲ့ ပခုံးလေးတွေကို တွန့်ပြသည်။

"ခင်ဗျား ဘာလိုချင်သလဲ၊ လိုချင်တာတွေတော့ မရနိုင်တော့ဘူး၊ ကျုပ် လှူပစ်လိုက်ပြီးပြီ"

"ငါ မှားပါတယ် အပေါင်းအသင်းရာ၊ ငါ လောဘဖက်လိုက်လို့ပါ…"

"ဒါဆိုပြီးရောပေါ့"

"မပြီးသေးဘူး…မင်းနဲ့ငါ ခရီးဆက်စရာရှိသေးတယ်"

"ဘာမှခရီးဆက်စရာမလိုဘူး…ခင်ဗျားလည်း ခင်ဗျားလမ်းကို ယူသွား၊ ကျုပ်လည်း ကျုပ်လမ်းကို ကျုပ်သွားမယ်"

"မင်းကို ငါ ရန်မမူတော့ပါဘူး"

"ခွေးစကား ကျားယုံ လာလုပ်မနေနဲ့"

သူတို့နှစ်ယောက်၏အသံမှာ တစ်ယောက်ကိုတစ်ယောက် ကြား ယောက်ပဲရှိသည်။ သည်စကားကြောင့် ညိုမင်းစံတွင် အနှောင့် ယှက်ဖြစ်သွားပုံမရ။

"မင်းနဲ့ ပေါင်းရမယ့်အလုပ်တစ်ခုရှိတယ်၊ အဲဒါ ပုဂ္ဂိုလ်တစ် ယောက်က ခေါ်ခိုင်းတယ်"

"ကျုပ်မလုပ်ချင်ဘူး"

"ငွေတော်တော်များများရမှာ"

"ကျုပ် မလုပ်ချင်ပါဘူးဆိုနေ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ် ခပ်ရှင်းရှင်း ပြောလိုက်တဲ့စကားကို ညိုမင်းစံက လက်ခံချင်ပုံမရ။

"အစ်ကို"

အနားတွင် ဝိတ်တာတစ်ယောက် လာရပ်သည်။ သူ့ကို ဂျက်စနေက မော့ကြည့်လိုက်တော့ စာရွက်ကလေးတစ်ရွက်ကို ဝိတ်တာကောင်လေးက ပေးသည်။

"နှင်းဒေဝီက ပေးခိုင်းလိုက်တာ"

ကောင်လေး ပြန်ထွက်သွားတော့ မင်းညိုစံက သူ့လပ်ကီးစထရိုက်စီးကရက်ဘူးကို ထုတ်၊ ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ရင်း..

"မင်းနဲ့ နှင်းဒေဝီ အတော်အလုပ်ဖြစ်နေကြပါလား၊ စာပေးစာယူတွေနဲ့"

"ကျုပ်က ကောင်မလေးအပေါ် ရိုးရိုးသားသားပါ၊ ခင်ဗျားလို ကူလီကူမာစိတ်မရှိဘူး"

"ဒါကတော့ ယောကျ်ားပဲကွာ၊ လက်လှမ်းမီရာ ဖမ်းဆွဲကြတာပေါ့"

"ဒု-သ-န-သော မလုပ်ချင်စမ်းပါနဲ့...ကောင်မလေးကိုကြည်ထွန်းက တစ်ယောက်ကိုတစ်ယောက် ပြတ်ခဲသေးတာမဟုတ်ဘူး"

"ကြည်ထွန်း အိမ်ပေါ်က ဆင်းသွားတာကြာပြီပဲ ဂျက်စနေရာ"



နှင်းဒေဝီအပြောကတော့ သူ့ယောကျ်ား ကြည်ထွန်း အလုပ်ရှာရန် အိမ်ပေါ်မှ ဆင်းသွားတာ တစ်နှစ်နီးပါးလောက်ရှိပြီဟု သိရသည်။ လုံးဝ သူ့ဆီမှ သူမထံသို့ အဆက်အသွယ်မရခဲ့ပါ။

ဒါကို သူတို့သိထားပြီးဖြစ်သည်။

"အေးလေ...ဒါက ကျုပ်ကိစ္စမဟုတ်ဘူး၊ ကောင်မလေး.. ခင်ဗျားကို လက်ခံရင် ကျုပ် ဘာမှပြောစရာမလိုပါဘူး"

နှင်းဒေဝီက ညိုမင်းစံကို သိပ်စိတ်မဝင်စားလှသည်ကိုတော့ ဂျက်စနေ အကဲခတ်ပြီးသား။

"ငါကလည်း စကားအဖြစ်ပြောတာပါ ကိုဂျက်ရာ...နှင်းဒေဝီထက် ငါက ငွေကိုပိုအရေးထားတာပါ၊ အခု မင်းကို ခေါ်တာလည်း ပိုအရေးကြီးတဲ့ကိစ္စမို့လို့ပါကွာ"

"ကျုပ် ခင်ဗျားနဲ့တွဲအလုပ်မလုပ်ချင်ဘူးလို့ ပြောထားသားပဲ၊ ကိုင်း...ကျုပ်ဟာကျုပ် ဘီယာလေးမြံ့ပြီး အေးအေးဆေးဆေး စိတ်ကူးယဉ်နေပါရစေနော်...ဟုတ်လား...ဒိုးပါတော့"

စိတ်ပျက်သောမျက်နှာနှင့် နောက ဂျက်စနေကိုကြည့်သည်။ ဂျက်က သူ့ကိုမကြည့်တော့ပဲ ဖန်ခွက်တွင်းမှ ပယင်းရောင်ယမကာရည်ကိုသာ မော့၍ လည်ချောင်းထဲမျှောချလိုက်၏။

သူက ညိုမင်းစံနောက်သို့ လိုက်မကြည့်ခဲ့ပါ။

လိုက်သာကြည့်မည်ဆိုက ညိုမင်းစံသည် သူ့ကိုစောင့်နေသော လူတစ်ယောက်နှင့် ဘီယာဆိုင်အပြင်ဘက်မှာ တွဲပြီးထွက်သွားတာကို တွေ့ရချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လူက ဦးထုပ်နှင့်လူ။

***



ဖတ်လမ်းစဉ် (၆)

သူငယ်ချင်း ဂျက်

ငါ့မှာ ပြဿနာတွေ့နေရတယ်၊ အဲဒီပြဿနာကို မင်း ဝင်ရောက် ကူညီပေးနိုင်လိမ့်မယ်လို့ ငါ ယုံကြည်တယ်… မနက်ဖြန် မင်းတို့ရွားက "ဦင်" လက်ဖက်ရည်ဆိုင်ကို မနက် (၉) နာရီတိတိ လာခဲ့မယ်၊ စောင့်နေပါ။

စိန်ဖွန်းညို

www.burmeseclassic.com

www.burmeseclassic.com



စိန်ထွန်းညီဆိုတာ တက္ကသိုလ်မှာကတည်းက အပေါင်းအသင်းဖြစ်နေခဲ့သည်။ တစ်ယောက်နှင့်တစ်ယောက်လည်း ခင်ကြသည်။ ချစ်ကြသည်။

စိန်ထွန်းညီမှာ သူနှင့်မတူတာက ကြောက်တတ်ပြီး အေးအေးနေတတ်သည်။ ကျောင်းမှာနေကတည်းက မိမိကတော့ ပြဿနာကောင်။

သူငယ်ချင်းတွေ မဆုံလိုက်နှင့်…။

ဆုံလိုက်လျှင် ပြဿနာတစ်ခုခုတော့ ဂျက်က လုပ်တတ်သည်။ ဂျက်ရော သူပါ ကျောင်းပြီးသည်အထိ မနေလိုက်ကြရပါ။ စိန်ထွန်းညီ မိဘတွေက ဆင်းရဲလို့ ကျောင်းစရိတ်မတက်နိုင်။

သူကတော့ အိမ်မှာ ပြဿနာတစ်ခုနှင့်ရင်ဆိုင်ပြီး မိဘတွေဆီ မှ အပြီးအပိုင်ထွက်လာသည်။ အဲသည်ကတည်းက ပညာရေးကို ကျောပေးခဲ့၏။

အကြောင်းအပေါင်းမကောင်းတော့ သူက ဖောက်ထွင်း သမားတစ်ယောက်နှင့် တွေ့ဆုံပြီး ထိုလူ့ပစ္စည်းကို ဘာမသိ ညာမသိ လက်ခံလိုက်ရာမှ ရဲက သူ့ကို မိသွားသည်။

ဝေက်က ကျွန်ခံဆိုသလို သူ့မှာ ကံဆိုးလှစွာ ထောင်သုံးနှစ် ကျသွားခဲ့၏။ သည်တုန်းက သူ့အသက်နှစ်ဆယ်။

ထောင်ထဲမှာ သူ ဒုစရိုက်ပညာတွေ အများကြီးရလာ အထူးသဖြင့် ပါရမီခံပါလို့လားမသိ။

ဖောက်ထွင်းမှုမှာ သူ အကျွမ်းကျင်ဆုံး။



သူ ထောင်ကထွက်လာတော့ မိဘသေီမပြန်။

သူ့ကို မငြိုမငြင် ကျွေးထားသူက စိန်ထွန်းညီ။

သည်ကောင်က ရရစားစားသမား။ လူဖျိုလူလွတ်။

ရွှေဘုံသာလမ်းမှာ မျက်မှန်ဆိုင်ဖွင့်ထားသည်။ သူက သူ့အလုပ် သူလုပ်တော့ စိန်ထွန်းညီနှင့် မတွေ့ရတာ ကြာသွားချေပြီ။

ပြီးခဲ့သည့်တစ်လလောက်က လမ်းမှာတွေ့သည်။ ကောင်မလေး တစ်ယောက်နှင့်တွဲလို့။ သူက သူ့ချစ်သူဟု ဂျက်နှင့် မိတ်ဆက်ပေး ခဲ့၏။

ယခု သူ့ထံမှ အကူအညီလိုနေပြီဟုပြောသည်။ ဘာပါလိမ့်။ ထားလိုက်တော့။

သူ့က အခန်းထဲရှိ စားပွဲပေါ်တွင် စာရွက်ကလေးကို လေနှင့် လွင့်မသွားစေရန် စာအုပ်တစ်အုပ်နှင့် ဖိထားလိုက်သည်။

၁၂၄ လမ်းထဲရှိ ခုနစ်လွှာအခန်းထဲ သူ ပြန်ရောက်ကတည်းက ခေါင်းမှာ ဘီယာခိုးမရိုက်တော့ဘဲ ကြည်ကြည်လင်လင် ရှိနေခဲ့၏။

ဒုတိယစာကို သူက အင်ဗာတာနှင့် ဖွင့်ထားသော နီယွန်မီး ချောင်းအောက်မှာ ဖြန့်ကြည့်သည်။

သော့သော့ကလေးနှင့် ရေးထားသော သေသေသပ်သပ် စာလုံး ကလေးများ။

အစ်ကိုဂျက်…

တိုင်ပင်စရာရှိလို့ မနက်ဖြန် ဆယ်နာရီမှာ ယုနေပလာဇာ ဂျေဒို့နပ်(စ်) ကို လာခဲ့ပါ၊ ဒေဝီ စောင့်နေပါ့မယ်၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



သိတဲ့အတိုင်း "ရွှေခေတ်" က သိပ်စည်းကမ်းကြီးတော့ စားပွဲမှာ လာထိုင်လို့မရလို့ ဒီစာပဲ ပေးခိုင်းလိုက်ရတယ်။

ခင်မင်သူ

ဒေဝီ

ဒါက နှင်းဒေဝီ၏စာ။

တစ်ယောက်က ကိုးနာရီ။

တစ်ယောက်က ဆယ်နာရီ။

တစ်နာရီခြားလို့သာ တော်ပေတော့သည်။

မနက်ဘက်တွင် နိုးနေကြအတိုင်း ခုနစ်နာရီခွဲမှာ နိုးလာသည်။ သူ့အိမ်ထဲတွင် နိုင်ငံခြားလုပ်ဖိုင်ဘာလက်တင်ကုလားထိုင်နှစ်လုံး။

ဆမ်(မ်)ဆောင်းကက်ဆက်တစ်လုံး၊ သူ့အိပ်ရာတစ်ယောက်အိပ် ကျွန်းခုတင်တစ်လုံးနှင့် နိုင်ငံခြားဖြစ် (Wardrobe)ခေါ် အဝတ်ထည့်ဗီရိုတစ်လုံးနှင့် တိုင်ကပ်နာရီတစ်လုံးသာရှိသည်။

အဝတ်ကြိုးတန်းပေါ်မှာတော့ သူ့အဝတ်အစားတွေရှိနေ၏။ ကိုးနာရီတွင် အိမ်မှ သူက ၁၂၄ လမ်းနှင့် အာတာလမ်းဆုံရာထောင့်ရှိ လက်ဖက်ရည်ဆိုင်ကိုလှမ်းကြည့်၏။

ဆိုင်ထဲမှာတော့ လူတွေရှိနေသည်။

ပထမဆုံး ရေအိမ်တက်၊ သွားတိုက်၊ မျက်နှာသစ်၊ ရေချိုး။ အဝတ်လဲပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်လာ၏။

မနက်ရှစ်နာရီသာ ရှိသေးတာမို့ သူက ဗိုလ်လင်းဝေါသို့ ဘိုက်ကားနှင့်သွားပြီး မုန့်ဟင်းခါးစားလိုက်သည်။



အဲသည်မှာ ကောင်မလေးတွေလာသည်။ သူတို့ဝတ်စားထား တာက မော်ဒယ်ပုံလည်းပါသည်။ ရိုးရိုးပုံလည်းပါသည်။

အဝတ်အစား မညီပေမယ့် သူတို့အကြည့်ကတော့ ညီကြသည်။ တီရှပ်နဲ့သာရောင်နှင့် ရိုက်ဒါဘောင်းဘီအညိုရောင် ဝတ်ထားသော ဂျက်စနေကို စိတ်ဝင်တစား ကြည့်နေကြခြင်းဖြစ်၏။

လူငယ်တစ်စုသည် မြန်မာ့ရေးရာအကြောင်းကို သူတဖုံ ငါတလှည့် ဝေဖန်ချက်တွေ ထင်မြင်ချက်တွေနှင့် ပြောနေကြ၏။

ဇာကယ်ဆို သည်လူငယ်သိုက်တွင် ဂျက်စနေလည်း ပါဝင်သင့်သည်။ သူတို့ပြောတာတွေက ဇာတိမာန် ဇာတိရေးရာတွေပင် ဖြစ်သည်။ သို့လင့်ကစား ဂျက်ကမပါဘဲ တစ်ဘက်မှ နားထောင်ရုံ သက်သက်သာဖြစ်သည်။

ပြီးတော့ သူထွက်လာ၏။

ချိန်းထားသောလက်ဖက်ရည်ဆိုင်ကို ရောက်တော့ ကိုးနာရီ ထိုးဖို့ ငါးမိနစ်ပဲလိုသည်။

မုန့်ဟင်းခါးစားပြီး လက်ဖက်ရည်မသောက်ရသေးသောသူ သည် စိန်ထွန်းညိုနှင့် လက်ဖက်ရည်သောက်ရဦးမည်။

စိန်ထွန်းညိုက အသားညိုညို၊ ပိန်ပိန်ရှည်ရှည်၊ မျက်မှန်နှင့် ဖြစ်သည်။ သူနှင့် သက်တူရွယ်တူ။

"ထိုင်ကွာ…မင်း ဘာသောက်မလဲ"

"လက်ဖက်ရည်ကွာ"

"တို့ရှည်စားပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဖိုးလင်းဝေါမှာ မိုက်ဖြည့်ခဲ့ပြီးပြီ…မင်းပဲစား"

စိန်ထွန်းညိုက သူ့အတွက် တိုရှည်တစ်ပွဲနှင့် လက်ဖက်ရည် နှစ်ခွက်မှာသည်။ ဤဆိုင်က တခြားဆိုင်တွေထက် ဈေးနည်းနည်းကြီး သော်လည်း အစားအသောက်က ကောင်းပါသည်။

သူ့အဖြစ်ကို စိန်းထွန်းညိုက ပြောပြသည်။ သူ့ကောင်မလေး ဖြူကို သူ့မိဘတွေက ပိုက်ထွေးဆိုသောလူနှင့် ပေးစားတော့မည် အကြောင်း၊ ဖြူက ပိုက်ထွေးကို မကြိုက်ဘဲ မိမိကိုသာချစ်ကြောင်း ပြောပြပြီး တစ်ဆက်တည်း…

"တစ်နေ့ကပေါ့ကွာ…ငါနဲ့ ဖြူနဲ့ လျှောက်လည်တော့ ပိုက်ထွေး ဆိုတဲ့ကောင်က လမ်းလျှောက်လာတဲ့ တို့နှစ်ယောက်ကို သူ့ကားနဲ့ လာတာနဲ့ တွေ့သွားရော၊ အဲဒါ သူက ကားရပ်ပြီးတော့ ငါ့ကို ထိုး ကြိတ်ပြီး ဖြူ့ကို ကားပေါ်တင်သွားတယ်၊ သူ ယူမယ့်မိန်းမကို နောက် တစ်ခါ ငါနဲ့တွဲလားလျှောက်လားတွေ့ရင် ငါ့ကို သတ်မယ်၊ ဖြူ့ကို သတ်မယ်လို့လည်း ကြိမ်းသွားတယ်၊ သူက ဖြူ့ကို အိမ်ပြန်မပို့ဘဲ သူ့ညီမအိမ်မှာ သူ့တပည့် သုံးလေးယောက်နဲ့ ဘယ်မှမထွက်အောင် ထားပေးထားတယ်"

"မင်း ဖြူရဲ့မိဘတွေက မသိဘူးလား"

"သူတို့သဘောတူလို့ဖြစ်မှာပေါ့"

"ပိုက်ထွေး ဆိုတဲ့ကောင်က လူမိုက်လား"

"မိုက် မမိုက်တော့မသိဘူး၊ ပိုက်ဆံတော့ရှိတယ်ကွ"

"မင်းလည်းရှိတာပဲ"



"ငါရှိတာက မျက်မှန်လေးရောင်းလို့ရတဲ့ပိုက်ဆံပဲ ရှိနေတာ"

"ဒီနေ့ မျက်မှန်သမားတွေ ထောနေတယ်ကွ၊ မျက်မှန်ကိုင်း တစ်ခု ဝယ်ရင် ဈေးက သူတို့ပါးစပ်ထဲရှိတာ"

"အရင်ကတော့ ဟုတ်ပါတယ်၊ အခုတော့ မျက်မှန်သမား တွေ များလာတော့ ရရစားစားပါပဲ၊ ငါဆို ဈေးမှန်နဲ့ပဲ ရောင်းတယ်၊ ကောင်ဘဝ မျက်စိကန်းပြီး ဝဋ်လိုက်မှာစိုးလို့ ဈေးကို မတရားမယူရဲ ဘူးကွာ"

"ပိုက်ထွေးကတော့ မင်းရည်းစားကို မတရားယူတော့မယ် ထင်တယ်လား"

"အေးကွာ…အဲဒါ ငါ မကြံတတ်လို့ မင်းဆီ အကြံဉာဏ် တောင်း အကူအညီတောင်းတာပါ"

"လွယ်လွယ်လေးကွာ…သူ့မိဘနဲ့တွေ့ပြီး မင်း တောင်းရမ်း ပေါ့ကွ"

"ငါက ငါ့ဦးလေးနဲ့ အဒေါ်နဲ့အတူ မိသားဖသားပိပိ သွား တောင်းပါတယ်၊ ဖြူ့အဘိုးကြီးက ငါ့ကို ကောလွှတ်တယ်ကွ၊ ပြီးတော့ မျက်လုံးမြင်မှ စားရမယ့်ကောင်မျိုးနဲ့ ငါ့သမီး မပေးစားနိုင်ဘူး "

"မယ်…မယ်"

စိန်ထွန်းညိုမှာ မိဘရှိတော့သည်မဟုတ်။ မျက်ဘက်တွင် ဦးလေး၊ အဒေါ်နှင့်နေသူဖြစ်၏။ ခဏမျှ ငြိမ်သွားသည်။ မှာထားတာတွေရောက်လာ၏။ တိုရှည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ချက်တနိုကို တို့ကာ စိန်ထွန်းညိုက အားပါးတရစား၏။

"မင်းကြည့်ရတာ ရည်းစားလူလုမခံရတဲ့အတိုင်းပဲ"

"ဂျက်…ရည်းစားသူများနောက်ပါသွားတာတခြား၊ ပါး…
ထဲ ဝါးတာကကခြားပဲကွ၊ ရည်းစားက ဗိုက်ပြည့်တာမဟုတ်ဘူး…
အစားက ဗိုက်ပြည့်တာ"

"မင်းအဘ…ဒါဆိုလဲ မင်း ဖြူကို မင်းမယူနဲ့ပေါ့"

"ဖြူက အသည်းနှလုံးကွ၊ အစာအိမ်မဟုတ်ဘူး၊ ဗိုက်…
တော့လည်း အသည်းနှလုံးကလွမ်းတယ်ကွ"

မျက်နှာညှိုးညှိုးနှင့် ပြောနေသော သူ့သူငယ်ချင်းကိုကြ…
ဂျက်စနေမှာ ရယ်ရမလို တည်ရမလို သနားရမလို ဖြစ်နေသ…

"မင်းကို မင်းဟာမလေး အဘိုးကြီးက ဘာကြောင့်ကေ…
လဲ"

"ပြီးခဲ့တဲ့ သုံးလကျော်လောက်ကပေါ့ကွာ…ဖြူအဘိုး…
မျက်မှန်ကိုင်းတစ်လက် ငါ့ဆီလာဝယ်ဖူးတယ်၊ ကိုင်းက ဂျပ်…
ဆိုတော့ ဈေးကြီးတာ မင်းလည်းအသိပဲ၊ ငါကလည်း ဖြူ့အ…
ဘယ်သိမလဲ…သူကလည်း ငါ့ကိုသိတာမဟုတ်ဘူး…ငါက …
ကိုင်းကို ငါရောင်းနေကျဈေးအတိုင်းပြောတယ်၊ သူများတွေရော…
ငါ့ထက်တောင် များသေးတယ်၊ အဘိုးကြီးက သူပေးချင်…
ပြောပြီး အတင်းလျှော့ခိုင်းတယ်၊ ဒီတော့ သူ့ကို ငါက မလျှော့…
အကြောင်း ဈေးမှန်ရောင်းကြောင်း ပြောတော့ သူက ငါ…
သူများဈေးထက်များတယ်တဲ့၊ သူလိုချင်တဲ့ဈေးပဲ ပြောနေ…



…ည်း နောက်တောက်တောက်နဲ့ အန်ကယ်(လ်)ရယ်…ဒါလောက်
…်နေမယ့်အစား ကျွန်တော့်ကို အန်ကယ်(လ်)အိမ်ကိုသာ ခေါ်သွား
…တော့လို့ ပြောမိတာနဲ့ အဘိုးကြီး ဒေါကန်သွားပြီး…ဟေ့ကောင်
…း ငါ့ကို စော်ကားတာလား၊ မင်းလိုကောင်ကို အိမ်ခေါ်ပြီး ဖိနပ်
…င်မတိုက်ခိုင်းဘူး…ဈေးပဲစားခိုင်းမယ်ပြောတော့ ငါနဲ့ စကားများ
…ပါလေရောကွာ"

ဂျက်က လက်ဖက်ရည်တစ်ငုံသောက်၍…

"မင်းနဲ့ကွာ…ယောက္ခမလောင်းနဲ့မှ စကားများတာကိုး၊ သူ့မှာ
…လေးတစ်ယောက်တည်းရှိတော့ အနာပေါ်တုတ်ကျတာပေါ့"

"ငါ့ယောက္ခမလောင်းမှန်း ဘယ်သိမလဲကွ…၊ သိရင် ငါ
…ားပေးလိုက်ပါတယ်၊ အဲဒါ သွားတောင်းရမ်းတော့ သူက
မှတ်မိတယ်ကွ၊ အဲဒီမှာ ကောပါလေရော"

"မင်း မတောင်းပန်ဘူးလား"

"တောင်းပန်ပါသကောကွာ…မရဘူးကွ၊ တောင်းပန်လေ
…ကြာရင် ငါ့ဦးလေးနဲ့ ရန်ဖြစ်မှာစိုးလို့ ပြန်လာရတယ်၊
…းကလည်း အကြောင်းစုံသိတော့ ဟေ့ကောင်…စိန်ထွန်း…
…ကောင်မလေးကို ရအောင်လုပ်၊ မင်း ဒီကောင်မလေးနဲ့ရရင်
…ကို ငါ အကုန်ကျခံလုပ်ပေးမယ်ပြောလိုက်တယ်၊ ဒါပေမယ့်
…မှာ မပဋ္ဌာသား စွန်ချီတဲ့အဖြစ်ထက် ဆိုးနေပြီ၊ စွန်သုတ်ခံ
…ကောက်…ခုခေတ်စကားနဲ့ပြောရင် ကြားကားဆွဲခံရတဲ့အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောစဉ် ငနဲက တောက်ခေါက်လိုက်ရာ ပါးစပ်ထဲမှ တိုရှည်း တွေ စင်ထွက်လာ၏။

"ဟဲ့ကွာ…မင်းကလည်း…ငါ့လက်ဖက်ရည်ထဲ ဝင်ကုန်ပါ ဦးမယ်"

"တွေးမိတိုင်း…ပိုက်ထွေးဆိုတဲ့ကောင်ကို ဒေါပွတာပါ"

"မင်း ခံမချဘူးလား"

"မင်းသိတဲ့အတိုင်း ငါက အချစ်ဝတ္ထုတွေဖတ်၊ အချစ်ကားပြ ကြည့်၊ စိတ်ကူးယဉ်နေတဲ့ကောင်ဆိုတော့ အရေးကျရင် မင်းလိုမဝံ့ တက် မကြိတ်တတ်ဘူးကွ၊ ဒီမှာကြည့်စမ်းပါဦး"

သည်ကောင်သတ္တိကို ဂျက်က သိပြီးသား။

သူပြသည့် မေးတစ်ဘက်မှာ ယောင်ကိုင်းနေသည်။

"အခုမှ ဒီဒဏ်ရာက ကျလာတာမို့ ငါ တိုရှည်ဝါးနိုင်တ ထမင်းတောင်မစားနိုင်သေးဘူး၊ မနေ့ကဆို ဘာမှမစားနိုင်ဘူး၊ ပါ ဗိုက်ထဲ ဆာဆာနဲ့ အရည်ချည်းဖိသောက်နေရတာ"

သူငယ်ချင်းဒဏ်ရာကိုမြင်တော့ ဂျက်စနေ ဒေါကန်သွား၏

"အဲဒီကောင် ဘယ်မလဲ"

"သူက အင်းစိန်မှာ ခြံနဲ့ဝင်းနဲ့နေပ…အခု သူ့ညီပါ အဲဒီမှာ ဖြူကို စောင့်ရှောက်ဖို့ခေါ်ထားတယ်"

"ငါဘာလုပ်ပေးရမလဲ၊ ဖြူကိုခေါ်ပေးရမလား"

"အေးကွာ…မင်း ကြည့်လုပ်ပေးပါဦး"



"ကောင်းပြီ…ညနေမှာ မင်း မဂိုလမ်းကဆိုင်ကို ငါလာခဲ့ မယ်၊ မင်း စောင့်နေပေါ့ကွာ"

သည်လိုနှင့် အလွမ်းသမားကြီး စိန်ထွန်းညိုနှင့် လမ်းခွဲသည်။ ကိုးနာရီလည်း ထိုးကာနီးနေပြီ။

သူ ပလာဇာရှိ ရျေဒိုးနပ်(စ်)သို့ သွားသည်။

သူ့အလျှင်ဦးစွာစောင့်နေသူက နှင်းဒေဝီ။

"အခုရောက်တာလား ဒေဝီ"

"ဟုတ်တယ်"

သူက သူ့အတွက် မမှာတော့ဘဲ ဒေဝီ့အတွက် ဖရက်(ရှ်)မစ် ခေါ် နို့အေးတစ်ခွက် မှာယူပေးသည်။

"အစ်ကိုကော"

"ပြီးခဲ့ပြီ"

သူနှင့် ဒေဝီသည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိ၏။ ဒေဝီသည် မော်ဒယ်(လ်)များ ဝတ်သလို ပေါ့ပေါ့ပါးပါးလေး ဝတ်ထား ပေမယ့် မော်ဒယ်(လ်) မိန်းကလေးတွေလို ပိန်ပိန်ချောက်ချောက် မဟုတ်ပါ။ အလှရှိပါသည်။

သင့်တင့်သောအဖောင်းအမို့တွေနှင့် ကိုယ်လုံးကလေးက ကျစ် ကျစ်လျစ်လျစ် အချိုးကျသူဖြစ်သည်။

အသားက အသားလတ်ဖြစ်သော်လည်း စိုပြေ၏။ ကလေး တစ်ယောက်အမေလို့ မထင်ရပါ။

"ဘာကြည့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ လှလို့ပါ"

ဒေဝီ၏ မျက်နှာပြင်တွင် သဘောကျမှုအရိပ်အယောင်နှင့် နှုတ်သိမ့်ပြုံးကလေးက နှုတ်ခမ်းပြည့်ပြည့်ကလေးပေါ်မှာ ပေါ်လာသည်။

"အစ်ကိုကလည်း ချောတာပဲ"

"အခုမှာထားတာ နို့အေးတစ်ခွက်ပဲရှိသေးတယ်၊ ဒိုးနပ်(စ်) မုန့်ပါ သွားယူပေးလိုက်မယ်"

သူမက အသံလွင်လွင်ကလေးနှင့်ရယ်သည်။

"ရွှေခေတ်မှာလုပ်ရတာ ဘယ့်နှယ်နေလဲ"

"အိုကေတယ်...ဘာဖြစ်လို့လဲ"

"ဩော်...တို့က လုပ်ပေးထားတော့ အဆင်ပြေမပြေ မေးရမယ့်တာဝန်ရှိတယ်လေ၊ ဒါထက် ကိုကြည်ထွန်းသတင်း ဘာကြားလဲ"

"အိမ်က အလုပ်ရှာမယ်ဆိုပြီး ထွက်သွားတာ ခုထိဘာသတင်းမှ မကြားရဘူးလေ...တစ်နှစ်ပဲရှိတော့မယ်"

"စောင့်ဦးမှာလား"

"ဘာလို့မေးတာလဲ"

"ညိုမင်းစံက ဒေဝီ့ကို စိတ်ဝင်စားနေတယ်၊ ဒေဝီက မကြည်မသာဖြစ်နေတော့ သူ့အတွက်ခက်နေတယ်"

"ဒီလူကြီးကို ဒေဝီမှမကြိုက်ပဲ"

"ချောပါတယ်"

"ချောတာနဲ့ ကြိုက်တာ ချစ်တာဟာ တခြားစီပါ အစ်ကိုရယ်၊ ဒေဝီမှာ သခ်ဏ်းစာတွေရပြီးပါပြီ"



"ညိုမင်းစံကို ဘယ်လိုမြင်လို့လဲ"

"ခပ်ပေါ့ပေါ့သမားပဲ၊ အသုံးအဖြုန်းလည်း ကြီးတယ်၊ သူ

ဂ)လုပ်တယ်ဆိုတာ ဒေဝီ ရိပ်စားမိပေမယ့် မသိသလို ဒေဝီနေလိုက်

ယ်၊ ဒါမှ ဒေဝီ ဘေးကင်းမယ်မဟုတ်လား"

"ဒေဝီ့ယောကျ်ားကို မျှော်နေသလား"

"အိမ်ထောင်ရှင်မြန်မာအမျိုးသမီးတစ်ယောက်ဟာ တစ်မျက်နှာ

နှစ်မျက်နှာ မများချင်ဘူး အစ်ကို၊ သူ မလာမချင်းတော့ ဒေဝီ

ျှော်နေရမှာပဲ"

"ဒေဝီ့ စိတ်ဓာတ်ကို လေးစားပါတယ်၊ ကဲ...ဒါတွေထား

ိုက်တော့...ဒေဝီ ဘာတိုင်ပင်မလဲ"

ဒေဝီ နို့အေးကို တစ်ငုံနှစ်ငုံ သောက်နေသောကြောင့် စကားပြန်

ပြောအားပေ။ လည်ချောင်းထဲမှ နို့အေးကျလို့ လှုပ်လှုပ်သွားသော

ရပြောင်းတင်းတင်း ချောချောမွတ်မွတ်ကလေးတွေကို ဂျက်စနေက

ကြည့်ကာ ရေကြည်သောက်လို့ မြင်ရမလောက်တဲ့ လည်မျိုသား

လေးဟာ သည်အသားမျိုးလားဟု တွေးနေသည်။

ဂျက်စနေက စားပွဲပေါ် လက်နှစ်ဖက် ပိုက်တင်လိုက်သည်။

ခွက်ကို စားပွဲပေါ်ချကာ ဂျက်စနေ မျက်နှာကို လှေလာပြီးမှ...

"အစ်ကို ငွေဆယ်သိန်းလောက် မလိုချင်ဘူးလား"

"ငွေ ဆယ်သိန်း"

"ဟုတ်"

"ဘာလဲ..အလကားရမှာလား၊ လှူမယ့်လူရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကြီးမှာ ဆယ်သိန်းမကလျှနေကြတာပဲ၊ တချို့ နာမည်တောင်မခံဘူး၊ ဒါပေမယ့် အစ်ကိုရမယ့် ဆယ်သိန်းက အလကားတော့မဟုတ်ဘူး"

"ဘယ်သူက ဘယ်လိုပေးမှာလဲ"

"အဲဒါ အစ်ကိုက အဲဒီလူနဲ့ လိုက်ဆွေးနွေးရမယ်"

"သူက ဘာခိုင်းမှာလဲ၊ ဟိုအလုပ်ဆိုင်ရင် တို့မလုပ်ဘူး၊ တို့က မတရားတဲ့လူတွေအပေါ်မှာလုပ်တာ...ပြီးတော့ တို့သဘောနဲ့တို့ လုပ်တာပဲ"

"အင်းပါ...ဒါက အစ်ကို့သဘောပါ၊ ဒါပေမယ့် ဆယ်သိန်းပေမယ့် လူက အစ်ကိုလုပ်နေတဲ့အလုပ်နဲ့ ပတ်သက်မယ်မထင်ဘူး၊ တကယ်ပတ်သက်တောင် ရန်ကုန်လိုမြို့မျိုးနေရာမှာ ခိုင်းမှာမဟုတ်ဘူး၊ ဒါက ဒေဝီရဲ့စိတ်ထင်ပြောတာလေ"

ဂျက်စနေမှာ ဆယ်သိန်းဟူသော ငွေအရေအတွက်ကို စိတ်ဝင်စားတာထက် တစ်ဘက်လူက ဘာခိုင်းမည်ဆိုတာကိုပဲ စိတ်ဝင်စားနေမိ၏။

"ကောင်းပြီလေ...ငွေဆယ်သိန်းကို ချက်ချင်းလက်မခံသေးဘူး၊ အစ်ကို ဒီလူနဲ့ လိုက်တွေ့မယ်၊ အခုလား..."

"တတ်နိုင်ရင်တော့ အခုကောင်းတာပေါ့"

သက်ပြင်းတစ်ချက်ချလိုက်သည်။ ဒေဝီကို ခေါင်းညိတ်ပြလိုက်သည်။



နို့အေးကို လက်စသတ်လိုက်ပြီးတော့ ဒေဝီကလည်း ယာမှာရှိ သူ့ပိုက်ဆံအိတ်ကလေးကို စလွယ်လွယ်လိုက်၏။

ယုနေပလာဇာရှေ့တွင် ရှိနေသော တက္ကစီတစ်စီးကို သူတို့လှမ်းခေါ်၍ ဒေဝီက သွားလိုသည့်နေရာကိုပြော၏။

ကားက သူတို့ကို တောင်ဥက္ကလာရှိ သံသုမာလမ်းသို့ ခေါ်သွားသည်။ သံသုမာလမ်းတွင်ရှိသော ခြံကျယ်နှင့် တိုက်တစ်တိုက်ရှေ့တွင် တက္ကစီကို ရပ်နိုင်းသည်။

ခြံဝတွင် သံပန်းတံခါးပိတ်ထားသည်။ ယင်းသံပန်းတံခါး၏ ဘေးက အုတ်ဘောင်ပေါ်တွင် အလူမီနီယံဆိုင်းဘုတ်ငယ်တစ်ခုကို ချိတ်ထားသည်။

ဦးဘိုနီ (B.Sc. L.LB)

နီသွေးရောင်နိုင်ငံခြား အင်ပို့အိတ်(စ်)ပို့ကုမ္ပဏီ

သည်ဆိုင်းဘုတ်ကလေးကို ဂျက်စနေ အမှတ်မထင် ဖတ်လိုက်ရသည်။

ဒေဝီကတော့ ကြည့်မနေဘဲ ခြံဝမှာ ခေါင်းလောင်းကြိုးကလေးကို ဆွဲလိုက်သည်။

လူငယ်တစ်ယောက်က ခြံတံခါးကို လာဖွင့်ပေးပြီး ဒေဝီကို သိနှင့်သလို ဝင်ခွင့်ပြုသည်။ ဂျက်စနေကိုလည်း အကဲခတ်လိုက်၏။ ဂျက်စနေက အဲသည်လူကို မျက်ခုံးတွေ ပင့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖြတ်သန်းပြီး အထဲကို ဝင်ခဲ့သည်။

ခြံထဲတွင် စိုက်ပင်များက ပန်းအိုးများတွင် ပန်းများ၊ သီးပင်စားပင်အချို့နှင့် ဩရေရှားပင်၊ ပင်လယ်ကဗွီးပင်များကအစ ခြံ၏အလှအပကို နေသားတကျ ရှိစေသည်။

နွေရောက်စေကာမူ ခြံ၏အပင်များက စိမ်းစိမ်းစိုစိုပဲရှိနေ၏။

ကွန်ကရက်လမ်းသည် ဖြောင့်နေရာမှ ဘယ်သို့ကွေ့ဝိုက်ဝင်သွားသည်။ မြန်မာနိုင်ငံတွင် ကုမ္ပဏီတွေ ပြုလုပ်ကြရာ၌ နိုင်ငံခြားနှင့် ဆက်သွယ်သော ကုမ္ပဏီများထဲတွင် နီသွေးရောင်ကုမ္ပဏီကို ဂျက်စနေက ယခင်ကတည်းက တီးခေါက်မိပြီးဖြစ်သည်။

ထိုကုမ္ပဏီ၏ပင်မမှာ ဝါးတန်းလမ်းတွင်ရှိသည်။

ကုမ္ပဏီအလုပ်သမားနှစ်ဆယ်ကျော်ရှိသော်လည်း သူ့ကုမ္ပဏီခွဲတွေက မန္တလေး၊ ပုသိမ်၊ ပြည်၊ မော်လမြိုင်များတွင်လည်းရှိ၏။

ပြည်တွင်းဖြစ် ပွန်းထည်၊ အထည်အလိပ်၊ စားကုန်သောက်ကုန်များနှင့် ရေချို၊ ရေငံငါးပုစွန်များကိုလည်း မွေးမြူပြီး နိုင်ငံခြားကို တင်ပို့သလို နိုင်ငံခြားမှလည်း ဆေးပစ္စည်း၊ အထည်အလိပ်နှင့် စက်ကရိယာပစ္စည်းအချို့ကို တင်သွင်းသည်။

ကုမ္ပဏီမှာ စည်းကမ်းကျနသည်။ အလုပ်သမားကောင်းများရှိသည်။ မည်သည့်ရှယ်ယာကိုမှ လက်မခံဘဲ ပိုင်ရှင်တစ်ဦးတည်းကသာ ချုပ်ကိုင်လုပ်ဆောင်နေသဖြင့် ထိုပိုင်ရှင် ဦးဘိုနီကို ဂျက်က ယခင်က ကြားဖူးသော်လည်း မတွေ့ဖူးခဲ့။

ယခု တွေ့ဆုံရမှ ဦးဘိုနီမှာ အသက်လေးဆယ်ကျော်လောက်



ခန့်မှန်းရပြီး အသားဖြူဖြူ၊ ကိုယ်လုံးတောင့်တောင့် နောက်ဘက်သို့ ပိပြားအောင် သိမ်းသွင်းပြီးထားသော မည်းနက်သည့်ဆံပင်တို့နှင့် အလှူမိနီယံကိုင်းတပ်မျက်မှန်ပိုင်ရှင်မှန်းသိရ၏။

ဥပမိရှပ်ကောင်းပါသည်။

အရပ်အမောင်းက ငါးပေကိုးလက်မရှိသော ဂျက်စနေထက် နှစ်လက်မလောက်ပဲ နိမ့်မည်ထင်ရသည်။

သူက ပွင့်ရိုက်ပါတိတ်ဟာဝေယံရှပ်နှင့် ဘောင်းဘီရှည်ဝတ်ထားသလို မျက်လုံးတွေက ဂျက်စနေကို တွေ့တွေ့ချင်း ဖျတ်လတ်သွက်လက်မှုကို ဆောင်နေသည်။

သူ့ကို တွေ့ရသည်မှာ အိမ်ဖော်မိန်းကလေးတစ်ဦးမှတစ်ဆင့် ဧည့်ခန်းနှင့် ကပ်နေသော အခန်းတစ်ခန်းပင်ဖြစ်သည်။

ထိုအခန်းတွင် လူတစ်ရပ်စာရှိသော ဓာတ်ပုံကြီးနှစ်ပုံကို မှန်ဘောင်သွင်းထား ကပ်ချိတ်ထား၏။

အလူမိနီယံဘောင်အတွင်းက ပုံတွေမှာ ယောကျ်ားတစ်ဦး မိန်းမတစ်ယောက်စီ၏ မတ်တပ်ရပ်အနေအထားပင်ဖြစ်ပြီး စာတွေကို ဘောင်အထက်မှာ ရေးထားသည်။

ကျေးဇူးရှင် ဖေဖေ ဦးအုံကြီးမောင်။

ကျေးဇူးရှင် မေမေ ဒေါ်ခင်မြတ်နိုး။

သည်ပုံတွေကို ဂျက်စနေ အမှတ်တမဲ့လှေ့လာပြီး စောင်းပြောင်နေသော မှန်ခင်းလေးထောင့် မဟော်ဂနီ စားပွဲကြီးနောက်တွင် နှင်းဒေဝီ၏ ညွှန်ကြားချက်အရ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဒေဝီကလည်း ဂျက်နှင့် ဘေးချင်းယှဉ်ဝင်ထိုင်လိုက်သည်။

စားပွဲ၏ တစ်ဘက်နောက်တွင် ဆံလည်ကုလားထိုင်နှင့် ဦးဘိုနီက ထိုင်နေသည်။

စားပွဲ၏တစ်ဘက်တွင် တခြားစားပွဲတစ်လုံးရှိ၏။

အဲသည်စားပွဲမှာတော့ နှင်းဒေဝီလိုပဲ ငယ်ရွယ်ချောမောသည့် မိန်းကလေးတစ်ဦးက ကွန်ပျူတာစက်တစ်လုံးနှင့် သူမအလုပ်ကို လုပ်နေသည်။

တစ်ခန်းလုံး အဲယားကွန်းပေးတာမို့ နွေ၏အပူကို အာခံဓာတ်ရှိနေ၏။ အာခံသောအအေးဓာတ်က ဝင်လာသောလူနှစ်ယောက်ကို ဖြန်းပက်သလို ခံစားလိုက်ရ၏။

ဦးဘိုနီနှင့် ဂျက်စနေကို ဒေဝီက မိတ်ဆက်ပေးသည်။

"နင့်လူက လူချောပဲပါ၊ နင်ပြောတုန်းက ငါ ယုံတောင်မယုံဘူး၊ အခုမြင်မှပဲ ယုံတော့တယ်"

"ဒေဝီက အန်ကယ့်(လ်)အလုပ်ပိုနဲ့ ကိုက်ညီ၊ ယုံ့လူကို တပင်တကာကို ရှာလာခဲ့တာ၊ သူက ဘတ်ဂလာရီ (Buglary) မှာတော့ ပီဇာပဲ"

"မင်းနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ မင်းအကြောင်းကိုတော့ တို့က လေ့လာပြီးထားတာပဲ"

"ဘာတွေများ လေ့လာထားလို့လဲ"

ခပ်တည်တည်ပဲ ဂျက်စနေက မေးလိုက်၏။ ဦးဘိုနီကိုယ်မှ နိုင်ငံခြားဖြစ် အမွှေးနံ့သာတွေက သူ့ဆီလွင့်လာသည်။ ဦးဘိုနီသည်



ကိုဂျက်ကို နှစ်နှစ်ခြိုက်ခြိုက် မျက်လုံးတွေနှင့် ကြည့်လိုက်ပြီးမှ စားပွဲတစ်ဘက်မှ မိန်းကလေးအား…

"သဉ္ဇာ…ငါ့ကို ဂျက်စနေရဲ့ ကိုယ်ရေးဖိုင်အကျဉ်းပေးစမ်း"

မိန်းမလှလေး၏လက်မှ အနီရောင်ဖိုင်ကိုရလျှင် ဦးဘိုနီက ဖိုင်ကို ယူကာ ဖတ်ရှုပြီးမှ…

"ဂျက်စနေ…နာမည်ရင်းက စနေထွန်း၊ ၁၂-၁-၁၉၇၆ ခုနှစ်တွင် မကွေးမြို့မှာ မွေးသည်။ မိဘတွေက ပိုးကုန်သည်တွေဖြစ်တယ်၊ ဖခင် ဦးလွင်ထွန်း၊ အမိ ဒေါ်နှင်းခိုင်၊ ညီအစ်ကိုမောင်နှမ မွေးချင်းမရှိ။ ရန်ကုန်တက္ကသိုလ်တွင် ကင်မက်စရီမေဂျာနှင့် တတိယနှစ်ထိ တက်ခဲ့။

ဘောလုံး၊ လက်ဝှေ့နှင့် ကိုယ်ခံသိုင်းပညာကို ဆရာ ဦးစန်းထွန်း ဆိုသူထံတွင် ဆည်းပူးသင်ကြားလေ့လာခဲ့၏။ ဒါ အားကစားပိုင်းများကို ပြောတာနော်…အနုပညာတွင် ဂစ်တာတီးခြင်း၊ သီချင်းဆိုခြင်း ဝါသနာပါသည်။

သူတစ်ပါးကို ကူညီတတ်သည်။ မဟုတ်မခံစိတ်လည်းရှိသည်။ ရိုးသားသည်။ ရဲရင့်သည်။ မိမိကိုယ်ကို ယုံကြည်စိတ်ရှိသည်။ ဒါတွေက မောင့်ရင်ရဲ့စိတ်ဓာတ်ကို ပြောတာနော်…ကူညီမှုတွင် မိမိနှင့်ငယ်ချင်း မိန်းမခိုးမှုတွင် လိုက်ပါဆောင်ရွက်ခြင်းကြောင့် မိဘများနှင့်မပြေဖြစ်ကာ အိမ်မှထွက်ပြီး ကျောင်းဆက်မနေ…

ထောက်ထွင်းသမားတစ်ဦးနှင့် ပေါင်းမိရာက…"

"နေ…နေ…တော်…တော်…တော်လောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက ရုတ်တရက် စိတ်ဆိုးသံနှင့် လက်နှစ်ဘက်မြှောက်၍ တားကာပြောပြီး ဆက်၍…

"ခင်ဗျားတို့ ကျွန်တော့်အကြောင်းကိုယ်ရေး ဒါလောက်သိရင် မှတော့ ဘာနိုင်းမလို့လဲ"

"ဒေဝီ…နှင် ပြောလိုက်ပြီးပလား"

"အန်ကယ်(လ်)က ပြောမယ်ဆိုမှ ဒေဝီက ဘယ်ပြောဖြစ်မလဲ အန်ကယ်(လ်)ပဲ ရှင်းပြလိုက်ပေါ့"

"ကောင်းပြီ ဂျက်စနေ…မင်းကိုခိုင်းမှာမဟုတ်ဘူး၊ မင်းဆီက အကူအညီယူရမှာ"

ဦးဘိုနီက ဆုံလည်ကုလားထိုင်နောက်မှီကို မှီကာ ပြောရင်း အိမ်ဖော်မိန်းကလေး ဝင်လာပြီး…

"ဆရာ…ဧည့်သည်တွေပါ"

"ဘယ်သူတွေလဲ"

"ကိုဘတင့်တို့ပါ"

"လွှတ်လိုက်"

လူနှစ်ယောက် ဝင်လာသည်။

ဂျက်စနေ အံ့အားသင့်သွားသည်။

မင်းညိုစံနှင့် လူတစ်ယောက်။

အဲသည်လူက ဦးထုပ်ကို မျက်နှာတစ်ဝက်ဖုံးအောင် ဆောင်း ထားသည်။ မင်းညိုစံက ဂျက်စနေကို မြင်တော့ ပြုံးသည်။ အဲသည် အပြုံးက မချိုမချဉ်အပြုံး။



"ထိုင်ကြကွာ"

ဦးဘိုနီ၏ ခွင့်ပြုချက်ဖြင့် ဦးဘိုနီ စားပွဲရှေ့ရှိ ကုလားထိုင်တွင် ကိုဘတင့်ဆိုသူနှင့် မင်းညိုစံက ဂျက်တို့နှင့် ရင်ဘောင်တန်းထိုင်ကြ သည်။

ကိုဘတင့်ဆိုသူမှာ မော်တော်ထဲတွင် မင်းညိုစံကို တီးပြီး ထွက်အလာ ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်တွင် တွေ့ခဲ့ ရသူဖြစ်၏။ စိန်ထွန်းညို၏စာကိုလည်း သူပဲပေးခဲ့သည်။

"ငါ့နာမည် ဘိုနီ…ငါ့မိဘတွေက ဦးအုံကြီးမောင်နဲ့ ဒေါ်ခင် မြတ်နိုး၊ ငါ့ပညာအရည်အချင်းကတော့ မင်းတို့ ခြံဝမှာ မြင်ခဲ့ကြပြီးပြီ၊ ငါ့အမေကတော့ ငါ့လက်ထဲမှာ သေသွားတယ်၊ ငါ့အဖေကတော့ အိမ်ကထွက်သွားသလား၊ ငါ့အမေနဲ့ ကွဲသွားသလား မပြောတတ်ဘူး၊ ငါ မွေးကတည်းက ပျောက်သွားခဲ့တာ ဒီနေ့အထိပဲ၊ ဒီဓာတ်ပုံတွေက ငါ့အဖေနဲ့ ငါ့အမေပုံ၊ အဖေ့ပုံကို အမေက ပေးခဲ့လို့ ငါက ဓာတ်ပုံ ထဲမှာပဲ မြင်ဖူးတာ၊ ငါ့အဖေဘက်မှာ သူ့အဖေတစ်ယောက်ရှိတယ်၊ ဦးဘိုဖြူမောင်တဲ့၊ သူ့ကိုတော့ ဖြူသလား၊ မည်းသလား ငါ မမြင်ဖူး ဘူး၊ ငါသိတာက ငါ့အမေ ပြောပြချက်အရ အဲဒီ ဦးဘိုဖြူမောင်ဆီ မှာ ထူးဆန်းတဲ့ဓာတ်လုံးတစ်လုံးရှိတယ်တဲ့၊ ငါ့အဘိုးပေါ့ကွာ…အဲဒီ ဓာတ်လုံးဟာ ငါ့အဖေက ငါ့အမေကို ပြောခဲ့တော့ အမေ့ပြောကြား ချက်အရ ဒီဓာတ်လုံးဟာ ကာယသိဒ္ဓိပြီးတယ်၊ လာဘ်ပြီးတယ်၊ ဓနသိဒ္ဓိပေါ့ကွ…ဒါတွေပြီးတယ်တဲ့"

ရယ်လိုက်သံ။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ၏ ရယ်သံ။

"မင်းတို့ခေတ်လူငယ်တွေက မယုံဘူး၊ ဂမ္ဘီရလောကီပညာဆိုတာ ဟိုးရှေးရှေးကတည်းက ပေါ်ခဲ့တယ်၊ သူ့နည်းနဲ့ သူ့ဟန်စွမ်းတာတွေလည်းရှိသပေါ့၊ ခေတ်တွေက တဖြည်းဖြည်း ပြောင်းလွဲလာတော့ ဝိဇ္ဇာပညာရပ်တွေဟာလည်း ခေတ်နည်းတူပြောင်းလွဲလျော့ပါးလာတယ်၊ ကောင်းတာသူ့ထက် ဆိုးတဲ့လူတွေများလာတာကြောင့် ဒီပညာတွေကို မပေးချင်တဲ့ တကယ့်ပညာအစစ်အမှန်ဆရာကြီးတွေက သိုဝှက်ရင်း သိုဝှက်ရင်းနဲ့ ဒီဝိဇ္ဇာမယပညာတွေ၊ ဂမ္ဘီရအတတ်ပညာတွေဟာ တစ်စတစ်စ ကွယ်ပျောက်ကုန်တယ်လို့ ငါ ယူဆတာပဲ၊ ဒီအထဲမှာ အတုအယောင် ပညာသမားတွေက ပေါ်လာတော့ ဒီပညာတွေကို လူတွေက လက်မခံတော့ဘူး၊ ခေတ်ကလည်း ဝိဇ္ဇာပညာရပ်ထက် သိပ္ပံပညာရပ်တွေက တိုးတက်လာပြီကိုး၊ ဓာတ်လုံးဆိုတာ လောကီပညာမှာ ဖိုကျင်ထိုးမှ ပြဒါးသေသံသေပြီးရလာတာပဲ၊ ပုဂံရာဇဝင်မှာ ရှင်အရဟံဖြစ်ကို ပယ်ဖျက်လို့မရဘူး၊ သူ့ပညာဟာ ဓာတ်လုံးပညာပဲ၊ အဲဒီခေတ်နဲ့ တို့ခေတ်ဟာ ရာစုပေါင်းများစွာ ဘယ်လောက်အလှမ်းကွာဝေးသွားပြီလဲ၊ ဒီတော့ မလေ့လာမလိုက်စားတဲ့ မင်းတို့က ရယ်ကြမှာပဲ၊ မင်းတို့ရယ်တာထက် မင်းတို့အတွက် အကျိုးရှိရင် လုပ်မှာပဲမဟုတ်လား၊ စွမ်းဆောင်တာက မင်းတို့၊ ဓာတ်လုံးစွမ်းတာ မစွမ်းတာက ငါ့အလုပ်"

"ကောင်းပါပြီ အန်ကယ်(လ်)၊ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"



"ကျွန်တော် ဆိုတာတစ်ယောက်တည်းဖြစ်နေတယ်၊ ကျွန်တော်တို့လို့ပြောပါ…မင်းနဲ့အတူ လုပ်ကြရမှာက မင်းညိုစံရယ်၊ နှင်းဒေဝီပဲကွ"

"သူတို့ပြောတာတွေကို ကွန်ပျူတာကိုင်နေသော မိန်းကလေးက အမှတ်မထင်ပင် စိတ်ဝင်စားစွာ နားထောင်နေသည်။ သူမသည် ဦးဘိုနီ၏ ကိုယ်ရေးအတွင်းရေးမှူးပဲဖြစ်သည်။ ဦးဘိုနီ၏ ယုံကြည်ကိုးစားခံရသူလည်းဖြစ်သည်။

ဦးဘိုဖြူစကားကြောင့် ဂျက်စနေက မင်းညိုစံတို့ကို လှည့်ကြည့်သလို မင်းညိုစံနှင့် နှင်းဒေဝီကလည်း လှည့်ကြည့်ကြသည်။ ခဏကြာမှ…

"ကျွန်တော့်ကို ဘာတွေလုပ်ရမယ်ဆိုတာ အကျိုးအကြောင်းပြောပြဦးမှပေါ့"

"မင်းလုပ်ရမှာက မင်းကျွမ်းကျင်တဲ့ ဖောက်ထွင်းရေးလုပ်ငန်းပဲ၊ ဖောက်ထွင်းရမှာက မီးခံသေတ္တာတစ်ခုပဲ၊ ဒါတွေ မင်းတတ်နိုင်တာပဲ"

"ဘယ်မှာလဲ"

"ဟိုပင်လယ်ရပ်ခြားမှာပါ၊ မင်းညိုစံနဲ့ နှင်းဒေဝီကိုတော့ ငါပြောပြပြီးပြီ၊ ဖောက်ထွင်းရမယ့်ပစ္စည်းက အဲဒီဓာတ်လုံးပဲကွ၊ ဓာတ်လုံးပိုင်ရှင်က ဦးဘိုဖြူခေါ်တယ်၊ ငါ့ရဲ့ ဖအေတူ မအေကွဲ ညီအစ်ကိုပဲပေါ့…သူက ကျွန်းတစ်ကျွန်းမှာနေထိုင်ပြီး လက်နက်မှောင်ခိုလုပ်တယ်၊ မူးယစ်ဆေးဝါးလုပ်တယ်၊ မြန်မာနိုင်ငံရဲ့ ရေပြင်ပိုင်နက်အပြင်

www.burmeseclassic.com

www.burmeseclassic.com



မှာ နေထိုင်ပြီး နိုင်ငံခြားနဲ့ ဆက်သွယ်ပြီး လုပ်နေတာပဲ၊ သင်္ဘော်တွေပိုင်တယ်၊ အချမ်းသာဆုံးလူတွေထဲမှာ စာရင်းဝင်မဟုတ်ပေမယ့် သူ့နည်းသူ့ဟန်နဲ့တော့ ချမ်းသာနေတာပဲကွ၊ ဒီဓာတ်လုံးက သူ့ဆီမှာ ရှိနေတယ်"

"သွားခိုးပေးရမယ်ဆိုပါတော့"

"ဟုတ်တယ်"

"သူ့ဓာတ်ပုံရှိလား"

"ဓာတ်ပုံတော့ မရှိဘူး၊ ပုံစံ ငါပြောပြမယ်၊ ခုတော့ မဟုတ်သေးဘူး၊ တို့အလုပ်ဖြစ်ပြီဆိုမှ အသေးစိတ် စီမံလုပ်ကိုင်ကြတာပေါ့၊ အရေးကြီးတာက မင်းအတွက် စဉ်းစားဖို့ပဲ"

"အကျိုးအမြတ်က..."

"ဒီအလုပ်ကိုလုပ်တဲ့အတွက် မင်းကို ဆယ်သိန်းပေးမယ်၊ ဆယ်သိန်း"

သည်စကားတွင် ဦးဘိုနီက လက်ဆယ်ချောင်းထောင်ပြ၍ ဟန်နှင့် ပန်နှင့် ပြလိုက်သော်လည်း ဂျက်စနေက အမူအရာ ထူးထူးခြားခြားမပြပေ။

"လုပ်ရမှာက ခက်မယ်ထင်တယ်"

"ဟာ...ခက်ပြီလား၊ ဘိုဖြူက ဒုစရိုက်သမားပီပီ ကျွန်ုပ် အစောင့်လူတွေထားတယ်၊ သူ့မှာ လူဆယ်ယောက်ယောက်ကို ဆိုင်နိုင်တဲ့ ဒေး ဆိုတဲ့ လူ့တိရစ္ဆာန်ကြီးတစ်ကောင်ရှိတယ်"

"ကျွန်တော် စဉ်းစားပါရစေဦး"



"ဘာကိုစဉ်းစားမှာလဲ"

"ပထမဆုံး စဉ်းစားချက်က ကျွန်တော်နဲ့ တွဲလုပ်ရမယ့်လူတွေပါ၊ နှင်းဒေဝီက မိန်းကလေးပဲ...လိုက်လို့မဖြစ်နိုင်ဘူး၊ မင်းညိုစံက ကျွန်တော့်အပေါ် သစ္စာရှိတဲ့လူမဟုတ်ဘူး"

"ဒါတွေ ငါသိပြီးပါပြီ၊ မင်းညိုစံဟာ လူသတ်သမားမဟုတ်ဘူး၊ သူက ငါ့ဆီမှာ လာအလုပ်လုပ်တဲ့လူ...သူ စင်ကာပူကို တစ်ခါ၊ မလေးရှားကိုတစ်ခါ ရောက်ဖူးတယ်၊ ငါးဖမ်းကုမ္ပဏီရဲ့ ငါးဖမ်းသင်္ဘော်မှာ နှစ်ကြိမ်လောက် လိုက်ဖူးတယ်၊ ပင်လယ်အတွေ့အကြုံနဲ့ နိုင်ငံခြားအတွေ့အကြုံရှိတယ်၊ လူတစ်ယောက်ကို သတ်ရဲဖြတ်ရဲတဲ့သတ္တိလည်းရှိတယ်၊ သူ့ကို ငါ ဆန်းစစ်ပြီး မင်းအကြောင်းသိရအောင် ကြေးစားလူသတ်သမားဆိုပြီး ခိုင်းလိုက်တာပါ၊ ပစ္စည်းတွေကို နယ်မှာ ပုံ့ပွဲလို့ သူက ဖျောင်တယ်ဆိုတာလည်း ငါခိုင်းတာပဲ၊ သူ့ရာဇဝင် အကျဉ်းသိချင်ရင် ငါအတွင်းရေးမှူး ဟောပဟိုက သဋ္ဌာတွေးဆီမှာ တောင်းယူကြည့်နိုင်တယ်၊ သူက ဘိုဖြူဆီကိုသွားဖို့ စိတ်အားထက်သန်တယ်၊ နှင်းဒေဝီလည်း အဲဒီအတိုင်းပဲ၊ သူက လှတယ်၊ အဆိုတော်ပါ၊ ယောက်ျားတွေကို ဆွဲငင်ညှို့နိုင်စွမ်းရှိတယ်"

စကားကို ခဏဖြတ်ကာ အားလုံးကို ဦးဘိုနီက အကဲခတ်သည်။ ငြိမ်ငြိမ်ဆိတ်ဆိတ် နားထောင်နေတာကိုတွေ့ရမှ စကားပြန်ဆက်သည်။

"ဘိုဖြူက မိန်းမဝါသနာပါတယ်၊ နှင်းဒေဝီလို အချောအလှ

www.burmeseclassic.com

www.burmeseclassic.com



ဆို စိတ်ဝင်စားမှာပဲ၊ ဒါကြောင့် နှင်းဒေဝီကို ဒီနေရာမှာ အသုံးချချင်တာ…နှင်းဒေဝီက စိတ်လည်းခိုင်တယ်"

"အန်ကယ်(လ်)က သူ့အကြောင်း ဘယ်လောက်သိလဲ"

"သိတာပေါ့ကွ…'ရွှေခေတ်' ဘီယာဆိုင်ဟာ ငါဖွင့်ထားတဲ့ဆိုင်ပဲ"

"ကျွန်တော် တွေ့ခဲ့တဲ့ပိုင်ရှင်က"

"အဲဒါ ငါ့မိတ်ဆွေပဲ၊ သူ့ကို ပိုင်ရှင်အဖြစ် ထားပေးထားတာပဲ"

ဂျက်စနေက ပခုံးတွန့်ကာ မျက်ခုံးပင့်ပြသည်။

"ကျွန်တော် စဉ်းစားပါဦးမယ်၊ ပေးတဲ့ငွေကြေးကိုလည်း စဉ်းစားရဦးမယ်၊ သူတို့ကကော သဘောတူလား"

"မင်းတူရင် တူကြမှာပါ"

"အန်ကယ်(လ်)နဲ့ ထပ်တွေ့မယ်လေ"

"ငါက မြန်မြန်ပြီးစေချင်တယ်၊ နောက်တစ်လဆိုရင် မိုးဂျူတော့မယ်၊ မိုးမှာ သွားလို့လာလို့မကောင်းဘူး"

"ပင်လယ်ဟာ ရာသီအစိုးမရပါဘူး၊ ခုလိုအချိန်မှာ အိမ့်ေတာက အပူလှိုင်းတွေလမ်းကြောင်းပြောင်းပြီး အပူပိုင်းမုန်တိုင်းေဖြစ်တတ်တာပဲ"

ပင်လယ်အတွေ့အကြုံမရှိသော ဂျက်စနေစကားကို သည်။အတွေ့အကြုံမရှိဟုထင်ပြီး လက်မခံလို့မဖြစ်ပါ။

"ကိုဂျက်ပြောတာ ကျွန်တော် ထောက်ခံတယ် အန်ကယ်(လ်)"



ဘေးမှ မင်းညိုစံစကားက ထောက်ခံသလိုဖြစ်သောကြောင့် ဂျက်စနေမှာ မင်းညိုစံကို ကျေနပ်သလိုဖြစ်သွားသည်။

နောက်တစ်နေ့ တွေ့ရန် ဦးဘိုနီနှင့် အချိန်းအချက်ယူပြီးတော့ ဂျက်စနေတို့ ထွက်လာကြ၏။ အပြင်ရောက်မှ မင်းညိုစံအား…

"ခင်ဗျားနဲ့ ကျွန်တော် မနက်ဖြန်မနက် အစည်းအဝေးလုပ်မယ်၊ နှင်းဒေဝီရော ကိုဘတင့်ရော ပါတယ်ပေါ့ဗျာ၊ ကျွန်တော့်အိမ်ကို လာခဲ့ပါ၊ ခုနစ်လွှာဆိုတော့ အေးအေးချမ်းချမ်း တိုင်ပင်လို့ရတယ်၊ ကိုဘတင့်ကော နှင်းဒေဝီပါ ကြားတယ်နော်…မနက်ဖြန် ဆယ့်နှစ်နာရီတိတိ"

ကျန်လူတွေက လာမည့်အကြောင်း ကတိပေးတော့…

"ဪ…ကိုဘတင့်…ခင်ဗျား စိန်ထွန်းညိုကိုသိလား"

"သူ့ဆီကို မျက်မှန်ကိစ္စနဲ့ရောက်ရင်း မျက်မှန်းတန်းမိတာပါ၊ ပနေ့က ကျုပ် ရွှေခေတ်က ခင်ဗျားကို မင်းညိုစံနဲ့ အတူတွေ့ရအောင် လာတော့ ဘီယာဆိုင်အပြင်မှာ စိန်ထွန်းညိုနဲ့ တွေ့ခဲ့တယ်၊ သူက ခင်ဗျားနဲ့ တွေ့ရအောင်လာတာပါ၊ ခင်ဗျား မလာသေးဘူးဆိုတာနဲ့ ကျုပ်က မစောင့်ချင်ရင် စာတစ်စောင်ရေးပေးခဲ့လို့ ပြောတာနဲ့ သူက ခင်ဗျားအတွက် စာတစ်စောင် ရေးပေးခဲ့တာပါ၊ အဲဒီစာကို မနေ့ညက ခင်ဗျားကို ပေးလိုက်ပြီးခဲ့ပြီပဲ"

နှင်းဒေဝီက ဂျက်စနေနှင့် ကျန်ခဲ့ပြီး ကျန်နှစ်ယောက်က လမ်းခွဲထွက်သွားကြသည်။ သံသုမာလမ်းပေါ်တွင် နေပူထဲ၌ လျှောက်လာ နှင်းဒေဝီက သူမ၏ သုံးဆစ်ချိုးခေါက်ထီးလေးကို ဖွင့်သဖြင့် ဂျက်က ထိုထီးကိုကိုင်ကာ နှင်းဒေဝီနှင့် ယှဉ်လျှောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ဂျက်စနေက နှင်းဒေဝီအား ထိုအလုပ်ကို မလုပ်ဖို့ ရှင်းပြတော့ နှင်းဒေဝီက လက်မခံပါ။

သူမတွင် သားကလေး ရှိုင်းရှိုင်း ရှိနေခဲ့ရာ ထိုသားလေးကို စောင့်ရှောက်ဖို့ ငွေလိုနေသည်။ သူ့တွင် အဘိုးအဘွားရှိတာ မှန်သော်လည်း ထိုအဘိုးအဘွားသည် ရှိုင်းရှိုင်းအတွက် တစ်သက်လုံး နားခိုနိုင်မည့် ကွန်းခိုရာမဟုတ်ပါ။ သူမမှာ သူ၏ဖခင်ကိုယ်စား ပြုစုပျိုးထောင်ရမည့် တာဝန်ရှိနေသည်သာမက ငွေဆယ်သိန်းဆိုသည်မှာ မနည်းလှကြောင်း၊ ဒါကြောင့် သည်အလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ထားကြောင့် ပြောပြ၏။

သူ့အကြောင်းနှင့်သူလည်း ဟုတ်ပေတာပေါ့။

စိတ်ကူးတစ်ခုရှိသော ဂျက်စနေသည် နှင်းဒေဝီကိုလည်း စပ်းသပ်လိုသောကြောင့် ရွှေဘုံသာလမ်းရှိ စိန်ထွန်းညို၏ မျက်မှန်ဆိုင်သို့ ခေါ်သွားသည်။

စိန်ထွန်းညိုနှင့် မိတ်ဆက်ပေးပြီး နှင်းဒေဝီအား သူတို့ကို တာ... ကူညီပါရန် ပြောကြားသည်။

မနက်ဖြန်ဇာတ်လမ်းအတွက်ပါ။

* * *



ဇာတ်လမ်းစဉ် (၇)

"ဟောဒီမှာရှင့်…ကျွန်မကို စော်ကားနေပါတယ်"

အင်းစိန်လမ်းမကြီးတွင် လမ်းခွဲကလေးတွေရှိသည်။

လမ်းခွဲကလေးတစ်ခုထဲတွင် ခြံဝင်းနှင့်အိမ်တွေရှိ၏။

အချိန်က မနက်ဆယ်နာရီလောက်။

ခြံဝင်းထဲမှ ခြံဝင်းတံခါးပွင့်သွားပြီးနောက် နှစ်ဆန်းဆန်းနီဆူပါ ...ရှုန်းကားကလေးကအထွက်တွင် မိန်းကလေးတစ်ယောက်၏ အော်...က ထွက်လာ၏။

ကားမောင်းလာသူက ပိုက်ထွေး။

ကားက ခြံဝတွင်ပင် ရပ်သွားသည်။

မိန်းမချောလေးတစ်ယောက်ကို မျက်မှန်နှင့် ယောက်ျားတစ်ဦး ...ပွဲ...င်တွန်းထိုးနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဦးရှင်…ကျွန်မကို နှောင့်ယှက်နေပါတယ်"

ဒုတိယအကြိမ် ထပ်မံအော်ဟစ်သံကြောင့် ပိုက်ထွေးမှာ မနေသာပဲ သူ့ဘေးတွင် ထိုင်လိုက်လာသည့် နက်တူးအား…

"ဟော့…ဟိုမှာ ဘာဖြစ်နေတာလဲ နက်တူး"

"အာစရိမြင်တဲ့အတိုင်းပဲလေ…ကောင်မလေးကို အကောင်တစ်ကောင်က ဆွဲလားလွဲလားလုပ်နေတာ"

"ကောင်မလေးက ချောတယ်ကွ၊ ဟိုငနဲက သူ့ယောကျ်ားနဲ့ တူတယ်"

"အာစရိကလည်းဗျာ…သူ့ယောကျ်ားဆို ကောင်မလေးက အော်ပါ့မလား၊ ကြည့်ရတာ နောက်တစ်ကောင်က လိုက်နှောင့်ပုံပဲ"

"ဟာ…ကြည့်စမ်း၊ ဒါ ဖြူရည်းစားမဟုတ်လား၊ ဟို…ဟို… စိန်ထွန်းညို ဆိုတဲ့ကောင်ပဲ"

"ဟုတ်ပ"

ကားပြတင်းပေါက်မှ ပိုက်ထွေးက ခေါင်းပြူထွက်ကြည့်ကာ…

"ဟေ့ကောင်…မင်း ဘာကောင်လဲ၊ ကောင်မလေးကို ဘာ နှောင့်ယှက်နေတာလဲ"

လှမ်းဟောက်သည်။ စိန်ထွန်းညိုက မချို့မချဉ်ကြည့်ကာ…

"ငါ့ဟာငါလုပ် မင်းနဲ့ဘာဆိုင်လဲ၊ ငါကြိုက်လို့လိုက်ပြောတာ"

"မင်းဟာ ရိုင်းတယ်ကွ"

"ငါ့ရည်းစားကို မင်းလုပ်တာကော မရိုင်းဘူးလား"

"မင်း ဘာလျှပ်ပါးဝစကားပြောတာလဲ"



ဒေါသနှင့် ပိုက်ထွေးကပြောတော့ စိန်ထွန်းညိုက သီးရှေးငှက်ပျောသီးတစ်လုံးကို ထုတ်ယူ၍…

"ဟောဒီငှက်ပျောသီးစားလို့ လျှပ်ပါးဝတယ်ကွ…ဘာဖြစ်လဲ"

ပြောပြီး ငှက်ပျောသီးကို တစ်ကိုက်ပြီးတစ်ကိုက် ကိုက်စားပြ၍ ကျန်ရှိသော ငှက်ပျောသီးတစ်ဝက်ကို ထောင်ပြ၍…

"မင်းကိုလည်း အဲဒီငှက်ပျောသီးလို ကိုက်စားပစ်မယ်… သိလား"

ပြောလည်းပြော တစ်ကိုက်ပြီးတစ်ကိုက် စားပြ၏။ စိန်ထွန်းညိုနှင့် ပိုက်ထွေးမှာ ဆယ့်လေးငါးပေလောက်ဝေးသည်။ အဓော်ကားခံရသော စကားကြောင့် ပိုက်ထွေး ဒေါပွကာ…

"ဟေ့ကောင်…မင်းတစ်နေ့ကလို အထိုးခံချင်လား"

"သတ္တိရှိလာထိုးလေ"

ပြောပြီးတော့ ငှက်ပျောခွံနှင့် ပစ်ပေါက်ထည့်လိုက်သည်။

"ဟာ…ဆရာ…ချ…ချ"

ဘေးမှ ထိုင်နေသူ နက်တူးက အော်စဉ် ငှက်ပျောခွံက ပိုက်ထွေးနဖူးကို ဆတ်ခနဲ လာမှန်သည်။ ပိုက်ထွေး ဒေါကြီးမောကြီးနှင့် ကားထဲမှထွက်တော့ နက်တူးကပါ လိုက်ထွက်သည်။

စိန်ထွန်းညိုက သူ့လက်တွေခြေတွေကို တရုတ်ကားထဲက ကိုင်းသမားတစ်ယောက်၏ဟန်မျိုးနှင့် ကို့ယိုးကားယားလုပ်ပြနေလို မျက်နှာကိုလည်း မျောက်တစ်ကောင်လို ရှုံ့မဲ့သွားဖြီးပြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နားသို့ ဒေါသအိုးနှစ်ဦး ကပ်လာစဉ် ငတိက ခြေကုန်သုတ် ပြေးတော့သည်။ ပိုက်ထွေးနှင့် နက်တူးက ထိုးဖို့ သူ့နောက်သို့ လိုက်ကြသည်။ အမျိုးသမီးလည်း ပြေးတော့၏။

သူတို့ရှေ့ကို အာရုံစိုက်တော့ နောက်ကိုမေ့သွား၏။

သစ်ပင်တစ်ပင်အကွယ်တွင် မော်တော်ဆိုင်ကယ်ကို ရပ်ကာ စောင့်ကြည့်နေသော ဂျက်စနေက ပွင့်နေသော ခြံတံခါးထဲကို လှစ် ခနဲဝင်သွားသည်။

ဦးစွာရင်ဆိုင်လိုက်ရသူက ခြံစောင့်ပဲ။

ခြံစောင့်က ဂျက်စနေကို မသင်္ကာသာနှင့် ''ဟေ့'' ဟု စကား စကာရှိသေးသည်။ ဂျက်စနေ၏ ကိုယ်က လေထဲခုန်ပျံပြီး ခြံစောင့်၏ ရင်အုံကို ခြေတစ်ဘက်နှင့် ဆောင့်ကန်ပြီးဖြစ်သည်။

''ဖုန်း…''

ခြံစောင့်မှာ လွင့်သွားသည်။ တစ်ချက်တည်းနှင့် မထနိုင် တော့။

သူ့ကို ဂျက်စနေကကြည့်တော့ ငတိ မေ့နေပြီ။ သူက ခြံထဲ ရှိ တစ်ထပ်တိုက်ကလေးသို့ပြေးသည်။

သံတံခါးက စေ့ရုံပဲစေ့ထားသည်။

အထဲတွင် အမျိုးသမီးတစ်ယောက်က ထိုင်မှိုင်နေ၍ တစ် ယောက်က ဝတ္ထုစာအုပ်တစ်အုပ် ဖတ်နေ၏။

''ဟင်''

ဝတ္ထုဖတ်နေသူ အမျိုးသမီးမှာ ဂျက်စနေကို မြင်လျှင် အံ့အား



သင့်စွာ အသံထွက်သွားခိုက် ဂျက်စနေက ထိုင်မှိုင်နေသော မိန်းမပျို ၏လက်ကိုဆွဲ၍…

''ဖြူ…ခင်ဗျားကို စိန်ထွန်းညို ခေါ်ခိုင်းလိုက်တယ်''

ဖြူသည် ဂျက်စနေကို မှတ်မိ၏။ ဝမ်းသာ အားရနှင့် ထလိုက် ၏။

''ဟင်…ရှင်…ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ''

တစ်ခြားမိန်းမပျိုက ဒေါသနှင့်မေးတော့ ဂျက်က ခပ်ဟိန်းဟိန်း လေသံနှင့်…

''မဆိုင်ရင် ဝင်မရှုပ်နဲ့''

''လာကြပါရှင်…ကယ်ကြပါ…ဟောဒီမှာ ဓားပြ''

''ဟာ''

မိန်းမပျိုမှာ ပိုက်ထွေးညီမဖြစ်ပုံရ၏။ သူမက အော်စဉ် ဂျက် က ယင်းမိန်းကလေး၏ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

မိန်းကလေးမှာ ပုံလဲကျသွားသည်။ ပိုက်ထွေးတို့ ပြန်မလာမီ လစ်မှဖြစ်မှာကြောင့် ဖြူ့လက်ကိုဆွဲပြီး အိမ်ပြင်သို့ ဂျက် ပြေးသည်။

''ဟော့ကောင်…''

ခက်ပါဘိတော့။

အိမ်ပြင်တွင် ငနာတစ်ကောင်နှင့်သွားတွေ့၏။ သူက ဂျက်ကို ပြောလည်းပြော ဖြောင့်လက်သီးတစ်လုံးကိုလည်း အလျင်စလို ပေး လိုက်၏။

ဂျက်က ဒူးတွေကွေးပြီး ဘယ်လက်ဖျံနှင့် ယင်းလက်သီးကို

www.burmeseclassic.com

www.burmeseclassic.com



ပင့်ခံ လမ်းလွှဲပေးလိုက်သလို သူ့ညာလက်သီးနှင့် တစ်လက်လူ၏ ဆီးခုံထဲကို တည့်တည့်မတ်မတ် လက်တစ်ဆန့်ထိုးထည့်လိုက်တော့သည်။

"အီး"

ညည်းသံမလှမပနှင့် ငနဲသားက ဆီးခုံကိုအုပ်ပြီး ထိုင်ကျသွားသည်။

သူ့ကိုကျော်လွှားထွက်ပြေးကြသည်။

ခြံစောင့်မှာတော့ ရှိရင်းစွဲအတိုင်းပဲ။ မေ့နေတာကိုး။

ခြံပြင်တွင် ပိုက်တွေးတို့ကို မတွေ့ရတော့ပါ။ စိန်ထွန်းညို နောက် စွတ်လိုက်နေကြပြီထင်သည်။

"ကဲ…ဖြူ…ကျွန်တော်နဲ့ စိတ်ချလက်ချလိုက်တော့…ခင်ဗျား ကို စိန်ထွန်းညိုဆီ ပို့ပေးမယ်"

သူသည် နှင်းဒေဝီကို သတိရသည်။ စိုးရိမ်မှုနှင့် ကြည့်လိုက်သောအခါ နှင်းဒေဝီကိုလည်း လမ်းမှာမတွေ့တော့ပါ။

ဖြူသည် ဂျက်စနေ၏နောက်မှာထိုင်၍ ဂျက်စနေ၏ပခုံးကိုကိုင်ကာ ဟွန်ဒါဆိုင်ကယ်လေးနှင့်ပင် လမ်းတစ်ဘက်သို့ ထွက်သွားတော့၏။

သူလိုချင်နေသောမိန်းကလေးကို ဘယ်ကောင်က သုတ်သွား။ မှန်းမသိရဘဲ ပြန်လာမှသိရမည့် ပိုက်တွေး ပေါကြီး ဒေါသပုန်ထ မှာကို ဂျက်စနေက ဆိုင်ကယ်မောင်းရင်း ကြိတ်ပြုံးလိုက်မိ၏။

ဟုတ်လည်းဟုတ်သည်။



ပိုက်တွေးမှာ ရှူးမတတ် ဒေါသပုန်ထခဲ့သည်။ သူကိုယ်တိုင်က မိန်းကလေး သဘောမတူဘဲ ခေါ်ထားခဲ့တာမို့ ရဲကိုလည်း အသိမပေးဝံ့ပါ။

သည်အချိန်တွင် တာမွေဝဝက္ကလစ်ရှိ အာစာနည်လမ်းရှိ ကိုဇော်ဝင်းဆိုသူအိမ်၌ ဂျက်စနေတို့ တွေ့ဆုံကြပြီး ဟားတိုက်နေကြချိန်ဖြစ်၏။

ကိုဇော်ဝင်းဆိုတာ စိန်ထွန်းညို၏ အပေါင်းအသင်းတစ်ဦး ဖြစ်သည်။

စိန်ထွန်းညိုက ဖြူ၏ ပခုံးကလေးကိုကိုင်ကာ ဖက်ထားသည်။

"ဟေ့ကောင်…ငါတို့ရှေ့မှာ သွားရည်ကျအောင် လာလုပ်မနေနဲ့၊ တော်ကြာ ငါပါ လူပျိုဘဝ ကျွတ်သွားလိမ့်မယ်"

ဂျက်က ဟားသည်။ စိန်ထွန်းညိုက ပြုံး၍…

"လူပျိုဘဝကျွတ်လည်း မင်းမှာလင်မယားလို့ပြောရအောင် ဝင်း အသည်းနှလုံးလေးက ဘယ်မှာရှိလို့လဲ…သူလား"

"အို"

နှင်းဒေဝီ ထိုင်နေရာကို စိန်ထွန်းညိုက မေးငေါ့ပြသဖြင့် နှင်းဒေဝီမှာ အိုသွားမိသည်။

"ဟာ…မင်းက ပါးစပ်ပုပ်ကြီးနဲ့ လျှောက်ပြောနေပြီ သူ့မှာ ယောကျ်ားရှိတယ်ကွ"

"ဟင်…ညီမကြည့်ရတာ အပျိုလိုပဲ"

ဖြူ၏နှုတ်မှ လွှတ်ခနဲထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဘာပဲဖြစ်ဖြစ်ကွာ…မင်းရဲ့သူငယ်ချင်းကောင်းပီသမှု၊ နှင်းဒေဝီရဲ့ ကူညီမှုတွေကို ငါ တစ်သက်မမေ့ပါဘူး''

''အေး…တစ်သက်မမေ့ရင် ငါတို့ကိုလည်း မနက်စာထမင်းလိုက်ကျွေး၊ အလုပ်ရှိသေးတယ်''

''ရွှေညောင်ပင်မှာ ဒံပေါက်ကျွေးမယ်၊ ကိုဇော်ဝင်းပါလိုက်ခဲ့''

''ရယ်ဒီပဲဟေ့''

''ဟာ…ကိုဇော်ဝင်းက တော်တော်ငြင်းတဲ့လူပဲနော်''

ဂျက်စနေ့စကားကြောင့် ဝိုင်းဟားကြသည်။

''ငါတော့မစားဘူး''

''ဘာဖြစ်လို့…စိန်ထွန်း''

''ဂျက်ရာ…ငါ့မှာ ပိုက်ထွေးရှေ့ ၄က်ပျောသီးစားပြရတာနဲ့ လုံလောက်နေပြီကွ''

''ဟား…ဟား…ဟား''

ဂျက်က ရယ်တော့ အကြောင်းသိသော နှင်းဒေဝီကပါ လိုက်ရယ်သည်။ ဂျက်က စိန်ထွန်းညို ပခုံးကိုပုတ်သည်။

''ငါကတ္တာတော့ပြီးပြီ၊ မင်းကတ္တာပဲကျန်တယ်''

''ဘာလဲ''

''အေရဲ့၊ မင်းကောင်မလေးကို မြန်မြန်လက်ထပ်လိုက်၊ ဖျာကွက်လူကြီးတွေရှေ့မှာပဲဖြစ်ဖြစ်၊ ဘုရားရုံးမှာပဲဖြစ်ဖြစ် မြန်မြန်လက်ထပ်လိုက်၊ နို့မို့ ပိုက်ထွေးနဲ့ ဖြူ့မိဘတွေက နှောင့်ယှက်နေဦးမယ်''

''အောင်မယ်လေး…ကျေးဇူးတင်ပါတယ် အရှင်ကြီးဖျာ



ဒီလိုအကြံဉာဏ်ပေးတာ အရှင်ကြီးအားကိုးလောက်ပါရဲ့''

စိန်ထွန်းညို လက်အုပ်ချီပြောသဖြင့် ဂျက်ကရယ်ပြီး တွန်းလိုးရင်း…

''မလုပ်ပါနဲ့ကွာ…ငါဝမ်းတွေသွားနေပါဦးမယ်၊ ဘယ်အရှင်ကြီးမှ မလုပ်ချင်ပါဘူး''

''ကဲ…ဖြူရေ…ဦးလေးတို့ဆီသွားရအောင်၊ ဦးလေးက ဖြူ့ကိုယ်ရရင် မင်္ဂလာပွဲတောင် သူလုပ်ပေးမယ်ပြောနေတာ''

စိန်ထွန်းညို၏ ဝမ်းသာအားရအသံ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီတိတိတွင် သူတို့လာကြသည်။

အချိန်အတိအကျမို့ အချိန်ကို လေးစားသူတွေ၊ ကတိတည်သူတွေမှန်း သိသာသည်။

စုရပ်က ဂျက်စနေ၏ ခုနစ်လွှာတိုက်ခန်းထဲမှာ။

ကုလားထိုင်အသီးသီးတွင် သူတို့ထိုင်ကြပြီး ကိုဂျက်ပဲ လုပ်ပါဟု ကျန်သုံးဦးက ခေါင်းဆောင်တင်ကြသည်။

"ဒီကနေ့ခေါ်တာက အစည်းအဝေးသဘောတော့မဟုတ်ဘူးပေါ့ဗျာ၊ ကျွန်တော်တို့လုပ်မယ့်အလုပ်ကို ဆွေးနွေးကြတာပဲ၊ ဦးဘိုနီမနေ့က ပြောတာက ပြည့်ပြည့်စုံစုံမဟုတ်ပေမယ့် အသက်နဲ့ရင်းပြီး လုပ်ကြရမယ့်အလုပ်ပဲလေ၊ ဓာတ်လုံးဆိုတာ ကျွန်တော်တို့အတွက် အဓိပ္ပာယ်မရှိပေမယ့် ဦးဘိုနီအတွက်တော့ အဓိပ္ပာယ်ရှိမှာပေါ့၊ ဒါကြောင့် သူက ငွေကုန်ကြေးကျခံပြီး သူကခိုင်းတာပဲ"

စကားကို ခေတ္တဖြတ်ကာ အကဲခတ်လိုက်သည်။



သုံးယောက်လုံးက သူ့စကားကို စိတ်ဝင်တစား နားစွင့်နေကြမှန်းသိမှာပဲ…

"အခုသွားရမယ့်ခရီးဟာ ညင်ညင်သာသာမဟုတ်ဘူး၊ ပင်လယ်ဆိုတော့ အန္တရာယ်ရှိတယ်၊ လှိုင်းလေရှိတယ်၊ မြန်မာ့ရေပြင်ပိုင်နက် လွန်ရင် ရေမှာကျက်စားနေတဲ့ ပင်လယ်ဓားပြတွေနဲ့ တွေ့နိုင်တယ်၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား ကိုမင်းညိုစံ"

"ဟုတ်တာပေါ့"

"သွားပြီဆိုကတည်းက ကိုယ့်စွမ်းကိုယ်စနဲ့ သွားကြရမှာပါ၊ ဦးဘိုနီက လူရွေးတာလဲ ကြိုက်သလိုရွေးတာထက် သူ့လုပ်ငန်းကို အားစိုက်ခွန်စိုက်လုပ်နိုင်မယ့်လူကိုရွေးတာ…ကျွန်းပေါ်ရောက်ပြီပဲ ထားဦး… ဦးဘိုဖြူဆိုတာ ကျွန်တော်တို့ မတွေ့မြင် မလေ့လာဖူးတဲ့ လူတစ်ယောက်ပဲ၊ မိတ်ဆွေတစ်ယောက်အဖြစ်ထက် ရန်သူအဖြစ် ပိုဆက်ဆံရမှာက သေချာတယ်၊ သူ့ပစ္စည်းကို ကျွန်တော်တို့က ယူကြရမှာကိုး၊ သူသိရင်တော့ ကျွန်တော်တို့ကို ချမ်းသာပေးမှာမဟုတ်ဘူး၊ သူက မှောင်ခိုလုပ်ငန်းရှင်ဖြစ်နေတာရယ်၊ ကျွန်းဆိုတာက အုပ်ချုပ်မဲ့ သူမရှိတော့ သူဘုရင် သူ့အာဏာပဲ၊ ဒီတော့ ကျွန်တော့်တို့အတွက် သက်လုံကောင်းဖို့ လိုနေပြီ"

လူတွေက သူ့ကို ငေးမောနေသည်။ သူက စားပွဲပေါ်မှ ရေးဖြစ်ထားသော စာရွက်တစ်ရွက်ကို ဆွဲလိုက်၍ကြည့်ကာ…

"အလုပ်လုပ်တယ်ဆိုတာ စစ်တိုက်သလိုပဲ၊ ကိုယ့်ဘက်[illegible] ချည်း ကြည့်လို့မရဘူး၊ သူ့ဘက်ကိုယ့်ဘက် နှစ်ဘက်ကြည့်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သက်လုံကောင်းဖို့ဆိုတာ မိမိကိုယ်ကို ခုခံကာကွယ်
လက်နက်လိုတယ်၊ ဒီလက်နက်တွေနဲ့လည်း သင့်ရာမှာ လေ့ကျ
မယ်၊ ဒါ ပထမအစီအစဉ်ပဲ၊ ဒုတိယအစီအစဉ်က သွားရမယ့်ခရီး
ကျွန်တော်တို့ချည်းသွားလို့မရဘူး၊ သူ့အနေနဲ့ ကျွန်းကို လိုက်ပို့ရမ
တတိယက ကိစ္စပြီးရင် ကျွန်းကနေ ကျွန်တော်တို့ကို အချိန်မီ ပြန်
ထွက်နိုင်ဖို့ လုပ်ပေးရမယ်၊ အဲဒီအတွက် အချိန်းအချက်ကို ကျွန်တေ
တို့ တိုင်ပင်ပြီး လုပ်ကြရမယ်၊ နောက်တစ်ခုက ကျွန်တော်တို့ စည်း
ဖို့နဲ့ ဒီခရီးမှာ ခေါင်းဆောင်ကောင်းတစ်ယောက်လိုတယ်၊ သူ့စကား
ကျန်လူတွေက တသွေမတိမ်းနားထောင်ကြရမယ်''

စာရွက်ကိုကြည့်ကာကြည့်ကာ ဂျက်က ပြောတော့ ကျန်
က ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

''နောက်ဆုံးအချက်ကတော့ ငွေရေးကြေးရေးကိစ္စပဲ၊ ဆယ်
ဆိုတာ ခုခေတ်မှာ အင်မတန်နည်းပါတယ်၊ လုပ်ငန်းကြီးတစ်
မယ်ဆိုရင် သုံးမယ်ဆိုရင် မဖြစ်စလောက်ငွေပါ၊ ကျွန်တော်တို့
မယ့်ခရီးက အန္တရာယ်ခရီးဆိုတော့ ကျွန်တော်တို့အသက်ကို ဒီ
သိန်းနဲ့ ဖြတ်မလား''

''အဲဒါကို ကျွန်တော် စဉ်းစားနေပါတယ် ကိုဂျက်...ကို
လို့ပဲ ခေါ်မယ်နော်...ဆယ်သိန်းဆိုတာတော့ နည်းတယ်ဗျ''

ကိုဘတင့်က စပြောလာသည်။ မင်းညိုစံက...

''ဒီလူကြီး ကြည့်ရတာ ဒါနဲ့ပဲဆုံးဖြတ်ထားပုံရတယ်၊
တိုးပေးပါ့မလား''



''အင်း...ဒါလည်း စဉ်းစားစရာပဲ''

နှင်းဒေဝီက လက်ချောင်းကလေးတွေကို ဖြန့်လိုက်ကွေးလိုက်
လုပ်လိုက်လုပ်နေရာမှ တိုးတိုးကလေးပြောသည်။

''ကျွန်တော်တို့မှာ ပြတ်သားမှုလိုတယ်၊ ခင်ဗျားတို့ ကျွန်တော်
က ငတ်နေကြတာမှမဟုတ်ဘဲ၊ မရရင် မလုပ်ဘူးဗျာ...လုပ်ငန်း
ဆိုတာ သူတို့ဘက်ပဲကြည့်ပြီး ရရင်ရသလို ကြည့်တတ်ကြတာပဲ၊
သိန်းကျေနပ်ရင် ဆယ်သိန်းပေးမယ်၊ ငါးသိန်း ကျေနပ်ရင် ငါး
ပေးမယ်၊ သူတို့ဘက်က အပေးရနည်းလေ ကောင်းလေပဲလေ၊
ကော်တို့အသက်တွေက ဆယ်သိန်းတန်မလား...ဒါ စဉ်းစား
''

''ကိုဂျက်က ဘယ်လောက်တောင်းချင်လဲ''

''ကိုမင်းညိုစံ...ခင်ဗျား မေးထိုက်တယ်၊ ကျွန်တော်က တစ်
ကို သိန်းတစ်ရာပဲ''

''ရှင်''

''ဟာ...ဖြစ်ပါ့မလား''

''မများဘူးလား''

''ခင်ဗျားတို့က ကိုယ့်အသက်ကို ကိုယ်အပေါ်စားလုပ်ကြတာ
ရှင်းနိုးတာမဟုတ်ဘူး၊ အသက်ကိုရင်းနိုးတာ...ကျွန်တော်
းကိုင်ရင်း သေသွားရင် ဘယ်သူက လျော်ကြေးပေးမလဲ၊
ဘယ်သူကလာကယ်မှာလဲ၊ ဓာတ်လုံးဆိုတာက ရလာရင်
...ရရင် တစ်မျိုးဖြစ်ဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



သူဟို့သည် တစ်ယောက်ကိုတစ်ယောက် တီးတိုးတိုင်ပင်မှု ဖြစ်လာသည်။ ဂျက်စနေ ပြောနေတာကလည်း ဟုတ်နေသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က လျှော့ပေးလို့မရဘူး၊ ကိုယ်လိုချင်တာ ကိုယ်တောင်းရမှာပဲ"

နောက်ဆုံး စဉ်းစားပြီး လူတစ်ဦးလျှင် သိန်းတစ်ရာစီရဖို့ တောင်းဆိုရန် သဘောတူကြသည်။

"အဟမ်း"

ကိုဘတင့်က ချောင်းတစ်ချက်ဟန့်သည်။ သူပြောစရာရှိနေမှန်း သိသဖြင့် ဂျက်စနေကပင်...

"ကိုဘတင့်...ဘာပြောမလဲ...ပြော"

"ဒီလိုပါ...ပထမအချက်၊ ဒုတိယအချက်တွေ ကိုဂျက်က ပြောသွားခဲ့တယ်၊ ခင်ဗျား ပြောခဲ့တာတွေက အင်မတန်သင့်လျော်ပါတယ်၊ တကယ်တော့ ကျွန်တော်တို့က ပြောဖို့တောင်မလိုပါဘူး၊ ကျွန်တော်နဲ့ ကိုမင်းညိုစံနဲ့ သူ့ကို ဆွေးနွေးကြတုန်းက ဒီအချက်တွေကို သူ ပြောသွားခဲ့ပြီးပါပြီ၊ ကျွန်တော်တို့ကို ကျွန်းနဲ့ သုံးမိုင်အထိ စက်လှေနဲ့ လိုက်ပို့ပေးမယ်၊ ကျွန်တော်တို့ဖာသာ ကျွန်တော်တို့ သွားကြရမယ်၊ အဲဒီလိုသွားဖို့ သက်ကယ်လှေတစ်စီး ကျွန်တော်တို့ကိုပေးမယ်၊ သူက ကျွန်တော်တို့ကို ဘယ်နှစ်ရက်နဲ့ အပြီးလုပ်ရမယ်ဆိုတာ ရက်ပေးမယ်၊ စောင့်နေကျနေရာမှာပဲ စက်လှေက စောင့်နေမယ်၊ ကျွန်တော်တို့က လှေနဲ့ ပြန်ကူးလာခဲ့ဖို့ပဲ"

"ဟုတ်ပါတယ် ကိုဂျက်၊ ဦးဘိုနီက ဒီကိစ္စကို ကျွန်တော်တို့



ဆီက အဖြူအမည်း မသိရဘဲ မပြောသေးပါဘူး၊ တွေ့ပြီး ဆွေးနွေးစဉ်တုန်းကတော့ ကျွန်တော်နဲ့ ကိုဘတင့်ကို ပြောခဲ့ပါတယ်"

"ဒါဆိုရင် ထပ်ပြီးဆွေးနွေးမယ်ဗျာ"

ဦးဘိုနီက သူတို့ကို ပြန်ခေါ်ထားတာက နေ့လယ်နှစ်နာရီခွဲ ဖြစ်၏။

သူတို့ပြောကြဆိုကြနှင့် နှစ်နာရီထိုးသွား၏။ ပြောပြီးလို့ အိမ်မှ ထွက်ကြတော့ တက္ကစီနှင့်ပဲ သူတို့ ဦးဘိုနီခြံကို သွားကြသည်။

အစောင့်က တံခါးဖွင့်ပေးသည်။

ဦးဘိုနီနှင့် တွေ့ဆုံသောအခါတွင် ဂျက်ကပင် ဦးဆောင်ပြီး ဟတ်လုံးယူမည့်ကိစ္စတွင် ဦးဘိုနီအား လိုအပ်သမျှတွေပြောပြသည်။

ကိုဘတင့်ကို ဦးဘိုနီက အစကနဦးတွင် ထည့်သွင်းခဲ့သော် လည်း တစ်ဦးလျှင်၊ သိန်းတစ်ရာတောင်းသည်ကို သိရတော့ ဦးဘိုနီ မျူးရှူးရှားရှား ဖြစ်သွားကာ ကိုဘတင့်ကို ပယ်ထုတ်သည်။

သိန်းတစ်ရာကိစ္စအတွက် အတော်ကလေး အခြေအရာင် စကား များကြသည်။ မင်းညိုစံက ဂျက်ပြောတာကို သဘောပေါက်ထားခဲ့ ပြီးဖြစ်၏။

သူတို့ဘက်က အလျှော့မပေးပါ။

နှင်းဒေဝီကတော့ အေးအေးဆေးဆေးပဲ နားထောင်နေ၏။ ကိုဘတင့်ကို ဖယ်ထုတ်လိုက်၍ ကျန်သုံးယောက်နှင့် ဦးဘိုနီ မဲခွဲသော ပေါ် သုံးမဲတစ်မဲဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိန်းတစ်ရာစီပေးရမည်ဆိုလို့ ဦးဘိုနီက ခါးခါးသီးသီးငြင်း၏။

နောက်ဆုံး သည်ဘက်က သုံးယောက်က တညီတညွတ်တည်း ပြောလိုက်ပုံက မိမိတို့ကို သိန်းတစ်ရာစီမှ မပေးနိုင်လျှင် ဆယ်သိန်းနှင့် လုပ်ပေးမည့်လူကိုရှာပါဟုပြောပြီး ဂျက်စနေတို့ ပြန်လာကြသည်။

ကိုဂျက်က မိမိဖာသာ အနားယူ။

နှင်းဒေဝီက ဆိုနေကြအတိုင်း သီချင်းဆို။

မင်းညိုစံကတော့ ဘယ်ကိုယွန်းလေသည်မသိ။

"ရွှေခေတ်" ဘီယာဆိုင်ကိုတောင် ဂျက်စနေ ခြေဦးမလှည့်တော့။

သူက လှူစရာပေးစရာရှိတာတွေကို အမည်မဖော်လိုဘဲ ရထားသတ်မှတ်ထားရာနေရာများတွင် သွားရောက်ပေးလှူပစ်လိုက်၏။

ပြီးတော့ သည်ကနေ့ မိမိလုပ်နေတာတွေဟာ တရားမျှတပါရဲ့လားဟု စဉ်းစား၏။

မိမိလုပ်နေတာတွေက တရားဥပဒေကို ချိုးဖောက်ရာကျသည်ဟု ထင်မြင်လာသလို အသိဉာဏ်အရ ဒါတွေမလုပ်တော့ပါ။ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားပါတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

တစ်ရက်နှစ်ရက်လောက်တော့ ဘယ်ကိုမှမသွားဘဲ အိမ်မှာကုတ်နေလိုက်သည်။

နောက်တစ်နေ့တွင် နှင်းဒေဝီ မမျှော်လင့်ဘဲ ပေါက်လာ၏။

သူမမျက်နှာမှာ ရွှင်ရွှင်လန်းလန်းပဲဖြစ်သည်။



သည်ကနေ့ သုံးနာရီတွင် ဦးဘိုနီက ခေါ်ထားကြောင်းနှင့် အလုပ်ဖြစ်လိမ့်မည်ထင်ကြောင်း သူ့ကို ပြောလာသည်။

အချိန်ရောက်လာပြီထင့်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဦး (၁)

မင်းညိုစံက စီးကရက် သောက်နေသည်။

ဂျက်စနေက မေးကို လက်ညှိုးနှင့်ပွတ်နေ၏။

နှင်းဒေဝီကတော့ ပါးကေးလေးကွက်တုံးပြောင်ချောချော ကြမ်းပြင်ကို စိုက်ကြည့်နေ၏။

အတွင်းရေးမှူးမလေး သဥ္ဇာထွေးကမူ သူမ၏ တောင့်ဖြောင့်ချူကြွသောကိုယ်ကလေးကို ကုလားထိုင်နောက်မှီတွင် ပစ်မှီကာ နောက်မှီစွန်းပေါ် ဇက်တင်လျက် မျက်လုံးကလေးတွေ မှိတ်ထားသည်။

သူမရှေ့ရှိ ကွန်ပျူတာမှာ မြားအမှတ်အသားတွေပေါ်လွင်ကာ ငြိမ်သက်နေ၏။



အခန်းထဲတွင် ဦးဘိုနီ၏ လမ်းလျှောက်သံပဲကြားနေရ၏။ဦးဘိုနီမှာ ဟိုမှသည် သည်မှဟို လမ်းလျှောက်နေရာ ရပ်၍ထိုင်နေသူဘက် လှည့်ကြည့်ကာ…

“မင်းတို့တောင်းတာတွေကို ငါ လိုက်လျောဖို့ ဆုံးဖြတ်လိုက်ပြီးခဲ့ပြီ၊ အဲသည်လို လိုက်လျောဆုံးဖြတ်တာဟာ ဘိုဖြူရဲ့ခေါင်းလုံးကို ငါ ဘယ်လောက်လိုချင်သလဲဆိုတာ မင်းတို့သိစေချင်တယ်၊ ငါ့ဘက်က အကုန်အကျတွေဟာ သိန်းကစ်ဆထောင်နီးပါးရှိမယ်၊ မင်းတို့ကို လက်နက်တပ်ဆင်ပေးရေး၊ သွားလာဆက်သွယ်ရေး၊ စားနပ်ရိက္ခာဖြည့်တင်းရေးတွေ အကုန်ပါတယ်၊ ငါ အဲဒီလို အကုန်အကျခံပြီးမှ အလုပ်ဖြစ်မလာဘူးဆိုရင်တော့ မင်းတို့ကို ငါဘာလုပ်ရမလဲ”

ဂျက်စနေ ခေါင်းကိုမော့လိုက်သည်။

ဦးဘိုနီကို စူးစူးရှရှ ကြည့်ပစ်လိုက်၏။

“အန်ကယ်(လ်) ကျွန်တော်တို့ကို ခိုင်းတယ်ဆိုတာ ယုံကြည်စိတ်ချလို့ခိုင်းတာပဲ…အလုပ်မဖြစ်ဆိုတဲ့စကား မဖြစ်စေရဘူး၊ ကျွန်တော်တို့တောင်းတဲ့ သိန်းတစ်ရာစီကိုသာ ပေးဖို့ပြင်ထားပါ…မဟုတ်ဘူးလား ကိုမင်းညို”

“ဟုတ်တာပေါ့…ဒါလောက်ငွေတွေကုန်ကျမှတော့ ဦးလေးလိုချင်တဲ့ပစ္စည်းကို ကျွန်တော်တို့ အပါယူခဲ့မှာပဲ”

“ဒေဝီကတော့ ဒေဝီတို့ ခရီးစဉ်ဟာ အောင်မြင်ရမယ်လို့ ယုံကြည်ပါတယ် ဦးရယ်၊ မဦးမချွတ်တွေ ပြောမနေစမ်းပါနဲ့”

“ကောင်းပြီ…ငါက အလုပ်လုပ်ရင် သေသေချာချာ သပ်သပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ စာချုပ်ချုပ်မယ်၊ စာချုပ်ထဲမှာ မင်းတို့ဟာ ရှယ်ယာသိန်းတစ်ရာစီ ပါဝင်ထားတယ်၊ အဲဒီရှယ်ယာသိန်းတစ်ရာစီကို ဘယ်နေ့ဘယ်ရက်မှာ ပြန်ပေးပါမယ်လို့ လက်မှတ်ထိုးပြီး မိတ္တူကို မင်းတို့ကို ပေးထားမယ်၊ ဒါက မင်းတို့က ငါ့အပေါ် ယုံကြည်အောင် ငါပြုလုပ်လိုက်တာပဲ''

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ နောက်မှ ဂျက်စနေက…

''ကောင်းပါပြီ အန်ကယ်(လ်)၊ ဒါပေမယ့် ကျွန်တော်တို့ကို ဦးစွာ စရန်ဆယ်သိန်းစီ ပေးထားရမယ်၊ အလုပ်ပြီးလို့ ပြန်လာရင် အန်ကယ့်(လ်)လက်ထဲကို ပစ္စည်းအပ်လိုက်တာနဲ့ ကျွန်တော်တို့ကို ကျန်ငွေ သိန်းကိုးဆယ်စီကို ထုတ်ပေးရမယ်''

''ငါသဘောတူတယ်''

လက်ခုပ်တီးသံတွေကပေါ်လာ၏။

ကုလားထိုင်နောက်မှီပေါ်တွင် ခေါင်းတင်ထားသော သဥ္ဇာ၏ မျက်လုံးကလေးတွေ ပွင့်လာသည်။

''ကျွန်တော်တို့ ဘယ်နှစ်ယောက်သွားရမလဲ''

''သုံးယောက်''

''ကျွန်တော်၊ ကိုမင်းညို၊ နှင်းဒေဝီ''

''အေး''

''ကိုဘတင့်''

''မလိုတော့ဘူး…လူအင်အားများနေတယ်''



နောက်ထပ် သိန်းတစ်ရာထပ်လိုက်ရမှာစိုးလို့ လူလျှော့လိုက်သည်ဟုပဲ ဂျက်စနေက ထင်လိုက်သည်။ ဒါက မိမိအလုပ်မဟုတ်ပါ။

''ကောင်းပြီလေ…မနက်ဖြန်ကို တို့ ထပ်တွေ့မယ်၊ စာချုပ်ချုပ်မယ်''

ဦးဘိုနီက ပြော၍ သဥ္ဇာထွေးဘက်လှည့်ကာ…

''သဥ္ဇာ…မင်းရဲ့အလုပ်မှတ်တမ်းထဲမှာ အဲဒါတွေ ထည့်ရေးထား၊ စာချုပ်သုံးခု မနက်ဖြန် အဆင်သင့်ရှိနေပေစေ''

သဥ္ဇာက ခေါင်းလေးကို ညိတ်ပြလိုက်သည်။

အပြန်တွင် သူတို့သုံးယောက် တစ်ယောက်တစ်ပေါက် ပြောလာကြသည်။ နှင်းဒေဝီကတော့ စိတ်အားထက်သန်နေပုံရ၏။

သိန်းတစ်ရာရအောင် ပြောနိုင်သော ဂျက်ကို ကျေးဇူးတင်ကြောင်းပင်ပြောတော့ မင်းညိုစံမျက်နှာတွင် ပလိုတမာဖြစ်သွားပုံကို ဂျက်စနေက သတိထားမိ၏။

သွားရမည့်ခရီးတွင် မင်းညိုစံ အထင်မှားလောက်အောင် နှင်းဒေဝီနှင့် ရောရောနှောနှော မနေဖို့ရန် ဂျက်က သူ့ကိုယ်သူ သတိပေးထားလိုက်၏။

မိမိက ဘယ်လောက်ရိုးသား၊ ရိုးသား နှင်းဒေဝီဘက်က ဘယ်လောက်ရိုးသား၊ ရိုးသား နှင်းဒေဝီအား တစ်ဘက်သတ်ကြိုက်နေသော မင်းညိုစံ၏စိတ်ကို လမ်းခရီးတွင် အနှောင့်အယှက်မဖြစ်စေချင်။

စည်းရုံးရေးကျဆင်းမှာကို ဂျက်စနေ စိုးရိမ်၏။

နှင်းဒေဝီကတော့ သတိထားမိပုံမပေါ်ပါ။ မင်းညိုစံနှင့် သူတို့

www.burmeseclassic.com

www.burmeseclassic.com



လမ်းအခွဲတွင် မင်းညိုစံက သူတို့ကို အဓိပ္ပာယ်တစ်မျိုးပါသောအကြည့်နှင့် ကြည့်ကာ ထွက်သွားသည်။

“ဒီလူကြီးပုံစံက တစ်မျိုးပဲ…ဘာကြီးမှန်းလည်းမသိဘူး”

နှင်းဒေဝီကလည်း ရိပ်မိဟန်နှင့် မကျေမနပ်ပြောသည်။

“သူက နင့်ကို ချစ်နေတာကိုးဟ…နင်ကမှ သူ့ကို ဘာမှ မတုံ့ပြန်ပဲ”

“ကျွန်မယောက်ျားရှိတယ်ဆိုတာလည်း သူသိသားပဲ”

“အချစ်ဆိုတာ တစ်မျိုးပါပဲ၊ ပျိုပျိုအိုအို မရွေးပါဘူး”

သူ့ထင်မြင်ချက်ကို ဂျက်ကပြောပြီး လမ်းခွဲမည့်အပြု နှင်းဒေဝီက သူမအိမ်သို့ လိုက်လည်ရန် အတင်းခေါ်သည်။ ဂျက်က ငြင်းဆန်သည်။ နေပူထဲတွင် သူတို့နှစ်ယောက် အချီအချပြောနေပြီး အားနာတတ်သော ဂျက်က လက်လျှော့လိုက်၏။

တက္ကစီကားတစ်စီးကို စောင့်ကာ သူတို့စီးသွားကြသည်။ ဒါကို တစ်နေရာမှ စောင့်ကြည့်နေသော မင်းညိုစံက မြင်တွေ့ရ၏။ ပထမ မျက်နှာညှိုးသွား၏။ နောက် မကျေမနပ်အသွင်ပေါ်လာသည်။ ထိုသည်မှ ခေါင်းငိုက်စိုက်ချကာ ထွက်သွားတော့သည်။

နှင်းဒေဝီ၏မိဘများသည် သဘောကောင်းကြပါသည်။ ဂျက်စနေနှင့် ပတ်သက်၍ သူမကို အဆိုတော်အဖြစ် အလုပ်သွင်းပေးထားခြင်းအကြောင်း၊ သူမအပေါ်တွင် စောင့်ရှောက်ကြောင်းများ ပြောထားခဲ့ပုံရသည်။

ပြီးတော့ ဂျက်စနေ၏ ရုပ်ရည်က လူချစ်လူခင် နှစ်သက်စရာ



ဖြစ်သောကြောင့် သူမ၏ မိဘတွေက ဂျက်စနေကို လေးလေးစားစား ဖော်ဖော်ရွေရွေ ဆက်ဆံကြသည်။

သူမ၏ မိဘတွေမှာ စားနိုင်သောက်နိုင်ဖြစ်သည်။ နှင်းဒေဝီ၏အမည်ရင်းမှာ အိမ်တွင် သွန်းရွှေစင်သွယ်ဖြစ်သည်။ သူတို့နေတာက စမ်းချောင်း ရှင်စောပုလမ်းမှ တိုက်ခန်းတစ်ခန်းတွင်ပင်။

သည်အဘိုးကြီး အဘွားကြီး အသက်က ငါးနှစ်ရှယ် သားလေး ရှိုင်းရှိုင်းဟုဆိုက မမှားပါ။

ရှိုင်းရှိုင်းသည် အင်မတန်ချစ်စရာကောင်းသောရုပ်ရှိပြီး သွက်လက်ချက်ချာသော ကလေးပင်ဖြစ်သည်။ မူကြိုကျောင်းမှာနေသည်။ ကလေးချစ်တတ်သော ဂျက်စနေနှင့် မိနစ်ပိုင်းအတွင်းမှာ ခင်သွားသည်။

တကယ်တော့ တတ်နိုင်လျှင် သည်လိုသွက်လက်ချက်ချာ ဉာဏ်ကောင်းသော ကလေးမျိုးသည် အိုင်အယ်(လ်)ဘီစီတွင် နေသင့်သည်ဟု အဘိုးကြီး အဘွားကြီးက ပြောသည်။

သူတို့နှင့် တစ်နာရီလောက် စကားပြော အချိန်ဖြုန်းကာ ဂျက်စနေ ပြန်လာသည်။

ဂျက်သည် ရှိုင်းရှိုင်းကလေးကို တွေ့တော့ သူ့မိဘတွေကို စဉ်းစားမိ၏။ ဖေဖေနှင့် မေမေသည် သူ့ကို အလွန်ချစ်ကြသည့် သားကလေးတစ်ယောက်အဖြစ် အားကိုး၏။

သူကသာ သူငယ်ချင်းတွေနှင့် ပျော်ပါးလျှောက်သွားနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏ သတိပေးခြင်းကိုလည်းကောင်း၊ မေမေ၏ ဆုံးမခြင်းကိုလည်းကောင်း မကြာခဏ ခံယူခဲ့ရသည်။

နောက်ဆုံး သူ့ကို ရန်ကုန်တက္ကသိုလ်မှာ တက်ခိုင်းတော့ သူ့ကိုနှုတ်ပြီး ပိုးထည်ယက်လုပ်မှုလုပ်ငန်းကို စွန့်ကာ ဖေဖေက တခြားလုပ်ငန်းတစ်ခုသို့ပြောင်း၍ သူနှင့် မိဘတွေက ရန်ကုန်သို့ပါလာ၏။

ဖေဖေတို့ နေခဲ့သည်က မန္တလေးမှာ။

သူ့ကို မွေးခဲ့တာက မကွေးမှာ။

ဂျက်သည် ရန်ကုန်တက္ကသိုလ်တွင် သူငယ်ချင်းတွေနှင့်တက်မြ သူငယ်ချင်းတစ်ယောက် မိန်းမခိုးရာတွင် ဖေဖေတို့ကို အသိမပေးသဲ သူငယ်ချင်းကို ငွေငါးသောင်းယူပေးမိ၏။

တကယ်တော့ ဒါက အဒိန္နာဒါနကံကို ကျူးလွန်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ မိဘပိုက်ဆံ။

သည်လိုမလုပ်ထိုက်ဟု နောင်မှ သူ ယူဆစဉ်းစားလာမိခဲ့သည်။

အဲသည်တုန်းက ဖေဖေ ဒေါသအကြီးအကျယ်ပွကာ အိမ်မှမောင်းချတော့ သူဆင်းလာခဲ့သည်။

ထိုစဉ်က သူပြန်တောင်းပန်လျှင် ပြဿနာအေးသွားနိုင်၏။

သူကလည်း မာနတစ်ခဲ့သား။

မိဘဆွေမျိုးကြိမ်းမောင်းတာကို သဘောမကျနိုင်ဖြစ်၏။ အဲသည်ကစ၍ မိဘအပေါ် စိတ်ဆိုးမှုနှင့် သူ့ခြေထောက်သူရပ်တည်၍ ဖေဖေတို့ဆီ မပြန်တော့။



မနေ့တစ်နေ့ကမှ သူစဉ်းစားရင်း သူ့အလွန်သာဖြစ်ကြောင်း စဉ်းစားကာ ဖေဖေ၊ မေမေတို့ကို ဦးခိုက်မိ၏။

ဖေဖေတို့က သတင်းစာမှနေ၍ ခေါ်ပါသည်။

ကိုဂျက်က သူရန်ကုန်တွင်ရှိနေကြောင်း ဖုန်းနှင့်ပင် မိဘတွေကို အသိပေးလိုက်ခဲ့၏။

သူ ထောင်ကျသွားခဲ့သည်ကိုလည်း ဖေဖေသိ၏။

မသူတော်နှင့်ပေါင်းနေသည်ကိုလည်း ဖေဖေ သိ၏။

မပစ်နိုင်သော မိဘ၏ မေတ္တာအရ မင်း ဒီမကောင်းတဲ့အလုပ်တွေ စွန့်ပစ်မှပဲ ငါ့အိမ်ပြန်လာခဲ့ဟု သူ့ကို ပြောခဲ့၏။

ယခု သူ အသက်နှင့်ရင်းပြီး ရှာရမည့်ငွေသည် သူ့ဘဝကို ကောင်းရာကောင်းကြောင်းဖြစ်အောင် ထောက်ကူမည်ဖြစ်သည်။

ဦးဘိုဖြူဆီမှ အောင်အောင်မြင်မြင် ပြန်လာမည်ဆိုလျှင်တော့ ဤမကောင်းသောအလုပ်ကို စွန့်ပစ်ဖို့ ဆုံးဖြတ်ချမှတ်ပြီးသားပါပဲ။

နောက်တစ်ရက်တွင် သူ၊ နှင်းဒေဝီ၊ မင်းညိုစုံတို့ တွေ့ဆုံပြီးတော့ ဦးဘိုနီနှင့်တွေ့ကြသည်။

ဦးဘိုနီက သူတို့နှင့် စာချုပ်၍ မိတ္တူတစ်စောင်စီနှင့် စရန်ငွေငါးသိန်းစီကို ပေးလိုက်၏။

လက်ထဲငွေဆယ်သိန်းရတော့လည်း တက်ကြွနေကြ၏။

"မင်းတို့ လုပ်ရမယ့်အလုပ်က ဒီအချိန်က စကော့မယ်၊ မင်းတို့ ငါပိုင်သွားပြီ၊ ငါ့စကားကို မင်းတို့လိုက်နာရမယ်၊ မင်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ငါ ဗီဒီယိုခွေတစ်ခုပြမယ်၊ အဲဒီမှာပါတဲ့အစိတ်အပိုင်းတွေဟာ မင်းတို့အတွက် အထောက်အကူပဲ''

စာချုပ်စဥ်က မသဥ္စာသည် အသိသက်သေ။

ဒါက တွေ့နေကြအလုပ်ခန်းထဲမှာ။

ဦးဘိုနီမှာ အပြင်က သူ့လုပ်ငန်းတွေပြီးလို့ ပြန်လာကာစဖြစ်ပြီး ဂျက်တို့နှင့် တွေ့ခဲ့၏။

''သဥ္စာထွေးမပါတော့သော စာကြည့်ခန်းတွင် လူသုံးယောက်ကိုခေါ်ကာ ဗီဒီယိုတိတ်ခွေတစ်ခုကို ပြခဲ့၏။

ပင်လယ်ထဲမှ ကျွန်းကြီးတစ်ကျွန်း။ ပြီးတော့ တောထဲ... တိရစ္ဆာန်တွေ။ အထူးသဖြင့် မိကျောင်းများရှိသော နွံအိုင်နှင့် မြွေစိမ်း... တွေရှိသောသစ်ပင်တွေ။ အဲသည်နောက် တောင်ကုန်းတစ်ခုပေါ်တွ... ရှိသော ရဲတိုက်ကြီးပမာ ခိုင်ခန့်သော အိမ်ကြီးတစ်ခု။

သွားလာလှုပ်ရှားနေကြသော မြန်မာအမျိုးသားမဟုတ်သ... လက်နက်ကိုင်လူတစ်စု။

''ဒါတွေက ပြီးခဲ့တဲ့ငါးနှစ်က ငါ စိမ်းသာယာကျွန်းပေါ်ရော... သွားတော့ ငါလျှို့ဝှက်ရိုက်ခဲ့တာပဲ၊ အဲဒီမှာ ငါအစ်ကို ဘိုဖြူနဲ့... ခဲ့တယ်၊ ငါကတော့ အစ်ကိုတစ်ယောက်အနေနဲ့ တွေ့ဖို့သွားတာ... သူ့အကြောင်း လေ့လာချင်လို့ သွားတာပဲ၊ သူကလည်း ငါ့ကို ... တူ မအေကွဲညီမှန်းသိတယ်၊ ကောင်းကောင်းတော့ ဧည့်ခံလိုက်... နောင်ကို သူ့ဆီမလာဖို့လည်း သူပြောခဲ့တယ်၊ ဓာတ်လုံးအကြေ... တော့ သူမပြောပေမယ့် သူ ဘယ်မှာ ဒီပစ္စည်းကိုထားတယ်ဆို...



ငါသိတယ်၊ သူ့အိပ်ခန်းထဲက မီးခံသေတ္တာထဲမှာထားတယ်၊ ဂျက်စနေက မီးခံသေတ္တာကိုရအောင်ဖွင့်ပြီး ယူရမယ်၊ နှင်းဒေဝီက မင်းရဲ့မာယာကွန်ယက်နဲ့ ဘိုဖြူကို ဂျက်စနေ အလုပ်လုပ်နေချိန်မှာ ဘိုဖြူမသိအောင် တာဝန်ယူရမယ်၊ မင်းညိုစံက ဂျက်စနေ အလုပ်လုပ်ချိန်မှာ စောင့်ပေးရမယ်၊ မင်းတို့လက်ထဲ ပစ္စည်းရပြီဆိုရင်တော့ တစ်ပါတည်း ကျွန်းအပြင်ကို လစ်လာကြတော့…မင်းတို့ကို ငါတို့စောင့်နေမယ်''

''ဘယ်နှစ်ရက်အချိန်ပေးမလဲ''

ဂျက်စနေ၏အမေး။

''မင်းတို့ ကျွန်းဘက်သွားတဲ့အချိန်ကစပြီး ခုနစ်ဆယ့်နှစ်နာရီ (၇၂) နာရီ အချိန်ပေးမယ်၊ ၇၂ နာရီပြည့်ရင် ကျွန်းပေါ်က စက်လှေ...ထိ ပြန်ကူးလာတဲ့အထိ ဖြစ်နေရမယ်''

''ဖြစ်ပါ့မလား၊ ကျွန်းပေါ်မှာ တိုက်တာခိုက်တာတွေရှိလို့ ...ကျသွားရင်…''

''ဒါတော့ မင်းတို့အလုပ်ပဲ မင်းညိုစံ''

မင်းညိုစံက ပြောပေမယ့် နှင်းဒေဝီကတော့ တွေနေသည်။ ...ယိုကိုကြည့်ပြီးချိန်မှစ၍ သူမ၏ရင်ထဲ စိတ်လှုပ်ရှားမှုတော့ ခံနေ...သည်။

မလွယ်သောအလုပ်မှန်းတော့ သူမသိသည်၊

''နှင်းဒေဝီကကော ဘာပြောဦးမလဲ''

''ပြောစရာမရှိပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



နှင်းဒေဝီက အသက်ဝင်လာသလိုဖြစ်ကာ ပြန်ပြော၏။

"အားလုံးကို သတိရှိရင်တော့ မင်းတို့အလုပ်ဖြစ်မှာပါ…ကဲ… မင်းတို့ဗီဒီယိုခွေကြည့်ပြီးရင် ရေပုံကိုကြည့်ကြဦးစို့"

သူက မြေပုံမဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော်ရေပုံတစ်ခုကို ချပြ၏။ ရေပုံအကြောင်းတော့ ဂျက် နားမလည်ပေမယ့် ပင်လယ်အတွေ့အကြုံရှိသော မင်းညိုစံက သဘောပေါက်သည်။

မြန်မာ့ရေပြင်ပိုင်နက်က ဘယ်အထိဖြစ်သည်ကို မျဉ်းနီနှင့် တား ပြထားပြီး မြန်မာ့ရေပြင်ပိုင်နက်ကို ကျော်လွန်သောနေရာကို မျဉ်းစိမ်း တားပြထားသည်။ ကျွန်းက မြန်မာ့ရေပြင်ပိုင်နက်၏ အနောက်တော ထောင့်ဘက်တွင်ရှိ၍ လောင်ဂျီတွဒ်ဒီဂရီနှင့် လတ္တီတွဒ်ဒီဂရီ မည် မည်မျှကြားမှာရှိကြောင်းကို ပြောပြ၏။

"ကျွန်းပေါ်ရောက်ရင် သတိအထားရဆုံးက မြွေနဲ့ မိကျော ပဲ၊ ဒုတိယက သူ့လူအစောင့်တွေပဲ၊ သူတို့က ကျွန်းပေါ်မှာ သွား နေကြတယ်၊ တတိယက ဘိုဖြူရဲ့ အစောင့်ဖြစ်တဲ့ ဒေးဆိုတဲ့ လူတိ ကြီးပဲ"

"ဘာကြောင့် လူ့တိရစ္ဆာန်ခေါ်တာလဲ"

"အဲဒီကောင်ကြီးက ခန္ဓာကိုယ်ထွားကြိုင်းတယ်၊ အပေါ် အင်္ကျီမဝတ်ဘူး၊ သူ့ကိုယ်ခန္ဓာအောက်ပိုင်းမှာ နံငယ်တိုလေးပဲ သူ့ဆရာ ဘိုဖြူအပေါ် အင်မတန်သစ္စာရှိတဲ့ကောင်၊ မြေရာ တော်တဲ့ မုဆိုးတစ်ပိုင်းပဲ၊ ရက်စက်တယ်…စားလိုက်ရင်လည်း စိမ်း ငါးစိမ်းကို ဒီအတိုင်း အစိမ်းစားတယ်၊ ဒါကြောင့် သူ့



တိရစ္ဆာန်လို့ခေါ်တာ ဂျက်စနေ"

"သူ့ကို အန်ကယ်(လ်) ကြုံခဲ့ဖူးလား"

"ကြုံခဲ့တယ်…အဲဒီတုန်းက သူ့အကြည့်ကို ငါ့မျက်လုံးတွေ ထဲက ခုထက်ထိမထွက်သေးဘူး…ကြည့်ပုံက ကျားတစ်ကောင် သားကောင်ကိုတွေ့တဲ့ မျက်လုံးမျိုးနဲ့ကြည့်ပြီး ငါ့ကို သက်ဘမကင်းတဲ့ ရိပ်အယောင်တွေပေါ်နေတယ်"

နှင်းဒေဝီ နားထောင်ကာ တံတွေးတစ်ချက်မျိုချလိုက်သည်။ သူမ ဒါတွေကို ရင်ဆိုင်နိုင်ပါ့မလား။

စာမချုပ်မီ ငွေမယူခင်က ဒါတွေကိုသာသိခဲ့လျှင် သူမ လက် ချင်မှ လက်ခံမည်။ အန္တရာယ်များတာကိုး။

ယခု စာချုပ်ပြီးလို့ ငွေကို စရန်အဖြစ်လက်ခံပြီးမှ နောက်ဆုတ် ပရတော့။

သားကလေးမျက်နှာကို ကွက်ခနဲမြင်ယောင်မိ၏။

မိမိအသက်ရှင် ပြန်မလာနိုင်လျှင် သားကလေးအတွက်က…။

အို…သူ့အဘိုး သူ့အဘွားရှိတာပဲ။ မိမိ ယခုလုပ်နေတာ ကလေးရဲ့ရှေ့ရေးအတွက်မဟုတ်လား။

သိန်းတစ်ရာသာ သူမ ရခဲ့ကြည့်စမ်း။

သားကလေး၏ ဘဝလမ်းခရီးကို ကောင်းကောင်းကြီး သူမ င်းသွားပေးနိုင်မည်။

ငွေရလိုဇောတက်လာပြန်တော့လည်း သူမက ဦးဘိုနီပြော န္တရာယ်တွေကို မကြောက်တော့။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရက်ကိုသတ်မှတ်သည်။

စစ်တပ်လို (ယ)ရက် (ယ)နာရီဆိုပြီး သတ်မှတ်လို့မရပါ။ အတိအကျလျှို့ဝှက်မှုမပါဘဲ သတ်မှတ်ရမည်။

ရက်သတ္တပတ်အတွင်းမှာ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ပြီး ထွက်မည့်ရက်ကို သတ်မှတ်လိုက်ကြသည်။

စက်လှေကို ဦးဘိုနီက ရှာပေးမည်။

သူတို့ပြောနေဆဲ ဝါးခါးအကွယ်များမှ ချောင်းမြောင်းကြည့်နေသော နားထောင်နေသော လူတစ်ယောက်ကို သတိမထားလိုက်မိ။

ဂျက်စနေတို့ ပြန်သွားကြပြီးနောက် ဦးဘိုနီ၏ အတွင်းရေးမှူးဖြစ်သော သဥ္ဇာထွေးသည် ညနေ အလုပ်ဆင်းလျှင် ခပ်သုတ်သုတ်ကလေး ဦးဘိုနီအိမ်မှ ထွက်လာ၏။

အပြင်တွင် နေရောင်ကကျနေချေပြီ။

သဥ္ဇာထွေးက သူမ၏နောက်ဘက်၊ ဘေးဘိကို အကဲခတ်ကြည့်ကာ ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်၏။

ထိုဆိုင်တွင် တယ်လီဖုန်းရှိသည်။

သဥ္ဇာထွေးက ဖုန်းမှတစ်ဆင့် သူမပြောလိုသူကို ပြောသည်။

"အနက်ရောင်…အဖြူရောင်စကားပြောနေတယ်၊ နားထောင်ပါ၊ သိန်းငှက်က ကြက်ကလေးကို သုတ်တော့မယ်၊ သိန်းငှက် အခု ပြင်ဆင်ရေးလုပ်နေပြီ။ သူတို့ စိမ်းသာယာကို ဆယ်ရက်နေ့မှာ စက်လှေနဲ့ ထွက်ကြလိမ့်မယ်၊ ကြက်ကလေးဆီကို မြိတ်ကနေ အင်တာနက်နဲ့ သတင်းပို့ပေးပါ၊ သိန်းငှက်က လူသုံးယောက်လွှတ်လိမ့်မယ်၊



ဒီလူတွေထဲမှာ မိန်းကလေးတစ်ယောက်ပါတယ်၊ သူတို့အမည်တွေ နဲ့ သူတို့အစီအစဉ်ကို သိရအောင်ရေးထားတဲ့မှတ်စုကို မနက်ဖြန် အနက် ရောင်ဆီကို ပို့လိုက်မယ်၊ အဖြူရောင်ပြောတာ နားလည်ပြီနော်… ဂိုကေ"

ဖုန်းကို သူမ ပြန်ချ၏။

ဖုန်းဖိုးငွေချေလိုက်သည်။

ထိုမှဆိုင်ပြင်သို့ သုတ်သုတ်ထွက်သွားသည်။

နှင်းဒေဝီသည် ဂျက်စနေနှင့်အတူ သူမမိဘတွေဆီသွားသည်။ ငွေသိန်းတစ်ရာရမည့်အကြောင်းနှင့် စိမ်းသာယာသို့ သူမသွားမည့် အကြောင်း၊ စွန့်စားရမည့်အလုပ်တစ်ခုအကြောင်းကိုလည်းပြောပြ၏။

အဲဒါတွေကြားတော့ နှင်းဒေဝီ၏မိဘတွေက မျက်လုံးပြူးသွား သည်။ အကြီးအကျယ် ကန့်ကွက်ကြသည်။

ဂျက်စနေက နှင်းဒေဝီအတွက် မပူပင်ရန် ပြောပြသည်။ သူ လည်း ကူညီစောင့်ရှောက်မည့်အကြောင်းနှင့် သိန်းတစ်ရာဆိုသည်မှာ နည်းသည့်ငွေမဟုတ်ကြောင်းကိုပါ ကူညီဝင်ပြော၏။

နှင်းဒေဝီအကြောင်းကို သူမ၏မိဘတွေကသိသည်။

နှင်းဒေဝီသည် သူမ၏ဘဝတွင် ငယ်စဉ်ကတည်းမှ ကိုယ့်အား ကိုယ်ကိုးနှင့် စွန့်စားတတ်သည်နှင့်အမျှ တစွတ်ထိုးနိုင်သူဖြစ်သည်။

အကြီးအကျယ် ကန့်ကွက်ပြောတော့လည်း နှင်းဒေဝီ ငြိမ်သွား သည်။ ရှိုင်းရှိုင်းကို ရင်ခွင်ထဲသွင်းကာ နဖူးလေးကိုနမ်းသည်။

မကြာမီ သည်သားကလေးနှင့် ခွဲရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သားကလေးကောင်းစားရေးကို သူမ ရှာဖွေရပေမည်။ ကံကောင်းပါစေ။

***



တတ်လမ်းစဉ် (၉)

တစ်ကျွန်းလုံးသည် သာတောင့်သာယာရှိသည်။

ကောင်းကင်ပြာအောက်တွင် ကျွန်းကလေး၏ တည်နေပုံက လှပသည်။

ထိုကျွန်းထက်တွင်ရှိသော 'စိမ်းသာယာစံအိမ်' ကနေဖူးအောက်တွင် ထည်ထည်ဝါဝါရှိလှသည်။

ထိုကျွန်းသည် ဒုတိယကမ္ဘာစစ်က ဖက်ဆစ်ဂျပန်များ နိုအောင်းဲ့သောနေရာဖြစ်ပြီး ကုန်းမြင့်ပေါ်မှ အဆောက်အဦကို သူတို့ပဲ ဆောက်လုပ်ခဲ့ကြသည်။

အကျဉ်းသားစခန်း၊ တပ်ရေးဆိုင်ရာအုပ်ချုပ်ရေးစခန်း၊ ခဲယမ်းါးကျောက်နှင့် လက်နက်များ သိုလှောင်ခန်း၊ အကျဉ်းသားစစ်ဆေးသောအခန်းနှင့် ထိုကျွန်းတွင် ဂျပန်ရယ်အဆင့် စစ်ဗိုလ်မှူးချုပ် နေထိုင်ရာအခန်း စသည်ဖြင့် အခန်းတွေဖွဲ့စည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖမ်းထားသော အကျဉ်းသားများစွာနှင့် ရဲတိုက်ကြီးပမာ ဖြစ်နေသော ထိုအဆောက်အအုံကို တည်ဆောက်ခဲ့ကြ၏။

တောင်ကုန်းအောက်တွင် ကတုတ်ကျင်းများ၊ မြောင်းများ တူးထားရာ မိုးရွာဖန်များလတ်သော် ထိုကတုတ်ကျင်းများ တူးမြောင်းများက တောင်ကုန်းအောက်ခြေတွင် ရေများ အစဉ်ပြည့်လျှံပြီး ကုန်းမြင့်ကို ကျုံးပတ်လည်ရေတွေက ဝိုင်းရံထားသည်။

တောင်ကုန်းသို့ တက်သောလှေကားထစ်များနှင့် ထိုလှေကားထစ်များအောက်တွင် ကျုံးကိုဖြတ်ကူးနိုင်ရန် တံတားထိုးပေးထား၏။

ထိုတံတားနှင့် ကျုံးပတ်လည်တွင် စစ်တပ်တစ်ခုမှ တပ်စိပ်သဖွယ်လုပ်ထားဖန်တီးထားသော အညိုရောင်ယူနီဖောင်းဝတ်အစောင့်များက လက်နက်များကိုင်ဆွဲသွားလာနေကြသည်။

အဆောက်အဦထဲတွင် ဦးဘိုဖြူက နေထိုင်လျက် ကမ္ဘာအရပ်ရပ်တွင် ရောက်နေသော သူ့သဘော်များမှလည်းကောင်း၊ သူ့လုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း ဆက်သွယ်မှုတွေကို အင်တာနက်ဖြင့် ဖမ်းယူနားထောင်ကြည့်ရှုလေ့ရှိ၏။

ယခုလည်း အင်တာနက်ခန်းမှ ပေးပို့သော လျှို့ဝှက်အစီရင်ခံစာတစ်စောင်ကို သူရရှိထားသည်။ ထိုလျှို့ဝှက်စာသည် ရန်ကုန်ရှိ ဦးဘိုနီ၏လုပ်ငန်းမှာ မိမိလျှို့ဝှက်သွင်းပေးထားသော အတွင်းရေးမှူး သဥ္ဇာထွေး၏ လျှို့ဝှက်အစီရင်ခံစာကို တစ်ဘက်မှတစ်ဆင့် ပေးပို့ချက်အား ဖမ်းယူ ရရှိထားခြင်းဖြစ်သည်။

လျှို့ဝှက်စာထဲတွင် ဓာတ်လုံးရယူရေး၊ လူသုံးဦးတွင် ယောက်ျား



နှစ်ဦးနှင့် မိန်းမတစ်ဦး၊ လာမည့်နေ့ရက်တွေကိုပါ ဖော်ပြထား၏။

အစီရင်ခံစာကို ဖတ်ကာ ဦးဘိုဖြူ ပြုံးနေသည်။

သူသည် အရပ်သွယ်သွယ်၊ အသားအရေက ညိုမောင်းလျက်နေ့အခါတွင် နေကာမျက်မှန်အမြဲတပ်လျက် ခေါင်းတွင် ငွေရောင်အသွင်ဖြူသည့်ဆံပင်များအုပ်လျက်ရှိ၏။

နှုတ်ခမ်းများတွင် အမြဲပြုံးယောင်သန်းနေ၏။

သို့သော်…ထိုအပြုံး၏နောက်တွင် လေ့လာမှုကောင်းသူ လေ့လာမိပါက ကြမ်းကြုတ်မှုနှင့် လျှို့ဝှက်မှုကို တွေ့ရမည်ဖြစ်သည်။

အစီရင်ခံစာကို သူက ဖတ်လိုက်ကာ နက်နက်နောနော တွေးတောနေ၏။ ထိုသည် နောက်အခန်းထဲမှ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။

သူ့အခန်းသည် လူအများမလာသော်လည်း လာရောက်ဘိသကဲ့သို့ တစ်ခန်းတစ်နား ပြင်ဆင်ထားသည်။ နံရံတွင် မှန်နံရံများ တပ်ထားသဖြင့် သူ၏ကိုယ်ခွဲများကို မှန်မျက်နှာစာထဲတွင် တွေ့မြင်နေရ၏။

လူတစ်ယောက် ဝင်လာသည်။

ညိုမောင်းသောအသားရောင်၊ တုတ်ခိုင်မြင့်မားသောကိုယ်လုံးနှင့် ခေါင်းတွင် ဆံပင်မွေးမတွေ့ရဘဲ ပြောင်နေသော ဦးပြည်းသည် မေးရိုးကားကား နှုတ်ခမ်းပြတ်ပြတ်၊ ပိရိပ္ပယောင်းသောနှာခေါင်းရှိသူ၊ သူ့မျက်နှာနှင့် လိုက်ဖက်၏။

မျက်နှာမှာ ကောက်ကျစ်မှု၊ ရက်စက်မှုရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်တွင်ရှိနေသော ကြွက်သားအစိုင်အခဲတွေက ကြီးမားလွန်းလှသည်။

သူ့အသက်ကို မည်သူကမှ ခန့်မှန်းနိုင်မည်မဟုတ်ပါ။

မျက်နှာပြင်တွင် ကြမ်းတမ်းဖုထစ်ကာ ကျားကြီးတစ်ကောင်၏ မျက်နှာသွင်ပြင်မျိုးရှိနေ၏။

ထူးခြားချက်က သူ့ခန္ဓာကိုယ်ပေါ်တွင် မည်သည့်အဝတ်အစားမှ မဝတ်ဘဲ အောက်ပိုင်းတွင် နံငယ်ပိုင်းလေးသာ ဝတ်ထားသဖြင့် သစ်ငုတ်တိုကြီးလို ဖုထစ်တင်းရင်းသော ခြေထောက်ကြီးတွေက အတိုင်းသားရှိနေ၏။

အသွားထက်သော လှံတံကြီးတစ်ချောင်း ကိုင်ဆွဲကာ ကျောတွင် သစ်မြစ်ဆုံနှင့်လုပ်ထားသော သစ်သားတင်းပုတ်ကြီးကို လွယ်ထား၏။

သူ ကိုင်သောလှံတံ၏ လက်ကိုင်ရိုးကား ယောက်ျားကြီးတစ်ယောက်၏ လက်ဖျံလောက်ကြီးမားတောင့်တင်းလှ၏။

"အေး…ငါပြောမယ်၊ မင်း ခုချိန်ကစပြီး ကျွန်းတစ်ကျွန်းကို လှည့်ပတ်ကြည့်ရှု၊ ငါ့ဆီကို ဘာတွေဖြစ်နေတယ်ဆိုတာ သတင်းပို့၊ ငါ ပြန်မလာမခိုင်းချင်း ပြန်မလာနဲ့…ဟောဒီဆယ်လူလာကို ယူသွား"

ဦးဘိုဖြူ ပြောနေသောစကားမှာ ယိုးဒယားဘာသာစကားနှင့်ပင်…

"လူခေါ်သွားဖို့ လိုသေးသလား"

"မလိုဘူး…စားနပ်ရိက္ခာကတော့ မင်းဟာမင်းရှာ"



တောထဲတွင် တွေ့သော မည်သည့်သားကောင်မျိုးမဆို ဒေးက လိုက်လံရှာဖွေစားသောက်တတ်သဖြင့် အစာရေစာအတွက် ပေးရန် မလိုအပ်ပေ။ ထန့်ဒွတ်ဒေးကို ယိုးဒယားနယ်စပ် မဲသရဒေသဘက်မှ စားရမဲ့သောက်ရမဲ့ဖြစ်နေသဖြင့် ဘိုဖြူက နှစ်ပေါင်းများစွာကပင် ခေါ်ယူမွေးစားခဲ့၏။

နောင်တော့ သူ့ကျွန်ယုံကြီးသဖွယ် ဖြစ်လာသည်။

သူ့အပေါ်တွင် သစ္စာရှိကာ ချစ်ခင်ရိုသေလေးစားသူမို့ ဒေးကို ဦးဘိုဖြူက ယုံကြသည်။

ယခု ကျွန်းကို လှည့်ပတ်ကြည့်ရှုခိုင်းခြင်းဖြစ်သည်။ ဒေး ထွက်သွားလျှင် အင်တာနက်ခန်းသို့ ဆက်သွယ်သောစကားပြောစက်ကို ဘိုဖြူက ကောက်ဖွင့်လိုက်၏။

သဗ္ဗာထွေး၏ လျှို့ဝှက်သတင်းပေးချက်ကို သူလစ်လျူမရှုနိုင်ပေ။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ညသည် မည်းမှောင်ကာ ပင်လယ်ရေပြင်တစ်ခုလုံးကို စိုးမိုးထား၏။ ပင်လယ်ပြင်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ကြယ်ရောင်ကလေးများ ဟိုအဝေးမှရှိပြီး စေ့စေ့ကြည့်နိုင်မှ ရေးရေးမြင်နိုင်သည်။

ပင်လယ်တွင်းကို မမြင်နိုင်သော်လည်း လှိုင်းအိကလေးတွေ ပြေးလွှားကစားနေကြောင်း နိမ့်လိုက်မြင့်လိုက် ကစားခံနေရသော လှေငယ်ကလေးကိုကြည့်ရင်း သိနိုင်သည်။

စက်လှေတစ်ချက်ချက်မြည်သံက ဝေးကွာသွားသလို စက်လှေပေါ်မှာ ထွန်းညှိထားသော ခြောက်ဆယ်ဝပ်အား မီးရောင်ကလေးမှာလည်း ပျောက်ကွယ်သွားသောစ...လှေ၏ စက်သံနှင့်အတူ ဝေးကွာပျောက်ကွယ်သွားပြီဖြစ်၏။

"တို့တစ်တွေပဲ ကျန်တော့တယ်"



မှောင်ထဲတွင် ပင်လယ်တွင်းမှာ တဖျတ်ဖျတ်တိုက်နေသော ပင်လယ်လေညှင်းနှင့်အတူ မင်းညိုစံ၏အသံက ပေါ်လာသည်။

"ကဲ…ကိုမင်းညို၊ ခင်ဗျားက ပင်လယ်တွင်းအတွေ့အကြုံရှိတဲ့လူဆိုတော့ ခေါင်းဆောင်တင်ထားပြီးပြီ၊ ကျွန်တော်တို့ ဘာလုပ်ရမလဲ ပြောပါ"

ဂျက်စနေ၏ တည်ငြိမ်သောအသံက ပေါ်လာ၏။

သူတို့သုံးယောက်လုံး၏ ကိုယ်အောက်ပိုင်းများသည် ပင်လယ်ဆားငံရေကြောင့် ရွှဲရွှဲစိုနေ၏။

တိုက်သောလေက လေအေးအေးကြောင့်သာ နေသာထိုင်သာရှိနေခြင်းဖြစ်သည်။

"ဟုတ်တယ်နော်…စက်လှေဝေးသွားတော့လည်း စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

အားငယ်သောစိတ်နှင့် နှင်းဒေဝီက ဆို၏။

သူတို့သည် လှေပေါ်တွင် တစ်ယောက်ကိုတစ်ယောက် ကြယ်ရောင်ကြောင့်ရေးရေးပဲ မြင်နေရသည်။

"ဒေဝီကြည့်ရတာ အားငယ်သလိုပဲ၊ အားမငယ်ပါနဲ့ ဒေဝီ… ကိုယ်တစ်ယောက်လုံးရှိသေးတယ်"

မင်းညိုစံ၏ အားပေးသံ။

"ဟုတ်တယ်…ဒီအချိန်မှာ အားငယ်လို့လည်း မထူးဘူး၊ ကိုယ်လုပ်ရမယ့်တာဝန်ဝတ္တရားကိုသာ ဂရုစိုက်ပေတော့ ဒေဝီ"

ဂျက်စနေ၏အသံကတော့ သတိပေးသံ။

www.burmeseclassic.com

www.burmeseclassic.com



အားမငယ်ပါဘူး။ လာကတည်းက သတ္တိသွေးမွေးလိုက်ပြီး လာခဲ့တာပဲ။ အားငယ်သည့်စိတ်တွေကို နှင်းဒေဝီက မောင်းထုတ်ပစ်လိုက်၏။

သူတို့သည် ပြီးခဲ့သည့်နှစ်ရက်ခွဲလောက်ကတည်းက ရန်ကုန်မှ ခွာလာကြသည်။ စက်လှေပေါ်တွင် စက်လှေသူကြီးတစ်ယောက်၊ ပဲ့နှင်းပဲ့ကိုင်တစ်ယောက်၊ စက်မောင်းသူတစ်ယောက်၊ ဆီထည့်သူတစ်ယောက်၊ ထမင်းဟင်းချက်သူတစ်ယောက်၊ တောက်တိုမယ်ရလုပ်ရသူတစ်ယောက်နှင့် သူတို့ကို ကျွန်းအထိ လိုက်ပို့သော သည်နေရာ ပင်လယ်ပြင်နှင့် ကျွန်းကို ရောက်ဖူးသိဖူးသော ကိုပန်းသာဆိုသည့်လူတစ်ယောက်၊ ပေါင်းစုစုပေါင်း ခုနစ်ဦးနှင့် ဂျက်စနေတို့သုံးယောက်သာဖြစ်သည်။ ဦးဘိုနီက လုံးဝလိုက်မလာပါ။

သူတို့သုံးယောက်ထဲတွင် ဂျက်နှင့် နှင်းဒေဝီ၏ သဘောတူညီချက်အရ မင်းညိုစံကိုပဲ ခေါင်းဆောင်အဖြစ် တင်မြှောက်ထားလိုက်ကြသည်။

"ကမ်းက သုံးမိုင်ဝေးတယ်၊ ဒီဘက်မှာက ကျောက်ဆောင်ကျောက်စွယ်တွေ မရှိဘူးလို့ ကိုပန်းသာက ပြောတယ်၊ ဒီတော့ ကျွန်တော်တို့လှေကိုလှော်ရင် သတိနဲ့သာလှော်၊ မီးရောင်တော့ ပင်လယ်ထဲမှာပေးလို့မဖြစ်ဘူး၊ ကမ်းပေါ်မှာလူရှိခဲ့ရင် လှမ်းမြင်နိုင်တယ်"

"တစ်ညီတည်း လှော်မလား"

"တစ်ညီတည်းလှော်ရင် လက်ပန်းကျမယ် ကိုဂျက်၊ ကိုယ့်ဟာကိုယ်ပဲ လှော်ကြပါ"



ရှေ့ဆုံးက မင်းညိုစံ။

အလယ်က နှင်းဒေဝီ။

နောက်ဆုံးက ကိုဂျက်။

သုံးယောက်တန်းစီထိုင်ရင်း ကိုယ့်သဘောနှင့်ကိုယ် လှော်ကြသည်။

လှေမှာ တက်ညီလက်ညီ လှော်ခတ်ခြင်းမဟုတ်သဖြင့် ပြေးသင့်သလောက် မပြေးပါ။

ဒါပေမယ့် ကမ်းနှင့်တော့ တစ်စတစ်စနီးလာကြောင်း ကမ်းခြေကို ရိုက်ခတ်သောရေလှိုင်းတို့ ရိုက်ခတ်သံနှင့် ရှေ့တွင် မည်းမည်းအရိပ်ကြီးတွေကို ရိုးတိုးရိပ်တိတ်မြင်နေရသောကြောင့် ကမ်းနှင့် နီးလာပြီဟု ခန့်မှန်းရ၏။

ပင်လယ်ပြင်ကို ထွက်ခဲ့ကတည်းက တအော့အော့ တအန်အန်ဖြစ်ခဲ့သော နှင်းဒေဝီသည် ယနေ့မှပဲ သက်သာသလို ရှိလာခဲ့ရာ ယခု ပင်လယ်ဒီရေရိုက်ခတ်သံတို့ကြားရလျှင် ကြက်သီးဖြန်းဖြန်းထသွားသည်။

သို့လင့်ကစား စိတ်နိုင်တာမို့ လှော်တက်ကို မှန်မှန်ပဲလှော်သည်။

"ဘယ်နှစ်နာရီရှိပြီလဲမသိဘူး"

"ကျွန်တော်တို့ စက်လှေပေါ်ကဆင်းတုန်းက အမှတ်မထင် လက်ပတ်နာရီကိုကြည့်လိုက်တော့ ခုနစ်နာရီထိုးပြီးနေပြီ ကိုဂျက်"

"အင်း…ဒါဆို အခု ရှစ်နာရီကျော်ရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကမ်းနဲ့ အနီးဆုံးစက်လှေက ချပေးခဲ့တာပဲ၊ ပင်လယ်ကလည်း ငြိမ်နေတော့ စောစောကမ်းကိုရောက်မှာပါ"

"ဦးဘိုဖြူနဲ့တွေ့လို့ကတော့ ကျွန်တော်တို့ကို စက်လှေနစ်လို့ ဒုက္ခရောက်လာတဲ့လူတွေလို့ ထင်အောင်လုပ်ရမှာ"

"ဒါပေါ့ ကိုဂျက်ရာ…ကျွန်တော်တို့ မှင်သေဖို့ အရေးကြီးပါတယ်"

နှင်းဒေဝ ီတော့ မပြောဘဲ ငြိမ်ငြိမ်သက်သက်ပဲနေသည်။ စိတ်တွေက သားကလေးချစ်ကိုကို ခေါ် ရှိုင်းရှိုင်းနှင့် အဖေ၊ အမေ တို့ဆီပဲရောက်နေ၏။ အမေ ငိုကြွေးနေသည့်ကြားမှ သားလေးငိုကြွေးနေသည့်ကြားမှ သူမ ဇွတ်အတင်းထွက်လာသည်။

အဖေ့မျက်နှာကတော့ တင်းမာနေသည်။

"မိန်းမတန်မဲ့…မိန်းမ မလုပ်ရတဲ့အလုပ်ကို နင်သွားလုပ်တာ နင် စွန့်စားတာမဟုတ်ဘူး၊ မိုက်မဲတာခေါ်တယ်…တားမရလည်း နင့်ထိုက်နင့်ကံပဲ မိသွန်း…ငါတို့ကတော့ နင့်ငွေကို စားလိမ့်မယ်မထင်နဲ့…တစ်ခုတော့ရှိတယ်၊ မိဘ မကျေနပ်ဘဲ ခရီးထွက်တဲ့လူဟာ အနှောင့် အယှက်တော့ ဖြစ်တတ်တယ်၊ မဟာဇနက္ကမင်းသားဟာ မိခင်က သဘောမတူပဲ ကုန်ရောင်းသွားတော့ သင်္ဘောပျက်ကိန်းနဲ့ ကြုံခဲ့တယ် မဟုတ်လား"

အဖေ၏ ကတုန်ကရင်နှင့်ပြောသောစကားကို နှင်းဒေဝီ ကြား ယောင်နေမိ၏။

"ခွင့်လွှတ်ပါ အဖေရယ်၊ တစ်မိသားစုလုံးရဲ့ အရေး…သား



လေးရဲ့ အရေးမို့ပါ အဖေရယ်၊ သိန်းတစ်ရာဆိုတာ သမီးတို့တစ်သက် မှာ ရှာမရနိုင်ပါဘူး၊ ဒါကြောင့် ခွင့်လွှတ်ပါ အဖေရယ်…"

ရင်ထဲမှာပဲ မြည်တမ်းရေရွတ်နေသည်။

ဝေါခနဲအသံကြားလိုက်ရသည်။ လှေသည် မြောက်တက်သွား ၏။

"အမယ်လေး…ဘုရား"

လွှတ်ခနဲ မှောင်ထဲတွင် အတွေးပြတ်၍ နှင်းဒေဝီအော်လိုက်မိ ၏။ သို့တစေ လှေအောက်ဖြတ်ထွက်သေ လှိုင်းသံကြောင့် အော်သံ ရောသွားတော့၏။

"လှိုင်းရိုက်တယ်၊ လှေနံရံကို မြဲမြဲကိုင်"

မင်းညိုစံ၏ အရေးတကြီးပြောသံအဆုံး လှေက ဦးစိုက်ဆင်း ကာ ဖန်းကနဲ ရေလုံးနှင့် လှေကိုယ်ထည် ရိုက်ခတ်သံပေါ်လာ၏။

နှင်းဒေဝီက မသိစိတ်နှင့် လှေနံရံစောင်းကို မြဲမြံစွာကိုင်ပြီးသား ဖြစ်သွား၏။

"ကမ်းနဲ့ နီးလာပြီ"

ဂျက်က အော်ပြောစဉ် လှေမှာ ပုခက်လွှဲသလို အထက်သို့ မြောက်တက်သွားသည်။ အားလုံးရင်ထဲမှာ အေးခနဲခံစားလိုက်ရစဉ် ဖန်းကနဲ အသံထပ်ကြားလိုက်ရသည်။

ရေတွေစင်ပြီး တစ်ကိုယ်လုံး ရွဲရွဲစိုအောင် သူတို့ခံလိုက်ကြရ သည်။

လှေမှာမမှောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွေက သူတို့ကို ကမ်းခြေသို့ပို့ပေးသလို ဖြစ်နေသော ကြောင့် လှော်ခတ်ဖို့တောင်မလိုပါ။ သတိနှင့်သာ သူတို့စီးနင်းလိုက် ပါလာကြသည်။ ကျွန်း၏ မည်းမည်းကြီးက သူတို့ရှေ့မှာ ပေါ်လာ သည်။

ဝေါ...

လှိုင်းသံကြားရသည်။

"အမေ့"

သည်တစ်ခါ လှိုင်းပုတ်မှုက ကြမ်းသည်။ လှေမှာ ကျွမ်းပို မှောက်ခုံဖြစ်ကာ လူတွေ ဖရိုဖရဲဖြစ်သွား၏။

မှောင်ထဲတွင်ပင် အော်သံခေါ်သံတွေပေါ်လာ၏။

နှင်းဒေဝီမှာ ရေထဲလွင့်ကျသွားသည်။

ကြောက်လန့်တကြားနှင့်အော်စဉ် ဆားငံရေတွေက ပါးစပ်ထဲ ဝင်ကာ နှာခေါင်းမှာ မွန်ထွသွားသည်။

တခြားလူတွေထက် သူမအသက်ကိုပဲ သူမ စဉ်းစားသည်။ ကူးခတ်သည်။ မှောင်ထဲတွင်ပင် မျက်လုံးလေးကျယ်သွား၏။

သူမ၏ခြေထောက်က သဲပြင်ကို ထောက်မိနေပြီး ရေက ပေါင် လယ်လောက်ထိပဲရှိသည်။ သည်တော့မှ သူမ စိတ်ထဲအေးသွားကာ ကျန်နှစ်ယောက်၏အမည်ကို ခေါ်မိသည်။

တခြားလူနှစ်ယောက်၏ မိမိအားခေါ်သံကိုလည်း ကြား၏။ ပြီးတော့ တစ်စုံတစ်ယောက်၏ ထိတွေ့ပွေ့ဖက်ခြင်းကို ခံလိုက်ရ၏။



သည်တွင် လှိုင်းလုံးတစ်လုံးက ဝေါခနဲ သူတို့နှစ်ဦးအပေါ် လွင့်သွားသည်။ စိုးမိုးဖြတ်ကျော်သွားသည်။

နှစ်ယောက်လုံး ဗလုံးဗထွေးနှင့် လှိုင်းဒဏ်ကြောင့် လဲသွားကြ ၏။

"ပြေးတော့...ဆက်ပြေး"

ဒေဝီအား ပွေ့ဖက်ထားသူက လေသံနှင့် ပြောသလို ဒေဝီကို ဆွဲပြေးသည်။ ဒေဝီက ဂျင်းကို ခြေသလုံးအထိ ဘောင်းဘီစ ခေါက်ထားသဖြင့် မှောင်ထဲမှာပဲ အပြေးရလွယ်သည်။

စိတ်ထဲမှာ ကြောက်စိတ်ပြေသွားတော့လည်း ထူးထူးခြားခြား လာမိပြန်၏။ စိတ်ထဲမှာ ပျော်သလိုလိုပင်။

"ဒေဝီ...ဒေဝီ...နင် ဘယ်မှာလဲ"

ခေါ်သံသည် တစ်နေရာမှ တဝုန်းဝုန်းရိုက်ခတ်နေသော လှိုင်း နှင့်အတူ ပေါ်လာသည်။

ဒါ...ဂျက်စနေရဲ့အသံပဲ။

ဒေဝီ ချက်ချင်းပဲသိလိုက်သည်။ သူမအား မှောင်ထဲတွင် ဖက် ထားသူသည် မင်းညိုစံဖြစ်ရမယ်ဆိုတာကိုပဲ သိသည်။

"ကိုမင်းညို...ဒေဝီ ဘာမှမဖြစ်တော့ပါဘူး...လွှတ်ပါ"

လေသံလေးနှင့် ပြောမိသည်။

"ဒေဝီ့ကို ချစ်တယ်"

အရေးထဲ ရွှေကိုယ်တော်က ချစ်တေးတွေသီနေသေးသည်။

"လုပ်မနေစမ်းပါနဲ့...မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ အလိုမကျသလိုအသံလေးကြောင့် မင်းညိုစံ၏လက်များက ဖက်ထားရာမှ ကွာကျသွားသည်။

''ဒေဝီ''

''ဒေဝီ...ဒီမှာ ကိုဂျက်''

ဒေဝီက လှိုင်းတွေ၏အသံကျော်လွန်အောင် အော်ပြောလိုက်သည်။ သည်နောက် အရိပ်တစ်ရိပ် ကပ်လာသည်။

''ကိုမင်းညို''

''ကျုပ် ဒီမှာရှိတယ် ကိုဂျက်''

''ဟူး...တော်သေးတာပေါ့ဗျာ...ရေတိမ်လို့ပဲ''

''မတော်နဲ့ ကိုဂျက်...လှေက မှောက်တော့ ကျုပ်တို့မှာပါလာတဲ့ ပစ္စည်းတွေ ပျောက်ကုန်ပြီ''

''ဟုတ်ပါရဲ့...ကျုပ် သွားရှာလိုက်ဦးမယ် ကိုမင်းညို''

''ကျုပ်လည်းလိုက်မယ်ဗျာ...ဒေဝီ မလိုက်ပဲ ဒီမှာနေရစ်ခဲ့''

အမှားမှာ မင်းညိုစံ ထရပ်တာကိုသိ၏။ သူတို့နှစ်ယောက် တဝေါဝေါရိုက်ခတ်နေသော လှိုင်းတွေကြားထဲ ဆင်းသွားကြသည်။

ဒေဝီသည် ရေစပ်အထက်သို့ တက်လာသည်။ ကြောက်စိတ်လည်းမရှိတော့။ သဲသောင်ပြင်ပေါ်တွင် ပက်လက်လှန်ချလိုက်သည်။ အေးသောလေ၏ အထိအတွေ့ကို ခံစားလိုက်ရသည်။

သူမတစ်ကိုယ်လုံး ရွဲရွဲစိုနေသည်။ မျက်လုံးကလေးတွေကို မှိတ်ထား၏။ သိပ်မကြာပါ။ လူနှစ်ယောက်၏ သူမအား ခေါ်သံတွေကို ကြားရသည်။



ဒေဝီက ပြန်အသံပြုလိုက်၏။

မှောင်နှင့်မည်းမည်း ဖြစ်သော်လည်း ပင်လယ်တွင်းမှ မီးစုံ...ရောင်၊ ကြယ်ရောင်ကြောင့် သူတို့သဏ္ဌာန်တွေကိုတော့ မြင်နေရ၏။

''ရခဲ့ရဲ့လား''

''ဒါလောက်လှိုင်းတွေ ရိုက်နေတာ ဘယ်ရှာရမလဲ၊ မှောက်...တဲ့လှေနဲ့ ဂျာကင်တစ်ထည်ပဲ ပြန်ရလာတယ်''

''ဒုက္ခပဲရှင်...သွားပါပြီ''

ဂျက်၏အပြောနောက်တွင် သူမ၏ ညည်းသံကလေးက ပါသွား...သည်။

''ဘာတွေပါသွားလို့လဲ''

''မိတ်ကပ်နဲ့ အလှပြင်ပစ္စည်းတွေ''

''နှင့်နယ်ဟာ...အရေးထဲ အလှပြင်ပစ္စည်းတွေပါသွားတာ...ညည်းနေတယ်''

''ဩော်...မိန်းမကိုးဗျ''

ဂျက်စနေ၏ စကားအဆုံးတွင် မင်းညိုစံက ပြောသည်။ ရယ်...။ ဂျက်စနေက မရယ်ပါ။

''နှင်က မပြင်ပဲလှနေတာပဲ''

ဒါကို သူက မှတ်ချက်ချတော့ ကျေနပ်စရာ။

သူတို့မှောင်ထဲတွင်ပင် စမ်းတဝါးဝါးနှင့် သဲပြင်အထက်ကို...အောင်သွားကြသည်။ ဒေဝီက မှောင်ထဲတွင် ရေစိုနေသော...၏ ကြိုးသိုင်းဒေါက်မြင့်ဖိနပ်ကလေးကိုချွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမြသောသဲပြင်ပေါ်မှာပဲလျှောက်သည်။

"မှောင်လိုက်တာ"

မင်းညိုစံ၏အသံ။

"ချမ်းလိုက်တာ"

လက်ကလေးနှစ်ဘက်ပိုက်ကာ ဒေဝီ၏ တုန်တုန်ခိုက်ခိုက် ပြောလိုက်သံ။

"ကျုပ်မှာ လက်နှိပ်ဓာတ်မီး အငယ်စားပါလာတယ်၊ လိုရမလိုရ ယူလာတာထက် လိုအပ်ရင် သုံးဖို့ယူလာတာ၊ ဓာတ်ခဲကုန်မှာစိုးလို့ မသုံးရဲဘူး ကိုမင်းညိုစံ၊ ဒေဝီကတော့ ချမ်းရင်...ဒီဂျာကင်ကို ခြုံထား...အဲဒါ ရေထဲကဆယ်လာတာ"

နိုင်လွန်ဂျာကင်က ဂျက်၏ဂျာကင်ဖြစ်သည်။ သူက ဒေဝီ့အပေါ်တွင် ညီမလေးတစ်ယောက်လိုပဲ သဘောထား၍ လွှမ်းခြုံပေးလိုက်၏။

သူတို့ သဲပြင်ပေါ်တွင်ပင် အိပ်စက်ကြ၏။

သဲတွေကို လက်ယက်တွင်းဖြစ်အောင် ဟူးကာ သဲတွင်းထဲ ကိုယ်မြှုပ်ပြီး အိပ်တော့ အအေးသက်သာသွား၏။ သဲများက အထက်ပိုင်းမျက်နှာပြင်တွင် အေးပေမယ့် အောက်ခြေမှာတော့ နွေးနေသည်။

မနက်မိုးလင်းတော့ သာယာသောနံနက်ခင်းကို တွေ့ကြရ၏။

သဲပြင်သည် သဲသောင်ပြင်အဖြစ် သဲလှိုင်းတွေထနေသည်။ နေသည် ပင်လယ်ထဲမှ ထွက်နေပြီး ကောင်းကင်တွင် ပတ္တမြားလုံးကြီး တွဲလောင်းခိုသလို နီနီရဲရဲ တွဲလောင်းခိုရာမှ တစ်စတစ်စ ပြူကာ မြင့်တက်လာသလို နွေးထွေးသောရောင်ခြည်ကို ပေးလာ၏။



ပင်လယ်ပြင်သည် မကြမ်းတမ်းဘဲ နူးညံ့ပျော့ပျောင်းသော အသွင်ရှိ၏။

သောင်ပြင်ထက်က တောစပ်တွင် ကျောက်တောင်များ၊ အုန်းပင်များနှင့် အမျိုးအမည်မဖော်ပြနိုင်သော သစ်ပင်ကြီးငယ်များ၊ ချုံနွယ်များ ရှိနေကြသည်။

"နေက ထွက်လာရင် သဲပြင်က ပူလာလိမ့်မယ်၊ သိပ်လမ်းလျှောက်လို့မကောင်းတော့ဘူး...သွားကြရအောင်"

"ကိုမင်းညို...မြေပုံကို ကြည့်ပါဦး"

ဗွီဒီယိုမှ ကြည့်ခဲ့ရတာတွေနှင့်မတူပါ။ သစ်ပင်တွေ၊ ချုံတွေက တစ်မျိုးပြောင်းလွဲနေတာ အရပ်လေးမျက်နှာလည်း မတူတော့ပါ၊

"မြေပုံကြည့်လို့ကတော့ အလကားပါပဲ ကိုဂျက်ရာ...အဘိုးကြီးက ဗွီဒီယိုအားကိုးနဲ့ ပုံကြမ်းဆွဲပေးလိုက်တာပဲရှိတယ်၊ အမှတ်အသားတွေလည်း မမှန်ပါဘူး၊ မှန်တာကတော့ အရပ်လေးမျက်နှာကို ဂျွန့်တော်တို့ခွဲမယ်၊ နေသွားရာလမ်းကြောင်းကို ကြည့်ပြီး မှန်းဆခွဲကာပေါ့...ကွန်ပတ်(စ်)ကလည်း ပျောက်တဲ့အထဲ ပါသွားပြီ"

"စိမ်းသာယာစံအိမ်က ဘယ်မှာလဲ"

"လွယ်ပါတယ်၊ တောထဲရောက်ရင် သစ်ပင်တစ်ပင်ပေါ် တက်ကြည့်လိုက်ရင် မြင်နိုင်တာပါပဲ"

မင်းညိုစံအပြောကို ဂျက်စနေက ပြန်မပြောပါ။

သုံးယောက်လုံး တောထဲဝင်လာသည်။ ဦးစွာ တွေ့ရတာ ပျော့်စုံငှက်ကလေးတွေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာငှက်ရယ်လို့မသိ။

စာပုတီးအရွယ်လောက်ရှိ၏။

သွားရင်း သစ်ပင်တွေမှာ ထူထပ်လာသည်။ သူတို့တွင် လက်နက်တွေမပါတော့။ အဲသည်လက်နက်တွေကလည်း ထုပ်ပိုးထားသည့် အထုပ်ထဲ ရှိနေကာ အထုပ်မှာ ရေထဲတွင် ပျောက်ကျကျန်ရစ်ခဲ့ပြီ။

သူတို့တွင် ကိုယ်ပိုင်ပစ္စည်းဆိုလို့ အဝတ်တစ်ထည် ကိုယ်တစ်ခုစီနှင့် ဂျက် သိမ်းထားသော မီးခံသေတ္တာဖွင့်ရာတွင် သုံးသည့် သံစူးသံချောင်းကလေးများပါသည့် သော့တူကိရိယာပဲရှိ၏။

သစ်ပင်တွေကို ဖြတ်ရာတွင် သတိထားရသည်။

ကျွန်းပေါ်တွင် မြွေများပေါသည်။ အဆိပ်ရှိလား မရှိလားတော့ မပြောနိုင်။ အောက်ခြေတွင်လည်းကောင်း၊ သစ်ပင်ငယ်ကလေးများတွင် ရစ်ခွေ၍နေသော မြွေစိမ်းများကို မကြာခဏတွေ့ရ၏။

သစ်ပင်ကြီးများတွင် ပတ်နေသော တွဲလောင်းဖြစ်နေသော စပါးကြီးမြွေများကို မကြာခဏ မြင်ရသည်။

ပထမတော့ နှင်းဒေဝီသာမက မင်းညိုစံပါ ခပ်ကြောက်ကြောက်။

နောက်တော့လည်း တွေ့ဖန်များတော့ ရိုးသွားဟန်နှင့် ကြောက်လန့်ခြင်းမရှိဘဲ သူတို့ကိုသာ ရှောင်ကွင်းသွား၏။

သစ်ပင်တွေက ပြန်ပါးလာသည်။

"ဆာလိုက်တာ"

နှင်းဒေဝီ လွတ်ခနဲ အသံထွက်လာသည်။



"အင်း…မနက်ကက် ထွက်လာတာလည်း နှစ်နာရီလောက်ကြာပြီ၊ ဒါလောက်လျှောက်မှတော့ ဆာရောပေါ့…ခက်တာက"

မင်းညိုစံက စကားအဆုံးမပြောဘဲ လက်နှစ်ဘက်ခါပြ၏။

သူတို့အတွက် ရေသန့်ဘူးနှင့် ရိက္ခာချောက်တွေပါခဲ့ခြင်းလည်း ပျောက်သည့်အထုပ်ထဲ ပါသွားခဲ့၏။

တောထဲမဝင်မီ သူတို့ရေထဲမှာ ရှာကြပါသေး၏။ မတွေ့ပါ။ ညကစီးသောလှေကို ကမ်းစပ်တွင် ဆွဲတင်ခဲ့ရာ ယခု ထိုလှေကို သူတို့သည် အထဲဝင်မလာမီ ချုံပင်များကြားတွင် အမှတ်အသားနှင့် ဝှက်ပစ်ခဲ့၏။

သူတို့ခြေရာတချို့ကိုလည်း တောစပ်တွင် တတ်နိုင်သရွေ့ ဖျက်ပစ်ခဲ့ကြ၏။

"ကဲ…ကိုမင်းညိုစံ…ခင်ဗျားက ခေါင်းဆောင်ဆိုတော့ စား…ရာသောက်စရာလေး သွားရှာပေတော့…၊ ကျွန်တော်တို့ ဒီမှာပဲ …းနေလိုက်မယ်"

"ခင်ဗျားသွားပါလား ကိုဂျက်စနေ…ခင်ဗျားက ကျွန်တော့်…က် ပိုမျက်စိရှင်တယ်၊ စားစရာဆို ဘာမဆိုရှာခဲ့ဗျာ"

"အို…သွားမနေကြစမ်းပါနဲ့၊ ဒေဝီတို့ ဒီမှာ ခဏနားလို့ရရင် …က်ပါပြီ၊ စိမ်းသာယာစံအိမ်ကို အရောက်သွားနိုင်ဖို့က အရေးကြီး…တယ်၊ အချိန်က သိပ်ရတာမဟုတ်ဘူး"

"မဟုတ်သေးဘူး ဒေဝီ…ကိုယ်တို့လည်း ဗိုက်နဲ့ပဲ၊ အနီးအနား… ရှာလိုက်ရင်တော့ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်မှာ တွက်ကပ်တတ်သည်မဟုတ်သူပီပီ ထွက်သွား၏။ ရှင်းလင်းသောမြေကွက်လပ်တစ်ခုတွင် ဒေဝီ ထိုင်ချ၏။

သစ်ပင်တွေပေါ်ကို မော့ကြည့်၍ ခါးတွင် လက်နှစ်ဘက် ထောက်၍ မတ်တပ်ရပ်နေသော မင်းညီဖုံ။

သည်ရောကာလတွင် သူတို့နေသော အိပ်ခဲ့သောနေရာများတွင် လှုတိရစ္ဆာန်ကြီး ဒေး ရောက်နေ၏။

လူရိုင်းကြီးတစ်ယောက်နှင့်တူသော ဒေးသည် ကမ်းစပ်တွင် ရေမလွှမ်းသဖြင့် မပျက်စီးသေးသော ခြေရာတချို့ကို မြင်သည်။ ဒူးထောက်ကာ စစ်ဆေး၏။ အိမ်တော်တွင်…

နံနက်ခင်း၏ ငှက်ကလေးတွေ တေးဆိုမှုက သူ့နားထဲတွင် နရိစည်းတီးသလိုပင်ထင်ရသည်။

အနုပညာကို မမက်မောသော်လည်း ဂီတ၏အရသာကို ဦးဘိုဖြူ က ခံစားတတ်သည်။

, ငှက်ကလေးတွေ တကျိုကျို တကျွတ်ကျွတ် အော်သံကို သူ့ အိပ်ခန်းပြတင်းပေါက်မှကြားလျှင် စေ့ထားသော ပြတင်းတံခါးကိုဖွင့် ၍ နံနက်ခင်းလေကို အားပါးတရ ရှိုက်ရင်း ငှက်သံကို ဂီတသံလို နားခံလေ့ရှိ၏။

မျက်လုံးထဲတွင် အရာရာတိုင်းသည် စိမ်းစိုနေ၏။

တောင်ကုန်းအောင်ခြေကို မမြင်ရသော်လည်း တောင်ကုန်း အောက်မှ ပတ်ပိုင်းနေသော ကျုံးသဖွယ်ဖြစ်နေသည့် ရေမြောင်းနှင့် သစ်ပင်ပေါင်းစုံတို့၏အလှကို မှန်းဆမိ၏။



သူ့စံအိမ်ကြီး၏တဝိုက်တွင်ရှိသော သစ်ပင်များကြားမှ တောထုံး တောင်ပန်းများသည် ကျွန်း၏အလှကို တိုးမြှင့်ပေးသလို ဖြစ်နေသည် ဟု ထင်၏။

စိမ်းသာယာတွင် သူနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ ချေပြီ။

အဖေက အသက်နှင့်လဲယူပေးခဲ့သော ပစ္စည်းများကြီးကိုရသည့် အချိန်မှစပြီး သောင်းကျန်းသူများနှင့် သူ မနေတော့ဘဲ သူ့ဘဝသူ တစ်စင်ထောင်ခဲ့၏။

ဘဝတွင် အကွေ့အကောက်ပေါင်းများစွာ၊ အန္တရာယ်ပေါင်း များစွာ ရင်ဆိုင်ခဲ့ပြီးမှ သူသည် ဤကျွန်းတွင် ခြေချခဲ့၏။

သည်ကျွန်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ဂျပန်ဖက်ဆစ် စစ်သားများ ခိုအောင်းခဲ့ပြီး ဖိလစ်ပိုင်နှင့် မလေးရှားသို့ သွားရာတွင် ဗဟိုသဖွယ်ဖြစ်ခဲ့သောနေရာဟု သိရ၏။

သူက ထိုကျွန်းကို ပင်လယ်ဓားပြတွေလက်ထဲမှ ပြန်ဝယ်လိုက် ပြီး ဤကျွန်းမှာပင် သူ့ဘဝကို မြှုပ်နှံကာ ပြည်ပနိုင်ငံအချို့မှ ဒုစရိုက် သမားများနှင့် ဆက်သွယ်ကာ ဒုစရိုက်မှောင်ခိုစီးပွားရေးကို ထူထောင် လာခဲ့၏။

ဤကျွန်းကို ဘယ်သူပိုင်သည်ဟု မသိသေးပါ။ မြန်မာနိုင်ငံ၏ ရေပြင်ပိုင်နက်နှင့် လွတ်ကင်းနေပြီး ဘင်္ဂလားပင်လယ်အော်၏ ရေပြင် ပ်နှင့် အိန္ဒိယသမုဒ္ဒရာ၏ ရေပြင်စပ်ကြားမှာ ရှိနေသည်။

အရှေ့ဘက်သွားလျှင် စုမတ်ြာဂျာဗာကျွန်းနှင့် နီး၍ ထို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းသို့ရောက်နိုင်သည်။ ထိုမှလွန်လျှင် ဂူအန်ကျွန်းသို့ ရောက်နိုင်၏။

ဦးဘိုဖြူသည် ယနေ့အထိ အိမ်ထောင်မပြုခဲ့။

အိမ်ထောင်ရေးကိုလည်း သူစိတ်မဝင်စားပါ။ အချစ်ဆိုတာကိုလည်း သူ မခံစားတတ်ပါ။

သွေးသားနှင့်ဖြစ်၍ သွေးသားလိုအပ်ဆန္ဒဖြစ်လာပါမူ ယခုသူ့အိမ်တော်တွင် အစေအပါးလုပ်နေသူ နိုင်ငံခြားသူလှလှကလေးတွေနှင့် ဆန္ဒဖြေပျောက်နိုင်၏။

သူမတို့သည် ဦးဘိုဖြူလက်အောက်တွင် အဆက်အသွယ်နှင့် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် လာရောက်လုပ်ကိုင်ကာ နှင့်ေ အောင်ရသော အခကြေးငွေကိုပိုက်ကာ သူတို့နေရပ်ဒေသသို့ ပြန်ရေ ရှိ၏။

ဦးဘိုဖြူကလည်း အဒပးအကမ်းရက်ရောသည်။

ဒါကြောင့် သူ့အပေါ် သစ္စာဖောက်မည့်သူမရှိ။

သစ္စာဖောက်မည်ဆိုလျှင် သူ၏ မာကြောကြမ်းတမ်းသောစိ ကို သိရလိမ့်မည်။

ပြီးခဲ့သောလေးလလောက်က 'ဆူဝမ်ချောင်' အမည်ရှိ ကလေးတစ်ယောက်သည် သူ့လက်အောက်အစုအဖွဲ့မှ လူတစ်ယော နှင့် ငြိစွန်းသွားရာက သူ့လူနှင့် ဆူဝမ်ချောင်က သူ့ဆီမှ ရတနာ ကိုယူကာ ကျွန်းမှ ထွက်ပြေးဖို့ ကြံ သည်ခဲ့တာကို ဦးဘိုဖြူ သိသ

သည်တော့ သူက သစ္စာဖောက်သောသူ့လူကို တော တစ်နေရာနံ့အိုင်ထဲတွင်ရှိသော မိကျောင်းအိုင်သို့ ခေါ်ဆောင်



နံ့အိုင်ထဲကို ထိုလူအား ပစ်ချကာ မိကျောင်းများ ဝိုင်းဝန်းကိုက် စားသောက်သည်ကို မျက်စိအရသာခံကြည့်ခဲ့၏။

ဆူဝမ်ချောင်ကိုတော့ လိုချင်သော သူ့ငယ်သားများအား စွန့်ကြဲလိုက်၍ လေးငါးရက်အကြာတွင် သူမအား မြွေတွင်းထဲပစ်ချကာ မြွေတွေနှင့် ဘဝတုံးစေခဲ့၏။

ဒါကိုလည်း သူ အရသာတွေ့ခဲ့၏။

သောင်းကျန်းသူများနှင့် ပေါင်းခဲ့သောကြောင့် ရက်စက်သော စိတ်ဓာတ်သည် ဘိုဖြူ၏ နှလုံးသားမှာ အစဉ်ကိန်းအောင်းနေ၏။

ယခုလည်း သူ့ပစ္စည်းကိုယူရအောင် လူသုံးယောက် လာနေချေ ပြီ။ ဓာတ်လုံးကို ယခု သူ အသုံးမချသော်လည်း အဘိုး ဘိုဖြူမောင် ၏ ကိုယ်တွင်းမှ စွန့်စားယူလာရတာကြောင့် သူက အမြတ်တနိုး ထားသည်။

ယခု သည်ဓာတ်လုံးကို သူနှင့် ဖအေတူမအေကွဲ ဘိုနီဆိုသည့် ပုက လူသုံးယောက်ကိုလွှတ်ပြီး ယူနိုင်းချေပြီ။

လာပါစေ…ဘယ်အချိန်လာမလဲ။

ဘိုဖြူရဲ့အကြောင်းကို သိစေရမှာပေါ့။

သည်လူသုံးယောက်ကို ဘယ်လိုစီရင်ရမလဲဆိုတာ တွေးနေစဉ် ခန်းတံခါးပွင့်သွားသည်။ အသားညိုညို၊ ကိုယ်လုံးတောင့်တောင့်၊ လှလှနှင့် အနောက်နိုင်ငံသူတစ်ယောက်လို ဝတ်ထားသောမိန်း ကလေးတစ်ယောက် ဝင်လာ၏။

သူမလက်ထဲတွင် နံနက်စာအဖြစ် စားသောက်စရာများဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်၊ ကြက်ဥကြော်၊ ကြက်သားပတ်၊ ထောပတ်ခွက်၊ သကြား စသည်များ. ကြေးလင်ဗန်းကြီးထဲတွင် ပါလာ၏။

သူမနောက်မှ နောက်တစ်ယောက်က နို့ခွက်ကိုင်ဝင်လာသည်။

သူမတို့သည် ခေါက်စားပွဲကြီးတစ်လုံးကို အိပ်ခန်းတစ်နေရာတွင် ခင်းကာ အစားအသောက်တွေကို ယင်းလေးထောင့်စားပွဲကြီးပေါ်တွင် စနစ်တကျခင်းထား၏။

သူမတို့ကိုယ်တွင် လှလှပပဝတ်ထားသလို မွေးကြိုင်သောအနံ့အသက်များ ထွက်နေ၏။

ပထမဆုံးဝင်လာသောမိန်းကလေးက အိန္ဒိယဘာသာနှင့်…

"ဆာဟစ်…ဒီနေ့ ကျွန်မတို့ ချက်ပြုတ်မဲ့အစားအသောက်စာရင်းကိုကြည့်ပါဦး"

သူမအသံမှာ သာယာသည်။

ဦးဘိုဖြူက ပြတင်းမှခွာကာ ကောင်မလေး၏တင်ပါးကို လက်ဝါးနှင့် တစ်ချက်ရိုက်လိုက်၍…

"ဆကီနာ…မနေ့က မင်းချက်တာ မဆလာများတယ်၊ ဒီနေ့တော့ ငါချက်ဖို့စာရင်းပေးရင် မဆလာလျှော့ထည့်"

"ဟုတ်ကဲ့…ဆာဟစ်"

ဆာဟစ်ဆိုတာ ဆရာဟု ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ ဦးဘိုဖြူက ချက်ပြုတ်စာရင်းကို ယူ၍ စားပွဲပေါ်တွင်ချထားစဉ် ဆယ်လူလာဖုန်းမှ လူခေါ်သံထွက်လာသည်။

ဆယ်လူလာကို ကောက်ယူလိုက်သည်။



ယိုးဒယားဘာသာသံကထွက်လာသည်။ မြန်မာလိုတော့…

"ဆရာ…ကျွန်တော် ဒီမှာ ခြေရာတွေတွေ့တယ်"

"ဟုတ်လား…ဘယ်မှာတွေ့လဲ"

"ကမ်းစပ်မှာပါ"

"မင်းခြေရာကို လေ့လာတော့ ဘယ်လိုထင်လဲ"

"ယောက်ျားခြေရာနှစ်စုံ၊ မိန်းမခြေရာတစ်စုံပဲ၊ ပြီးတော့ သောင်စပ်မှာ သူတို့အိပ်သွားကြဟဲ့ပုံပဲ၊ ကြည့်ရတာ မနေ့ညကမှ ရောက်လာကြတယ်နဲ့တူတယ် ဆရာ"

"မင်း အသေအချာလိုက်ကြည့်ကွာ"

"နဆန်ဘက်ကို ဝင်သွားသလားမသိဘူး…ဒါပေမယ့် အဲဒီမှာ ခြေရာလက်ရာမတွေ့ရဘူး"

'နဆန်' ဆိုတာက သူတို့သတ်မှတ်ထားသောနေရာဌာနတစ်ခုပင်ဖြစ်သည်။

"မင်း ထပ်ကြည့်ဦး၊ သူတို့တောထဲကို ဖြတ်နေပြီနဲ့တူတယ်၊ ငါအဖွဲ့ကိုအကြောင်းကြားထားတယ်၊ သူတို့တောထဲမှာ တပ်ဖြန့်လိုက်ရကြလိမ့်ဦးမယ်၊ စုလမန် ဆိုတဲ့ကောင်ကို မင်း ဆက်သွယ်မေးကြည့်ဦး"

စုလမန် ဟိုသည့် ငနဲက သူ့အစုအဖွဲ့တွင် ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ လက်နက်များတပ်ဆင်၍ ယူနီဖောင်းပေးကာ တပ်ဖွဲ့ပွင်ဖွဲ့စည်းထားစေကာမူ ဦးဘိုဖြူက သူ့အဖွဲ့ကို ဘယ်တော့မှ 'တပ်' ဟု မခေါ်။ 'အဖွဲ့' လို့ပဲ ခေါ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေက အထက်တွင် တွဲလောင်းခိုနေပြီ။

မင်းညိုစံ၏ လက်ပတ်နာရီမှာ ဆားငံရေဝင်သွားခြင်းခံရတာကြောင့်သည်မနက်ခုနစ်နာရီတွင် လုံးဝရပ်သွားချေ၏။

"သိပ်ဆာနေပြီလား ဒေဝီ"

"ကိုယ့်အိမ်မှမဟုတ်ဘဲ…သိပ်ဆာလို့ ဘယ်ရမလဲ"

"တို့က ဒေဝီ့အတွက်ဆို ဘာမဆိုဖြည့်စွမ်းပေးချင်တယ်"

"စောစောက စားသောက်စရာရှာပါဆိုတော့ မရှာချင်ဘူး"

"ဒေဝီ့နားမှာ နေချင်လို့"

ဖြည်းစပ်စပ်နှင့် မင်းညိုစံကပြောသည်။ ဒေဝီသည် မင်းညိုစံကို မကြည့်မသာကြည့်ကာ…

"ကိုမင်းညို…ရှင့်ကို ကျွန်မ တစ်ခုပြောမယ်နော်၊ ခုလိုအချိန်ဟာ တစ်ယောက်နဲ့တစ်ယောက် မောင်နှမလိုနေကြရမယ့်အချိန်ပါရှင်… သိပ်အရေးကြီးတဲ့အချိန်၊ ခုအချိန်မှာ ရှင် ဒါတွေစဉ်းစားတာ သိပ်အံ့သြတာပဲ"

"ချစ်တော့လည်း မနေနိုင်ဘူးလေ"

"ရှင်ချစ်ပေမယ့် ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ပြီးတော့ ကျွန်မမှာ ကာမပိုင်နဲ့ဆိုတာ ရှင်အသိပါ"

"ဒေဝီ့ယောကျ်ားက ပြန်လာမှာမဟုတ်တော့ပါဘူး၊ သူ ပင်လယ်ထဲ တောင်သေသွားပလား မသိဘူး"

"ရှင် မဦးမချွတ်မပြောပါနဲ့၊ ကျွန်မက ကျွန်မ ယောကျ်ားကို ချစ်လို့ယူခဲ့တာ၊ သူကလွဲပြီး ဘယ်သူ့ကိုမှမချစ်နိုင်ဘူး၊ သူ အခုထက်



သွားရှာနေတယ်၊ တစ်နေ့ သူပြန်လာလိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ်"

"အကြောင်းမသိတော့ ဘောင်းဘီရောင်းရတယ်ဆိုသလို တို့မသိဘူးများ မှတ်နေသလား ဒေဝီ"

"ရှင် ဘာကိုပြောချင်တာလဲ"

"မင်းကိုယ်မင်း သိပ်သစ္စာရှိတယ်ဆိုပြီး မှုန်းမနေနဲ့၊ မင်းနဲ့ဂျက်စနေ ဘာဆိုတာ တို့သိပြီးသား"

"အို…"

အံ့သြခြင်းကြီးစွာနှင့် ဒေဝီကပြောသည်။

ဒေဝီ၏ မျက်နှာသွေးကြောကလေးများသည် ရှက်သွေးထလို့ ပူပူရှိန်းမြမှုကို ခံစားလိုက်ရ၏။ အဲသည်နောက် ပန်းရောင်မျက်နှာမှ အနီရောင်သို့ တစ်စတစ်စ ကူးပြောင်းလာသည်။

ဆတ်ခနဲထလိုက်၏။

ဒေါသကို သူမ၏အသိဉာဏ်က ပြန်တွန်းထုတ်ပစ်လိုက်သည်။ ဒါဒေါသမုန်တိုင်းထရမယ့်အချိန်မဟုတ်ပါလေ။

"ရှင်ဟာ သိပ်အောက်တန်းကျတာပါပဲလား၊ ရှင် ဒီစကားကို တစ်ခါပဲပြောပါ…ကျွန်မ ဒီတစ်ကြိမ်တော့ သည်းခံလိုက်မယ်"

"အဟဲဟဲ…အနာပေါ်တုတ်ကျသွားတယ်ထင်ပါရဲ့နော်"

"ဒီမှာ ရှင် အထင်မလွဲနဲ့…ကျွန်မနဲ့ ကိုဂျက်ဟာ"

ဖိုင်း…

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးအောင်တောင် မပြောနိုင်ပါ။ ပေါက်ကွဲမှုတစ်ရပ်က သူတို့နားမှာ လျှံတက်လာသည်။

ဒေဝီသည် စကားပြောရပ်သွား၏။ မျက်နှာကလေးပေါ်တွင် ထိတ်လန့်မှုများ ချက်ချင်းပေါ်လာသည်။

"ဒါသေနတ်သံပဲ"

"ဘယ်ကလဲဟင်"

"ဘယ်သိမလဲ"

ပဋိပက္ခဖြစ်တော့မည့်အသွင်က သည်သေနတ်သံကြောင့် ပြေငြိမ်းသွားသည်။ နှစ်ယောက်လုံးငြိမ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရာမှ ဒေဝီက ဟိုဟိုသည်သည်ကြည့်၏။

ခဏမှာပဲ သူမတို့နားသို့ ပြေးလာသောခြေသံတွေပေါ်လာသည်။ ချုံပုတ်တွေလှုပ်သွားသည်။

အထဲမှ လူတစ်ယောက်ထွက်လာ၏။

"ဟယ်…ကိုဂျက်"

ကိုဂျက်သည် အသက်ကို ပြင်းထန်စွာရှူနေရင်းမှ…

"ပြေး…ပြေး…ပြေးကြ"

"ဘာတွေလဲဟင်"

"သေနတ်ကိုင်ထားတဲ့လူတွေနဲ့ သွားတိုးလာတယ်၊ ကြည့်ရတာ ဦးဘိုဖြူရဲ့ လူတွေနဲ့တူတယ်"

"ဟာ…ဒါဆို ပြေးကြစို့"

မင်းညိုစံမျက်နှာပျက်သွားသည်။ ဒေဝီ၏လက်ကို ဆွဲကာ…



ဖို့ပြင်သည်။ သို့သော် ဒေဝီက သူမ၏လက်ကလေးကို ဆောင့်ရုန်းသည်။ မင်းညိုစံကို မယုံတော့ပါ။

"ရှင်…ကျွန်မလက်ကို မကိုင်နဲ့"

ဘာကိုမှမသိသေးသည့် ဂျက်စနေက အံ့အားသင့်မှုရှိသွားသော်လည်း ဒါကို စိတ်မဝင်စားနိုင်ဘဲ…

"ပြေးကြလေ…ရန်သူက ကပ်နေပြီ"

မင်းညိုစံက အလျင်ဆုံး ခြေလှမ်းပြင်လိုက်၏။

ဒိုင်း…

ဒိုင်း…

ဒိုင်း…

"ဟေး…မပြေးကြနဲ့"

သေနတ်သံနှင့် အော်လိုက်သံ ရောထွေးသွားသည်။ လူသုံးဦးလုံး မှင်သက်မိသလို ကိုယ့်နေရာကိုယ်မရွေ့ဘဲ ငြိမ်နေမိကြ၏။

ချုံပုတ်တွေကြားထဲမှ လူတစ်စုပြေးထွက်လာကြသည်။ သူတို့မှာ စုစုပေါင်း လေးယောက်။

လက်များထဲတွင် အင်(မ်)ဆယ့်ခြောက်မောင်းပြန်ရိုင်ဖယ်တွေ ကိုင်ထားကာ သူတို့ကို ချိန်ထားသည်။

နီးကပ်နေသလို ချောက်လှန့်ပစ်လွှတ်လိုက်သော ကျည်ဆန်တွေက သူတို့အနီးမှ ဖြတ်သန်းသွားသည်။

နှင်းဒေဝီက လန့်အော်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းညိုစံက မျက်နှာပျက်ကာ လက်နှစ်ဘက်က အလိုလို မြှောက်ထားမိလျက်သား။

သူတို့အထဲတွင် မကြောက်မရွံ့ မတုန်လှုပ်ပဲရှိနေသူက ဂျက်စနေ။

လက်နှစ်ဘက် ဘေးချကာ မြေပြင်ကို စိုက်ကြည့်နေ၏။

အညိုရောင်ဘောင်းဘီအင်္ကျီတွေ ဝတ်ထား၍ ခေါင်းတွင် အမေရိကန် ဂျီအိုင်စစ်သားတွေလို လျှာထိုးဦးထုပ်ဆောင်းထားသော လူလေးယောက်သည် လေးပွင့်ဆိုင်၍သေနတ်တွေနှင့် ချိန်ထားသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ...ဘာလိုချင်သလဲ၊ ကျွန်တော်တို့ လူကောင်းတွေပါ"

စတင်ပြီး ပြောလိုက်သူက ဂျက်စနေ။

သူတို့အထဲတွင် အသားဖြူလည်းပါသည်။ အသားမည်းလည်းပါသည်။ အသားညိုလည်းပါသည်။

အသားညိုညို ဗလတောင့်တောင့်လူ၏ လက်ထဲတွင် လက် လျှောက် ရေဒီယိုစကားပြောစက်လည်းရှိ၏။ သူက ထိုစကားပြောလေ ထောင့်စက်ကလေး၏ ဧရိယာတိုင်ကလေးကို ဆွဲထုတ်ကာ နားကျ စကားပြောစက်ကို တေ့လိုက်၍...

"လင်းယုန်...လင်းယုန်...သိမ်းငှက်ပြောနေတယ်၊ ဒီမှာ လူ သုံးဦးကို မိထားပြီ...စခန်းကိုပြန်ပါ"

စက်အတွင်းမှ စကားပြန်ပြောသံ ပေါ်လာ၏။ ပြီးမှ အဲသ လူက မြန်မာစကားနှင့်ပင် ဂျက်တို့ကို...



"မင်းတို့ ဘယ်သူတွေလဲ...ဘယ်ကလဲ"

သည်တစ်ခါ ဂျက်အရင် မင်းညိုစံအသံထွက်လာ၏။

"ကျွန်တော်တို့က ဒုက္ခသည်တွေပါ အစ်ကိုကြီးရာ...စက်လှေ ပျက်လို့ ပြေးမိပြေးရာ ပြေးလာကြတာပါ"

သူ့အမူအရာက ကြောက်ကြောက်ရွံ့ရွံ့။

"မင်းတို့ ဘယ်သူတွေပဲဖြစ်ဖြစ် တို့ဘော့(စ်)ဆီကို ခေါ်သွား ရမှာပဲ...ဝမ်လျောင်...သူတို့ကိုယ် ရှာစမ်း"

အသားဖြူဖြူပိန်ပိန် ဆံပင်ရှည်တွေ ဦးထုပ်အောက်မှ ထိုးထွက် နေသောလူတစ်ယောက်က မှုန်ကုပ်ကုပ်မျက်နှာနှင့် လူသုံးယောက်လုံး ၏ ကိုယ်ပေါ်တွင် ခပ်ကြမ်းကြမ်းရှာဖွေသည်။

စိတ်ကျေနပ်လောက်မှ ဘာမှမတွေ့ဟူသောသဘောနှင့် လက် ဟက် ခါပြလိုက်သည်။

"နိုး"

သူ့အပြောက အင်္ဂလိပ်စကား။

အသားညိုညိုနှင့်လူက လူသုံးယောက်၏မျက်နှာတွေကို လိုက် ပြီး မာဆတ်ဆတ်နှင့်...

"အခုပဲ တို့ခေါင်းဆောင်အဖွဲ့မှူး ဆရာစုလမဖန်က ပြော ၊ တို့စခန်းကို ခေါ်ခဲ့ပါတဲ့"

စခန်းဆိုတာ စိမ်းသာယာစံအိမ်တော် ဖြစ်ပါလိမ့်မည်။

သည်သို့ပင် ဂျက်က တွေးလိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ် (၁၀)

ဦးဘိုဖြူသည် သူ့ကိုယ်သူတော့ ကျေနပ်သဘောကျမိ၏။

သည်လိုသာ စေ့စေ့စပ်စပ်ကလေးနေနိုင်လျှင် သူ့လုပ်ငန်း၊ သူ့အသက်သည် သက်ဆိုးရှည်လိမ့်မည်ထင်သည်။

ပေးထားသည့်လူဦးရေကလည်း မှန်သည်။

ရထားသည့်အမည်တွေကလည်း မှန်သည်။

ဣတ္ထိလိင်၊ ပုလ္လိင် ခွဲခြားထားမှုကလည်း သေချာသည်။

ဒါဆို သူ့အတွက် မကောင်းဆိုးဝါးတွေပဲပေါ့။

သို့သော်...

သူသည် ပရိယာယ်ကောင်းသူဖြစ်၏။ လာလာချင်း ဆော်နှင့်ဖွင့်သည့်လူစားမျိုးမဟုတ်ပါ။



စုလမန်ဆီက သတင်းကြို့ရထားကတည်းက သူက သူ့ကိုယ်သူ အသပ်ရပ်ဆုံးပြုပြင်ကာ အနောက်တိုင်းဝတ်စုံကို ကျကျနနကြီး ဝတ်၍ အိမ်တော်ကြီး၏ခန်းမတွင် ကောင်မလေးနှစ်ယောက်လှလှနှင့် ဆိုဖာကြီးတစ်လုံးတွင် မြိန့်မြိန့်ကြီးထိုင်စောင့်နေသည်။

မျက်နှာကလည်း တင်းနေမည့်အစား ချိုသာနေ၏။

ဂျက်တို့ အိမ်ကြီးထဲဝင်လာတော့ အနောက်နိုင်ငံရုပ်ရှင်ထဲက ခမ်းနားသောအိမ်ကြီးလို သေသပ်လှပသော အသုံးအဆောင်ပစ္စည်းများနှင့် ခံ့ညားထည်ဝါသောအိမ်အတွင်းခန်းတွေကိုကြည့်ရင်း ဦးဘိုဖြူနှင့် တွေ့ဆုံလိုက်၏။

ဦးဘိုဖြူက ကြည်ဖြူစွာပင် သူတို့ကို လက်ခံတွေ့ဆုံသည်။

ဂျက်တို့က သူတို့သည် ပင်လယ်တွင်းမှာ စက်လှေနစ်၍ ဒုက္ခရောက်ကာ အသက်ကယ်လှေတစ်စီးနှင့် လာကြရာ သည်ကျွန်းကို မြင်သဖြင့် ခိုလှုံဖို့လာကြပါသည်။ လူသူရှိလိမ့်မည်မထင်မှတ်ခဲ့ကြောင်းကို ပြောပြသည်။

မင်းညိုစံက ယခုလို ကယ်မမည့်လူများကိုတွေ့ရတာ ဘုရားသခင်ကပင် စီမံလွှတ်လိုက်ခြင်းဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောပြ၏။

နှင်းဒေဝီက မျက်ရည်တွေကျပြလိုက်၏။

"အို...သနားစရာပါပဲလား၊ အတိဒုက္ခရောက်လာတဲ့လူတွေဆိုတော့ ကြိုဆိုရမှာပေါ့လေ...ဒီမှာနေဖို့ကတော့ မပူနဲ့...စားစရာ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ နေစရာရမယ်၊ ကျေးတစ်ရာနဲ့ ငှက်မည်းမ…သူတို့ကို နေရာ ချပေးလိုက်ပါ''

သူ၏ကောင်မလေးနှစ်ယောက်မှာ ရုပ်ကလေးတွေလှသလောက် အမည်ဆန်းသည်။ ကျေးတစ်ရာ…ငှက်မည်းမတဲ့။

သူမတို့သည် ဟိုဟိုသည်သည် စကားပြောပြီးသော ဂျက်တို့ကို ခေါ်ကာ နေရာကို တစ်ယောက်တစ်ခန်းစီ ချပေးသည်။

သူတို့အခန်းတွေကြည့်ရတာ စိတ်မသက်သာစရာ။

လေးဘက်လုံး အခန်းတိုင်းက အုတ်ကာနံရံတွေဖြစ်ကာ ခုတင် တစ်လုံးစီက အခန်းတိုင်းမှာရှိသည်။ အပေါ့အလေးသွားဖို့ အိမ်သာ မရှိပါ။

နံရံအထက်တွင် အလင်းရောင်ရဖို့ သံစကာတွေတပ်ထားသော လေဝင်ပေါက်အဝိုင်းကလေးတွေ။

ကိုယ့်အခန်းနှင့်ကိုယ် ဖြစ်သော်လည်း တစ်ခန်းနှင့်တစ်ခန်းက ဝေးကွာလှသည်။

သူတို့သည် ဘိုဖြူ၏အကြံကို မရိပ်မိကြ။

ပထမဆုံး သူတို့ရောက်ပြီး အမျိုးသားတစ်ယောက်က စတီး လင်ပန်းထဲတွင် ထမင်းကြော် ကြက်ကြော် လာပို့၏။

ဆာဆာနှင့် စားလိုက်ကြ၏။

စားပြီးတော့ မျက်လုံးတွေစင်း ဇက်တွေလေးလာကာ အိပ်ပျော် သွားကြသည်။

ဂျက်သည် နိုးလာ၏။



သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာနေသည်။ ခေါင်းထဲ တွင်လည်း လေးလံထိုင်းမှိုင်းနေသည်။ သူက ခေါင်းကို ကြည်လင် အောင် ကြိုးစားရင်း အခန်းပြင်ကိုထွက်တော့ ရုတ်ချည်းဆိုသလို လက်နက်ကိုင်တစ်ယောက်က အနားမှာ ရောက်လာ၏။

''လူကြီးမင်း…ဘာလိုပါသလဲ''

''ကျုပ်…ကျုပ်လူတွေနဲ့ တွေ့ချင်တယ်''

''အို…လူကြီးမင်း အေးအေးနေပါ၊ ကျွန်တော် ခေါ်ပေးပါ့ မယ်''

သူ့အသံက ဝဲသည်။ ဂျက်စနေကို အခန်းထဲ ပြန်တွန်းထည့် ၏။ ဂျက်စနေမှာ ယောင်ဝါးဝါးနှင့်ပဲ အခန်းထဲပြန်ရောက်သွားသည်။ သူသည် ဘေးဘီကို လေးတွဲ့စွာကြည့်ရင်း ပြန်လည်အိပ်ချင်စိတ်တွေ ပေါ်လာ၏။

ခုတင်ပေါ်တွင် ခဏလေးအတွင်း ပြန်လည်အိပ်ပျော်သွားသည်။

သူ့လိုပဲ ကျန်နှစ်ယောက်သည်လည်း ကိုယ့်အခန်းမှာ ကိုယ် ပြန်လည်အိပ်ပျော်သွားကြ၏။

သူတို့ အိပ်နေစဉ် ဦးဘိုဖြူက တစ်ယောက်စီကို လာကြည့်၏။ ည်အခါတွင် သူ့မျက်နှာသည် ဂျက်တို့ကို ကြိုဆိုသောမျက်နှာ လုံးဝခြားနားကာ ကြောက်စရာကောင်းအောင် တင်းမာခက်ထန် သည်။ ဂျက်၏အခန်းထဲတွင် ဂျက်ကိုကြည့်ပြီး…

''မင်းက ဖောက်ထွင်းဝိဇ္ဇာဆိုတော့ ငါ့ပစ္စည်းကို မင်းဖောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သလား၊ မင်းပဲ သေမလားဆိုတာ ကြည့်ရသေးတာပေါ့ ဂျက်စနေ ရာ''

မင်းညိုစံအခန်းထဲရောက်တော့ သူက သူ့ခါးကြားထဲတွင် ပါလာသော ဓားမြှောင်ကိုထုတ်၍ မင်းညိုစံ၏နှလုံးသားတည့်တည့်ကို ချိန်ရွယ်လိုက်သည်။

''ကြေးစားလူသတ်သမားယောင်ဆောင်တဲ့ မင်းညိုစံ၊ မင်းက သိပ်သတ္တိရှိတဲ့လူပေါ့…အေး…အခု မင်းအသည်းနှလုံးထဲ ဓားမြှုပ်လိုက်ရင် မင်း ဘာမှသိမှာမဟုတ်ဘူး၊ ဒါပေမယ့် ငါက မင်းကို မသေခင် တဝတီးနဲ့ ဝေဒနာခံစားပြီးမှ သေစေချင်တယ်၊ မင်းသေရင် မင်းအသည်းကို အချောက်လှန်းပြီးမှ ငါ့ကောင်ကြီး ဒေးကို ကျွေးရမယ်''

သူ၏ခြေလှမ်းတွေက တစ်လှမ်းပြီးတစ်လှမ်း လှမ်းရင်း နှင်းဒေဝီ အခန်းသို့ ရောက်သွားသည်။

အခန်း၏ထောင့်တစ်ဘက်တွင် အမ်(မ်)ဆယ့်ခြောက်သေနတ်ကို ရင်တွင်အသင့်အနေအထားပိုက်ထားသောအစောင့်နှင့်တွေ့၏။

''ကောင်မလေး အိပ်နေလား''

''စောစောက နိုးတယ် ဘော့(စ်)…ခုပြန်အိပ်သွားပြီ''

''အေး…ကောင်းတယ်''

သူက ပြောလျက် အစောင့်ကို ဖြတ်သန်းလျက် အထဲကိုဝင် လာသည်။

ခုတင်ပေါ်တွင် လက်ကလေးတစ်ဘက်ကို ကွေးနေသော



တံတောင်ဖြစ်အောင်ပြု၍ ၎င်းလက်ကွေးကလေးပေါ် ခေါင်းတင်ထား ကွေးကွေးကလေး အိပ်နေသည့် နှင်းဒေဝီကို ငုံ့ကြည့်၏။

စပို့ရှပ်ကိုယ်ကျပ်လက်ရှည်ကလေးဝတ်ကာ ဂျင်းဂျာကင်ကို ဝတ်ထားသောအထက်ပိုင်း၏ အရို့အမောက်တွေက အသက်ရှူထုတ် လိုက်တိုင်း နိမ့်ချည်မြင့်ချည်ရှိနေသည်။

မျက်နှာဖြူဖြူဝင်းဝင်းလေးက လှပနေသည်။

သားသည်အမေ ကလေးမိခင်တစ်ယောက်လို့တောင် မပြောနိုင်။

ဒါပေမယ့် သူ ရထားသည့် နှင်းဒေဝီ ရာဇဝင်ကိုယ်ရေးကတော့ အိမ်ထောင်မဲ့တေးအဆိုရှင်တစ်ဦးဆိုတာကိုပဲ။

''မင်းဟာလှတယ်…တခြားအချိန်မှာဆို မင်းကို ငါ ချစ်မိမှာ ပဲ၊ မင်းကို လက်ထပ်ယူပြီး တစ်ထီးတစ်နန်းထားမိမလားမသိဘူး… အခုတော့ မင်းက ငါ့ရန်သူဖြစ်နေပြီ…မင်းအလှကြောင့် မင်းကို သတ်ပစ်ရမှာနမြောတယ်၊ ဒါပေမယ့် မင်းကို သက်သက်သာသာ သေစေရမယ်လို့ ငါကတိပေးပါတယ်ကွာ''

နှင်းဒေဝီလို လှပသူကလေးက သူ့နှလုံးသားကို ပျော့ပျောင်း စေသည်။ အလှအပကို မက်မောသူ ဘိုဖြူသည် ငယ်စဉ်မှစ၍ အလှ ကို ကိုးကွယ်မြတ်နိုးသည်။

အလှအပသည် သူ၏နှလုံးသားကို ပျော့ပျောင်းစေသည်။

ဦးဘိုဖြူအပြင်သို့ ပြန်ထွက်လာသည်။

သူတို့သုံးယောက်အနက် မိန်းကလေးတစ်ယောက် ထူးထူး ခြားခြား ပါလာသည်ကိုတော့ စဉ်းစားစရာဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံသတ္တိနှင့် သူ့ကျွန်းပေါ်သို့ သူ၏ အစေအပါးများမှလွဲပြီး ဘယ်မိန်းကလေးမှ စွန့်စွန့်စားစား လာမည်မဟုတ်ချေ။

သူမသည် အစိုးရထောက်လှမ်းရေးများလား။

ယခုအခါတွင် နိုင်ငံတကာ ဖြတ်ကျော်ရေးအမှုအခင်းများကို နိုင်ငံတွေက ကိုင်တွယ်ဖြေရှင်းနေရာ မြန်မာနိုင်ငံလည်း အပါအဝင် ဖြစ်နေ၏။

သူသည် မရေမရာတွေးတောရင်း သူ့အခန်းသို့ပြန်လာကာ စလောင်းနှင့် ဆက်သွယ်ထားသော ကမ္ဘာ့ရေးရာတွေကို ဖွင့်ကြည့်နေမိ၏။

ဂျက် နိုးလာသောအချိန်သည် ညနေစောင်းဖြစ်၏။

သည်တစ်ခါတော့ သူ့ခေါင်းမှာ ကြည်ကြည်လင်လင်ပင်ရှိနေသည်။ သို့သော် တစ်ကိုယ်လုံးမှာ ဖျားချင်သလိုဖြစ်နေသည်။

တံခါးပိတ်ထားသည်။

တံခါးကို အတွင်းမှ သူက ချက်ချလိုက်သည်။ အပေါက်တွေ ရှိမလားဟု လိုက်ကြည့်သည်။

စိတ်ချရသောအခါမှ သူက သူ့ဘောင်းဘီကို လှန်၏။ သူဝတ်ထားသော ဘက်ကီပဲဖြစ်သည်။

ခြေသလုံးတွင် အိတ်နှင့်ထည့်ထား ခြေသလုံးတွင် နိုင်ခနဲ့ဖွာ ပတ်ချည်ထားသော မီးခံသေတ္တာဖျက်ကိရိယာတွေက သည်အတိုင်းပဲရှိနေ၏။



သူက ခြေသလုံးကို ဖြေလိုက်ပြီး အိတ်ကို ခုတင်နှင့်မွေ့ယာကြားမှာ ထည့်ထားလိုက်သည်။

လတ်တလောတော့ ဘယ်သူမှ သိနိုင်မည်မဟုတ်။

ဦးဘိုဖြူကလည်း မိမိတို့ကို စက်လှေနှစ်လို လွှတ်မြောက်လာသည့် ပင်လယ်တွင်းမှ ဒုက္ခသည်များဟု ထင်နေသည်။

ဘယ်အချိန် ဘယ်လိုလုပ်ရမည်ကိုပဲ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ဖို့လို၏။

ရဲတိုက်ကြီးလိုဖြစ်နေသောအဆောက်အဦမှာ သုံးထပ်ရှိသည်။ ဘယ်အထပ်တွင် ဦးဘိုဖြူ အိပ်လေသလဲ။

သူတို့ကြည့်ခဲ့ရသည့် ဗီဒီယိုထဲတွင် မပါဝင်ပါ။

ဦးဘိုနီ အပြောကတော့ ဦးဘိုဖြူအခန်းသည် အဆောက်အဦ၏အလယ်အောက်ထပ်မှာရှိသည်ဟုဆိုသည်။

သူရောက်ခဲ့သည်မှာ လေးငါးနှစ်ရှိပြီဆိုတော့ အခြေအနေပြောင်းလဲနိုင်၏။

"ညစာစားဖို့ ဘော့(စ်)က အခေါ်လွှတ်လိုက်ပါတယ်၊ ခင်ဗျားကို အဝတ်လဲဖို့လည်း ဒီအဝတ်အစားတွေ ပေးလိုက်တယ်"

အညိုရောင်ယူနီဖောင်းနှင့် လူတစ်ယောက်ဝင်လာသည်။ လက်ထဲတွင် အဝတ်အစားများယူလာသည်။ အင်္ကျီဘောင်းဘီတွေပဲဖြစ်သည်။

ဂျက်၏ ကိုယ်က အဝတ်အစားများမှာ ဆားငံရေနှင့် တွေ့ထိခဲ့သလို ချွေးတွေသံတွေကြောင့် ညစ်ပတ်နံစော်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးလို့မရဘူးလား"

"ဟာ…ရပါတယ်"

အစောင့်အား အစစ အရာရာ ပြည့်စုံအောင် ဖြည့်ဆည်းပေးဖို့ ဦးဘိုဖြူက မှာကြားခဲ့ပြီးဖြစ်ရာ အစောင့်လုပ်သူက ကြည်ဖြူစွာပင် ရေချိုးခန်းသို့ ခေါ်သွားပေးသည်။ ဒါမှလည်း ဦးဘိုဖြူအပေါ် သူတို့ သံသယကင်းမည်မဟုတ်လား။

ရေချိုကို သည်လူကြီး ဘယ်လိုရှာထားသည်မသိပါ။ ရေချိုး တော့ သူ့တစ်ကိုယ်လုံး လန်းဆန်းသွားသည်။

ထမင်းပွဲသည်အောက်ထပ်မှ အခန်းတစ်ခန်းမှာပင်ဖြစ်သည်။ စက်သံတဒီဒီကို တသဲ့သဲ့ကြားနေရသည်။ တာဘိုင်အင်ဂျင်စက်များ ၏လည်သံဖြစ်လိမ့်မည်။

မီးပေးစက်များဖြစ်ပါလိမ့်မည်။

ထမင်းစားခန်းသည် ကျယ်ဝန်းသည်။ ဘေးနံရံမှ ထွန်းညှိထား သော မီးလုံးဖြူဖြူကြီးများအထက် မျက်နှာကျက်မှာ လင်းနေသော နီယွန်များနှင့် အလှဆွဲချိတ်ထွန်းညှိထားသော ချန်ဒလာမီးပန်းဆိုင်ကြီး က ရှိနေသည်။

စားပွဲရှည်ကြီးမှာ လေးထောင့်ဖြစ်ကာ ခေတ်မီဖော်မီကာပြား များခင်းထားသော အလှမီနီယံစားပွဲပဲဖြစ်သည်။

"ခင်ဗျားတို့ကို ရော…ကျက်ချင်း မနက်ဖြမကျွေးနိုင်တာကို တော့ ဝမ်းနည်းပါတယ်၊ မနက်စာက ဧည့်သည်တွေအတွက် ဘာမှ ရယ်ဒီမဖြစ်ခဲ့ဘူးဗျ"



ဦးဘိုဖြူက စားပွဲထိပ်မှာထိုင်သည်။ သူကပဲ ဝင်လာသော …ကို ဦးစွာပြောသည်။ စားပွဲတစ်ဖက်တစ်ချက်တွင် မင်းညိုစံနှင့် …ဒေဝီရောက်နေခဲ့ပြီးပြီ။

သူတို့သည်လည်း အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ပဲ ဝတ် …းသည်။ အထူးသဖြင့် နှင်းဒေဝီမှာ ဆလက်အင်္ကျီလက်ရှည်အနီ …င်နှင့် စကတ်ဂါဝန်ကို ဝတ်ထားသည်။

ဂျက်မျက်နှာတွင် အံ့အားသင့်သလို တွေ့လိုက်သောကြောင့် …ိုဖြူကပင် နှင်းဒေဝီကို လက်ဖြင့်လက်ရိပ်ပြညွှတ်ကာ…

"ကျုပ်ဆီမှာ မိန်းကလေးတွေရှိတယ်လေ…သူတို့ဆီက ဒီ …ိုးသမီးအတွက် ဆွဲယူလိုက်ရတာ"

ဂျက်က ပြုံးပြီးဝင်ထိုင်သည်။

"မိတ်ဆက်ပွဲလေး လုပ်ကြရအောင်ဗျာ…ကျုပ်နာမည်က …ိုဖြူပါ၊ ကျုပ်က အင်တာနေရှင်နယ်ကာဂိုးထရိတ် (Interna- …al Cargo Trade) လုပ်တယ်၊ ဒီကျွန်းမှာ အေးအေးဆေးဆေး …င်တာကြောင့် စတည်းချနေထိုင်တာပါ"

"ဟုတ်ကဲ့··အခုလိုသိရတော့လည်း ဝမ်းသာပါတယ် ဦးဘိုဖြူ …တော်နာမည်က ဂျက်စနေပါ…ကျွန်တော်က ရန်ကုန်မှာ စက်မှု …န်းပိုင်ရှင်တစ်ယောက်ပါ"

"ကျွန်တော်က မင်းညိုစံပါ၊ ကျွန်တော်က ပွဲရုံပိုင်ရှင်ပါ"

"ကျွန်မကတော့ အဆိုတော်တစ်ဦးပါ၊ အမည်က နှင်းဒေဝီ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့အသီးသီးမိတ်ဆက်ကြတော့ ဦးဘိုဖြူက ပြုံးပြီးလျှ နှင်းဒေဝီအား ဂရုတစိုက်နှင့်...

"ဪ...တူမကြီးက အဆိုတော်ကိုး၊ ခုခေတ်တော့ တေးသ ရှင်လို့ခေါ်ကြတာပဲ၊ တွေ့ရတာ ဝမ်းသာသကွယ်...ဦးက အနုပညာ မှာ သီချင်းမဆိုတတ်ပေမယ့် သီချင်းဆိုတာ နားထောင်တဲ့ဝါသနာ ပါတယ်၊ ပန်းချီမဆွဲတတ်ပေမယ့် အလှအပကို မြတ်နိုးတယ်၊ ခုဆို ဒီထမင်းဝိုင်းမှာ လမင်းတစ်စင်း ထွက်နေပြီပဲ"

လှလှပပလေးဖြစ်နေသော နှင်းဒေဝီက လှလှပပကလေး ပြုံး လိုက်၏။

သည်စဉ် မိန်းကလေးတွေဝင်လာ၏။ မြန်မာ၊ တရုတ်၊ ကုလား၊ ယိုးဒယားမလေး လေးဦးဖြစ်သည်။

သူမတို့၏လက်များထဲတွင် အရက်ပုလင်း၊ အချိုရည်ပုလင်း၊ ကိတ်မုန့်၊ ပူတင်း၊ ပန်းသီး၊ အာလူးကြော်၊ ချိ(စ်)များ ပါလာ၏။

"ထမင်းမစားခင်တော့ ပင်လယ်ထဲမှာ အအေးမိတာပျေ သက်သာအောင် လုပ်လိုက်ကြစို့"

ဝှိုက်လေဘယ်ပုလင်းကို ဂျက်တို့ဆီ တိုးပေး၏။ ဦးဘိုဖြူက သူ့ဘက်သို့ ပုလင်းနှစ်ပုလင်းဆွဲယူရင်း...

"ဒါကိုတော့ ခင်ဗျားတို့ လုပ်ချင်မှလုပ်ကြမှပါ၊ ကျုပ်အတွ တော့ အင်ပို့လို့ပဲ သတ်မှတ်ထားလိုက်တယ်...ဈေးကြီးတယ်လေ"

ဂျက်တို့ အံ့အားသင့်နေသည်။



ပုလင်းနှစ်ပုလင်းမှာ ရန်ကုန်မှာ အရက်သမားတွေ သောက် ကြသည့် ရှောက်ပေါင်းအရက်နှင့် သံသရာအရက်ဖြစ်သည်။

"ဘာလဲ...ခင်ဗျားတို့က အံ့သြနေလား၊ ကျုပ်က နိုင်ငံခြား ဝှိုက်တို့ဘလက်တို့ ဘော်ဘွန်တို့ ဟင်နက်ဆီတို့ကို သောက်ချင် တာမဟုတ်ဘူး၊ ဒီသံပုရာတို့ ရှောက်ပေါင်းတို့က ကျုပ်အတွက် မျိုးအရသာထူးတယ်လေ၊ ဒါကြောင့် ကျုပ်တို့နိုင်ငံထွက် ပစ္စည်း ရအောင် မှာရတာပဲလေ...ဟဲ...ဟဲ...ကိုယ့်နိုင်ငံတော့ ကိုယ် မေ့သေးပါဘူးဗျာ"

"ဟာ...ဟုတ်တာပေါ့ ဦးဘိုဖြူရယ်...ခင်ဗျား ပင်လယ်ရပ် နေပေမယ့် ခုလိုမမေ့တာဟာ အကောင်းဆုံးပဲ"

ဂျက်က နှုတ်မှ ပြောလိုက်သော်လည်း စိတ်ထဲမှာတော့...

"အင်း...ခင်ဗျားဟာ လူညာကြီးပဲ၊ ကိုယ့်နိုင်ငံကို ကိုယ်မမေ့ လို့ ခွေးပါးစပ်က နတ်စကားထွက်တယ်၊ ခုအခါမှာ ခင်ဗျား ဟနိုင်ငံသားမဟုတ်တော့ဘူး၊ ခင်ဗျားမှာ မြန်မာနိုင်ငံသား မှတ်ပုံ င်ကောရှိလို့လား"

"ကျုပ် ဒီမှာ မနေချင်ပါဘူး၊ ကိုယ့်လုပ်ငန်းကြောင့် ကိုယ် တာပါ"

ဦးဘိုဖြူက ပြောပြီး စိတ်ထဲမှာတော့...

"မင်းတို့ကိုယ်မင်းတို့ လုံလှပြီလို့ ထင်နေသလား...နောက် ရက်နှစ်ရက်ဆို ပင်လယ်ထဲ ငါးမန်းစာအကျွေးခံရမှာပါ"

ခဏမျှတော့ သူတို့ငြိမ်သွား၏။ နှင်းဒေဝီမှာ နိုင်ငံခြားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အချိုရည်၊ ဂျက်နှင့် မင်းညိုစံအတွက်တော့ ဂိုက်လေဘယ်နှစ်ပက်စီ ဦးဘိုဖြူက ထည့်ပေးတော့ ဂျက်စနေက…

"ကျေးဇူးတင်ပါတယ် ဦးဘိုဖြူ၊ ကျွန်တော် အရက်မသောက်ပါဘူး၊ ရန်ကုန်မှာနေရင် တစ်ခါတလေတော့ ဘီယာသောက်တတ်ပါတယ်"

"ဒီမှာ ဘီယာမရှိဘူးဗျ"

"ကိစ္စမရှိပါဘူး၊ အရက်မသောက်ဘူးဆိုတာနဲ့ သူတော်ကောင်းကြီး ထင်နေမှာစိုးလို့ပါ"

ပြောပြီး ဂျက်က ရယ်သည်။ မင်းညိုစံကတော့ သောက်၏။ သူတို့သောက်ကြစကားပြောကြနှင့် တစ်နာရီလောက် ကြာသွားသည်။

ထိုသည်နောက် ဂျက်ကို ဦးဘိုဖြူက ဂစ်တာတစ်လက်ပေးသည်။ ဂျက်က ဂစ်တာတီးတတ်ကြောင်း ပြောသောကြောင့်ပဲ။

အဲသည်ဂစ်တာကို သူ့လူတွေထဲရှိ တစ်ယောက်ဆီမှ ယူပေးခြင်းဖြစ်သည်။

ဂစ်တာရလာပြီဆိုတော့ နှောင်းဒေဝီက သီချင်းဆိုဖြစ်၏။ သူ့အသံမှာ မဆိုးသော်လည်း မိုက်ခွက်နှင့် ဆောင်းဘောက်မပါသဖြင့် ဘီယာဆိုင်မှာလို ကောင်းသင့်သလောက်တော့ မကောင်းပါ။

သို့ရာတွင် ဦးဘိုဖြူက သဘောကျသည်။ လက်ခုပ်တီးသည်။ အမှောင်သည်ပင် အပြင်ဘက်မှာ ရင့်စပြုနေပြီ။

နောက် သူတို့ ထမင်းစားကြသည်။ ဟင်းတွေမှာ ကြက်နှင့် ပင်လယ်ငါးအမျိုးမျိုးဖြစ်သည်။ ကုလားလိုချက်ထားသည်။



ထမင်းစားပြီးတော့ သကြားလုံး၊ ကိတ်မုန့်နှင့် ဒူးရင်းယိုတွေ လာချပေး၏။

"စားဗျာ…ဒီဒူးရင်းယိုက ဒီကထွက်တဲ့ ခြံထွက်ဒူးရင်းကို ယိုထိုးထားတာဗျ"

"ဒီမှာ ဒူးရင်းစိုက်သလား"

"ကျုပ်ကျွန်းပေါ်မှာ ကျုပ်လိုချင်တာရအောင် သီးနှံစိုက်ပျိုးမှုကော သားစားကြက်ပါ မွေးထားတာဗျ၊ ငါးတို့ ပုစွန်တို့ဆိုတာကတော့ မှာတတ်တဲ့ ရေမှုဆိုးတွေရှိတယ်"

"ဒီပဂဲတွေက သူတို့ရှာတာလား"

ပဂဲဆိုတာ ကျောက်ပုစွန်တစ်မျိုးပဲဖြစ်၏။

"ကျုပ်လူတွေက အရှာတော်တယ်၊ အမဲလိုက်တော်တယ်၊ အမဲလိုက်ဆိုလို့ ကျုပ် လူတစ်ယောက်ကို ပြရဦးမယ်"

ဦးဘိုဖြူက လက်ခုပ်သုံးချက်တီးလိုက်သည်။

မိန်းကလေးတစ်ယောက် ဝင်လာသည်။

"ဒေးကို လွှတ်လိုက်စမ်းဟေ့"

ဒေး ဝင်လာတော့ ဂျက်တို့သုံးဦးလုံးက စိတ်ဝင်စားစွာကြည့်ကြ၏။ ခေါင်းတုံးကြီးပြောင်ကာ အရပ်ခြောက်ပေခွဲလောက်ရှိပြီး ကြီးကြိုင်းသောကိုယ်ကြီးနှင့် ကြမ်းတမ်းသောမျက်နှာ၊ အထက်ပိုင်းဗလာနှင့် လက်မောင်းအိုးကြီးတစ်ဘက်တွင် ကျားသစ်ရေတံဆိပ်စ ပုညည်နှောင်ထားသော ဒေး၏ ရုပ်သွင်မှာ အာဖရိကမှ လူရိုင်းတစ်ယောက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဂျက်တို့ကို စားမတတ် ဝါးမတတ်ကြည့်နေရာ ဦးဘို ကြိုတင်ပြောလိုက်သော ဒေးအကြောင်းကို သူတို့သိထားကြလေ မျက်မြင်မှာတော့ ဒေဝီက မကြည့်ရဲသလို မျက်လွှာချလိုက်၏။

"ဒီကောင်ကြီးက ကျုပ် အင်မတန်အားကိုးရတဲ့ကောင်ကြီးပေါ့ လူသစ်လာတာလည်း မနည်းတော့ဘူး၊ စားသောက်တော့လည်း သားစိမ်းငါးစိမ်းကိုပဲစားတယ်"

တကယ်ကြောက်စရာကြီးပါဗျာ"

မင်းညိုစံက ပြော၍ စိတ်ထဲတွင် သည်ကောင်ကြီးနှင့် ရင်းနှီး ပါက ဘယ်လိုနှိပ်ထည့်ရမည်ကို စဉ်းစားနေသည်။

ထမင်းစားပွဲပြီးတော့ ကိုယ့်အခန်းသို့အပြန်တွင် ဂျက်က ကျွန် နှစ်ယောက်အား တိုးတိုးသံနှင့်...

"ဦးဘိုဖြူဟာ လိုအပ်တာထက် ပိုဖော်ရွေနေတယ်၊ သ သတိထားစရာပဲ၊ ဘာမဆို သတိရှိနေကြ၊ ဟို ဒေး ဆိုတဲ့ကောင် က ကျွန်တော်တို့ကို စားမတတ် ဝါးမတတ် ကြည့်နေတာ ခုထက် မျက်လုံးထဲက မထွက်ဘူး"

"ဒေဝီဖြင့် ရင်တောင်တုန်တယ်"

"မကြောက်ပါနဲ့ ဒေဝီရယ်...ဦးဘိုဖြူကို သိမ်းသွင်းနိုင်အော ကြိုးစား၊ မနက်ဖြန်ညလည်း သူ ထမင်းစားခေါ်ဦးမှာပဲ၊ အဲဒီ မှာ ဒေဝီက သူ့ကို ညို့ထားလိုက်၊ ကိုယ် အလုပ်ဖြစ်အောင် ကြိုး လိုက်မယ်"

"ဟော့လူ...ကျုပ်ပါလုပ်မှဖြစ်မှာနော်"



"ကိုမင်းညို...ခင်ဗျား မခေါ်လို့တော့မရဘူး၊ ခင်ဗျားက ပူ စောင့်ပေးရမှာပါ"

"သတိတော့ ထားကြရမှာပေါ့ ကိုဂျက်ရယ်"

"တို့က အရေးဆို ဒေဝီ့ရှေ့မှာရှိမှာပါ"

မင်းညိုစံက ယောက်ျားပီပီ ဟီးရိုးစိတ်နှင့် ပြောလိုက်သော် လည်း နှင်းဒေဝီက သူ့ကို အရေးလုပ်အဖက်လုပ် စကားမပြောတော့ပါ။

သူတို့မှာ ထမင်းစားခန်းနှင့်မဝေးသောကြောင့် ကိုယ့်အခန်းကိုယ် လွတ်လွတ်လပ်လပ် ပြန်လာနိုင်ကြသည်။ အစောင့်တွေကိုလည်း မတွေ့ ပါ။

စကြံန်မှာ မီးတွေလင်းနေသည်။

မင်းညိုစံနှင့် နှင်းဒေဝီက သူတို့အခန်းထဲသို့ အသီးသီးဝင်သွား သော်လည်း ကိုဂျက်က မဝင်သေးပါ။

သူက ဘေးပတ်ဝန်းကျင်ကိုကြည့်သည်။ မည်သူတစ်ဦးတစ်စုံ တစ်ယောက်ကိုမှ မတွေ့သဖြင့် ထမင်းစားခန်းသို့ ပြန်သွားသည်။

ထမင်းစားခန်းက တံခါးရွက်တွေမှာ ခေါက်တံခါးရွက်တွေ ဖြစ်သဖြင့် ယင်းတံခါးရွက်နားတွင် ပုန်းလျှိုပြီး ကြည့်လိုက်၏။

ဦးဘိုဖြူသည် ဒေးကို လေသံနှိမ့်၍စကားပြောနေသည်။ သူ ပြောနေတာကို ကာစ်စွန်းတစ်စကြားရသော်လည်း ပြောနေသောစကား မှာ ယိုးဒယားဘာသာစကားဖြစ်နေသဖြင့် ဂျက် နားမလည်နိုင်ပါ။

ဟိုကောင်ကြီး ဒေးကတော့ ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။ ပိုသည်နောက် ဒေးက ဦးဘိုဖြူကို အရိုအသေပြုကာ လှုံကြီးသိမ်း

www.burmeseclassic.com

www.burmeseclassic.com

ပြီး ထွက်လာတော့ ဒေးမမြင်အောင် ဂျက်က သူ့ကိုယ်ကို တံခါး နောက်ဘက်တွင် နံရံကျောပေးကပ်ကာရပ်နေ၏။

''ကျုပ်က ဒီကျွန်းမှာတော့ ဘုရင်ပဲ၊ ကျုပ်မင်း၊ ကျုပ်အုပ်ချုပ်သူပဲ၊ ကျန်လူတွေက ကျုပ်စကားကို နားထောင်ရတယ်''

ထမင်းဝိုင်းတွင် ဦးဘိုဖြူ ပြောစကားကို ကိုဂျက် ပြန်လည်ကြားယောင်နေမိသည်။

ဦးဘိုဖြူသည် ထမင်းစားခန်းထဲတွင် ထိုင်ကာ တစ်ယောက်တည်း စီးကရက်သောက်နေသည်။

ဂျက်က ခေါက်တံခါးရွက်တစ်ခုကို အသာဖွင့်၍ သူ့ကိုယ်လုံးကို တံခါးရွက်နှင့် ပုန်းကွယ်အောင်အသာဝင်တိုးလိုက်၏။

ဦးဘိုဖြူ ထမင်းစားခန်းမှထွက်ပြီး ဘယ်သွားဘာလုပ်သည်ကို သိချင်သေးသည်။

ခဏပဲ…

အသံထွက်လာသည်။ ထိုစကားမှာ မြန်မာစကားဖြစ်သည်။ သူ့ဖုန်းနှင့် အင်တာနက်အခန်းကို လှမ်းမေးနေခြင်းဖြစ်၏။ တစ်ဘက်မှ ဘယ်လိုပြန်ပြောသည်ကိုတော့မသိပါ။

ခြေသံတွေကြားရသည်။

ဦးဘိုဖြူထွက်လာသည်။ ဂျက်က အသက်တောင်မရှူရဲ။

ဦးဘိုဖြူထွက်သွားရာကိုလိုက်သည်။ တစ်ဆစ်ချိုးလှေကားသည် အိမ်ရှေ့တွင်ပင်ရှိ၏။ ဦးဘိုဖြူ တက်သွားတာကိုကြည့်ပြီး ဦးဘိုဖြူ ပျောက်ကွယ်သွားမှ သူက တက်လိုက်သည်။



အထက်ထပ်မှာ စင်္ကြံမှာအတွင်းသို့ ခွဲသွားသည်။ [illegible] ဘက်ခန်းတွေသွားသော စင်္ကြံများရှိသည်။ စင်္ကြံနှစ်ခုသုံးခု[illegible] သဖြင့် ဦးဘိုဖြူ ဘယ်စင်္ကြံမှ ဘယ်အခန်းသို့ သွားမှန်းမသိပါ။

သူက တည့်မတ်နေသောမျက်နှာချင်းဆိုင်စင်္ကြံလမ်းအတိုင်း သွားမိ၏။

ကံကောင်း၏။

သူ့ရှေ့တွင် ဟဟကလေးပွင့်နေသောတံခါးနှင့် အတွင်းမှ မီး ရောင်မြင်နေရသည်။

သူခြေဖျားထောက်ကာ ဟနေသော တံခါးရွက်ကြားမှအတွင်းသို့ အသာလေးချောင်းကြည့်လိုက်သည်။

ဆကီနာဆိုသော အသားညိုမလေးအား ဖက်ထားသော ဦးဘိုဖြူကို မြင်လိုက်ရ၏။ ချက်ချင်းနားလည်သည်။

ဒါ ဦးဘိုဖြူရဲ့အိပ်ခန်းပဲ။

သူ အသေအချာကြည့်သည်။ အတွင်းတွင် ခုတင်ခြေရင်း၌ မီးခံသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရ၏။ မြင်လိုက်တာနှင့် အီတလီလုပ် ဒိုင်းနော့ (Dynox) အမျိုးအစားမှန်းသိ၏။

စိတ်ထဲပျော်သွား၏။

ဒါမျိုးဖွင့်ရတာ သိပ်ဝန်မလေးလှပါ။

စကီနာ၏ရယ်သံလေးကို ကြားရသည်။ ဦးဘိုဖြူ၏ တိုးတိုးတိုးတိုးပြောသံလေး။ ဟိန္ဒူစတန်နီဘာသာလည်း ငတိကြီးကတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက် နားမလည်။

ဂျက် နားလည်တာက သည်လူကြီး ခိုးစားနေတာကိုး။

***



စာတ်လမ်းစဉ် (၁၁)

မနက်ပိုင်းစောစောတွင် သူတို့အခန်းများထဲသို့ မနက်စောစောစာအဖြစ် ကော်ဖီမစ်၊ တိုရှည်လာပို့သွားသည်။

လုပ်စရာအလုပ်က ညမှလုပ်ရမည်မို့ ဂျက်စနေ တွေးနေ၏။ လိုချင်သောပစ္စည်းကိုရလျှင် ညတွင်းချင်းပဲ ကျွန်းပေါ်မှ ထွက်ပြေးကြမည်။

ပင်လယ်ထဲတွင် သူတို့ရောက်နေလျှင် ဦးဘိုဖြူတို့ အရှာရခက်လိမ့်မည်။

နောက်မှ ကမ်းသို့ပြန်ကပ်မည်။

လေမိုးပြင်းထန်နေလျှင်တော့ မလွယ်ပါ။

ယခုလို နွေရာသီတွင် အပူပိုင်းမုန်တိုင်းများ တိုက်ခတ်တတ်သဖြင့် ပင်လယ်ပြင်တွင် စိုးရိမ်ရကြောင်းတော့ မင်းညိုစံက ပြောဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ကျွန်းတစ်နေရာရာတွင် ပုန်းအောင်းရမည်။

သုံးရက်မြောက် နံနက် လေးနာရီမှ စက်လှေက လာခေါ်မှာဆိုတော့ သည်အတွင်း သူတို့ရှာမတွေ့ပါစေနှင့်ဟု ဆုတောင်းရမှာပဲ။

မိမိတို့ ထွက်ထွက်ချင်း သူတို့ သိကောင်းသိမည်။

သို့မဟုတ် မိမိတို့ထွက်ပြီး နာရီပိုင်းလောက်ကြာမှ သူတို့သိမည်။

အိုး…ဂေါ့ဒ်။

ကြည့်ပါဦး…ဒီကျွန်းပေါ်မှ တောဆိုတာကြီးက ကြီးပါဘိသနဲ့…မိမိတို့က တောမကျွမ်းတော့ ဘယ်လိုပုန်းကြမှာတဲ့လဲ။

ခက်တယ်…

အဲဒါကို ဂျက်က စဉ်းစားနေ၏။

နှင်းဒေဝီကို မနက်ကိုးနာရီကျော်ကျော်လောက်တွင် ဦးဘိုဖြူက အခေါ်ခိုင်းလို့ဆိုပြီး လူတစ်ယောက် လာခေါ်သွားသည်။

သွားပါစေ။

ဒါက မိန်းမတို့၏ အခန်းကဏ္ဍပါပဲ။

ဆယ့်နှစ်နာရီလောက်တွင် နှင်းဒေဝီ ပြန်လာသည်။ သူမ ရေချိုးသည်။ သူမအတွက် အလှပြင်ပစ္စည်းအချို့ကို ဦးဘိုဖြူက ပို့ပေးလိုက်သည်။ နိုင်ငံခြားဖြစ်တွေချည်းပါပဲ။

ဒါတွေက သူခေါ်ထားသော မိန်းကလေးတချို့ဆီမှ ဖြစ်၏။

သူမ အလှပြင်နေစဉ် ဂျက်က အပြင်ဘက်မှ တရွတ်ရွတ် လေသံပြုသည်။



လူသွားလမ်းတွင် မည်သူမှမရှိပါ။ သူမက နှုတ်ခမ်းနီဆိုးနေမှ မွေးပွတဘက်ကြီးခြုံကာ ထွက်ကြည့်သည်။

"မိန်းမဆိုတော့လည်း ယောကျ်ားတွေထက် ပိုအခွင့်အရေးရတယ်နော်"

မင်းညိုစံက ဂျက်စနေနှင့်အတူ ရပ်နေသည်။

"ဒေဝီ…ဘယ်လိုလဲ၊ ဟိုလူကြီး နင့်ကို ဘာခေါ်လုပ်တာလဲ"

ဂျက်စနေ၏အသံမှာ စိုးရိမ်သံပါနေ၏။

"သူက နှင်းဒေဝီကိုခေါ်ပြီး တောင်ကုန်းအောက်က စိုက်ခင်းတွေ မွေးမြူရေးကြက်ခြံတွေကိုပါ လိုက်ပြတာပါ"

"ဘာထူးခြားလဲ"

"သူ့အစောင့်တွေရှိတယ်၊ ပတ်ပတ်လည်မှာပဲ၊ တစ်ခုတော့ရှိတယ်၊ ဒီအိမ်ကြီးရဲ့နောက်ဘက်မှာက တောင်ကုန်းဆင်းစရာလမ်းမရှိဘူး၊ တောင်ကုန်းအောက်ခြေမှာ စိုက်ပျိုးရေးခြံပဲရှိတယ်၊ အဲဒီမှာ အစောင့်မထားဘူးလေ၊ ကြည့်ရတာ တိုက်နောက်မှာ ဆင်းစရာနေရာမရှိတော့လို့ စိတ်ချထားလိုက်တာနဲ့တူတာပဲ"

သူတို့ပြောသောစကားတွေမှာ လေသံတွေသာဖြစ်၏။

တစ်နေရာမှ မျက်လုံးတစ်စုံက သူတို့အား ချောင်းနေသည်ကို မတော့မသိပါ။

"ဒီညပဲ အလုပ်လုပ်ကြမယ်၊ အရေးကြီးတာက ဦးဘိုဖြူ လူ့အိပ်ခန်းထဲမှာမရှိတဲ့အချိန်ဆို ပိုကောင်းမယ်၊ ဒီမနက် ခေါ်သွားတော့ လူ ဒေဝီကို ဘာပြောသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းညိုစံက မေးသည်။ ဒေဝီက မပြောချင်သော်လည်း အလုပ်ကိစ္စနှင့် ပတ်သက်နေသဖြင့်…

“သူက ရိုးရိုးသားသားပါပဲ၊ ဒေဝီကိုတော့ ခင်မင်ပုံရတယ်၊ ဒေဝီကလည်း သူ ခင်မင်အောင် ကြိုးစားခဲ့တာကိုး”

“အေး…ဒီနေရာမှာ နင်တို့ အဖိုးတွေ အံ့ဖွယ်တွေထက်သာတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ အနေအထားကို ပြဒါးတိုင်ချိန်သလို ချိန်နိုင်စွမ်းရှိတယ်၊ ဘယ်လိုဝင်ရင် ဘယ်လိုထွင်မှာ မိမလဲဆိုတာ သိတယ်”

“ဒီညလည်း သူက ထမင်းစားဖိတ်တယ်၊ ပြီးတော့ မေးတယ်၊ ဒေဝီက သီချင်းပဲဆိုတတ်သလားတဲ့၊ ယောကျ်ားတွေနဲ့ တွဲကဖူးသလားတဲ့”

“ထွတ်…”

ဂျက်မျက်နှာ ရှုံ့မဲ့သွားသည်။

“ဒေဝီက မကဖူးဘူးဆိုတော့ ဒီည ထမင်းမစားခင်မှာ အကသင်ပေးမယ်တဲ့…ကိုဂျက်တို့နဲ့ တွဲကဖို့ မိန်းကလေးတစ်ယောက်စီလည်း ထားပေးမယ်တဲ့”

“အဟီး…လုပ်လိုက်ကွ”

မင်းညိုစံက သွားဖြီးဆိုသည်။ ဂျက်ကတော့ ပါးစပ်မဲ့ပြီး…

“သူ့ဟာကျွေက မဆလာ…[illegible]ပါကယ်၊ အေး…တစ်ခုရှိတယ် ဒေဝီ၊ နင်…အဲဒီလူကြီးကို ထိန်းထား…တို့အလုပ်ပြီးရင် ငါ့ ဒီအိမ်တော်ကြီးရဲ့ တံခါးဝကို လာခဲ့…တို့ စောင့်နေမယ်၊ တို့ထွက်ပေါက်က



နောက်ဘက်တော့မဟုတ်ဘူး၊ ရှေ့ကထွက်မယ်၊ မြောင်းကို ဖြတ်ကူးမယ်၊ မြောင်းဟိုဘက်ကျော်ရင်တော့ တို့အန္တရာယ်ကင်းပါပြီ…ကဲ…ကဲ…အထဲပြန်သွား”

ဂျက်က ပြန်လွှတ်လိုက်၏။

အစောင့်တွေ သွားလာသူတွေမြင်သွားမှာစိုးသည်။

အိမ်တော်ကြီးမှာ ချောက်သွေ့နေသယောင်ယောင်။

မင်းညိုစံနှင့် ဂျက်စနေ စကားအနည်းငယ်ပြောပြီး လူချင်းခွဲလိုက်ကြသည်။

မနက်စာ ထမင်းကို မိန်းကလေးတွေက အခန်းကိုယ်စီကို ပို့ပေး၏။ ဂျက်၏ရုပ်ရည်ကို ထမင်းလာပို့သော မိန်းကလေးက မဝံ့မရဲနှင့် ရွှန်းရွှန်းစားစားကြည့်၏။

သူမတို့ချင်းတွေ့လျှင် သူ့ရုပါနှင့် ပတ်သက်လို့ ပြောကြဝေဖန်ကြမှာတော့ သေချာသည်။

ဂျက်တို့မှာ အပြင်သို့ ထွက်ကြည့်ချင်ပေမယ့် ဦးဘိုဖြူ၏ မိမိတို့အပေါ် သဘောထားကို မသိရသေးသောကြောင့် ဂျက်ရော မင်းညိုစံပါ အောင့်အီးနေလိုက်ကြ၏။

ညဘက်လုပ်ရမည့်အလုပ်အတွက် အားမွေးထားရမှာမို့ သူတို့ ထမင်းစားပြီး အိပ်ပစ်လိုက်ကြ၏။

အိပ်ရာမှထတော့ ရင်ခေါင်းတွေက တောင့်နေသဖြင့် ဂျက်[illegible] အကြံနှင့် လည်ချောင်းထဲ လက်ထိုးပြီး အန်ပစ်လိုက်သည်။

သူသည် ခုတင်ပေါ် ပြန်လှဲအိပ်၍ ညည်းသံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ သူ့အသံက တိုးတိုးပဲ။

နောက် နည်းနည်းကျယ်လာသည်။ အခန်းစောင့်က ပြန်လည်ရောက်ရှိလာပြီမို့ ညည်းသံကြောင့် သွားကြည့်တော့ တစ်နေရာတွင် အန်ဖတ်များ တွေ့ရသည်။

အစောင့်က ချက်ချင်းအကြောင်းကြားတော့၏။

သူ့အကြောင်းကြားချက်ကြောင့် ဦးဘိုဖြူ ကမန်းကတန်းရောက်လာသည်။ ဂျက်စနေကို မေးကြည့်တော့ ရင်ထဲ မအီမသာဖြစ်ကာ အန်ထွက်လာကြောင်းနှင့် နေရထိုင်ရတာမကောင်းကြောင်း ပြောပြ၏။

"ခင်ဗျားတို့ ဘာတွေများစားမိလို့လဲ"

"ခင်ဗျားကျွေးတဲ့ ထမင်းပဲစားတာပဲ ဦးဘိုဖြူ"

"ဒါဆိုရင် ဆေးသောက်လိုက်ဗျာ…ခင်ဗျားကို ပြုစုဖို့ ကျူပ်စုစုဝေ ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို လွှတ်လိုက်မယ်"

"ဟာ…မလုပ်နဲ့…မလုပ်နဲ့…ရတယ်"

ဂျက်က ကမန်းကတန်းတားစဉ် အခန်းပြင်မှ တစ်စုံတစ်ယောက်ဝင်လာသည်။ နှင်းဒေဝီပဲဖြစ်၏။

"ဟင်…ကိုဂျက် ဘာဖြစ်လဲ"

"ကိုဂျက်…နေမကောင်းချင်ဘူးကွယ်"

"ဟယ်…ဒုက္ခပဲ…ပရိုမှာလဲ တစ်ယောက်ဖြစ်နေပြန်ပြီ"

"ဘယ်သူလဲ"

"ကိုမင်းညိုလေ…ဗိုက်နာလို့တဲ့…လူးလိမ့်နေတယ်"



ဦးဘိုဖြူ မျက်မှောင်ကုပ်သွား၏။ သူက ကိုဂျက်အား ဆေးတိုက်ပေးလိုက်မည့်အကြောင်းပြောကာ မင်းညိုစံအခန်းကို သွားပြန်၏။

မင်းညိုစံမှာ ဝမ်းဗိုက်ကိုနှိပ်၍ မျက်နှာရှုံ့ကာ ခုတင်ထက်တွင် တအင်းအင်းဖြစ်နေသည်။

"ကိုမင်းညိုစံ ဘာဖြစ်သလဲ"

"ဟာ…ဦးဘိုဖြူရာ…ဗိုက်ထဲရစ်ရစ်နေလို့၊ ကျွန်တော်က ပင်လယ်ငါးနဲ့ မတည့်ဘူးဗျ၊ ဒီမနက်စာ ပင်လယ်ငါးစားလိုက်လို့လားမသိဘူး၊ မနေ့ညကတည်းက နည်းနည်းဖြစ်ချင်နေတာ…အခုလိုးအောင့်လာလို့…အား"

"အင်း…အစာမကြေတာတွေပဲဖြစ်မယ်…ဟိုမှာလည်း ဂျက်စနေ နေမကောင်းဘူးဖြစ်နေတယ်"

"ဆေးလေးရှိရင်တော့ နည်းနည်းတိုက်ပါဗျာ"

"ရမယ်…ရမယ်"

ဦးဘိုဖြူ ထွက်သွားသည်။ နှင်းဒေဝီ ကျန်ခဲ့သည်။ ဦးဘိုဖြူထွက်သွားရာသို့ မင်းညိုစံ လိုက်ကြည့်သည်။ နှင်းဒေဝီကို မျက်လုံးတစ်ဘက် မှိတ်ပြသည်။

နှင်းဒေဝီက မသိမသာ ခေါင်းညိတ်ပြ၏။

ဦးဘိုဖြူက အစာကြေဆေးတွေ ပေးပို့လိုက်သည်။ သူ့မျက်နှာက လျှောင်ပြုံးနှင့် ပြည့်နေသည်။

အထက်ထပ်ဝရန်တာမှ တောင်ကုန်းအောက်သို့ ငုံ့ကြည့်ရင်း ကိုးတိုးကလေးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဉာဏ်တွေက ဒါအကုန်ပဲလား…မင်းတို့ ဘာလုပ်လုပ် ငါ အကုန်သိနေပါတယ်ကွာ…မင်းတို့ကို မိကျောင်းစာပဲ ကျွေးရမလား၊ မြွေစာပဲကျွေးရမလားဆိုတာ ငါ စဉ်းစားလိုက်ဦးမယ်"

သူ ခဏမျှနေပြီးမှ….

"နှင်းဒေဝီ…မင်းကိုတော့ ငါသနားတယ်၊ မင်းက ရုပ်က လေးလှသလောက် ငါ့ရန်သူဖြစ်နေပြီ…ဘိုဖြူဘဝမှာ ရန်မှန်သရွေ့ ဖယ်ရှားခဲ့တော့ ်းကို သနားလည်း ဖယ်ရှားပစ်ရမှာပါပဲကွာ"

❋❋❋



၄

သည်ညနေက မနေ့ကနှင့်မတူ။

လေတော်တော်တိုက်သည်။

ပင်လယ်သည် မာယာများသည်ဆိုသည်မှာ မှန်၏။

ကောင်းကင်တွင် ကြည်လင်နေရာမှ လေတိုက်ချိန်တွင် တိမ် ိမ်မည်းတို့ လွှမ်းလာသည်။

မိုးရွာတော့မလိုပင်။

သို့သော်လည်း ခဏလေးအတွင်းမှာပဲ ပြန်လည်ကြည်လင် း၏။

မထင်မှတ်ပဲ မိုးတိမ်မရှိဘဲ မိုးပေါက်ကလေးတွေ ဖြန်းဖြန်းကျ ၏။ ပင်လယ်ဒီလှိုင်းတို့ ရိုက်သံက လေရှိန်နှင့်အတူ ကြမ်းတမ်း ၏။

သို့ပေမယ့် ခဏမှာ လေရောမိုးရော ပြန်ငြိမ်သွားသည်။ ပြ

www.burmeseclassic.com

www.burmeseclassic.com



လယ်သည် မိန်းမတို့၏ မာယာအတတ်ကို မတတ်သော်လည်း သဘာဝမာယာကိုတော့ တတ်စွမ်းနိုင်စွမ်းရှိချေသည်။

နေသည် ပင်လယ်ထဲသို့ ခေါင်းမြုပ်ဝင်သွားသည်။

အမှောင်သည် သန်းလာ၏။

ညစာစားရန် လူတစ်ယောက်က လာရောက်ခေါ်သောအခါ မိမိတို့ နေမကောင်းသဖြင့် ညစာမစားတော့ပါ။ မလိုက်တော့ဟု ဂျက်စနေရော မပ်းညိုစံက လာခေါ်သူကို အကြောင်းကြားလိုက်သည်။

လာခေါ်သူက နှင်းဒေဝီကို ခေါ်ပြီး ထွက်သွားသည်။

ဂျက်စနေသည် ခုတင်အောက်မှ သူ့ဖောက်ထွင်းရေးကိရိယာများကို ရှာလိုက်သည်။ သူ့ခြေသလုံးတွင် ဘောင်းဘီစကို လုန်၍ သားရေစကို ပတ်ချည်ကာ ဘောင်းဘီစကို ပြန်ချလိုက်သည်။

သူ့ရင်သည် မခုန်စဖူး ခုန်နေသည်။

ရန်ကုန်မှာ သူလုပ်ကိုင်ခဲ့စဉ်က ဤသို့ရင်မခုန်ပါ။

သည်မှာက ရန်ကုန်လိုမဟုတ်ပါ။ သူ့ကို ဖမ်းမိသွားလျှင် ပုံ လက်ရောက်မည်။ ဥပဒေနိုင်ငံမို့ သူဥပဒေနှင့် ရင်ဆိုင်ပြီး အပြစ်ဒဏ် ခံရမည်။

သည်ကျွန်းမှာ ဥပဒေမရှိ။

ခြေချော်လက်ချော်ဖြစ်သွားသည်ရှိသော် သေရုံပဲရှိမည်။ ကိုယ့် အသက်တော့ အကြောင်းမဲ့မသေချင်ပါ။

ဒါကြောင့် ရင်ခုန်နေခြင်းဖြစ်သည်။

ဦးဘိုဖြူ၏ ရက်စက်မှုကိုလည်း သူ ကြားသိထားသည်။ ဒီ



တို့ အရေးရှုံးနိမ့်လို့သေတာတောင် ချက်ချင်းသေရမည်မဟုတ်ဘဲ ဒေ ခြင်းတရားကို ဝေဒနာနှင့် တတိတိ ခံစားရမည်ဖြစ်၏။

သတိနှင့် လုပ်ရမည်။

သတ္တိနှင့် လုပ်ရမည်။

ဉာဏ်နှင့် လုပ်ရမည်။

သူက ကောင်းနေသေးသောသူ၏ စီတီဇင်လက်ပတ်နာရီကို ကြည့်သည်။

နာရီဝက်လောက်ရှိတော့မှ သူ ခေါက်တုန့်ခေါက်ပြန်လမ်း သလားနေရာမှ ရပ်လိုက်သည်။ သူ့နာရီက ခုနစ်နာရီကျော်ကို ပြနေ ၏။

ပင်လယ်ပိုင်းတွင် နေက ကုန်းထက်နောက်ကျပြီးမှ ဝင်တတ် သည်။

သူ့အတွက် အလုပ်လုပ်ဖို့ အချိန်ရောက်ပြီ။

သည်ထက် နောက်ကျလို့တော့မဖြစ်ပါ။

အခန်းတံခါးကို အသာဖွင့်လိုက်သည်။ အစောင့်ကို ကြည့်၏။ အစောင့်မရှိပါ။ ထမင်းစားသွားဖို့ ရှိနေလိမ့်မည်။

သူက တံခါးရွက်ကို အသံမကြားအောင် ပြန်ပိတ်ကာ လက် ကိုင်ဘုကို လှည့်လိုက်၏။

အတွင်းက အော်တိုပိတ်ခဲ့ပြီမို့ ပြန်ဖွင့်လို့တော့မလွယ်။ တစ် ယောက်ယောက်လာဖွင့်လည်း ဖွင့်မရလို့ သူ အိပ်နေပြီဟု ထင်မှာ ည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အသာအယာပင် မင်းညိုစံအခန်းသို့ လျှောက်လ... ဒေါက်ခနဲ ဒေါက်ခနဲ အခန်းတံခါးရွက်ကို လက်ခေါက်ရိုးနှင့် သုံး... အသာခေါက်လိုက်၏။

တံခါးပွင့်သွားသည်။

စင်္ကြံတွင် ထွန်းထားသော မီးရောင်အောက်မှာ မင်းညို... မျက်နှာမှာ ဖြူတူကျူဖြစ်နေသည်ဟုထင်သည်။

"သွားကြစို့"

မင်းညိုစံက ခေါင်းညိတ်ပြသည်။

သူ့လိုပဲအတွင်းက အော်တိုခလုတ်ချခဲ့၍ အသာပိတ်ကာ ... ကိုင်းဘုကို လှည့်ပစ်လိုက်သည်။

"ဝေါ်ကြီးအိပ်ခန်း သိပလား"

"ဂျက်စနေလုပ်လိုက်ရင်/ မသေချာတာမရှိဘူး"

"အဒရေးထဲကြွားနေပြန်ပြီ"

မင်းညိုစံက ပြောပြီး သူက ရှေ့ဆုံးမှသွားသည်။ မီးလ... သော စင်္ကြံတွင် လူသူကင်းမဲ့နေသည်။

အခန်းတွေက များသည်။

စင်္ကြံကို ကွေ့လျှောက်ရပြန်၏။ မနေ့ကတည်းက လ... လမ်းမို့ သိနေသည်။

နိုင်ငံခြားတီးလုံးတစ်ခုသည် ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် ... တစ်ခုထဲမှ သူတို့ဆီသက်ပွင့်လာသည်။ နောက်ကြီးတော့ ကောင်... နှင့် တွဲကနေပြီလား မပြောတတ်။



နှင်းဒေဝီက မကတတ်တော့ ဝေါ်ကြီး ကာသိကာ... မြင်ယောင်သေးရဲ့။

"လှေကားကို လှေကားကို"

ဂျက်က အထက်တက်သော လှေကားကို စင်္ကြံအဆုံးမှာ ညွှန်ပြလိုက်သည်။ အောက်ဆုံးထပ်တွင် ယင်းလှေကားကိုဖြတ်ပြီး ညာဘက်ကွေ့လိုက်လျှင် ဒိုင်းနင်းရွမ်း (Dining Room) ခေါ် ထမင်းစားခန်းသို့ ရောက်နိုင်၏။

နှစ်ယောက်သား ရင်တခုန်ခုန်နှင့် တက်လာကြသည်။

ပျိုးတောင်ကုန်းအောက်မှ အဆိုတော်ကိုမြကြီး၏ မခင်နှင်းဆီ ရဲ့ နှင်းဆီသီချင်းအော်ဆိုသံတစ်ခု အထက်သို့ လေနှင့် ဝဲဝဲတက် လာသည်။

လှေကားအတိုင်း တစ်ထစ်ပြီးတစ်ထစ် တက်ကြသည်။

လောလို့မဖြစ်ပါ။

လူရိပ်လူခြေကြည့်ရသည်။

အထက်ထပ်သို့ ရောက်သည်။ မီးတွေလင်းနေသည်။ စင်္ကြံ မှာလည်း လူတွေရှင်းနေသည်။

မနေ့ညကတည်းက ဦးဘိုဖြူအခန်းကို ဂျက်က မှတ်သားထား ခဲ့တာမို့ ခက်ခက်ခဲခဲ ရှာဖွေရန်မလိုပါ။

အခန်းတံခါးကို တွန်းကြည့်တော့ သော့ပိတ်ထား၏။

ပထမလုပ်ငန်း စရချေပြီ။

ဂျက်က သူ၏ကိုရီယာအိတ်ထဲမှ သံချောင်းကောက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ယူကာ လက်ကိုင်ဘုနှားက သော့ပေါက်ထဲထည့်ပြီး တစ် ချက် နှစ်ချက် လှည့်လိုက်သည်။

အဲသည်နောက် လက်ကိုင်ဘုကိုလှည့်ပြီး တံခါးရွက်ကို တွန်းတော့ ပေါလစ်ရောင်တောက်ပြောင်နေသော တံခါးရွက်က အတွင်းသို့ ပွင့်ထွက်သွားတော့သည်။

နှစ်ယောက်လုံးအခန်းထဲကို သွက်လက်စွာ ဝင်လိုက်၏။ ဂျက်က ပုဆိုးခနဲ သက်ပြင်းချ၍...

''လူတွေ့မှာ ကြောက်နေရတာ ခုမှပဲ ရင်အေးရတော့တယ်''

''ကိုဂျက်...ကျုပ်တို့ အပြင်ကလူတွေဟို စောင့်ကြည့်မယ်''

''မကြည့်နဲ့တော့...အထဲက မီးရောင်ကို သူတို့တွေ့သွားမယ်။ တံခါးပိတ်ထားလို့ကတော့ အရေးမကြီးဘူး''

မှောင်နေသဖြင့် တံခါးကို ပြန်ပိတ်သည်။ အော်တိုခလုတ်ကို ပြန်ချလိုက်၏။

''ခင်ဗျား သိပ်တော်တာပဲ''

''ကျုပ် မတော်ပါဘူးဗျာ...ကျုပ်ကို သင်ပေးသွားတဲ့ ဆရာသမားတွေက တော်တာပါ''

တံခါးလွယ်ကူစွာဖြင့် ဖွင့်နိုင်တာမို့ မင်းညိုစံက ချီးမွမ်းမိသည်။

ဂျက်က လျှို့ဝှက်သိမ်းထားသော မီးခြစ်သဏ္ဍာန်လက်နှိပ်ဓါတ်မီးလေးကို ဖွင့်လိုက်၏။

အရေးကြီးတာက လျှို့ဝှက်တယ်လီဂိုက်စက်။

သူက လိုက်ကြည့်၏။ တစ်နေရာတွင် သွားကြည့်သည်။



အခန်းထောင့်တစ်နေရာတွင် ရုပ်မြင်သံကြားရိုက်စက်ကို သွားတွေ့၏။

အခန်းတွင် လှုပ်ရှားမှုမှန်သမျှကို သည်ရုပ်မြင်သံကြားစက်က ဖမ်းပြီး တစ်ဘက်သို့ ပို့လိမ့်မည်။

အခန်းထဲတွင် အမှတ်မထင် မီးမအတွင်းခံဘောင်းဘီတစ်ထည်ကို သွားတွေ့၏။

မရှုရက်နိုင်ဘဲ ကောက်ယူကာ ရုပ်မြင်ဖမ်းစက်ပေါ်တွင် သွားရောက်တင်ကာ ဖုံးလိုက်၏။

ဒါ မနေ့ညက စကီနာရဲ့ ဘောင်းဘီဖြစ်လိမ့်မည်။

ကျေးဇူးတင်ပါတယ် စကီနာ။

မင်းညိုစံက ဘာမှမလုပ်ဘဲ မှောင်ထဲမှာပဲ ရပ်ကြည့်နေသည်။

ဂျက်ကသာ တစ်ခုပြီးတစ်ခု လုပ်သွားသည်။ ပတ်ပတ်လည်တွင် မီးခလုတ်ကိုရှာသည်။

တွေ့တော့ ခလုတ်ကိုနှိပ်လိုက်၏။

မျက်နှာကျက်မှ နီယွန်မီးချောင်းလေးသည် တဖျတ်ဖျတ်နှင့် လင်းသွားတော့သည်။

အိစက်နေသော အလူမီနီယံနှင့် ကျွန်းစပ်ထားသော ခုတင်ကြီး။

ခုတင်ခြေရင်းမှာက မီးခံသေတ္တာ။

အိပ်ခန်းသည် သပ်ရပ်၏။ ကျယ်ဝန်း၏။ တစ်ခုသော စားပွဲပေါ်တွင် မှန်ချပ်နှင့် ဒေါက်ထောက်သွင်းထားသော ဦးဘိုဖြူ၏ ကိုယ်တစ်ပိုင်းပြည့်ဓာတ်ပုံနှင့် (Encyclopedia) စာအုပ်များကို တွေ့ရ၏။

သည်လူကြီး ဖတ်တာလား။

www.burmeseclassic.com

www.burmeseclassic.com



ရှိုးထားတာလား။

ဂျက်သည် မီးခံသေတ္တာရှေ့တွင် ဒူးစုံထောက်ကာ မီးခံသေ… တံခါးကို လက်နှင့် ခေါက်ကြည့်၏။ မီးခံသေတ္တာမှာ လူတစ်… နီးပါးမြင့်သည်။

သော့ပေါက်ကို စစ်ဆေးသည်။

အီတာလီလုပ် (Dynox) အစားသည် ကမ္ဘာ့ဈေးကွက်တွင်လ… ကောင်း၊ နိုင်ငံတကာဘဏ်များတွင်လည်းကောင်း၊ သိပ်မျက်နှာ… ပွင့်သော မီးခံသေတ္တာမျိုးမဟုတ်ချေ။

ကွန်ဘိုင်နေးရှင်းနံပါတ်မထားဘဲ သော့အိမ်တွင် သော့… လှည့်၍ နောက်ဆုံး ခလုတ်ကျသည်အထိ စောင့်ရသော မီးခံသေ… မျိုးဖြစ်၏။

သည် (Dynox) ကို ရန်ကုန်တွင် သူ တစ်ခါဖောက်ခဲ့ဖူး… ပထမအချက်မသိတော့မလွယ်။ နောက်သိတော့ လွယ်သွား၏။

သူ့လက်တစ်ချောင်းက မီးခံသေတ္တာ၏ အဖုံးတစ်နေရ… တွန်းလိုက်သည်။

မီးခံသေတ္တာထက်တွင် မီးနီကလေးလင်းလာ၏။

ဒါ ပိတ်ထားတယ်ဆိုတဲ့ အဓိပ္ပာယ်။

သူက မီးနီကလေးကို စိတ်ထဲမှ ဆယ့်ငါးအထိ ရေတွ… တံခါးကို လက်ဝါးနှင့် ပုတ်သည်။ အိလက်ထရွန်းနစ်ခက်ထား… မီးနီကလေး ငြိမ်သွားသည်နှင့် သူ့သေးငယ်သောသံချောင်းက… တစ်ခုကို သော့ပေါက်ထဲထိုးသွင်းလိုက်သည်။



ထိုသံချောင်းပြားကလေးတွင် ခွေးသွားစိပ်ကလေးတွေက ရှ… သွားလိုပါသည်။

ဆယ်မိနစ်နီးပါးပဲကြာသည်။

မီးခံသေတ္တာ၏အထက်မှ မီးစိမ်းကလေးပေါ်လာ၏။

ဒါ ပွင့်သွားပြီဆိုတဲ့အဓိပ္ပာယ်။

ဂျက်သည် ခြေညောင်းပြီး ဒူးတွေနာလာတာမို့ နေရာမှ ထ လိုက်သည်။ သူနှင့် မလှမ်းမကမ်းတွင် မင်းညိုစံရပ်ကာ ဂျက်ဘက် ကို မကြာခဏ လှည့်ကြည့်သည်။

မတ်တာပ်ရပ်ပြီးသောဂျက်သည် ရပြီဟူသော အဓိပ္ပာယ်နှင့် လက်မနှစ်ချောင်း ထောင်ပြလိုက်သည်။

သည်နောက် သူသည် မီးခံသေတ္တာကို အရှိန်နှင့် အသာအယာ ပူးပေါင်းကာ ကလစ်ခနဲ အသံကြားသည်နှင့် ဆွဲဖွင့်လိုက်၏။

မီးခံသေတ္တာထဲမှာ မီးတွေလင်းသွားသည်။

"ရှူး"

"ဟာ"

ရှူးခနဲ အသံကြီးတစ်သံ ထွက်လာသလို မည်းနက်ရှည်လျား သော သတ္တဝါတစ်ကောင်က ပါးပြင်းအပြည့်နှင့် မီးခံသေတ္တာ ပွင့်ပွင့် ချင်း ဂျက်ကို ပေါက်ထည့်လိုက်သည်။ ဂျက်မှာ မမျှော်လင့်သော် လည်း သိုင်းသမားမို့ မသိစိတ်က သူ့ကို ခုန်ရှောင်…သည်။

တခြားလူဆိုလျှင် မြွေစွယ်ကြားမှာ အသက်…သွားရပေါ့မည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းညိုစံမှာတော့ 'အမလေးဗျာ' ဟု မတိုးမကျယ် အသံထွက်သွားခဲ့သည်။

ဂျက်၏လက်က မြန်လိုက်သည်ဖြစ်ချင်း။

မီးခံသေတ္တာတွင်းမှ ပေါက်ပြီးပြီးချင်း အရှိန်နှင့် လျှောထွက်လာသော မြွေဟောက်၏ခေါင်းအောက်ကိုကိုင်ကာ ဆွဲယူလိုက်သည်။

လက်ကောက်ဝတ်နီးပါးရှိသော မြွေ၏ကိုယ်ထည်ကြီးမှာ သူ့လက်ထဲတွင် ကိုင်ရတာကိုက စည်းစည်းလုံးလုံးရှိလှ၏။

သူက မြွေကို လေထဲတွင်ရမ်းပြီး လေးငါးကြိမ် ကြာပွတ်တစ်ခုလို သဘောထား၍ မွှေ့ပစ်လိုက်သည်။ မြွေကို နံရံနှင့် ကိုင်ပေါက်ပစ်လိုက်၏။ မွှေ့ယမ်းမှုကြောင့် အရိုးအဆက်တွေ ပြုတ်ကျသွား၏။

"ဘုရားမလို့ဗျာ…ကံကောင်းလို့မသေတာ"

"ဘုရားမတာရယ်…ကျုပ်လျင်တာရယ်ပေါ့ ကိုမင်းညို"

မရဲတရဲနှင့် သူတို့ မီးခံသေတ္တာနား ပြန်ကပ်သွားသည်။ မီးခံသေတ္တာထဲတွင် နိုင်ငံခြားသုံးငွေများ အထပ်လိုက်ကို အစုအပုံလိုက်တွေ့နေရသည်။ မီးခံသေတ္တာ၏ အပေါ်ဆင့်အောက်ဆင့်တွေကို သူတို့ရှာသည်။

လိုချင်သော ဦးဘိုဖြူမောင် ဓာတ်လုံးကို မတွေ့ရပါ။ လေအေးစက်ပိတ်ထားတာမို့ အထဲတွင် အိုက်လှောင်သည်တစ်ကြောင်း၊ စိတ်ဇောကြောင့်လည်းကောင်း ချွေးပြန်လာသည်။

ပစ္စည်းမတွေ့သော်လည်း အဘိုးတန်ကျောက်မျက်ရတနာများနှင့် အဘိုးတန်စိန်တွေကို သွားတွေ့၏။ ဂျက်စနေက ဒါတွေကို



ဂရုမစိုက်သော်လည်း မင်းညိုစံကမူ လောဘတကြီးနှင့် သူ့ဘောင်းဘီအိတ်ထဲ ကျုံးထည့်သည်။

"ကိုမင်းညိုစံ…မလုပ်နဲ့ဗျာ၊ လူဆိုတာ သစ္စာရှိရတယ်ဗျ… ကျွန်တော်တို့ကို ဦးဘိုနီ ခိုင်းလိုက်တာ အစွမ်းထက်ပါတယ်ဆိုတဲ့ ဓာတ်လုံးကို ရှာခိုင်းလိုက်တာဗျ…ဒီရတနာပစ္စည်းတွေ ရှာခိုင်းတာ မဟုတ်ဘူး၊ မယူချင်စမ်းပါနဲ့ ကိုမင်းညို"

"စားရက်ကြံ့တုန်း မုဆိတ်ပျားစွဲတဲ့အဖြစ်နော်…ဒါ ကံပေးတာပဲဗျ…ဒါမှမယူရင် တစ်သက်လုံး ချမ်းသာမှာမဟုတ်ဘူး"

ဘောင်းဘီဘေးနှစ်ဘက်အိတ်ထဲ အပြည့်အသိပ်ထည့်တော့ လေးလံလှသည်။

သူ့ကို ဆက်မပြောဘဲ ဂျက်စနေက မီးခံသေတ္တာထဲမှာ ရှာလို့မတွေ့တော့ စားပွဲတွေ အံဆွဲတွေကိုလည်းကောင်း၊ မွေ့ရာအောက်များတွင်လည်းကောင်း လိုက်ရှာသည်။

မင်းညိုစံကတော့ မရှာသည့်ပြင် ခြေတကြွကြွနှင့် ပြေးဖို့ဟန်ပြင်နေသည်။ နှစ်ယောက်လုံးတွင် လှုပ်ရှားမှုများသော ဂျက်စနေမှာ ချွေးတွေပိုစီးနေ၏။

သူ့လက်ပတ်နာရီကို ကြည့်လိုက်သော် ရှစ်နာရီထိုးကာနီးနေပြီတည်း။

ရှစ်နာရီတွင် နှင်းဒေဝီနှင့်ထွက်ဖို့ ချိန်းထားတာရှိသည်။ သူတို့အကြံကို ဦးဘိုဖြူက သိသွားချေပြီ။ ဒါကြောင့် ပစ္စည်းမထားဘဲ

www.burmeseclassic.com

www.burmeseclassic.com



သူသေအောင် မြွေဟောက်ကြီးကို အထဲတွင် လှောင်ထားခဲ့ခြင်းဖြစ်သည်။

အထဲတွင် ပိတ်ခံနေရသော မြွေဟောက်မှာလည်း ဒေါသဖြစ်နေသည်။

ပဇ္ဇည်းမရတာကဆိုးသည်။

သည်ပဇ္ဇည်းကို ဦးဘိုဖြူ နေရာပြောင်းထားကောင်း ထားမည်။

ချွေးတွေက မျက်နှာရောလည်တိုင်ပါ စီးဆင်းလာသည်။

* * *



ဇာတ်လမ်းစဉ် (၁၂)

ဦးဘိုဖြူ ထမင်းစားဖိတ်ရာကိုသွားရာတွင် ရင်တထိတ်ထိတ်သွားရသော်လည်း ဟန်ဆောင်ရဲစိတ်ကိုတော့ တင်းထားနိုင်သည်။

ဦးဘိုဖြူက ဂျက်စနေနှင့် မင်းညိုစံ မပါလာတာကို ဘာကြောင့်ကြောင့်ဟု ရိပ်မိသော်လည်း မသိဟန်ဆောင်နေသည်။

ဦးဘိုဖြူ ပို့ပေးလိုက်သော အဖြူရောင်ဂါဝန်ဝတ်စုံကို နှင်းဒေဝီ ဝတ်ထားသည်။ လည်ကုတ်တွင် ဝဲကျနေသော စတက်ဆံပင်တွေက ...င်းဂါဝန်အဖြူနှင့် ဆိုသော် ဆံပင်တွေက မည်းနက်နက်နှင့် ပိုလို့ ...ကင် ကြည့်ကောင်းနေသည်။

နှင်းဒေဝီ လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါတော့ နှင်းဒေဝီသည် ထမင်းစားခန်းသို့ ဦးတည် မသွားရဘဲ ထမင်းစားခန်းနှင့်ကပ်နေသော အခန်းကျယ်ကြီးတစ်ခန်းသို့ ရောက်သွားသည်။

ထမင်းစားခန်းနှင့် ယင်းအခန်းကို တံခါးတစ်ချပ်သာ ခြား ထားရာ ဟိုဘက်သည်ဘက် ကူးလူးနိုင်၏။ သည်မှာ ဘက်ခန်းတွင် စီဒီစက်၊ ဆောင်းဘောက်နှင့် နံရံတွင် ပန်းချီကားချပ်ပေါင်းစုံလှလှ ကလေးတွေကို ချိတ်ထားသည်။

တစ်နေရာတွင် စားပွဲဝိုင်းကလေးရှိ၍ ဖန်ခွက်နှစ်လုံးနှင့် နိုင်ငံခြားဖြစ် အချိုရည်နှစ်ဘူးကို ထားရှိသည်။

အမွှေးနံ့သာတွေ ဆွတ်ဖျန်းထားသည့်အခန်းမှာ လေအေးပေးစက်ကြောင့် အေးနေသည်။

လှပသော နှင်းဒေဝီကိုကြည့်ကာ ဦးဘိုဖြူက ဝမ်းမြောက်စွာ ကြိုဆို သည့်ပြင် 'စနိုးပိုက်' ဟု နှင်းဒေဝီကို တင်စားခေါ်လိုက်သေးသည်။ နှင်းဒေဝီကို အင်္ဂလိပ်လို ပြန်ဆိုသော် စနိုးဝှိုက်ပဲမဟုတ်လား''

ဒေဝီမှာ ဂါဝန်အဖြူဝတ်ထားတာကိုကြည့်ပြီး သူမအား စနိုးဝှိုက် ဟု ဦးဘိုဖြူက ခေါ်တာနားလည်သည်။ သူမက ဦးဘိုဖြူနှင့် အနည်းငယ် ရင်းနှီးခဲ့ပြီမို့ ရင်ခုန်လင့်ကစား ကြွေမပျက်အောင် ထိန်းထားနိုင် သည်။

ပထမ ဟိုစကားသည်စကားတွေပြောကြသည်။

ဦးဘိုဖြူက ငြိမ့်ညောင်းသော နိုင်ငံခြားတီးလုံးတွေကို စီဒီဖွင့်၏။ သူမအား တွဲကရအောင်ဟုဆိုသည်။



စင်ပေါ်တွင် တေးသံရှင်သာ လုပ်ခဲ့ဖူးသော နှင်းဒေဝီသည် ဦးဘိုဖြူ၏ တွဲကရမည့် ဘောလ်ဒန့်(စ်)ကို နားမလည်ပါ။ မတတ်ကျွမ်း၊ သည်အကနျိုးကိုလည်း မြန်မာအမျိုးသမီးပီပီ မကခဲ့ဖူးပါ။

ယခု အနောက်နိုင်ငံဟန်တွေဖုံးနေသော သည်လူကြီးက တွဲကရအောင်ဆိုတော့ အမေရေ…ကယ်ပါဦးဟုလို့သာ အော်လိုက်ချင်သည်။

သို့ရာတွင် သူမအလုပ်က ဦးဘိုဖြူအပေါ်တွင်ကျအောင် သူမအားကပ်နေအောင် မြှူရမည်မို့ သူမ မကတတ်ကြောင်းနှင့် အကသင်ပေးပါမည့်အကြောင်း ပြောမိသည်။

ဦးဘိုဖြူသဘောကျချင်ဟန်ဆောင်လိုက်သည်။

သူက အနောက်နိုင်ငံပုံစံပဲ ဝတ်ထားရာ စီဒီပြားမှထွက်သော တီးလုံးအတိုင်း နှင်းဒေဝီအား လက်ကိုင်ပြီး ရင်ချင်းအပ်အနေအထား နှင့် ခြေကွက်တက်နည်းဆုတ်နည်းတွေကို သင်ပေးသည်။

ဆယ့်ငါးမိနစ်လောက်မှာ နှင်းဒေဝီက အကွက်တွေ နားလည် သွားတော့ ရွှေ့လျားကသည်။ မကျွမ်းကျင်သေးသောကြောင့် သူမက ဦးဘိုဖြူ၏ ခြေထောက်ကို တက်နင်းမိလျှင်သော်လည်းကောင်း၊ ဦးဘိုဖြူက သူမ၏ကြိုးသိုင်းဖိနပ်လေး (သည်ဖိနပ်မှာ နှင်းဒေဝီနှင့် အစဦးကတည်းက ပါလာသောဖိနပ်) ဖြစ်ပါသည်။ စွပ်ထားသော ခြေဖျားကလေးကို သူမ အဆုတ်နောက်ကျလို့ တက်နင်းမိလျှင်သော်လည်းကောင်း ဟာသအဖြစ် ရယ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလိုက်နားလိုက်လုပ်သည်။

နောက်ဆုံး တစ်ချီကပြီးချိန်တွင် နှင်းဒေဝီတို့ စားပွဲဝိုင်း
ထိုင်ကြသည်။

နှင်းဒေဝီစိတ်ထဲမှာ ခုချိန်လောက်ဆို ဂျက်စနေတို့ မီးခံသေ
ကို ဖောက်နေကြပြီဟု ခန့်မှန်းတွေးမိသည်။

သူမတွင် နာရီမပါရှိပါ။

ဘယ်နှစ်နာရီရှိပြီကို သူမ ခန့်မှန်းနေမိ၏။ ခန့်မှန်းလို
သတ်မှတ်ချိန်ထက် ကျော်လွန်သွားက သူမ ဒုက္ခတွေ့နိုင်၏။

"တော်တော်မောသွားပြီလား ဒေဝီ"

"မောတာထက် ပျော်တာပေါ့ အစ်ကိုကြီးရာ"

ဦးလို့တောင် မခေါ်တော့။

အစ်ကိုကြီးတဲ့။

ကဲ…ဘယ်လောက်ပိုင်လိုက်သလဲ။

စီဒီမှ အသံတွေက ဆက်လက်ထွက်နေဆဲ။

အဲသည်အသံတွေကြားမှာပဲ စကားပြောဖြစ်ကြသည်။

"နောက်သည်ထက်တောင် ပျော်ရဦးမယ်၊ အစ်ကို
စနိုးပိုက်ပျော်ဖို့ အစီအစဉ်တွေ အများကြီးလုပ်ထားတယ်"

"သိပ်ဝမ်းသာစရာပဲပေါ့ရှင်…အစ်ကိုကြီးကို အား
တယ်၊ အားလည်းအားကိုးမိတယ်"

ဦးဘိုဖြူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။ သည်း



ကောက်ကျစ်စဉ်းလဲမှုတွေ ပါသွားတာကို နှင်းဒေဝီ မသိပါ။

"စနိုးပိုက်ကို ပေးစရာပစ္စည်းတွေလည်းရှိတယ်၊ စနိုးပိုက်
ဒီမှာ အမြဲနေမယ်ဆိုရင်ပေါ့လေ"

စိတ်ထဲကတော့…

"နှင် အမြဲ ဒီကျွန်းက မြေကြီးထဲမှာနေရမှာပါ နှင်းဒေဝီရယ်၊
နှင့်ကို ငါ အခုလည်ပင်းညှစ်သတ်လိုက်ရင်ရတယ်…ဒါပေမယ့် ငါ့
လက်သွေးစွန်းမခံနိုင်ဘူး၊ မိန်းကလေးတစ်ယောက်ကို လည်ပင်းညှစ်
လက်ရုံးအားကိုးသတ်တယ်ဆိုပြီး ရာဇဝင်ရိုင်းသွားမယ်"

"အစ်ကိုကြီး ဘာတွေတွေးနေတာလဲ"

"ဩော်…ဒီမှာ စနိုးပိုက် တစ်သက်လုံးနေရင် အစ်ကိုကြီး
စိတ်ချမ်းသာမှာပဲလို့"

"အစ်ကိုကြီး စိတ်ချမ်းသာအောင် ဒေဝီ ပြုစုပါ့မယ်ကွယ်"

သူမ၏ ရင်ထဲကတော့…

"ဟင်း…မသာကြီး…သူတို့ယောကျ်ားတွေဟာ ဒီလိုပါပဲ…
သူတို့လို အသက်ကြီးတဲ့လူတွေက ပိုတဏှာကျသေးတယ်…ဘီယာ
ဆိုင်မှာဆို ငါ့နားကပ်ချင်ကြတဲ့လူတွေဟာ ဒီအရွယ်ကြီးတွေပဲ…
ဟင်း…ကိစ္စပြီးလို့ပြန်ရင် ရှင် ငိုရမှာတောင်စိုးသေးတယ်"

စိတ်ထဲတွေးရာမှ ဟန်ဆောင်ပြုံးလေးပြုံးကာ…

"အစ်ကိုကြီးက နှင်းဒေဝီကိုပေးတာ ဘာတွေပေးမှာလဲ"

"ဒေဝီ…အဲ…စနိုးပိုက် ဘာကြိုက်လဲ၊ လိုချင်တာပေးမယ်၊
ဩော်…နေဦး…အစ်ကိုကြီး ပစ္စည်းတွေထဲက ဒါလေးတော့မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက သူ၏ အဖြူရောင်အပေါ်ကုတ်အင်္ကျီဘေးအိတ်ထဲမှ ပုလင်းငယ်လေးတစ်လုံး နှိုက်လိုက်သည်။ ဒေဝီ့ကို ပြလိုက်သည်။

"အဲဒါ…အစ်ကိုကြီးရဲ့ သက်စောင့်ဓာတ်လုံးလေးလေ…ဒီ စွမ်းတာ ဒေဝီရဲ့…တွေ့လား"

* * *



"ကျုပ်တို့ ဘာလုပ်ကြမလဲ"

"ပစ္စည်းမတွေ့တော့ဘူး၊ ဟိုလူကြီး ကျုပ်တို့အကြံကို သိသွားပြီ ကိုမင်းညို…ဒါကြောင့် မီးခံသေတ္တာထဲ မြွေပောက်ထည့်ထားတာ ကြည့်"

"ဒါဆိုရင် ကျုပ်တို့မှာ အန္တရာယ်ရှိနေပြီလေ…မြန်မြန်ထွက်ဖို့ ကိုဂျက်"

မင်းညိုစံမှာ ဘောင်းဘီအိတ်တွင် ထည့်ထားသောစိန်များနှင့် ကျောက်သံပတ္တမြားတွေကြောင့် ပစ္စည်းမရသော်လည်း စိတ်အားတက်ကြွနေ၏။

သူ ရန်ကုန်ရောက်လျှင် ပစ္စည်းမပါတာကြောင့် သိန်းကိုးဆယ်ရလျှင် ထားဦးတော့။ သည်ပစ္စည်းတွေနှင့်ပဲ သူကောင်းကောင်းချမ်းသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…သွားမယ်ဗျာ…အန္တရာယ်က ကျုပ်တို့ကို စောင့်နေတာ"

လောဆောပြီး မင်းညိုစံက တံခါးလက်ကိုင်ဘုကို အတွင်းမှ ဆတ်ခနဲလှည့်၍ တံခါးရွက်ကို ဖွင့်လိုက်၏။

ချောက်ခနဲ အော်တိုချက်ခလုတ်ကျသံနှင့်အတူ တံခါးကပွင့်သွားသည်။

"ဟင်"

ဟင်သံသည် မင်းညိုစံ၏ နှုတ်မှ အထိတ်တလန့်။

တံခါးဝတွင် မမျှော်လင့်သောသူက ရပ်နေသည်။

သူမက စကီနာဖြစ်သည်။ ဘာအကြောင်းကြောင့် သည်ကို ရောက်လာသည်တော့မသိ။

သူမမှာလည်း ဆတ်ခနဲပွင့်သွားသောတံခါးကြောင့် ဟင့်ခနဲ ရှိုက်သံနှင့် လန့်သွားပြီး မင်းညိုစံကို ပြူးပြူးကြီးကြည့်နေမိ၏။

မင်းညိုစံက ချက်ချင်း အန္တရာယ်ကိုသိလိုက်၏။ စကီနာသည် အော်ဟစ်တော့မည်ကဲ့သို့ ပါးစပ်ပြင်လိုက်သည်။

မျက်လုံးများထဲတွင် ကြောက်လန့်ခြင်းအရိပ်က လွှမ်းသွားသည်။

မင်းညိုစံက မြန်လှ၏။

သူမ၏ ပါးစပ်ကို လက်တစ်ဘက်နှင့်ပိတ်၍ အခြားလက်တစ်ဘက်က သူမ၏လည်ကုတ်ကိုဆွဲကိုင်ကာ အခန်းတွင်းသို့ ဆွဲသွင်းလိုက်သည်။



တံခါးရွက်ကို ပြန်ပိတ်လိုက်၏။

စကီနာမှာ ဗလကောင်းသော မင်းညိုစံလက်ထဲတွင် အရုပ်ကလေးလို ပါလာသည်။

မင်းညိုစံ၏လက်ကြီးနှစ်ဘက်က သူမ၏ လည်တိုင်ကလေးကို ကိုင်ဆုပ်လျက်သား။

"ဟာ…ဟေ့လူ…ဘာလုပ်တာလဲ…မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့"

"မလုပ်လို့မရဘူးဗျ…သူသိသွားပြီ၊ ဒါ ကျုပ်တို့အတွက် သေမင်းပဲ"

မင်းညိုစံ ဘာလုပ်မည်ကိုသိသည်။ ဂျက်စနေက တားသည်။ တားမြစ်ချက်ကို မင်းညိုစံက အကြောင်းပြပြန်ပြောပြီး အံကြိတ်ကြိတ်ကာ မိန်းကလေး၏လည်မျိုကို ညှစ်နေသည်။

"သူ့ကို မေ့အောင်ရိုက်ခဲ့ဗျာ"

"ကိုဂျက်…အခု ကျုပ်တို့လုပ်နေတာ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး။ ဒီကောင်မလေးသိသွားတော့ နှုတ်ပိတ်မှဖြစ်မယ်"

"မလုပ်ပါနဲ့ဗျာ…သနားပါတယ်၊ သူက မိန်းကလေးပဲ၊ အခု မင်ဗျားလုပ်တာ လူသတ်မှုပဲ"

"အခု ကျုပ်တို့လုပ်တာကကော လူမသတ်ရဘူးလို့ပါသလား၊ သူ့ကို လွှတ်လိုက်ရင် ကျုပ်တို့အသက်နဲ့တောင် ပြန်ရမှာမဟုတ်ဘူး"

စကီနာခမျာ မျက်လုံးတွေပြူးပြီး လျှာထွက်နေချေပြီ။ လက်တွေခြေတွေမှာလည်း ရုန်းကန်ကာ မင်းညိုစံကို ကုတ်ခြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖင်းညိုစံက အားစိုက်ညှစ်နေသဖြင့် သူမ၏ ရုန်းကန်ကုတ်ခြစ်မှုတွေကို သတိမထားချေ။ သူ့မျက်နှာမှာ ကြောက်စရာကြီးဖြစ်နေပြီး မျက်နှာနှင့် တစ်ကိုယ်လုံး ချွေးတွေစီးကျနေ၏။

ဂျက်မှာ သနားတတ်သောစိတ်ရှိသောကြောင့် မင်းညိုစံ၏ လက်တွေကို ဖယ်ရှားဖို့ပြေးလာသည်။ အနီးသို့အရောက်တွင် မင်းညိုစံက ဆီးကြိုပြီး ခြေထောက်ကြီးတစ်ဘက်နှင့် ကန်ထည့်လိုက်၏။

ရင်ဝတွင် အကန်ခံရတာ မသက်သာ။

ဂျက်စနေမှာ နောက်ဘက်ကို ဖင်ထိုင်ကျသွားပြီး သတိလစ်သလို ခံစားလိုက်ရ၏။

မင်းညိုစံမှာ စကီနာကို အားစိုက်လည်ပင်းညှစ်ရာမှ ဆတ်ခနဲ လက်တွေကိုပြောင်းကာ ခေါင်းကိုကိုင်၍ လည်ကုတ်ကို လိမ်ချိုးလိုက်၏။

ဖျောက်ခနဲ စက်ရိုးကျိုးသံနှင့်အတူ မိန်းကလေးမှာ ငြိမ်ကျသွားသည်။ သူက အလောင်းကိုလွှတ်ချလိုက်၏။

သူ့အသက်ရှူထုတ်မှုတွေက မြန်နေပြီမို့ မို့မောက်သောရင်းပုံကြီးမှာ လှိုင်းစီးသည့်လှေပမာ နိမ့်တုံမြင့်တုံဖြစ်နေသည်။

စကီနာ သေသွားတာကိုသိလျှင် သူက တံခါးကို ပြန်ဖွင့်လိုက်သည်။

သည်စဉ်တွင် ဂျက်စနေ သတိပြန်ရလာသည်။

"ဟေ့လူ…နေဦး"

သူက တားမြစ်လိုက်သည်။



"ကိုဂျက်စနေ…ခင်ဗျား ဒီအထဲမှာ နေခဲ့ပေတော့…နှင်း[illegible] ခင်ဗျား ဖြစ်နေတာကို ကျုပ်မသိဘူးမှတ်သလား…အခုတော့ ခင်ဗျား သူတို့လက်ထဲမှာ ခွေးသေဝက်သေ သေခဲ့တော့…နှင်းဒေဝီကို ကျုပ်ပိုင်ပြီဗျို့"

သူက ကမ္ဘားရှူးထိုးပြောကာ တံခါးကိုဖွင့်၍ တံခါးကို ဒိုင်းခနဲ ပြန်ပိတ်သွားသည်။

တံခါးပိတ်သံက စကြံနံ့တွင် တပ်လှန့်နိုးသလို ဖြစ်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုဖြူ၏ လက်ထဲတွင်ရှိနေသော ခေတ်လုံးပါသည့်ပုလင်းကလေးကိုကြည့်ရင်း နှင်းဒေဝီမှာ မျက်လုံးမျက်ခုံးအောင် မနည်းကြိုးကြိုးစားနေရသည်။

ဦးဘိုဖြူ၏ အိပ်ခန်းထဲတွင် ပစ္စည်းမရှိလို ဗျာများနေကြမည့် ဂျက်စနေနှင့် မင်းသိုက်ကို ချက်ချင်းတွေးလိုက်၏။

အလုပ်က ရှုပ်ပြီတာလွဲ ချက်ရာဝင်ပြီးဖြစ်ကုန်ပြီ။

သူမက ဘာမှမြေမပျက်အောင် ထိန်းသိမ်းရင်း မသိနားမလည် ဟန်နှင့်...

"ဒါကဘာလဲ...ဟင်...အစ်ကိုကြီး"

"ခုခေတ်စကားနဲ့ပြောရင်တော့ ရယ်စရာပဲ...ခေတ်လုံးလေ"

"ဘာခေတ်လုံးလဲ"



"ဪ...အဘိုးဆီက ရခဲ့တဲ့ခေတ်လုံးပေါ့"

ပြောပြီး သူကရယ်သည်။ သူ့ပုလင်းထဲတွင် ခေတ်လုံးမှာ လက်ညှိုး၏ လက်သည်းခွံလောက်ရှိသည်။ အရည်တစ်မျိုးထဲတွင် အရောင်လုံ့လုံ့ထွက်နေသည်။ စိမ်းသလိုလို ဝါသလိုလိုအရောင်။

ဦးဘိုဖြူမျက်နှာက မချိုမချဉ်နှင့်။

"ကောင်မ...မသိချင်ယောင်ဆောင်နေတယ်၊ ခုလောက်ဆို နှင့်အကောင်နှစ်ကောင် မြွေပေါက်လို့သေနေပြီ၊ နင်လည်း ငါ့လက်ထဲက ပြေးမလွတ်တော့ဘူး...သနားတယ် နှင်းဒေဝီရယ်"

ဘူ့စိတ်ထဲမှာ တွေးတောရေရွတ်မိသည်။

နှင်းဒေဝီမှာ မျက်နှာတွင် ဘာမှမဖြစ်သလို ဟန်ဆောင်ထားရသော်လည်း စိတ်ထဲမှာတော့ တုန်လှုပ်နေသည်။

"ပြစမ်းပါဦး အစ်ကိုကြီးရယ်...ထူးထူးဆန်းဆန်းပါလား...ခေတ်လုံးတို့ ပြဒါးတို့ဆိုတာ ကြားတော့ကြားဖူးတယ်...မတွေ့ဖူးသေးဘူး"

သူမလက်ထဲကို ပုလင်းကလေးကမ်းလိုက်သည်။ ပုလင်းကလေးမှာ အပြားက လက်နှစ်လုံး အရှည်က တစ်လက်မခွဲလောက်ရှည်ပြီး အဖြူရောင်အရည်ကြည်များ စိမ်ပားလျက် အဲထဲတွင် ငြိမ်သက်စွာ ရှိနေသောခေတ်လုံးမှာ အရောင်ထွက်နေသလိုရှိ၏။

"ဒါက ဘာစွမ်းလို့လဲ"

"အဘိုးလက်ထက်မှာတော့ နေသိဒ္ဓိ၊ ကာယသိဒ္ဓိ ပြီးတယ်လို့ ပြောတယ်၊ အစ်ကိုကြီးလက်ထက်မှာလဲ စွမ်းတာကလေးတွေ တွေ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် သူက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုပြီး သီလကိုထိန်းမှ အဲဒီလူမှာ စွမ်းတာဆိုတော့… အစ်ကိုကြီးကတော့…အဟင်း…

တစ်ချက်ရှက်ရယ်ရယ်လိုက်ပြီးမှ…

"ဘုရားတရားကလည်းမရှိ၊ သီလကလည်း မမြဲတော့ ဘယ်လိုလုပ်စွမ်းတော့မှာလဲ…မစွမ်းဘူးဆိုတာ လူကို မစွမ်းတာနော်… ဒုက္ခတောင်ပေးတယ်၊ အစ်ကိုကြီးလည်း ကိုယ်မှာ မဆောင်ရဲလို့ရယ်၊ အဘိုးပစ္စည်းဖြစ်နေတာနဲ့ ဒီအတိုင်းပဲ ပုလင်းထဲမှာ အမြတ်တနိုးသိမ်းထားလိုက်တော့တယ်"

စိတ်တွင်းမှာ တွေးလိုက်တာ…

"ဘိုနီရေ…မင်းလည်း သီလထိန်းမယ့်ကောင်မဟုတ်ပါဘူး၊ မင်းက ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်ဖြစ်နေတဲ့ကောင်လို့ သဘ္ဘာတွေးက ပြောတာပဲ…မင်းအကြံ လက်လျှော့လိုက်ပါတော့"

"ဒါက ဘာအရည်တွေလဲ"

"ဓာတုဗေဒဆေးရည်တွေလေ…ဓာတ်လုံးကို အရောင်ထွက်ဖို့နဲ့ မပျက်စီးဖို့ ထိန်းသိမ်းထားပေးတာ"

လက်ထဲတွင် ကြာကြာကိုင်မထားရဲဘဲ ဓာတ်လုံးပါသောပုလင်းကလေးကို ပြန်ပေးလိုက်သည်။

"ကဲ…ကိုကြီးတို့ တစ်ခုခုသောက်ရအောင်"

အစ်ကိုကြီးမှ ကိုကြီးဆိုသောစကားအဆင့်သို့ ဦးဘိုဖြူကပြောကာ မှောက်ထားသောဖန်ခွက်နှစ်လုံးကို လှန်လိုက်၏။ နိုင်ငံခြားဖြစ်



အချိုရည်ဘူးနှစ်ဘူးမှ တစ်ဘူးကိုဖောက်၍ သူ့ဖန်ခွက်ထဲလောင်းထည့်သည်။

ထိုနည်းအတူ ဖောက်ပြီးသားဘူးထဲမှ အဝါရောင်အရည်တွေကို နှင်းဒေဝီဖန်ခွက်ထဲ လောင်းထည့်ပေး၏။

ဖန်ခွက်နှစ်ခုထဲရှိ အရည်တွေမှာ သွေးတူမွေးကူဖြစ်သလို ထည့်ထားသည်မှာလည်း နှစ်ခွက်လုံးအတိအကျပဲ။

နှင်းဒေဝီ စိတ်ထဲ ဒွိဟဖြစ်သွား၏။

ဦးဘိုဖြူ၏ ဖန်ခွက်ထဲကို မဖောက်ရသေးသော အချိုရည်ဘူးကို ဖောက်ပြီးမှ သွန်ထည့်သည်။

မိမိဘူးကျတော့ ဖောက်ပြီးသား။

စိတ်ထဲ တစ်မျိုးကြီး။

ဝတ္ထုတွေ ဖတ်ဖူးသည်။ ရုပ်ရှင်တွေ ကြည့်ဖူးသည်။ အဲသည်တွေထဲမှ အရက်တို့ အချိုရည်တို့ထဲမှာ အဆိပ်ခတ်သားတတ်သည်။ ဦးဘိုဖြူက မိမိအား ဓာတ်လုံးလာပြသည်မှာ မိမိကို ကသိကအောင့်လုပ်လိုလို့လား။ မိမိတို့ အကြံအစည်ကိုပဲ သူရိပ်မိသွားလေပြီလား။

မိမိဖန်ခွက်ထဲတွင် အဆိပ်မပါဟု မပြောနိုင်ပါ။

အဆိပ်ကို ဘူးဖောက်ပြီး ကြိုတင်ထည့်ထားနိုင်၏။

တွေးပြီး နှင်းဒေဝီခမျာ ကျောချမ်းသွားသည်။ မျက်နှာကလေး

ပျက်သယောင်ဖြစ်သွားသည်။ ဒါကို ဦးဘိုဖြူ သတိထားမိ၏။

သည်စဉ်မှာပဲ စီဒီစင်ပေါ်တွင် တင်ထားသော ဖုန်းမှ လူခေါ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းသံကလေးမြည်လာသည်။ အဲသည်စင်က သူတို့နေရာနှင့် လေးငါးလှမ်းဝေးသည်။

ဦးဘိုဖြူက ထ၍ လေးငါးလှမ်းကျော်ခိုင်းလျှောက်သွားသည်။ အဲသည်အချိန်မှာပဲ ဖန်ခွက်ချင်းလဲဖို့ နှင်းဒေဝီက လက်ရွယ်လိုက်၏။ သည်စဉ် စိတ်မလုံသော ဦးဘိုဖြူက ဖုန်းကိုကောက်ကိုင်၍ သူ့ဘက်လှည့်လိုက်၏။

သူမက သူမ၏လက်ကို အချိန်မီ ရုပ်သိမ်းလိုက်သော်လည်း အနေအထားနည်းနည်းပျက်သွားတာကို ဦးဘိုဖြူ သတိထားလိုက်မိ၏။

"ဘာပြောမလဲဟေ့"

"ဘော့(စ်)…ရုပ်မြင်စက်က ဖမ်းမရတော့ဘူး။ ရီစီဗာမှာ တစ်ခုခုဖြစ်နေပြီထင်တာပဲ"

"ဟော…ဒါဆို ငါ့အိပ်ခန်းထဲမှာ ဘာတွေဖြစ်တယ်ဆိုတာ မသိဘူးပေါ့"

"ရီစီဗာက ရုပ်မဖမ်းတော့ ဒီမှာ ဘာမှမပေါ်ဘူး"

"မင်းတို့စက်များ ပျက်နေလား"

"စက်ကောင်းတယ်…ဆိုင်ဖာတွေလည်းကောင်းနေတာပဲ"

ဦးဘိုဖြူစိတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သူ့အိပ်ခန်းကို သွား၍ ကြည့်ရဦးမည်။ မကြည့်ခင် သည်ဟာမလေးကို လက်စသတ်ရလိမ့်မည်။

"ဘာလဲ…ကိုကြီး"



အနားတွင် လာထိုင်သော ဦးဘိုဖြူကို နှင်းဒေဝီကလေး[illegible] သူမ၏ဖန်ခွက်အား ဘယ်သို့လုပ်ရမည်ကို စဉ်းစားနေ၏။ ဟိုလူကြီးက ကျောခိုင်းသွားပြီးမှ သူ့ဘက်လှည့် ဖုန်းပြောနေတာကြောင့် မလုံမလဲ ဖြစ်လိုက်မိ၏။

ဦးဘိုဖြူကတော့ နှင်းဒေဝီ၏ ပျက်တက်ဘက်မျက်နှာလေးနှင့် ထိုင်နေသောအနေအထားလေးပျက်သွားတာကြောင့် သံသယဖြစ်သွားသည်။ သူမ ဖန်ခွက်ချင်းလဲလိုက်ပြီပေါ့။

ဘာရမလဲကွာ…။

ဘိုဖြူပဲ…

"ဟာ…ဟိုမှာဘာပါလိမ့်"

နှင်းဒေဝီ ကျောခိုင်းရာဘက်ကို ထိတ်လန့်တကြားအသံနှင့် ဦးဘိုဖြူကပြောတော့ နှင်းဒေဝီလန့်ကာ လှည့်ကြည့်၏။ သူမနောက်တွင် ဘာရောက်နေသလဲ။ အသေအချာကြည့်သည်။

အဲသည်အတွင်းမှာ ဦးဘိုဖြူက သူ့ခွက်နှင့် ကောင်မလေး၏ ခွက်ကို အချိန်မီလဲလိုက်နိုင်သည်။

အချိန်မီရုံကလေးပဲ။ ကောင်မလေး ခေါင်းက ပြန်လှည့်လာ၏။ ဒါပေမယ့် ဖန်ခွက်ချင်းလဲလိုက်ပြီဖြစ်ကြောင်း သူမ ရိပ်စားမိ၏။

"အပတီး"

"အပတီး"

မလုံမလဲ ဦးဘိုဖြူက ရယ်လိုက်၍…

www.burmeseclassic.com

www.burmeseclassic.com



''လှူရိပ်လိုလို တွေ့လိုက်လို့ပါ…ကဲ…တို့(စ်)(TOSS)လုပ်ကြရအောင်နော်…စနိုးပ္ပိုက်''

သူတို့နှစ်ယောက် အရက်သမားတွေလို ဖန်ခွက်ကို မြှောက်ကာ ဖန်ခွက်သားချင်း ချွင်ခနဲနေအောင် ထိလိုက်ကြ၏။

''ကိုကြီး ကျန်းမာပါစေ''

''စနိုးပ္ပိုက် ကျန်းမာပါစေ''

တစ်ယောက်နှင့်တစ်ယောက် ဆုတောင်းပေး၏။ ချက်ချင်းမသောက်သေးဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်နေပြီးမှ ဦးဘိုဖြူက သူ့ခွက်ကို သံသယကင်းစွာ တရှိန်ထိုးသောက်ချလိုက်၏။

နှင်းဒေဝီကလည်း တရှိန်ထိုးမော့ချသည်။

''ဟား…အဟီး…ဟင်း''

လည်ချောင်းထဲ နှင်သွားသလို နှင်းဒေဝီ ရင်ထဲမှာ ဘုရား… မိ၏။ မျက်နှာကလေး ရှုံ့မဲ့သွား၏။

ဒါကို ဦးဘိုဖြူက ပြုံးကြည့်နေသည်။ နှင်းဒေဝီမှာ အချိုရည်၏ စူးရှသော ဂက်(စ်)ကြောင့် မျက်နှာလေးရှုံ့သွားခြင်းဖြစ်သ… သူ့ကို ပြုံးကြည့်နေသော ဦးဘိုဖြူမှာ အပြုံးတွေပျောက်ကာ ကွက်… မျက်နှာပျက်သွား၏။

ချက်ချင်း အုခနဲ အုခနဲ ကြို့တွေထိုးလာကာ မျက်နှာ… ဖြူလျော့သွားသည်။ လည်ပင်းကို ကိုင်လိုက်သည်။

''နှင်း…ဒေဝီ…မင်း…မင်း''



ဒါပဲ သူပြောနိုင်သည်။ ပါးစပ်ထဲမှ သွေးတွေပွက်ခနဲ…ကာ ရှေ့ရှိ စားပွဲဝိုင်းပေါ်သို့ မျက်နှာထိုးစိုက်ကျသွား၏။

ပွဲပြီးပြီ။

သူ့ကြယ်ပွာသူ ဖန်တီးသွားပြီပေါ့။

နှင်းဒေဝီသည် ထိတ်လန့်တကြားပင် သူမ၏ ကုလားထိုင်ကို နောက်ဖယ်တွန်း၍ ထလိုက်၏။

သူမကိုယ်သူမလည်း ဆန်းစစ်ရသေး၏။

သူမ ဘာမှမဖြစ်တာကို ကျေနပ်စွာတွေ့ရ၏။

ဦးဘိုဖြူအလောင်းကို ငိုင်တွေငေးကြည့်နေပြီးမှ သတိရလို့ သူ၏ ရိုး(လ်)ရှိုက်(စ်)လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ရှစ်နာရီ ထိုးပြီးနေပြီ။

သူမက စားပွဲပေါ်မှာ တင်ထားဆဲရှိနေသည့် ဓာတ်လုံးပါ ပုလင်းကလေးကို ဆတ်ခနဲဆွဲယူလိုက်တော့သည်။

အခုမှ ပွဲတကယ်ပြီးတာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းစဉ် (၁၃)

ပြေးကြစို့။

သူ့အလျှင် မင်းညိုစံက ပြေးသွားချေပြီ။ တကယ်မိုက်ကန်းတဲ့လူ။

ဂျက်စ္စနေက အခန်းတံခါးကို ဆွဲဖွင့်ချိန်တွင် မင်းညိုစံက ကော်ရစ်ဒါစင်္ကြံလမ်းမှာ မရှိတော့ပါ။

မီးတွေကတော့ လင်းနေသည်။

မင်းညိုစံသည် ကမူးရှူးတိုးပြေးလာရာ လမ်းတွင် မည်သူ့တစ်ဦးတစ်ယောက်ကိုမှ မတွေ့ပါ။ တကယ် ကံကောင်းတာပဲ။

တွေ့မယ့်တွေ့တော့ အဆောက်အဦ၏အပေါက်ဝမှာ ခိုးကြောင်ခိုးဝှက်ရပ်နေသော နှင်းဒေဝီ။



သူ ဝမ်းသာသွားသည်။

"သွားကြစို့ ဒေဝီ"

"ကိုဂျက်ကော"

"ဟာ…ဒီလူတော်တော်လောဘကြီးတဲ့လူ… ဟိုပစ္စည်းရတာ ဟာင် မီးခံသေတ္တာထဲက ရတနာတွေသယ်နေတယ်"

"ဟို…ပစ္စည်း"

"ဟုတ်တယ်လေ…လာ…သွားစို့"

"ဟင့်အင်း…ကိုဂျက်ကို စောင့်ဦးမယ်"

မင်းညိုစံ လိမ်မှန်းသိတာကြောင့် သူမက သူ့ကို မသက်သာတော့။

"ဟိုပစ္စည်းရပြီးလား"

"ရပြီ…ကိုဂျက် လက်ထဲမှာ"

မင်းညိုစံကို မယုံကြည်ပါ။ ယောကျ်ားတွေ၏စိတ်ကို သိသည်။ ါန်းမနှင့်ပတ်သက်လာလျှင် မွှန်ထတတ်သည်။ သူမနာလိုလို့ ကိုဂျက်ကို သတ်ပစ်ခဲ့လေပြီလား။

"ဒီမိန်းမ ဘာလုပ်နေတာလဲ…သွားမယ်…ဟိုလူကြီး ဦးဘိုဖြူ ပိုက်လာလိမ့်မယ်"

"ဦးဘိုဖြူ သေပြီ"

"ဟင်"

"ကိုဂျက်မပါရင် ကျွန်မ မသွားဘူး၊ ရှင့်ကို ကျွန်မ မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ဟာကွာ...ပြောမရလည်း ခွေးသေဝက်သေ သေခဲ့ဟေ့''

ပုဂံရာဇဝင်တွင် ကျွန်စစ်သားက စောလူးကိုကယ်ရာ၌ သည်စကားမျိုး ပြောခဲ့သည်ဟု ရာဇဝင်ဆရာတချို့က ဆိုကြသည်။ သည်စကားမျိုးက ခေတ်စကားမို့ ကျွန်စစ်သားပြောတတ်ပါမလား။

ပြောတတ်သည်ဆိုလျှင် မင်းညိုစံက ကျွန်စစ်သားလုပ်လေပြီ။

သူက အမှောင်ထဲတွင်ပင် ပြေးထွက်သွား၏။ နှင်းဒေဝီမှာ ကြောက်ရမှန်းမသိဘဲ ငူငူကြီးကျန်ခဲ့၏။ ပြေးပဲပြေးရမလား။ ကိုဂျက်ပဲ စောင့်ရမလား။

''ဒေဝီ''

''ဟင်...ကိုဂျက်''

သူမအနီးသို့ ကိုဂျက်အမောတကော ရောက်လာ၏။

''မင်းညိုစံကော''

''သွားပြီ''

''ဒီလူသစ္စာဖောက်တယ်''

''ထင်သားပဲ''

''ကဲ...သွားကြစို့...ပစ္စည်းမရတော့ဘူး''

''ဟိုလူကြီးတော့ သေသွားပြီ ကိုဂျက်''

''ဟင်...ဟုတ်လား''

''နောက်မှပြောပြမယ်...သွားမယ်''



ရှိ...ရှိ...ရှိ...

မမျှော်လင့်သော ဝီစီသံများသည် ကိုဂျက်တို့ လာခဲ့သောလမ်းမှ ပေါ်လာသည်။

ကိုဂျက်နှင့် နှင်းဒေဝီသည် မှောင်ထဲမှာ ပြေးထွက်သွားကြသည်။

ထိုစဉ် တောင်ကုန်းအောက်ဘက်မှ သေနတ်သံတွေ ပေါ်လာကာ ညအမှောင်ထဲတွင် လိမ္မော်ရောင်မီးပွင့်ကလေးတွေ တန်းခနဲဖျတ်ခနဲ ပေါ်လာသည်။

''ဟာ...အောက်မှလူတွေသိကုန်ပြီ''

''ကိုမင်းညိုစံပဲ ဖြစ်ရမယ်...သူ ပြေးတာ လူသိသွားပြီ''

''ဘယ်လိုလုပ်မလဲ...ကိုယ်တို့ပြေးလို့မရတော့ဘူး''

ဂျက်အသံက အားလျော့သံ။

ဒေဝီမှာ တွေနေသည်။ ချက်ချင်းပင် သတိရသလို။

''လာ...ကိုဂျက်''

လက်ကိုဆွဲပြီး မှောင်ထဲမှာ ခေါ်သွားသည်။ ညသည် ညဉ့်ဦးယံပဲ ရှိနေသေးသောကြောင့် ပိန်းပိတ်အောင် မှောင်မည်းမနေပါ။

အဆောက်အဦ၏ နောက်ဘက်လည်း ရောက်ရော နှစ်ယောက်လုံး လေဟာနယ်ထဲ ရောက်သွားကြသည်။

ချောက်တစ်ခုထဲရောက်သွားသလို ခံစားလိုက်ကြရပြီး ဘွမ်းခနဲ ဘွမ်းခနဲ အသံတွေပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အခေါက်အညီနောက်ဘက်မှာ ချောက်သဖွယ်ဖြစ်နေကာ တောင်ကုန်းပတ်လည်ဖောက်ထားသော တူးမြောင်းထဲကို နှစ်ယောက်လုံး မမြင်မကမ်းနှင့် ထိုးဆင်းသွားခြင်းဖြစ်သည်။

ကိုယ်လုံးနှင့် ရေပြင် ထိလိုက်တာကို သိလိုက်ကြသည်။ ဖျော်မဝေးတွင် လူတွေ ပြေးလွှားနေကြသည်။

မင်းညိုစံမှာ နှင်းဒေဗီ မလိုက်လာသဖြင့် ဒေါသနှင့် အရှောင်ထဲ ထွက်လာသည်။ နဂိုရ်ကပင် လေ့လာထားတာမို့ ကိုက်နှစ်မျှလောက်ပြေးမိလျှင် ရပ်လိုက်၏။

အဆောက်အဦမှာ ဝင်းတော်မထားပါ။

သူက စမ်းတဝါးဝါးနှင့် ကျောက်လှေကားထစ်တွေဆီသို့ လာခဲ့သည်။ ကျောက်လှေကားထစ်မှာ တောင်ကုန်းအောက်ခြေအထိ ပေတစ်ရာလောက်ရှိမည်။

သူက စမ်းတဝါးဝါးနှင့်ဆင်းသည်။

ဘောင်းဘီဘေးအိတ်များထဲတွင် အပြည့်အသိပ်နိုးပါး ထည့်ထားသော နိုင်ငံခြားငွေစက္ကူများ၊ ကျောက်မျက်ရတနာများ၏ အလေးချိန်ကြောင့် ဆင်းရာတွင် ဖင်ဖွဲ့နေသည်။

အောက်ဆုံးလှေကားထစ်အရောက်တွင် သူ ခြေချော်ကျသွားသည်။ စံအိမ်တော်ကြီးဆီမှ ပိစိမှုတ်သံတွေ အဆက်မပြတ်လွှင့်လာ၏။



သူ့ကိုယ်သူ မထိန်းနိုင် မသိမ်းနိုင်ပဲ တံတားဆီသို့ အရှေ့မှာ တံတားနှင့် ထပ်ခိုက်မိကာ တူးမြောင်းကမ်းပါးမှတစ်ဆင့် ရေထဲသို့ ဝုန်းကနဲ ဆက်ချော်ကျသွားတော့၏။

အဲသည်မှာ စောင့်နေသောအစောင့်များဆီမှ မြန်မာသံရော ကုလားသံရော ယိုဒယားစကားသံတွေပါစုံသွားသည်။

သူတို့သည် လက်နှိပ်ဓာတ်မီးများနှင့် ရေထဲသို့ ထိုးကြည့်ကြသည်။

မင်းညိုစံမှာ ရတနာတွေသာမပါလျှင် သူ့တစ်ကိုယ်လုံး ငုပ်ကောင်းငုပ်နိုင်မည်ဖြစ်သော်လည်း ရတနာအလေးချိန်တွေက သူ့ကို လိုသည်ထက် ပိုနှစ်နေသဖြင့် ရေငုပ်မပုန်းအောင်းရဲပါ။

သူက ရှိသမျှအားနှင့် တစ်ဘက်ကမ်းတူးမြောင်းသို့ ကူးခတ်သည်။ တူးမြောင်းအကျယ်အဝန်းက ပေသုံးဆယ်လောက်ရှိပေမည်။

သူကူးစဉ် ဘောင်းဘီထဲမှ ရတနာအလေးချိန်တွေကြောင့် သူ့ကိုယ်အောက်ပိုင်းမှာ ကူးသလောက်မပါနိုင်ဘဲ နစ်နစ်သွားသည်။

လက်နှိပ်ဓာတ်မီးများကို လွှမ်းပြီး ကမ်းစပ်မှ မီးမောင်းပေါ်လာသည်။

မင်းညိုစံ ကံကြမ္မာခေချေပြီ။

ရတနာတွေသာမပါလျှင် တစ်ဘက်ကမ်းသို့ လွတ်လွတ်လပ်လပ် ကူးနိုင်၏။ ရတနာတွေကို လောဘဇောတက်ကာ မစွန့်ပစ်ဘဲ ယူခဲ့မိတော့ ပြေးလို့မလွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မီးခေါင်းတွေက သူ့အပေါ်ထင်းထင်းကြီးတိုးမိချိန်တွင် အခေါင့်ပေါ့ခွင့်ဆိမှ ကျည်ဆန်တွေက တရစပ်ထွက်လာသည်။

တူးမြောင်းရေကြည်ကြည်မှာ သွေးနီရောင်လွှမ်းသွားတာကို မီးမောင်းအလင်းရောင်တွင် သိနိုင်သည်။

မင်းညိုစံ၏ ကိုယ်ကြီးမှာ ကျည်ဆန်တွေ ကြိမ်ကုလားထိုင်ပေါက်ဖြစ်ကာဝင်ပြီး ရေထဲတွင် မှောက်လျက်ကြီးပေါလောပေါ်နေသည်။

တစ်ဦးနှင့် မေးမြန်းသံတွေ၊ အော်ပြောသံတွေက သေနတ်သံတွေ စဲပြီးနောက်မှ ပေါ်ထွက်လာကြသည်။

အိမ်ကြီးထဲမှ ဝီစီသံကလည်း ငြိမ်သွားခဲ့ပါပြီ။

သေဆုံးနေခဲ့သော ဦးဘိုဖြူ၏အလောင်းကိုလည်း ဒေးအပါအဝင် လူတစ်စုက တွေ့သွားခဲ့ကြပါပြီ။

တခြားလူတွေ စိတ်မကောင်းကြသလို ဒေးကတော့ ငယ်စဉ်ကတည်းက အဖေလို၊ သခင်လို၊ ဆရာလို ရှိသေရသော ဦးဘိုဖြူအလောင်းကိုကြည့်ကာ အားရိုပါးရို ရှိုက်ကြီးတငင် ငိုကျွေးခဲ့သည်။

သူ့ဘာသာစကားနှင့် ပါးစပ်မှ တတွတ်တွတ်ပြောကာ မျက်နှာကြီးကို တဒုန်းဒုန်း တဆတ်ဆတ် ထုရိုက်နှက်သည်။

အဲသည်နောက် မျက်ရည်စတွေကိုသုတ်သည်။ မျက်နှာကြီးမှာ ကြောက်မက်ဘွယ်ရာ တင်းမာနေသည်။



"ဒီကောင်တွေကို ငါသတ်မယ်"

သူက အော်သည်။ တူးမြောင်းနားတွင် တာဝန်ကျသော လူတစ်ယောက်က…

"ဒေး…သူ့တို့အထဲက တစ်ယောက်တော့ သေသွားပြီ၊ ကျုပ်တို့ ဝိုင်းပစ်သတ်လိုက်ကြတယ်၊ သူ့ဘောင်းဘီတွေထဲမှာ ရတနာတွေ တွေ့တယ်"

အဝတ်တစ်ခုနှင့် ထုပ်ထားသော ရတနာတွေကိုပါပြ၏။ ဦးဘိုဖြူ မရှိလျှင် ဒေးက သည်မှာ ခေါင်းဆောင်ပဲဖြစ်သည်။

"ကျန်တဲ့နှစ်ယောက်ရော"

"အဲဒါတော့ မသိဘူး၊ ထွက်ပြေးကြမှာပေါ့…အိမ်ကြီးနောက်ဘက်က ရေထဲခုန်ချသံတွေတော့ကြားတယ်"

"မင်းတို့ ကျွန်းကိုပတ်ပြီး လိုက်ကြ…နေဦး မလိုက်နဲ့တော့…ဒီကိစ္စကို ငါတစ်ယောက်တည်းလိုက်ပြီး ဆရာ့အတွက် လက်စားချေမယ်…မင်းတို့ ဆရာ့အလောင်းကို ကောင်းကောင်းပြင်ထားကြ၊ ငါ ပြန်လာတာနဲ့ ဆရာ့ကို အခန်းအနားနဲ့ သင်္ဂြိုဟ်မယ်"

သူ့အသံက မာကြောလှသည်။ အစောင့်အဖွဲ့သားများသည် ဦးဘိုဖြူပြီးလျှင် ဒေးကို အကြောက်ရဆုံးဖြစ်သည်။

ဒေးမှာ လူရိုင်းတစ်ယောက်လိုနေသော်လည်း အဖွဲ့ကို အုပ်ချုပ်နိုင်စွမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လှံကြီးတစ်လက်နှင့် အသစ်စက်စက် ငါးထောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကိုယူကာ ဂျက်စနေတို့ နှမ်းချခဲ့သော နေရာဘက်သို့ သွားသည်။

တူးမြောင်းကို စစ်ဆေးသည်။ မီးရောင်အောက်တွင် တူးမြောင်း ကမ်းပါးပေါ်သို့ တက်သောခြေရာတွေကို တွေ့ရသည်။ ပြီးတော့ တူးမြောင်းနားမှ ပိပြားနေသော မြက်ပင်လေးတွေမှာ လတ်လတ်ဆတ်ဆတ်ပဲရှိသေးသည်။

သင်းတို့ ဘယ်ပြေးမလဲ။

ကြောက်စရာကောင်းသော သူ့ရုပ်သွင်တွင် ကျေနပ်သောအပြုံးကလေး ပေါ်လာသည်။

သူသည် ဖျတ်လတ်သောမျက်လုံးအစုံနှင့် မှောင်ထဲ အကဲခတ်ကာ လေထဲတွင် အနံ့ကို ရှူလိုက်သည်။

မွှေးကြိုင်သော အနံ့တစ်ခုကို သူရနေသည်။ အမဲလိုက်ခွေးလို အနံ့ခံကောင်းသော သူ့အဖို့ အမွှေးနံ့သည် မိန်းကလေးတစ်ယောက်၏ ကိုယ်ပေါ်မှ လေထဲဝေ့ကျန်ခဲ့သောအနံ့ဖြစ်၏။

ထိုအနံ့ကို ခံပြီး မှောင်ထဲတွင် ကျားမျက်လုံးလို ရဲတင်းစူးရှ ဖျတ်လတ်သောမျက်လုံးများနှင့် လိုက်တော့သည်။

အဲသည်အချိန်တွင် မှောင်ထဲတွင် အလဲလဲအပြိုပြိုနှင့် ဂျက်စနေရော နှင်းဒေဝီပါ သုတ်ခြေတင်ကြသည်။ နောက်ဘက်မှ အန္တရာယ်



သည် သူတို့နောက်တွင် ကပ်နေပြီဖြစ်ကြောင်း သိကြသည်။

ဆူးချုံတွေ၊ သစ်ပင်တွေကြားထဲတိုးရသည်မှာ မသက်သာပါ။ ထို့ပြင် နှင်းဒေဝီကို ဒုက္ခပေးလေသည်ကား သူမဝတ်ထားသော ဂါဝန်ပင်ဖြစ်သည်။

ယင်းဂါဝန်မှာ အောက်ပိုင်းမှာ အလွှာပေါင်းအထပ်ပေါင်းများစွာဖြင့် ကားပြီးရှည်လျားဟာမို့ ဒါကြီး မ,မပြေးရတာမလွယ်လှပါ။

ချွတ်ပစ်လို့ကလည်း ကိုယ်တုံးလုံးပဲ ဗလာကျင်းတော့မည်။

သူမ၏ ဂါဝန်စတွေက သစ်ပင်ချုံနွယ်တချို့တွင် ငြိကျန်ရစ်ခဲ့၏။

တစ်နာရီလောက်ပြေးမိတော့ ဂျက်စနေမှာ ယောကျ်ားသားမို့ ဘာမှမဖြစ်သော်လည်း နှင်းဒေဝီမှာ ခြေသလုံးတွေတောင့်ပြီး မောပိုက်လာသည်။

"အစ်ကိုရယ်...ကိုဂျက်ရယ်... ခဏလောက်နားကြရအောင်"

ယန်းလျှသံနှင့် သူမက ပြောသည်။ ရှေ့တွင် ရောက်နေသော ဂျက်စနေက မှောင်ထဲတွင် ရေးရေးမြင်ရသော သူမကို ကြည့်ကာ...

"နည်းနည်းလေးတော့ လှမ်းလိုက်ပါဦးလား ဒေဝီ ညီမလေးရယ်၊ တို့နောက်ကရန်က အေးတာမဟုတ်ဘူး၊ တို့ ဒီတောကိုဖြတ်ပြီး ကမ်းခြေဘက်ပြေးနိုင်မှ"

"သိပ်မလှမ်းနိုင်တော့ဘူး အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ၏အသံမှာ မောဟိုက်သံပါနေပြီး စကားသံတောင်မပီ။

''နားချင်လည်းနားလေ''

ခဏတော့ သူတို့နားကြသည်။ ဒေဝီမှာ အသက်ရှူမှန်လာသည်။ မောဟိုက်မှုလည်း တစ်စတစ်စ ပျောက်လာသည်။

''ကိုမင်းညိုစံတော့ သေပြီလင်တယ် အစ်ကို''

''သောရောပေါ့…သေနတ်သံတွေပေါ်လာတာ သူ့ကိုမြင်လို့ပစ်တာဖြစ်မယ်…ဒီလူ သိပ်မိုက်တဲ့လူ''

''ဘယ်လိုဖြစ်တာလဲ''

ညိုမင်းစံရတနာတွေယူပုံ၊ စကီမှာဆိုသော မိန်းကလေးကို သတ်ပစ်ခဲ့ပုံ၊ မိမိအား အခန်းထဲတွင် လှောင်ပိတ်ထားခဲ့ပုံများ ပြောပြခဲ့သည်။ သူမက သက်ပြင်းချရင်း…

'ဒါတော့ သူ့ဇာတ်သူသိမ်းသွားတာပဲ၊ မိန်းကလေးကို သတ်ပစ်ခဲ့တာတော့ အဆိုးဆုံးပဲ…ဟင်…နားထောင်စမ်း ကိုဂျက်''

သူတို့နှစ်ယောက် နားထောင်သည်။ အဝေးတစ်နေရာမှ ညဥ့်ငှက်တစ်ကောင်၏ အော်လိုက်သံဖြစ်သည်။

''ကဲ…ထ ဒေဝီ၊ ငှက်အော်သံက အစာမြင်လို့ အော်တာမဟုတ်ဘူး၊ သတ္တဝါတစ်ကောင်ကောင်ကိုမြင်လို့ အော်တဲ့အသံပဲ၊ သူတို့လိုက်လာကြပြီတူတယ်''

ဒေါသတကြီးနှင့် ခြေရာခံလိုက်နေသော ဒေးသည် ချုံပုတ်တွေ



တွေ့လျှင် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။ ချုံနွယ်ပင်အကျိုးမှာ

တစ်စုံတစ်ဦး၏ တိုးဝှေ့မှုကြောင့် အရွက်တွေပြတ်၊ အကိုင်းတွေကျိုးကျ

ကျန်ခဲ့တာကို သုံးသပ်မိသည်။

သစ်ရွက်ပြတ်တာ၊ အကိုင်းကျိုးတာတွေက လတ်လတ်ဆတ်

ဆတ်ပင်ရှိသည်။

သစ်ကိုင်းသစ်ခက်သစ်ရွက်တွေကို အနံ့ခံကြည့်၏။ မွှေးတေး

တေးအနံ့နှင့် ချွေးနံ့က ယင်းအပင်အခက်အရွက်တွေမှာ ငြိစွန်းကျန်

ရစ်ခဲ့၏။

သူစိတ်အားထက်သန်စွာဆက်လိုက်သည်။

ချုံနွယ်တစ်ခုတွင် ဖြူဖြူစလေးတစ်ခုရှိနေသဖြင့် ဆွဲယူရာ ပိတ်စ

လေးတစ်စဖြစ်နေသည်။

ဒါမိန်းကလေးကိုယ်မှ ကျန်ရစ်ခဲ့သောပိတ်စ။

ပိတ်အနားစတွေမှာ စုတ်ဖွာနေသည်။

သူတို့သည်ဘက်မှ ပြေးတာမလွဲမသွေတော့ပါ။

လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်၏။ အကြောင်းက မီးရောင်ကို

မြင်သဖြင့် ငှက်တစ်ကောင် ထပျံပြီး လန့်အော်ခြင်းဖြစ်သည်။

သူလိုက်နေသော သားကောင်များမှာ သူ့လက်တွင်းမှ ပြေး

မလွတ်နိုင်ပြီကို သိသည်။ ခြေရာခံနိုင်ဖို့ပဲ အရေးကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



မြွေတစ်ကောင်သည် သူ့ရှေ့မှ ဖြတ်သွားနေသည်။ ဒေးက မြွေသားဆိုလျှင် ကြိုက်သည်။

လက်နှိပ်ဓာတ်မီးနှင့်ထိုးဖို့မလိုပါ။

သူ့မျက်လုံးများသည် ထူးဆန်း၏။ ကျားမျက်လုံးတွေလို မှောင်ထဲတွင် လှုပ်ရှားမှုမှန်သရွေ့ မြင်နိုင်စွမ်းရှိ၏။

လုံရိုးနှင့်မြွေကို ရိုက်သတ်သည်။

ပြီးတော့ လုံသွားနှင့် မြွေ၏ ဦးခေါင်းကိုဖြတ်တောက်ပစ်လိုက်၏။

မှောင်ထဲတွင်ပင် မြွေကို အစိမ်းလိုက် ကိုက်ဝါးစားရင်းရှေ့မှ သားကောင်တို့၏ ပြေးရာလမ်းတစ်လျှောက်ကို လိုက်ရှာနေသည်။

နောက်က ဘယ်သူတွေ ဘယ်လိုလိုက်လာလိမ့်မယ်ဆိုတာကို သူတို့နှစ်ယောက် မမှန်းဆနိုင်စေကာမူ ဒေးဆိုသည့် လူတိရစ္ဆာန်ကောင်ကြီး ပါလာမည်ကိုတော့ သူတို့နှစ်ယောက်သား သိကြသည်။

နှစ်ဦးလုံးစောစောကလို မပြေးတော့ဘဲ မှန်မှန်ပဲလျှောက်သည်။ [illegible]တွေက တစ်စတစ်စ စုတ်ပြဲကုန်ခဲ့တာကြောင့် ဂါဝန်မှာ ဒေပီ၏ ပေါင်ရင်းနားတွင်ပင် ကျန်ရစ်ခဲ့တော့၏။

အတွေ့အကြုံနည်းတာမို့ ဒီလိုစုတ်ပြဲကျန်ခဲ့ကြောင်းကို သူမ က ဂျက်စနေကို မပြောမိချေ။



ဂျက်က သူ၏သေးငယ်သောလက်နှိပ်ဓာတ်မီးလေးကို [illegible] မဖြစ်တာမို့ တစ်ခါတစ်ခါ သုံးရသည်။ အဲသည်လိုသုံးတာကလည်း အကျိုးသက်ရောက်သည်။

သစ်ပင်တစ်ပင်အောက်သို့ ဖြတ်မည်အပြု သစ်ပင်အောက်တွင် ခေါက်ဆွဲဖတ်တွေလို ရှပ်ထွေးနေသော မြွေတွေကိုသွားတွေ့၏။

မြွေစိမ်းများပင်ဖြစ်သည်။

ထိုမြွေတွေကို တက်နင်းလိုက်က သက်သာမည်မဟုတ်။ အကိုက်ခံရမှာ သေချာသည်။

အဆိပ်ရှိမရှိတော့ မသိပါ။

သူတို့ကံကောင်းသည်။ နှစ်ယောက်လုံး ပြန်ဆုတ်လာကြပြီး [illegible]သော် တခြားလမ်းကို ရှာဖွေသွားကြသည်။

"ပစ္စည်းမဲ့ရတော့ ဦးဘိုဖြူကို ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိတော့ဘူး"

"စိတ်မလျှော့ပါနဲ့ အစ်ကိုရယ်"

သူမစကားပြောလျှင် ကိုဂျက်လို့လည်း ခေါ် အစ်ကိုလို့လည်း [illegible]ါသည်။ သည်လူသည် ဖောက်ထွင်းသမားတစ်ဦးဖြစ်သော်လည်း [illegible]တိသစ္စာတည်ပြီး သမာဓိစိတ်ရှိကြောင်း ဒေပီ သိလာသည်။

လေးလည်းလေးစားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ဆက်ဆံရာတွင်လည်း အစ်ကိုတစ်ယောက်လိုပဲ ဆက်ဆံသည်။ သူ့ကိုလည်း ညီမလေးတစ်ယောက်လိုပဲ သဘောထား၏။

"စိတ်မလျှော့ပါဘူး၊ ဒါပေမယ့် ပစ္စည်းမရဘူးဆိုတော့ ကျွန်ငွေသိန်းကိုးဆယ်ကို တို့က ဘယ်လိုလုပ်ရတော့မှာပဲ…အခုတောင် အသက်လုပြေးနေရပြီ"

"ကိုဂျက်"

"ပြော"

"အခု သုံးယောက်လာတာ ကိုဂျက်နဲ့ ဒေဝီနှစ်ယောက်ပဲ ကျန်တော့တယ်နော်၊ အခု ကိုဂျက်နဲ့ ဒေဝီ ကတိသစ္စာထားရအောင်"

"အမယ်လေးဟာ…နင်က ထူးထူးဆန်းဆန်း၊ ဘာကတိသစ္စာလဲ"

"နှစ်ယောက်လုံးရဲ့ အသက်ဟာ ရှင်သန်ပြီး လွတ်နိုင်မျှော်လင့်ချက်မရှိဘူး၊ တကယ်လို့ ချတ်ချော်တိမ်းပါးပြီး ဒေဝီ ဒီကျွန်းပေါ်မှာ အသက်ဆုံးရှုံးခဲ့ရင် ဒေဝီအတွက် ရထိုက်တဲ့ သိန်းကိုးဆယ်ကို ဒေဝီ့မိဘနဲ့ သားလေးဆီကို အရောက်ပို့ပေးပြီး သားလေးကို တစ်သက်လုံး စောင့်ရှောက်ပေးပါ့မယ်ဆိုတဲ့ ကတိပါ အစ်ကိုရယ်"

"နင်ကလည်းဟာ…ငါ့ကို စိတ်မလျှော့နဲ့ပြောပြီး ဘာတွေ



ပြောနေပါလား…နင့်ဟာကလည်း မဟုတ်သေးပါဘူး"

"လူ့ကံဆိုတာ မပြောနိုင်ဘူး အစ်ကိုရဲ့၊ ကိုယ့်ကိုယ်ကို ပျော်ရမယ်လို့စိတ်က သတ်မှတ်ထားပေမယ့် ကံကြမ္မာက တစ်မျိုးဖြစ်သွားတတ်တယ်၊ ဆယ်ရေးတရေး ကိုးရေးတစ်ရာအဖြစ် ဒေဝီ ပြောတာပါ"

"အေးပါ ဒေဝီရယ်…ငါ ကတိပေးပါတယ်၊ နင်မရှိခဲ့ရင် နင်ရမယ့်ငွေတွေကို နင့်သားလေးဆီ အရောက်ပို့ပေးပြီး ငါစောင့်ရှောက်ပါ့မယ်၊ နင်လည်း ငါ့ကို အဲဒီကတိအတိုင်းလုပ်၊ ငါသေရင် ငါရမယ့် ငွေတွေကို ငါ့မိဘတွေဆီကို ပို့ပေးလိုက်"

"စိတ်ချပါ အစ်ကိုရယ်…ဒေဝီ ကတိပေးပါတယ်"

သည်စဉ် ဂျက်စနေက ရယ်ဖြစ်သည်။ ဒေဝီက နားမလည်ဘဲ

"ဘာရယ်တာလဲ အစ်ကို"

"ဟိုစကားပုံလိုပေါ့ဟာ…မုန့်ဆီကြော်ဖြင့် ဘယ်နေတယ်မသိဘူး…နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတာလို…တို့မှာ ပစ္စည်းမရတဲ့အပြင် အခု သေပြေးရှင်ပြေး ပြေးနေရတယ် ဒေဝီ၊ ဦးဘိုနီ ယူခိုင်းတဲ့ ပစ္စည်း တို့မရတော့ တို့ ဘယ်လိုလုပ် သိန်းကိုးဆယ်ကို တောင်းကြမှာလဲ၊ စာချုပ်ထဲမှာ ပစ္စည်းအပ်မှ ကျွန်ငွေကို ရှင်းမယ်လို့ပါထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဒေဝီ့အကြောင်းကို မမေးတော့ဘူးလား"

"အေး…ဟုတ်သားပဲ…ဦးဘိုဖြူ သေပြီလို့ ဒေဝီပြောတယ်၊ အဲဒါ ဘယ်လိုအဓိပ္ပာယ်လဲ"

သည်တော့ ဒေဝီက လမ်းလျှောက်ရင်းပင် သူမ ဦးဘိုဖြူနှင့် ရှိနေပြီး ဓာတ်လုံးပုလင်း ဘယ်လိုရလာသည့်အကြောင်း၊ ဦးဘိုဖြူ ဘယ်လုပ်သခဲ့ရတာတွေကို ပြောပြ၏။ ပြောပြီးမှ…

"အား…လမ်းလျှောက်ရင်းပြောရတာ မောလိုက်တာ၊ ခလုတ် ကလည်း မှောင်ထဲမှာ ခဏခဏ တိုက်လိုက်သေးတယ်"

"မောတာကို အသာထား၊ ဘယ်မှာလဲပစ္စည်း"

"ရော့"

ဒေဝီသည် သူမ၏ ရင်ညွန့်ထဲတွင် သိုဝှက်ထားသော ပုလင်း ကလေးကို ထုတ်ပေးလိုက်သည်။ ယင်းပုလင်းကလေးကို ဂျက်စနေ က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၍ အထဲက ဓာတ်လုံးကိုမြင်လျှင် သူ့ကိုယ်သူ မယုံကြည်နိုင်အောင်ဖြစ်သွားသည်။

"ဟာ…ဟုတ်ရဲ့လား"

"အသက်နဲ့ရင်းပြီး ယူလာတဲ့ပစ္စည်းပါတော်…ဘာလဲ မယုံ လို့လား၊ မယုံရင် ဒေဝီ့ကို ပြန်ပေး…ဦးဘိုနီကို ဒေဝီကိုယ်တိုင်ပေး မယ်"



"ဟာ…ယုံပါတယ်၊ ဒီပစ္စည်းမရတော့ဘူးထင်နေတာ၊ ဒေဝီ က ယူလာတော့လည်း ဟုတ်မှဟုတ်ပါ့မလားလို့ မယုံမရဲဖြစ်နေတာ ပါ"

ဂျက်စနေ၏အသံမှာ ဝမ်းသာပျော်ရွှင်မှုတွေ၊ တက်ကြွမှုတွေ အပြည့်ပဲ။

"ဒါကြောင့်…အခုပဲ ဒေဝီ ပြောခဲ့တယ်လေ၊ ကံကြမ္မာဆိုတာ အပြောင်းအလဲရှိတတ်ပါတယ်လို့…အစ်ကို မရခဲ့တဲ့ပစ္စည်းကို ဒေဝီ က မမျှော်မှန်းပဲ ရလာတာ"

စကားဖြတ်သွားသည်။

အဝေးဆီမှ ငှက်တစ်အုပ် ပျံသန်းသွားသံကို ကြားရသည်။ လန့်ပြီးပျံသန်းခြင်းပင်။

"ဒေဝီ…ပြေးကြစို့"

အန္တရာယ်က ကပ်လိုက်လာပြန်ချေပြီ။

သူတို့နှစ်ယောက်သည် သော့သော့လေးပဲ ပြေးကြသည်။ ဓာတ်လုံးပါသောပုလင်းလေးကို ဒေဝီအား ပြန်မပေးတော့ဘဲ ဂျက်စနေ က သူ့ဘောင်းဘီဘေးအိတ်ထဲ အသေအချာ ထည့်လိုက်သည်။

နောက်မှ လိုက်လာသော ဒေးမှာ ရပ်နားခြင်းမရှိပါ။ သည်လို ရပ်နားနိုင်ရန်အတွက်လည်း နေ့စဉ် တောလည်သော၊ သားကောင် လိုက်သောအကျင့်က သူ့တွင် ရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မရပ်မနားသွားနိုင်ခြင်း၊ ရန်သူ သို့မဟုတ် သားကောင်၏ ခြေရာကို ခံနိုင်ခြင်း၊ နှာခေါင်းအနံ့များခံနိုင်ခြင်း၊ တောကျွမ်းခြင်း စတာတွေက သည်ကျွန်းပေါ်တွင် ဒေး၏အရည်အချင်းတွေပဲဖြစ်သည်။

သားစိမ်းငါးစိမ်းများ မချက်မပြုတ်မကင်ဘဲ စားသောသူ၏ စိတ်ဓာတ်ကလည်း ကြမ်းတမ်းရက်စက်ဘိ၏။

-၁သည် ကျွန်းပေါ်မှာနေစဉ် လူလည်းသတ်ခဲ့ဖူးပြီးပြီ။ သူ့လုံ့တွင် သွေးစွန်းမှုပေါင်းများစွာရှိသည်။

ဦးဘိုဖြူအပေါ်တွင် သစ္စာဖောက်သူများ၊ ဦးဘိုဖြူနှင့် သူ၏ ရန်သူများ သို့မဟုတ် သူတို့ကို အာခံသူများအား ဒေးကပင် သတ် ခဲ့၏။

ဒေးကို နိုင်မည့်သူမပေါ်ခဲ့ပါ။

ဒေးကို သည်လိုဖြစ်အောင် ဦးဘိုဖြူကပင် မြှောက်ပင့်ပေး၍ သည်။ ဒါကြောင့် ဒေးသည် ဦးဘိုဖြူ၏ လက်ရုန်းတစ်ရုန်းဖြစ်လာ သည်ဆိုလျှင် မမှားပါ။

ဒေးစိတ်ထဲတွင် မေတ္တာစိတ်မရှိ။

သတ်လိုဖြတ်လိုစိတ်ပဲရှိသည်။ ဒါကြောင့် သူသည် လူမသတ် ရတာတောင် နေ့စဉ်လိုလို တိရစ္ဆာန်တွေကိုပဲ အမဲလိုက် သတ်ဖြတ် ပြီး သူလည်းစား၊ သူ့ဆရာသခင်အတွက်လည်း စားရအောင် ဖန်တီး ၏။



လောကတွင် သူ အားကိုးယုံကြည်သူမှာ သူ့ဆရာ ဘိုဖြူ။ သူ အားကိုးယုံကြည်သလောက် သူချစ်ရသည်မှာလည်း ဘိုဖြူ။

ယခုဆို ဘိုဖြူ သေဆုံးခဲ့ပြီ။

ဒါဟာ သည်ကိုရောက်သည့် ပင်လယ်တွင်းမှာ ဒုက္ခရောက်ခဲ့သူ ပုသုံးဦး၏ လက်ချက်ဆိုတာကို ကောင်းကောင်းသိသည်။

သူ့ဆရာက သူ့ကို ဘာမှပြောမထားသော်လည်း မင်းညိုစုံဆိုမှ ရတနာတွေ တွေ့ရခြင်းဖြင့် ဆရာ့ကိုသတ်ပြီး ရတနာတွေယူသွား ကြောင်းသိသည်။

သည်တော့ သည်လူသုံးယောက်ကို မုန်းသည်။

ယခု သုံးယောက်အနက် တစ်ယောက်သေပြီးခဲ့ပြီ။

ကျန်နှစ်ယောက်ကိုပဲ သဲကြီးမဲကြီး လိုက်ရမည်။ ခြေရာကောက် လို့လည်း လွယ်ပါသည်။

တောကျွမ်းသောသူ့အဖို့ မှောင်ထဲတွင်ပင် ကျားမျက်လုံးနှင့် သွားနေနိုင်သည်။

ရှေ့မှ လူနှစ်ယောက်မှာ ချွေးဒီးဒီးကျကာ မောဟိုက်ဆဲရှိနေ သေး၏

သူတို့ အတော်ကြီး ဝေးဝေးကွာကွာရောက်လာသည်။ စိမ်း သာယာကျွန်းမှာ ကျွန်းကြီးသည်။ တောလည်းထူသည်။ ကျောက် တောင်တွေ ကုန်းမြင့်တွေလည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်များအထက်တွင် သေးငယ်သောဇီဝဓိုးငှက်ကလေးများ အသိုက်ဖွဲ့လေ့ရှိသည်။

ကျောက်တောင်တွေကို မတက်ရသော်လည်း ကုန်းမြင့်တွေလျှိုတွေဖြတ်လာကြရသည်။

ညဘက်ဆိုတော့ ဘယ်ရောက်လို့ရောက်မှန်းမသိ။ တောကြီးထဲ တဝဲလည်လည်ဖြစ်နေလျှင် မိမိတို့အတွက် မဟာဒုက္ခ။

"ဘယ်နှစ်နာရီထိုးပြီလဲ"

လျှိုတစ်ခုထဲမှ သူတို့ဖြတ်အထွက်တွင် နှင်းဒေဝီ အမေးကြောင့် သူ့လက်ပတ်နာရီကို ဂျက်စနေက မီးထိုးကြည့်သည်။

"ဆယ့်နှစ်နာရီကျော်နေပြီ"

"ဟင်…ဒါဆို လေးနာရီတောင်ကျော်နေပြီပေါ့၊ ရှစ်နာရီကသည်းက ဒေဝီတို့ထွက်လာကြတာ၊ ဒါလောက်အချိန်နဲ့ဆို ကမ်းခြေကိုတော့ ရောက်ဖို့ကောင်းပြီ"

"ကိုယ်လဲ စဉ်းစားနေတာပဲ…ကဲ ဆက်လိုက်ကြဦးစို့ရဲ့"

"လထွက်ရင် သိပ်ကောင်းမှာပဲနော်"

"လမိုက်ညမှာ လကို တမ်းတလို့ကတော့ ရင်မောရုံပဲရှိတော့မှာပေါ့ ဒေဝီရယ်၊ ကဲ…လာ…လာ…နောက်တစ်နာရီ နှစ်နာရီလောက်ဆိုရင်တော့ ဒီတောထဲက ထွက်ပြီး ကမ်းခြေရောက်လောက်ပါပြီ"



သူတို့သွားကြပြန်သည်။

အရေးထဲအရာပေါ်ဆိုသလို ခံစားလာရသည်။ ရေငတ်လာခြင်းဖြစ်သည်။ နှစ်ယောက်လုံး ချွေးတွေထွက်နေတာကြောင့် ဆားဓာတ်တွေ ထွက်သွားခြင်း၊ ရေဓာတ်တွေထွက်သွားခြင်းကြောင့် ရေလိုလာခြင်းသာဖြစ်၏။

ရေချိုကိုရဖို့ဆိုတာ မလွယ်ပါ။

တစ်ဖာလုံလောက်သွားလျှင်ပင် သူတို့အတွက် ကံကောင်းတာက ရေအိုင်တစ်ခုကို တွေ့မြင်လာရခြင်းဖြစ်၏။ ဒါကလည်း ဂျက်၏ထိုးလိုက်သော ထိုးမီးကြောင့်ပင်ဖြစ်သည်။

ရေက ရေကောင်းမဟုတ်ဘဲ နွံနှင့် ရေရောနေသောအိုင်ကြီးတစ်အိုင်မှ ရေများဖြစ်သည်။

"ဟာ…ရေတွေ"

"ရေကတော့ ရေကောင်းမဟုတ်ဘူး၊ နွံတွေနဲ့ရောနေတာပဲ"

လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ရေစပ်မှ ရေမှာ နောက်ကျိကျိဖြစ်နေပြီးလျှင် ရေအိုင်စပ်တွင် ချုံနွယ်ပေါက်များပေါက်နေ၏။

ဒေဝီမှာ ဟန်ပင်မဆောင်နိုင်။

ရေစပ်ရှိရာသို့ ပြေးသွားသည်။ ဂျက်က မီးထိုးပေးထားပေမယ့် သေးငယ်သောမီးမို့ ကွက်ကွက်ကလေးသာ ထိုးပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစပ်တွင် ဒေဝီက ဒူးထောက်ချလိုက်ချိန်မှာ ဒေဝီနှင့် သုံးလေးပေအလိုတွင် ဒေဝီ၏နောက်မှ ဂျက်စနေ ရောက်နေခိုက်ဖြစ်သည်။

အဲသည်မှာပင် ဂျက်စနေ၏ မသိစိတ်တွင် တစ်စုံတစ်ခုက စိုးမိုးလာသည်။

အန္တရာယ်တစ်ခုခု လာလိမ့်မည်ဟု ထင်၏။

တချို့သောကျွန်းများတွင် သည်လိုနွံအိုင်ဗွက်အိုင်တွေထဲ၌ တွားသွားသတ္တဝါများ နေတတ်သည်ဟု ကြားဖူးထားသည်။

သူက အလောတကြီးရေကို လက်နှစ်ဘက်နှင့်ကျုံးပြီး သောက်နေသည့် ဒေဝီကို သတိပေးလိုက်တော့မည်ဟု ရှိခိုက်…

ဝုန်း…

"အမယ်လေး"

တစ်စုံတစ်ခု ရိုက်ခတ်သံနှင့်အတူ ဒေဝီ၏အော်သံလေးပေါ်လာသည်။ မည်းမည်းအရာကြီးတစ်ခုက ဒေဝီကို ရိုက်ခတ်လျက် ဒေဝီမှာ အော်ဟစ်ရင်း နွံအိုင်ကြီးထဲသို့ လွင့်စင်ထိုးကျသွားခြင်းဖြစ်၏။

"ဟာ…ဒေဝီ…ဒေဝီ"

ဂျက်စနေသည် အသံကုန်ပင်အော်လိုက်မိသလို ဒေဝီအမည်ကိုလည်း အသံကုန်အော်ခေါ်မိသည်။

ရေစပ်သို့ မီးထိုးပြီးပြေးရာ အနားမှာပင် တစ်စုံတစ်ခုက သူ့ကို တိုးဝင်လာသဖြင့် ထိုင်ချလိုက်ရသည်။



ဗိုး…

ခေါင်းထက်မှ မည်းမည်းသဏ္ဌာန်ကြီးကျော်သွား၏။

"ဟာ…အမယ်လေး…မိချောင်းကြီးဟ"

မိကျောင်းတစ်ကောင်က ကမ်းစပ်မှာ ရောက်နေသည်။ သူ့မျက်လုံးတွေက မီးခဲလို ရဲနေ၍ ရန့်လိုသောအကြည့် ဆာလောင်မွတ်သိပ်သောအကြည့်နှင့် ကြည့်သည်။

ဂျက်စနေ နောက်ဆုတ်ပြေးရသည်။

ထိုအတွင်း နွံအိုင်ကြီးထဲမှ တဝုန်းဝုန်းအသံတွေ ကြားရ၏။

များပြားသောမိကျောင်းတွေ၏ အစာလုပွဲကြီးဖြစ်၏။

မှောင်ထဲတွင် ဒေဝီ၏ အော်သံလေးကို မကြားရဘဲ ဂါဝန်ဖြူဖြူလေးက နွံထဲမှာပဲ ပျောက်ကွယ်သွားသည်။

ဒေဝီခမျာ ကြမ္မာဆိုးနှင့် တိုးခဲ့ရှာချေပြီ။

မိကျောင်းအိုင်ကို ရေအိုင်မှတ်ကာ အလောတကြီး ရေဆင်းအသောက် ညအခါ သားကောင်ချောင်းနေသော မိကျောင်းတစ်ကောင်၏ လက်ချက်မိသွားခြင်းသာဖြစ်သည်။

နွံထဲတွင် သူတို့ဘော်ဒါ ပို့လိုက်သော ဒေဝီဆိုသည့် သားကောင်မလေးကို ဝိုင်းဝန်းလုယက်ကိုက်ဖဲ့စားသောက်ခြင်းပြြင်ဖြစ်၏။

ဒေဝီ ကံကြမ္မာဆိုးရှာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်ကုန်းတစ်ပိုင်း ရေတစ်ပိုင်း၊ မုဆိုးကောင်များ၏ ချိုမြိန်သော ညစာစားပွဲသည် ဒေဝီ၏ အသွေးအသား ခန္ဓာကိုယ်သာ ဖြစ်ရှာတော့သည်။

ဒေဝီအတွက် ကိုဂျက် ဝမ်းနည်းလို့မဆုံးပါ။

သားကလေးကိုချစ်ရှာသည့် ဒေဝီသည် မိခင်မေတ္တာဖြင့် ငွေရှာရာတွင် အသက်နှင့် ရင်းပြီး ရှာပေးခဲ့ရှာလေပြီ။

ဒေဝီ သွားရာ နှံ့အိုင်ကြီးကိုငေးပြီး ဝမ်းနည်းစိတ်မကောင်းစိတ်နှင့် တွေးနေခိုက်မှာ သေမင်းတစ်ကောင်က ဂျက်စနေရှိရာသို့ ခပ်သုတ်သုတ်တိုးတက်လာသည်။

ဂျက်စနေက မီးထိုးတော့ သူနှင့် နှစ်ပေသုံးပေအကွာလောက်မှာ ရောက်နေသည်။

အဲသည်ကောင်က တံတောင်ကျော်ရှိသော အာကို ဖြဲလိုက်သည်။ တော်သေးရဲ့။ မိကျောင်းငယ်ကလေးမို့ပဲ။

ဂျက်စနေ ဆက်မနေရဲတော့ပဲ ပြေးရတော့၏။

စိတ်ကတော့ ဒေဝီဆီမှာပဲဖြစ်သည်။ ဒေဝီသည် ကုသိုလ်ကံအကြောင်းမကောင်းလှစွာ သေပွဲဝင်သွားရခြင်းဖြစ်၏။

သူ မိုင်ဝက်လောက် ဆက်လျှောက်လိုက်လျှင်ပင် သင်းပျံ့သောဆားနံ့ပါသည့် ပင်လယ်လေနှင့်အတူ နက်ရှိုင်းသောပင်လယ်ပြင်မှ



အမှောင်နှင့် တဝုန်းဝုန်း အသံပေးကာ ကမ်းခြေသို့ ရိုက်နှက်နေသော ပင်လယ်ပြင်ကြီး၏ အမှောင်ကို ရင်ဆိုင်တွေ့ရှိလိုက်ရ၏။

ဒေဝီသာ အသက်ဆက်ရှင်မည်ဆိုလျှင် သည်နေရာကို သူ့လို မိုင်ဝက်လျှောက်လိုက်ရုံနှင့် ရောက်လာမည်သာဖြစ်၏။

"ဒေဝီရယ်…နင့်ကြမ္မာဆိုးလှချည်လား၊ တစ်သလုံး အားခဲပြေးလာလိုက်တာ ကမ်းခြေနားနီးမှ နင်သေရတယ်၊ နင့်ကံကြမ္မာဒီဂရီက တိမ်းစောင်းလှချည်လားကွယ်"

ပင်လယ်ပြင်ကို မျှော်ကြည့်ကာ တိုးတိုးကလေး ရွတ်မိ၏။

ထိုသည်နောက် သူက မီးထိုး၍ အနေအထားကိုကြည့်တော့ သူတို့ရောက်ခဲ့သောနေရာမဟုတ်ပါချေ။

သည်နေရာကိုရောက်အောင် ကျွန်းကို ကမ်းခြေသဲသောင်ပြင်အတိုင်း ကွေ့ပတ်လျှောက်သွားရချဦးတော့မည်။ ပင်လယ်ပြင်ကို မျှော်ကြည့်သည်။

သင်္ဘောတစ်စီး သို့မဟုတ် စက်လှေတစ်စီး၏မီးရောင်ကိုတောင် ပင်လယ်ပြင်ထဲမှာ မမြင်ရပေ။

သည်နေရာရောက်မှပဲ မှောင်မှောင်ထဲတွင် ဂျက်စနေ အသက်ရှူပေါက်ရသွားသည်။ သဲပြင်တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်သည် မင်းညိုစံအတွက် ခံစားချက်မရှိသော်လည်း ဒေဝီအတွက်တော့ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းနှင့် ခံစားနေရသည်။

အောင်မြင်လှလှဆဲဆဲမှာပဲ ဒေဝီ အသက်ဆုံးရှုံးရသည်။

အသွားမတော်တစ်လှမ်းလို့ပဲ ဆိုရမလား။

ရေသောက်ချင်သောဆန္ဒလောဘအားကြီးစွာနှင့် မှောင်ထဲတွင် မမြင်စွမ်းနိုင်သော ရေတစ်ပိုင်း ကုန်းဝတစ်ပိုင်း မှဆိုးတို့ကို မမြင်စွမ်းနိုင်ဘဲ မစူးမစမ်းဝင်သွားလိုက်ပုံက ယင်းသတ္တဝါမိကျောင်းတို့၏ အစာဖြစ်ခဲ့ရ၏။

မိမိအပြစ်လည်းပါသည်။

တကယ်ဆို သူက ဟန့်တားရပေမယ်ပေါ့။ စူးစမ်းဆင်ခြင်ကြိုတင်သတိပေးခြင်းပြုရမယ်ပေါ့။

ရန်ကုန်ကိုရောက်လျှင် ထိုအဖြစ်ကို သူမ၏ မိဘများအား ဘယ်လိုရှင်းပြရပါ့မလဲ။ ဖြေဆည်နိုင်ရှာကြလိမ့်မည်မထင်။

သူမ ရန်ကုန်က ခွတ်အတင်းထွက်ခွာခဲ့ကတည်းက မိဘနှစ်ပါးက တားမြစ်လို့မရလို့ မိမိအား သူတို့သမီးကို စောင့်ရှောက်ဖို့ အတန်တန် မှာခဲ့ရှာကြပါသည်။

သားလေး လူတစ်လုံးဖြစ်လို့ သားလေး ချမ်းသာရေးအတွက်



သူမသည် မိခင်မေတ္တာနှင့် အန္တရာယ်ကိုမကြောက်ဘဲ စွန့်စားရှာသည်။ ယခု သားလေးအတွက်ပဲ အသက်စွန့်ခဲ့ရရှာပြီ။

"တကယ်လို့ ချွတ်ချော်တိမ်းပါးပြီး ဒေဝီ ဒီကျွန်းပေါ်မှာပဲ အသက်ဆုံးရှုံးခဲ့ရင် ဒေဝီအတွက် ရထိုက်တဲ့ သိန်းကိုးဆယ်ကို ဒေဝီရဲ့ မိဘနဲ့ သားလေးဆီကို အရောက်ပို့ပေးပြီး ဒေဝီရဲ့သားလေးကို တစ်သက်လုံး စောင့်ရှောက်ပါ့မယ်ဆိုတဲ့ ကတိပေးပါလား အစ်ကိုရယ်"

ညှိုးငယ်သောအသံလေးနှင့် ပြောခဲ့သော သူမ၏ စကားတွေကို ပြန်အမှတ်ရလာမိသည်။ ပြန်ကြားယောင်မိသည်။

နိမိတ်စကားပြောခဲ့တာလား ဒေဝီရယ်။

ဘယ်လိုဖြစ်စေ···သူကတော့ ပေးထားသောကတိအတိုင်း တည်အောင်ဆောင်ရွက်ရမည်။

"ဒေဝီ့သားလေးဆီ ငွေတွေပို့ပေးပြီး တို့များ ဒီသားလေးကို ကိုယ့်ရင်သွေးလေးလိုပဲ စောင့်ရှောက်ကူညီပါ့မယ် ဒေဝီရယ်"

သူ ရင်နင့်နင့်နှင့် တီးတိုးပြောချိန်မှာ မျက်ရည်တစ်ပေါက်က အမှောင်ထဲမှာပင် သူ့ပါးပြင်ကို ဖြတ်သန်းစီးဆင်းသွားသည်။

ဒေဝီအတွက် ကြေကွဲရတဲ့ ထာဝရမျက်ရည်တစ်စက်ပါ။

သူက သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။ ရင်ထဲမှအပူလုံးကို ပါးစပ်ထဲမှတ်ထုတ်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ရဦးမည်။

သူတို့ဝှက်ထားခဲ့သော လေ့ဆီသို့ရောက်အောင် သူကျွန်းကြီးကို ကွေ့ပတ်လျှောက်ရဦးမည်။

နောက်မှ လိုက်လာသောအန္တရာယ်တွေကလည်း ရှိသေးသည်။ လူစုလူဝေးနှင့်ဆိုတော့ သူလွတ်အောင်ပြေးရဦးမည်။

သဲပြင်များတွင် လျှောက်ရတာ မြေပြင်လောက်မသွက်လက်သော်လည်း ခလုတ်ကန်သင်းကြောက်စရာမလိုပါ။ သောင်ပြင်အထက်စပ်မှာ လျှောက်စဉ် မိုးထိုးထိုးကြည့်သွား၏။

အသစ်ထည့်ထားသော ဘက်ထရီအားပင် နည်းစပြုလာခဲ့ပြီမို့ ရဲရဲဟင်းတင်း မထိုးရဲဘဲ မှောင်ထဲတွင် ခန့်မှန်းထိုးကာ နေရာကို ရှာဖွေရသည်။ အလွယ်တကူတွေ့ပါစေလို့လည်း ဆုတောင်းရသည်။

* * *



ဇာတ်လမ်းစဉ် (၁၄)

ဒေါ်သနှင့်လိုက်လာသော ဒေးသည် သဲလွန်စတွေကိုရှာသည်။ သူတို့၏ ခြေရာတွေ၊ သူတို့ပွတ်တိုက်တက်နင်းသွားသောအပင်များ၊ ချုံများ၊ သူတို့ကိုယ်မှ ကျန်ခဲ့သော ချွေးနံ့နှင့် အမွှေးနံ့ စသော အနံ့အသက်။

ခြေရာခံရင်း မိကျောင်းအိုင်ဘက်ရောက်လာ၏။

ထိုနေရာတွင် မိကျောင်းတွေရှိသည်ကို နဂိုကတည်းက သိသည်။ ညဘက်တွင် ရေဆင်းသောက်သောသားကောင်များကို နွံအိုင်ထဲမှလည်းကောင်း၊ ချုံစပ်တောတွေထဲမှလည်းကောင်း ချောင်းမြောင်းသော ၄င်းတို့၏ အလေ့အထများကိုလည်း သိပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှိပ်ဓာတ်မီးရောင်အောက်တွင် နွံအိုင်အနီး မြေပျော့၌ ထင်းကျန်ခဲ့သော ခြေရာနှစ်စုံကို တွေ့ရသည်။ တစ်ဦးရဲ့ ခြေရာက ကြီးကြီး၊ တစ်ဦးရဲ့ခြေရာက သေးသေး။

ဒါဆို သူလိုက်နေသော ဂျက်စနေ၏ ခြေရာနှင့် နှင်းဒေဝီ၏ ခြေရာဖြစ်နိုင်သည်။

ဒါပေမယ့် ဒေဝီရဲ့ခြေရာက အဆင်းခြေရာရှိပြီး ပြန်တက်ခြေရာ မရှိ။

သည်မှာဘက်တွေလည်း ခြေရာတွေက ရှုပ်ထွေးကာ တစ်စုံ တစ်ခုနှင့် သတ်ပုတ်သလိုဖြစ်နေ၏။ စွပ်ကြောင်းများနှင့် စူးနက်သော အပေါက်တွေပါသည့် ခြေရာတွေလည်း ရှိနေသည်။ ဒါ မိကျောင်း ခြေရာပဲ။

သူက မျှော်လင့်ချက်ကြီးစွာ မီးခဲတွေလို တစ်ချက်တစ်ချက် တရဲရဲတွေ့နေရသည့် နေရာတွေကို အားကောင်းသော ငါးတောင့်လိုး လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

နွံနှင့် ရေစပ်စပ်ရောနေသောနေရာတွင် သစ်တုံးကြီးတွေလို ငြိမ်နေသော မိကျောင်းတွေကို အပြွတ်အသိပ်တွေ့ရသည်။

သူတို့သည် မီးရောင်ကို မနှစ်သက်သလို တစ်ကောင်နှင့်ပေါ။ ကောင် တိုးဝှေ့ရာ တဝုန်းဝုန်းအသံတွေ ပေါ်လာ၏။ သူတို့၏ကြား၊မှ



ဖြူဖြူအရောင်ကို တွေ့သဖြင့် မီးနှင့်ထိုးကာ အသေအချာကြည့်လိုက် မိန်းမဝတ်ဂါဝန်အဖြူဝတ်အပိုင်းစတစ်စကို မြင်ရသည်။

ဂါဝန်မှာ သွေးတွေစွန်းနေသည်။

သိလိုက်ပြီ။ မိန်းကလေးမှာ ကြမ္မာဆိုးနဲ့ တိုးသွားခဲ့ပြီ။

ဒေးက ကြည့်နေစဉ် သူ့နားတွင် လေဟပ်သလိုအသံမျိုး ကြား လိုက်ရသလို သူ့ကိုယ်ကြီးက အလိုလိုဝပ်လျှောင်းသလိုဖြစ်သွား၏။

ခေါင်းထက်မှ ဝိုးခနဲအသံထွက်သွား၏။

သတ္တဝါတစ်ကောင် ဖြစ်ပြီး ဟပ်လိုက်သောပါးစပ်ကြီးနှင့် ညို ပြောင်ပုပ်နံ့သော အနံ့ဆိုးကြီးတစ်ခုကိုလည်း ရှူရှိုက်လိုက်ရ၏။

အလေ့အကျင့်ရနေသော လက်က ကိုင်ထားသော လှံနှင့် ပို ပါးစပ်ကြီးထဲသို့ တအားထိုးသွင်းပေးပြီးသားဖြစ်ကာ သူ့ကိုယ်ကို လိမ့်ထွက်လိုက်သည်။

လက်မှ လွတ်ကျခဲ့သော လက်နှိပ်ဓာတ်မီးရောင်က မငြိမ်းသေး ပါ။ မီးရောင်တွင် သူ့ကိုယ်နှီးပါး မရှိတရှိ အကျည်းတန်ကြောက်စရာ ကောင်းသော မိကျောင်းကြီးတစ်ကောင်မှာ လှံချက်ကြောင့် တဖျတ် ဖျတ် လူးလွန့်နေသည်။

ဒေးက မကြောက်မရွံ့ လှံတံကို လက်နှစ်ဘက်နှင့် မြှောက်မ ယူလိုက်သည်။ အာခေါင်တွင် လှံဖျား စူးဝင်ခံနေရသော မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ဆွဲမ,ယူလိုက်သောအရှိန်ကြောင့် မြှောက်ခနဲပါလာကာ တစ်ဘက်သို့ အရှိန်နှင့် ဒိုင်းခနဲ လွင့်သွားကာ မြေပေါ်သို့ ဘုန်းခနဲ ကျသွားသည်။

လှံက ဒေး၏လက်ထဲတွင် ကျန်ရစ်ခဲ့သည်။

ဒေးက ပြေးသွားပြီး ဝေဒနာကြောင့် ရုတ်တရက် မလှုပ်နိုင်သော မိကျောင်းကြီး၏ ကိုယ်အလယ်ပိုင်းထဲကို လှံသွားချွန်ချွန်နှင့် တအား စိုက်ချလိုက်သည်။

လှံသွားက ကျောပြင်နှင့် ဝမ်းဗိုက်ကို ထုတ်ချင်းခတ်ဝင်ကာ မြေကြီးထဲအထိ စိုက်ဝင်သွား၏။

မိကျောင်းမှာ အမြီးနှင့်ရိုက်သော်လည်း တံစို့သီသလို ခံရသောကြောင့် သူ့ကိုယ်ကြီးကို လှုပ်ရှားလို့မရဘဲ အမြီးမှာလည်း လိုရာ မရောက် ရှိနေသည်။

ပါးစပ်ကြီးကိုသာ ဟပြဲပြီး ရန်မူရန် ကြိုးစားနေသည်။

စိတ်ရိုင်းဝင်နေသော ဒေးသည် မကြောက်မရွံ့ မိကျောင်း၏ အောက်မေးရိုးကို သူ့ဖိနပ်စီးထားသောခြေထောက်ကြီးနှင့် တက်နင်းကာ အထက်နှုတ်သီးတစ်ခြမ်းကို လက်နှစ်ဘက်နှင့်ကိုင်၍ တအားဖြဲ တော့၏။

အားကောင်းမောင်းသန် လူ့ဘီလူးကြီး ဒေး၏ သန်ဖျပ်မှုကို



မခံနိုင်ပါ။ ဖျင်းခနဲ အသံနှင့် မိကျောင်းကြီး၏ ပါးစပ်ကြီးမှာကွဲထွက် လာ၏။ လှုပ်ယမ်းနေသောအမြီးမှာ ငြိမ်ကျသွားသလို ကိုယ်ကြီးလည်း ငြိမ်ကျသွား၏။

ဒေါသကြီးနေသော ဒေးသည် မိကျောင်းကြီး၏ ကျောထဲမှ လှံကို တအားဆွဲနုတ်လိုက်သည်။

ပြီးတော့ သူက မိကျောင်းကြီး၏ ဝမ်းဗိုက်ကိုလှန်ကာ လှံသွား နှင့်ခွဲပြီး ဝမ်းဗိုက်ထဲရှိ ပူနွေးနေသော အတွင်းသားတွေကို လက်ကြီး နှင့် ထိုးနှိုက်ကာ ဆွဲနုတ်လိုက်၏။

တိရစ္ဆာန်စိတ်ရှိနေသော လူ့တိရစ္ဆာန်တစ်ယောက်၏ အပြုအမူ သည် ဤကျွန်းရိုင်းပေါ်တွင် အရိုင်းဆုံးဖြစ်နေသည်။ သားစိမ်းငါးစိမ်း စားနေသော သူ့အတွက် မိကျောင်းတစ်ကောင်၏ကိုယ်ထဲမှ အတွင်း သားများသည် သူ့အတွက် ဒေဝီအတွက် ပွဲတော်စာပဲဖြစ်သင့်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေအတိုင်းလာရသည်မှာ နာရီဝက်ကျော်ရှိနေပြီ။

လက်နှိပ်ဓာတ်မီးရောင်မှ မီးအားကလည်း နည်းလာပြီ။

သို့သော် ဝမ်းသာစရာဖြစ်လာသည်။

ရှီးခနဲအသံကစ်သံကို ပင်လယ်လေကြောင်းနှင့်အတူ သဲ့သဲ့ကလေးကြားလိုက်ရသလို ကောင်းကင်တွင် ကြယ်ပျံကလေးတွေ ဝင်းလက်သွား၏။

"ဟာ"

သူ ဝမ်းသာအားရ ရေရွတ်လိုက်သည်။

သူတို့ ချိန်းဆိုချက်အတိုင်း စက်လှေမှ မီးရှူးမီးပန်းဖောက်ပြီ၊ သူတို့စက်လှေရောက်နေကြောင်း အချက်ပေးလေပြီ။



သူက သူတို့ရောက်ခဲ့သောနေရာကို ပြာပြာသလဲရှာရ၏။ အမှတ်အသားပြုခဲ့သော အုန်းလက်ကြီးတစ်ခု ထိုးစိုက်ထားခဲ့သည့် သဲပြင်ကိုရှာတော့ အုန်းလက်ကြီးကို မတွေ့ရဘဲ ကြီးမားသောလှုံ့ခြေရာတွေကို တွေ့ရ၏။

တကယ် ဒေးက သည်နေရာရောက်ခဲ့ပြီး စိုက်ထားပြီး အမှတ်အသားပြုလုပ်ခဲ့သော အုန်းလက်ကြီးကို ဆွဲနှုတ်ပစ်ခဲ့၏။ ဒါပေမယ့် အသိဉာဏ်နည်းတာကြောင့် အုန်းလက်ကို မလွှင့်ပစ်ဘဲ သည်အတိုင်းထားခဲ့တာကြောင့် ကြီးမားသောခြေရာတွေက သဲပြင်ပေါ်မှထင်းပြီး လဲနေသော အုန်းလက်ကို မှတ်မိသောကြောင့် ဒေးသည် နေရာသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း ဂျက်က တွေးတောကာ သည်နေရာသည် သူတို့လှေဝှက်ထားရာနေရာဖြစ်နိုင်ကြောင်း တွေးမိပြီးလည်းဖြစ်၏။

မကြာမီမှာပင် သူက လှေကိုဝှက်ထားရာမှာ သွားတွေ့သည်။ သူက လှေကို ချုံပေါက်ထဲမှ ဒရွတ်တိုက်ဆွဲထုတ်သည်။

ရှူးခနဲ အသံသဲ့သဲ့ကြားရသည်။

မီးရှူးမီးပန်းကိုဖောက်ပြီး အချက်ပေးပြန်၏။

ပင်လယ်ပြင်အထက်တွင် ကြည်ပြာလင်းလက်သော ကြယ်ပွင့်ကလေးတွေ ဖြာထွက်ကာ တဖြည်းဖြည်းချင်း ပင်လယ်ထဲထိုးကျ ပျောက်ကွယ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက် သူ့လက်ပတ်နာရီကိုကြည့်၏။ သုံးနာရီခွဲကာနီးနေပြီ။ စက်လှေက လေးနာရီကျိုးအထိသာစောင့်မည်။

လှေကို အပမ်းတကြီး သဲပြင်ပေါ်မှာ တွန်းရ၏။ ဒရွက်ဆွဲရ၏။ သူ့တစ်ကိုယ်လုံး ချွေးတွေပြန်နေကာ ယိုစီးကျကဲ ပမ်းစပြုနေပြီ။

တစ်ချိန်လုံး တောထဲဖြတ်ပြေးလာရတာရယ်၊ ဒေဗီ ဆုံးပါးခဲ့တာကြောင့် စိတ်ထိခိုက်နေရတာရယ်ကြောင့် ဖြစ်သွား၏။

လှိုင်းတွေ ဟဂေါဝေါရိုက်ကာ လိမ့်တက်နေသော သောင်ရေစပ်သို့ လှေက ရောက်သွားကာနီးတွင် သူရှုးသဖွယ် အော်သံကြီးတစ်ခုကို ကြားလိုက်ရ၏။

သူ လှည့်ကြည့်လိုက်သည်။

မှောင်ထဲတွင် သဏ္ဍာန်ကြီးတစ်ခုသည် သူ့ဆီသို့ပြေးလာတာ တွေ့ရ၏။ သူက အဲသည်သဏ္ဍာန်မှာ တိရစ္ဆာန်တစ်ကောင်ဟု ထင်လိုက်သော်လည်း ဒေးဆိုတာ မကြာမီ သိလိုက်၏။

ဒေး၏ စူးရှသော ညကြည့်မျက်လုံးတွေက စက်လှေပေါ်မှ မီးရှူးမီးပန်းတွေကို ဖောက်ကာ တောထဲမှာ မြင်မီရာမှ မှန်းဆလိုက်လာရင်း ဂျက်ကို မြင်တွေ့သွားခဲ့၏။

ဂျက်မှာ ခုခံဖို့ မည်သည့်လက်နက်မှမရှိ။

ဂျက်သည် လှေကိုထားခဲ့ကာထွက်ပြေးသည်။ ပိုကောင်ကြီးက လှံကိုမြှောက်ပြီးလိုက်သည်။



အမှောင်ထဲတွင် ပြေးရသည်မှာ မကောင်းပါ။ သည့်စဉ် လေးက ထင်ထင်လင်းလင်းမြင်နိုင်ဖို့ မီးဖွင့်သည်။

ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးရောင်က ဂျက်ကိုယ်ပေါ်သို့ ဟင်လင်းစွာ ကျရောက်သွားသည်။

တစ်ခုတော့ ဂျက်ကသာသည်။ ကိုယ်လုံးကြီးသော ဒေးထက် သူက ပိုသွက်ပြီး ပိုအပြေးသန်သည်။

ဂျက်သည် ဒေးကို မကြောက်ပါ။

သို့ရာတွင် လူချင်းယှဉ်က ဒေးက သူ့ထက်ပိုပြီး လူလုံးကြီးသည်။ လက်နက်လည်းရှိသည်။ မီးလည်းရှိနေသည်။

အနည်းငယ်အလှမ်းကွာသွားသော ဂျက်စနေကို စိတ်မရှည်တော့သော ဒေးက လှံနှင့် ပစ်ထည့်လိုက်သည်။ မှောင်ထဲတွင် လတိုးသံကြီးတစ်ခုကို ဂျက် ကြားလိုက်ကတည်းက ဘေးကို ခုန်ရှောင်ပေးလိုက်၏။

သဲပြင်တွင် လှံကြီးက စိုက်ဝင်သွားသည်။

ပြေးလာသော ဒေး၏ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် စိုက်နေသောလှံကို ဂျက်က တွေ့ရသဖြင့် ပြေးပြီး လှံကို ကောက်ယူလိုက်သည်။

သို့လင့်ကစား လှံကြီးမှာ လေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက် ပြန်ပစ်လို့မဖြစ်ပါ။ ဘူက လုံဘဲနက်ထိုးသလိုထိုးရန် အတွက် ကိုင်လိုက်သော်လည်း လေးလံသော သည်လုံကြီးနှင့် ထိုးနေလျှင် ဟိုကောင်ကြီးလက်ချက်မိသွားမှာလည်း စိုးရသည်။

လုံကို အဝေးသို့ လွှင့်ပစ်လိုက်၏။

လက်လက်ချင်း ရင်ဆိုင်လိုက်မည်။

သည်စဉ်မှာပင် ဒေးက လက်နှိပ်ဓာတ်မီးကို သဲပြင်ပေါ် ပစ်ချလိုက်သည်။

တစ်ချက်ကောင်း၊ တစ်ချက်ကောင်း။

မြန်မာ့ကိုယ်ခံပညာတွင် လက်နက်ရှိသော သူ အင်အားဗလ မိမိထက်ကြီးသော ရန်သူကိုတိုက်ရန် တစ်ချက်ကောင်း အားနည်းချက် နေရာကို ရွေးရမည်။

သည်စဉ် ဒေး၏ လက်သီးကြီးတွေက ဂျက် မျက်နှာထဲ ဝင်လာသည်။ ဂျက်က ပထမဝိုက်လက်သီးကို ခေါင်းတိမ်းငုံ့ရှောင်ပေး၍ ဒုတိယဝိုက်လက်သီးကို ညာလက်ဖျံထောင်ကာ တားပေး၏။

လက်သီးချက်ပြင်းသည်။

သူ့ထောင်ထားသည့်အထဲမှ သူ့ခေါင်းကို အဖျားခတ်တိုးသည်။

ခံသွားရသော သူ့အဖို့ မူးသွားသည်။



သူက ခေါင်းကို ဘယ်ညာခံလိုက်စဉ် ဒေးက သူ့ဝမ်းဗိုက် နှစ်ဘက်နှင့် ဂျက်၏ကိုယ်ကို တအားဝင်ဖက်သည်။

ဂျက်၏ကိုယ်မှာ သူ့ရင်ခွင်ထဲတွင် လူကြီးနှင့် ကလေးပေ ပမာဖြစ်သွားခဲ့ရ၏။

ဂျက်က သူ့နဖူးနှင့် ဒေး၏ နှာခေါင်းကို တအားပစ်တိုက်လိုက် သလို မတော်ရာကို ဒူးနှင့် နှစ်ချက်ပင့်တိုက်ပစ်လိုက်၏။

တော်ကြီး ဖက်အားက လျှော့သွားစဉ် ခေါင်းနှင့် ငနဲ၏နှာခေါင်း ပြားကြီးကို တအားပိတ်ရိုက်ပစ်လိုက်သည်။

ဒေး နာကျင်သွားဟန်နှင့် အော်လိုက်သည်။ ဂျက်စနေ၏ တစ်ကိုယ်လုံးကို ဖက်ထားသောလက်တွေကို လွှတ်လိုက်သည်။

ဂျက်စနေမှာ သူ့ဖက်အားကြောင့် အကြောတွေ အရိုးတွေ နာကျင်သလိုဖြစ်နေသည့်ကြားမှ လက်တွေထဲသို့ အားထည့်သည်။

လူချင်းကွာကွာချင်း ဒေး၏ ကြည့်လိုက်ပုံကို ဂျက်စနေ၏ တစ်သက်တာတွင် မေ့နိုင်စရာအကြောင်းမရှိပေ။

သားရဲတိရစ္ဆာန်တစ်ကောင်၏ ရက်စက်ကြမ်းကြုတ်သော ကြည့်ပုံမျိုး။ အငြိုးကြီးသော အာဃာတ မမျိုသိပ်နိုင်သော လူကြမ်းလူရိုင်းကြီးတစ်ယောက်၏ ကြည့်ပုံမျိုး၊ ဒေါသနှင့် ရက်စက်သော လူသတ်စ ယောက်၏ ကြည့်ပုံမျိုး။ ကြောက်စရာကောင်းလှသည့် ကြည့်ပုံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်တစ်သက်တွင် လူမသတ်ခဲ့ပါ။ သတ်လိုစိတ်လည်း မရှိပါ။ ယခုလည်း ဒေး ဆိုသည့် နော့ကောင်ကြီးကို သတ်လိုစိတ်မရှိပါ။

သို့သော် ထိုအကြည့်မျိုးကို ရှုံရှာသည်။ မုန်းတီးသည်။ လူတကာကို သူ ဆက်အနိုင်ကျင့်ဦးမှာပဲ။

ဂျက်က လက်ချောင်းနှစ်ချောင်းတွင် အားသွင်းလိုက်သည်။ လက်ညှိုးနှင့် လက်ခလယ်မှာ တုတ်သွယ် မာတောင့်သွားသည်။

ဂျက် ဒါတွေကို အသုံးချပစ်လိုက်၏။

ဒေး၏ အော်ဟစ်သံသည် ကမ္ဘာပျက်မတတ် ရှိချေသည်။ နှာကျဉ်မှု၊ နာကြည်းမှုနှင့် ဒေါသသံ။

ဒေး လက်မှ လွတ်သွားသော ဂျက်စနေသည် မျက်လုံးနှစ်ဘက်ကို ပိတ်ကာ ညည်းညူနေသော ဒေးကို ကျောခိုင်းလိုက်၏။ သူ့ကို ဒေးက အန္တရာယ်မပေးနိုင်တော့။

ဘယ်သူ့ကိုမှလည်း ကျွန်သူ့တစ်သက်မှာ အန္တရာယ်မပေးနိုင်တော့ပါ။

လှေကို ရေထဲတွန်းချစဉ် စက်လှေပေါ်မှ မီးရှူးဖောက်သံ ပေါ်လာ၏။

လာပြီဟေ့…လာပြီ။



ရင်ထဲမှ မြည်းတမ်းသံနှင့်အတူ လှေကို ခုန်တက်စဉ် ကျည်လုံးတစ်လုံးက ပြေးလာ၏။ လှေမြောက်သွားသည်။ ပြန်ကျသွား၏။

ဂျက် ခတ်တက်ကိုကိုင်သည်။

လက်ချောင်းနှစ်ချောင်းမှ သွေးတွေကို ပင်လယ်ရေနှင့် ဆေးလိုက်ပြီးဖြစ်သည်။

အမည်းရောင်စွန်းတဲ့ ကြမ္မာကျွန်းရိုင်းကို ကျောခိုင်းခဲ့ပါပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် တိတ်ဆိတ်နေသည်။

အအေးခန်းမှ အပူက သက်သာနေသည်။

ယင်းအခန်းသည် ဦးဘိုနီ၏ ယခင်အခန်းပင်ဖြစ်သည်။ ဦးဘိုနီ မှလွဲ၍ မည်သူမှ ထိုင်နေသည်ကို ဂျက်စနေ ဝင်လာကတည်းက မမြင်မိပါ။

သူ၏ အတွင်းရေးမှူး သဉ္စာထွေးဆိုသည့် မိန်းကလေးလည်း မရှိတော့ပါ။

ဂျက်စနေက ဦးဘိုနီ၏ လက်ထဲကို သူ ဂရုတစိုက် ယူဆောင်လာသော ခါတ်လုံးပါသည့် ပုလင်းကလေးကို အပ်လိုက်သည်။

ထိုမှ သူတို့၏ဖြစ်စဉ်ကို တစ်လုံးချင်းပြောပြ၏။ သူပြောစဉ် ဦးဘိုနီက ကက်ဆက်ကာစ်လုံး စားပွဲပေါ်မှာချကာ အသံသွင်းယူထားသည်။



ဂျက်စနေမျက်နှာသည် ရွှင်လန်းခြင်းမရှိပါ။

ဦးဘိုနီသည် ဂျက်၏ ပြောစကားတွေကို ဝင်ထွက်ခြင်း၊ ပြန်လည်မေးခွန်းထုတ်ခြင်း၊ ထင်မြင်ချက်ပေးခြင်းမရှိဘဲ ပကာတိစိတ်ဝင်စားစွာပင် နားထောင်နေသည်။

တစ်ခါတစ်ရံသာ ခေါင်းကိုညိတ်တတ်သည်။

လူကြီးလူကောင်းများသည် ဤအမူအကျင့်တော့ ရှိတတ်ကြပါပေသည်။ တစ်ခါတလေ ပြုံးလိုက်၏။ တစ်ခါတစ်ခါ အံ့ဩသွားဟန်ရှိ၏။

မင်းညိုစံ သေသွားသည်ကို ဘာမှခံစားမှုရှိဟန်မပြသော်လည်း နှင်းဒေဝီ သေဆုံးသွားသည့်အကြောင်း နားထောင်ရသောအခါတွင်မူ သူ့မျက်နှာတွင် စိတ်မကောင်းမှု ခံစားသွားမိဟန်တူသည်။

သက်ပြင်းချလိုက်တာကိုတော့ တွေ့ရသည်။

အားလုံးသောစကားတွေပြီးမြောက်သွားသောအခါ ခဏမျှတော့ တိတ်ဆိတ်သွားသည်။

မိမိ ရန်ကုန်သို့ မနေ့ကပင်ရောက်သည်။

သူရောက်ကြောင်း ဂျက်စနေက မနေ့ညက ကြိုတင်အကြောင်းကြားခဲ့သည်။ ယနေ့တွင် မိမိလာမည့်အကြောင်းလည်း ကြိုတင်ပြောခဲ့သည်။

"ကိုယ့်သေတွင်းကိုယ်ရှာကြတာတော့ မဟုတ်ဘူးပေါ့လေ။ သိန်းတစ်ရာဆိုတာက ဆွဲဆောင်မှုရှိနေတော့ ဘယ်သူမဆို သွားချင်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ ကျုပ်ကလည်း အတင်းသွားနိုင်းတာမဟုတ်ပါဘူး…အားလုံး သဘောတူညီချက်နဲ့ လုပ်ကြတာပဲ ..ဒါထက် ဒီခေါက်လုံးကို မောင်ရင် ထုတ်ကြည့်သေးလား''

''ဒေဝီပေးတဲ့အတိုင်း ယူလာတာပါ အန်ကယ်(လ်)…စိတ်မှာလို့ ထုတ်ကြည့်ဖို့ နေနေသာသာ လက်ထဲမှာတောင် ကြာကြာလားချင်တာမဟုတ်ဘူး''

''နေဦး..ကျုပ် စစ်ဆေးကြည့်ဦးမယ်''

သူက ခေါက်လုံးပုလင်းကို ဖွင့်လိုက်သည်။ ပြီးတော့ ဇာဂနာနှင့် ညှပ်ကာ ဆွဲထုတ်သည်။ လက်ဝါးပေါ်တွင် တင်ကြည့်သည်။ လက်သည်းခွံလောက်ရှိသော ခေါက်လုံးလေးမှာ ထူးဆန်းစွာ အဝါရောင်သန်းလာလိုက်၊ အစိမ်းနုရောင်သန်းလာလိုက် ရှိနေသည်။ ဦးဘိုမိုက ခေါင်းကိုညိတ်သည်။

''ခေါက်သားမှန်တယ်၊ ဒီလိုပဲ ရှိရမယ်လို့ ဦးဘိုဖြူမောင်က ကျုပ်အဖေ ဦးအုံကြီးမောင်ကို ပြောခဲ့သလို ဦးအုံကြီးမောင်ကလည်း ကျုပ်အမေကို ပြောခဲ့ဖူးတယ်၊ ကျုပ်အစ်ကို မရှိတော့ ဒီပစ္စည်းဟာ ကျုပ်ပိုင်ပြီပဲ''

''အန်ကယ်(လ်)က ယုံကြည်တယ်ဆိုပါတော့''

''ယုံကြည်ပါတယ်၊ မောင်ရင့်ကိုလည်း ယုံကြည်တယ်၊ မောင်ရင်ဟာ ဖောက်ထွင်းရေးသမားပေမယ့် ကတိသစ္စာ တည်တယ်ဆိုတာ အစကတည်းက ကျုပ် သေချာသိခဲ့လို့ ခိုင်းခဲ့တာပဲ''



''ဒါ ကျွန်တော်ရဲ့နောက်ဆုံးလက်ရာပါပဲ၊ ဒီအလုပ်ကို ကျွန်တော် စွန့်လွှတ်လိုက်ပြီ…ခေတ်သစ်ရော်ဘင်ဟုလည်း မလုပ်ချင်တော့ပါဘူး…ကျွန်တော့်မှာ ကျွန်တော် စောင့်ရှောက်ရမယ့် ကလေးတစ်ယောက်ရဲ့ တာဝန်ရှိနေပါတယ်''

''ကျုပ် နားလည်ပါတယ်၊ နှင်းဒေဝီရဲ့ စာချုပ်ထဲမှာလည်း သူမရှိရင် ဒီငွေကို ဘယ်သူ့လွှဲအပ်ရမယ်ဆိုတာလည်း ပါနေတယ်''

''ဒါဆို…ကျွန်တော့်ကို အခုပဲ နှင်းဒေဝီနဲ့ ကျွန်တော့်အတွက် ချီးမြှင့်လိုက်ပါ…ကျွန်တော် ယူသွားပါရစေ''

ပုဂ္ဂလိကဘဏ်တစ်ခု၏အမည်ကို ပြောပြီး ဦးဘိုနီက သွက်လက်စွာ သိန်းနှစ်ရာ ထုတ်နိုင်မည့်ချက်လက်မှတ်တစ်စောင်ပေါ်တွင် လိုအပ်သမျှ ဖြည့်စွမ်းရေးစွက်ပြီး လက်မှတ်ထိုးပေးလိုက်၏။

ချက်လက်မှတ်ရသောအခါ…

''ကျေးဇူးတင်ပါတယ် အန်ကယ်(လ်)…နောက်များတွေ့ရဦးမှာပါ''

''တွေ့ကြသေးတာပေါ့…ဆိုးလောင်း ကိုဂျက်စနေ''

''ဆိုးလောင်း အန်ကယ်(လ်)''

ဂျက်စနေက လေးတွဲ့စွာထပြီး တစ်ချက်ပြုံးကာ ထွက်သွားတော့သည်။ သူ့ပြုံးရာကို ဦးဘိုနီက လိုက်ကြည့်တော့ပဲ သူ့လက်ဝါးထဲမှ မဲသားရောင်ရှိသည့် ခေါက်လုံးကလေးကိုသာ တမက်တမော ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမသိသာရှိပါသေးသည်။

ဦးဘိုဖြူက အတတ်ဆန်းကာ ဓာတုဗေဒအဆိပ်ရည်နှင့် စိမ်ထားသော ဤဓာတ်လုံးသည် နှစ်ပေါင်းများစွာ ကြာသွားပြီမို့ ဓာတုဗေဒအဆိပ်ရည်ကြောင့် ၄င်း၏ ပင်ကိုယ်သတ္တိများ ယုတ်လျော့သွားကောင်း ယုတ်လျော့သွားလိမ့်မည်။

ပိုပြီး သေချာတာက ဤဓာတ်လုံးကို တစ်စုံတစ်ယောက်က မျိုလိုက်သည်နှင့် မျိုချလိုက်သူသည် မိနစ်ပိုင်းအတွင်း အဆိပ်သင့် သေဆုံးသွားနိုင်သည်ကို ဦးဘိုဖြူမှလွဲ၍ မည်သူမျှ မသိနိုင်ပါ။

ဒါဆို ဦးဘိုနီ၏ ကံကြမ္မာသည် မည်သို့ရှိချိမ့်မည်လဲ။

အနာဂတ်တွင် လူကို ကံကြမ္မာက စိုးပိုင်ပါသည်။

*ဆုံကြဦးမယ်ကွယ်*

စောညို

၂၃-၆-၂၀၀၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com